မေတ္တာလက်ဆောင်

သို့ ..............................

မှ ..............................

# ဘယဉာဏ်၊ အာဒီနဝဉာဏ်
# နိဗ္ဗိဒါဉာဏ်

## “ရှုမှတ်ပုံ”

တရားတော်စာအုပ်အမှတ်စဉ် (၃၇)

ပြုစုတင်ပြသူ

**ဦးညီညီစိန်**

၂၀၂၆ ခုနှစ်၊ မေလ၊ (၁)ရက်

မေတ္တာလက်ဆောင်

သို့ ............................

မှ ............................

# ဘယဉာဏ်၊ အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ်

## “ရှုမှတ်ပုံ”

တရားတော်စာအုပ်အမှတ်စဉ် (၃၇)


ပြုစုတင်ပြသူ

**ဦးညီညီစိန်**



၂၀၂၆ ခုနှစ်၊ မေလ၊ (၁)ရက်

# ပုံနှိပ်မှတ်တမ်း


၂၀၂၆ ခုနှစ်၊ မေလ (ပထမအကြိမ်)

အုပ်ရေ ---------------------- ၁၀၀၀

ပုံနှိပ်------------------------ အေးရှားမက်ဂါဗိုကုမ္ပဏီလီမိတက်
အခန်းအမှတ်(၂၉)၊ တိုက်အမှတ် (၄)၊
ပြည်သူ့အိမ်ရာတောင်ဘက်ခြမ်း၊
(၈)မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

စာအုပ်ချုပ် ------------------- ------------------------------------
------------------------------------
------------------------------------

စီစဉ်သူ ---------------------- ဦးမင်းကိုကို၊ မရမ်းကုန်းမြို့နယ်။

တန်ဖိုး ----------------------- (မေတ္တာလက်ဆောင်)

ဖြန့်ချီရေး--------------------- ဖုန်း-၀၉-၄၂၈၃၀၀၁၇၁

# ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်


| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁ |
| ၂ | ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ ဉာဏ် ဖြစ်ပေါ်ပုံ | ၃ |
| ၃ | ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ ဉာဏ် တူညီပုံ | ၄ |
| ၄ | ခန္တီးဆရာတော်ဘုရားကြီး၏ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ | ၇ |
| ၅ | ညောင်လေးပင် တောရတိုက်၊ ဦးအရိယမထေရ်၏ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ | ၂၁ |
| ၆ | ပဋိသမ္ဘိဒါမဂ်ပါဠိတော် နိဿယမှ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ | ၂၈ |
| ၇ | မူလမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး၏ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ | ၃၂ |
| ၈ | မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ် မြန်မာပြန်၊ အခြေခံဝိပဿနာမှ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ | ၆၉ |
| ၉ | မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း၊ ဒုတိယတွဲမှ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ | ၈၇ |
| ၁၀ | ဖားအောက်ဆရာတော်ဘုရားကြီး၏၊ နိဗ္ဗာန်သို့သွားရာ တစ်ကြောင်းတည်းသော လမ်းမှ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ | ၉၆ |
| ၁၁ | ဒေါက်တာမင်းတင်မွန်၏ ဝိသုဒ္ဓိမဂ်အလင်းပြ နိဗ္ဗာန်လမ်းမကြီး (တတိယတွဲ) မှ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ | ၁၀၁ |
| ၁၂ | မင်းကွန်းဆရာတော် အရှင်ဝါယမ၏ ဝိသုဒ္ဓိ (၇)ပါး မင်းကွန်းသွား မှ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ | ၁၁၁ |
| ၁၃ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဝိပဿနာမလုပ်လျှင် နိဗ္ဗာန်မရှိ တရားတော်မှ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ | ၁၂၅ |
| ၁၄ | သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရား၏ ပဌာန်းနှင့် ဝိပဿနာ -<br>(က) ပုရေဇာတ ပစ္စည်းဖြင့် ဘယဉာဏ် ရှုမှတ်ပုံ<br>(ခ) သဟဇာတ ပစ္စည်းဖြင့် ဘယဉာဏ် ရှုမှတ်ပုံ<br>(ဂ) ဟေတု ပစ္စည်းဖြင့် ဘယဉာဏ် ရှုမှတ်ပုံ<br>(ဃ) အာရမ္မဏပစ္စည်းဖြင့် ဘယဉာဏ် ရှုမှတ်ပုံ | ၁၄၈ |
| ၁၅ | အထက်ပိုင်း ဘင်္ဂဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်တွေမှာ ဇောမကျနိုင်။ (မဟာစည် ဆရာတော်ဘုရားကြီး၏ စိတ္တာနှင့် ဓမ္မာနုပဿနာ တရားတော်မှ) | ၁၆၃ |
| ၁၆ | မနောဒွါရ၌ စိတ်ဖြစ်စဉ်က ပဉ္စဒွါရနဲ့ မတူဘူး။ (မဟာစည်- စိတ္တာနှင့်ဓမ္မာမှ) | ၁၆၄ |
| ၁၇ | ဆင်ခြင်ပြီးကာ၊ ဇောတဒါ၊ ကြံရာစက်ဖြစ်ပုံ | ၁၆၆ |
| ၁၈ | ဘင်္ဂဉာဏ်၏ အထက်ဉာဏ်များတွင် ရုပ်နာမ်လက္ခဏာ အာရုံများ တူညီသွားပုံ | ၁၆၇ |
| ၁၉ | ဆရာတော်ဘုရားကြီးများ၏ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ ဉာဏ်များတွင် ဟောကြားသည့် တရားအကျဉ်းချုပ်များ | ၁၇၀ |
| ၂၀ | ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ ဉာဏ်များ ပြီးဆုံးပုံ | ၁၇၇ |
| ၂၁ | နိဂုံး | ၁၇၉ |

# နိဒါန်း

ယောဂီတို့သည် ဝိပဿနာ ဘာဝနာတရားများကို စဉ်ဆက်မပြတ် ကြိုးစား ဝီရိယများစွာဖြင့် ရှုမှတ်လျှက်ရှိပါသည်။

မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိတွင် ဥမေက္ကိလေသ ၁၀-ပါးမှ တစ်ပါးမျှမှ မတွေ့ရသည်မှာ နာရီခြား၊ ရက်ခြား တရားထိုင်နိုင်သူများ မတွေ့ခဲ့ခြင်းဖြစ်ပါသည်။ နာရီခြား၊ ရက်ခြား ခန ခန နားမိပါက ကိလေသာကြားဝင်၍ ဝိတက် ဝိစာရများစွာဖြင့် ရှေ့မတိုးနိုင်ဖြစ်ခဲ့ကြပါသည်။ အမဂ္ဂတရားများကို တွေ့ရှိကျော်လွှားနိုင်ပါမှ၊ ဥပစာရ သမာဓိတို့ရရှိကာ အေးချမ်းစွာတရားရှုမှတ်နိုင်မှုတွေ့ရှိရမည် ဖြစ်ပါသည်။

ထိုထက်မှ ရှေ့သို့ဆက်၍ သင်္ခါရတရားတို့၏ ပျက်သမှု၊ ပျောက်သမှု၊ ချုပ်သမှုတို့ကို စဉ်တိုက်အဆက်မပြတ် ရှုမှတ်လာခဲ့ရာ၊ ဘင်္ဂဉာဏ်အာနိသင် (၈)ပါးတို့ကို ယောဂီတို့ဉာဏ်ထဲတွေ့မြင်ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။

ယောဂီတို့၏ သန္တတိဉာဏ်စဉ်တန်းတွင် ပေါ်လာသမျှ သင်္ခါရတရားများတို့၏ အာရုံ(၆)ပါးတို့သည် ချက်ချင်းပင် ပျက်နေကြပေသည်။ သိစိတ်မှန်သမျှတို့လည်း တံလျှပ်တို့ပျက်သကဲ့သို့ ဖျက်ကနဲပျက်နေကြပေသည်။ ရှုမှတ် မဂ်စိတ်ကလေးမှာလည်း မှတ်ပြီးပျက်၊ မှတ်ပြီးပျက် သွားရပေသည်။

အချိန်တစ်ခဏအကြာမှာပင် သင်္ခါရတရားများ အပျက်ချည်းဖြစ်လာ၍ငင်း စဉ်ဆက်မပြတ်ဆက်၍သာ ပျက်နေသဖြင့်ငင်း၊ ယောဂီ၏ဉာဏ်ထက်တွင် ဘေးဆိုးပါလား၊ ကြောက်စရာပါလားဟု တွေ့ထင်လာရပေသည်။ အာသေဝန ပစ္စည်းတရားအရ ဘယဉာဏ်သို့အကြောင်းအကျိုးလျော်စွာ ဉာဏ်ထက်မြင်တွေ့လာရခြင်းဖြစ်ပါသည်။

ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိနယ်ထဲတွင် ရောက်ရှိရှုမှတ်နေခြင်းဖြစ်ပါသည်။ တရားရှုမှတ်နေစဉ်အချိန်တွင် အတ္တဘော ခန္ဓာကိုယ်သည် ချမ်းသာသုခပြည့်စုံနေခြင်း၊ မနာယတနစိတ်အစဉ်တွင်လည်း အဘိဇ္ဈာမရှိ၊ ဗျာပါဒမရှိ၊ သင်္ခါရအပျက်ပြီး သင်္ခါရအပျက်တို့ကြောင့် တရားသဘောသာဖြစ်၍ ဖြူစင်အေးချမ်းသော မနောတို့ဖြင့် ပြည့်စုံနေရပေသည်။

ယောဂီဘယဉာဏ်တွေ့ထိရှုမှတ်နေစဉ်အတွင်း တဆက်တည်းပင် ဘေးဟုထင်ခြင်း၊ ကြောက်ဘွယ်ထင်ခြင်းတို့၏ အနု အလတ် အရင့်သဘောတို့ဖြင့် အသွေးတက်၊ အပွေးတက်၊ ရင့်ကျက်လာသည့် အခါ ဘေးဟုထင်ခြင်း၊ အပြစ်တွေဘဲဟုထင်ခြင်း၊ မုန်းစရာတွေဟုထင်ခြင်းတို့ ဉာဏ်ထက်ထင်မြင် လာရပေသည်။

သင်္ခါရတို့၏ အပျက် - ကွယ်ပျောက် - ဘယ ရောက်

သင်္ခါရတို့၏ အပျက် - ကွယ်ပျောက် - အာဒီနဝ ရောက်

သင်္ခါရတို့၏ အပျက် - ကွယ်ပျောက် - နိဗ္ဗိဒါ ရောက်

ယောဂီတို့၏ဝိပဿနာရှုမှတ်ဆဲ ဉာဏ်ထက်တွင် ဘယ၊ အာဒီနာ၊ နိဗ္ဗိဒါဉာဏ်တို့ကို စဉ်ဆက်မပြတ်ရှုမှတ်နေပြီဆိုပါက မနာယတန၏ ဇော(၇)ချက်တို့ ဖိနှိပ်ဖျက်ဆီးခံနေရပြီး၊ အကုသိုလ်တရားတို့ ပါးလျှား လျှော့ပါးလာနေကြောင်း တွေ့ရှိရပေသည်။

ဩကာသလောက၏ နေအရောင်အလင်းပျက်ပါက လ၏ အရောင်အလင်းပေါ်လာ၏။

လ၏အရောင်အလင်းပျက်ပါက ကြယ်၏အလင်းပေါ်လာ၏။

ကြယ်၏အရောင်အလင်းပျက်ပါက အာကာသ၏အရောင်အလင်းပေါ်လာ၏။

ယောဂီတို့သည် အာကာသ၏ အရောင်အလင်းဖြင့် ကာယသုခ၊ စိတ္တသုခ ပါဝင်သော ဝိပဿနာ တရားရှုမှတ်ချက်များကို အရောင်မရှိ၊ အမှောင်မရှိသော အမြဲချမ်းသာအေးငြိမ်းရာ နိရောဓဆိုက်သည့် ထိရှုမှတ်ရောက်ရှိနိုင်ကြပါစေရန် ကြိုးစားတင်ပြထားပါသည်။

တရားမှတ်စုများတင်ပြသူ

ဦးညီညီစိန်

# "ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ် ဖြစ်ပေါ်ပုံ"

ဘင်္ဂဉာဏ်ခေါင်ထိပ်သို့ရောက်၍ အာရုံရော၊ သိစိတ်ရော၊ မှတ်စိတ်ရော အတွဲလိုက်အတွဲလိုက်အားဖြင့် တကုန်ထဲကုန်၊ တပျက်ထဲပျက်နေသည်ကိုသာတွေ့ရ၍ မှတ်နေရင်းပင် ကြောက်စရာကောင်းသည်ဟု ထင်မြင်လာတော့၏။ "ဘယဉာဏ်" ဖြစ်ပါသည်။

ထိုအခါ မှတ်တိုင်း မှတ်တိုင်းကြောက်နေသလိုလဲ ဖြစ်တတ်လေ၏။ ဝမ်းနည်းသလိုလိုလည်း ဖြစ်တတ်၏။ မှတ်စရာအာရုံတွေ ပေါ်လာမှာကိုလည်း ကြောက်နေတတ်၏။

ဘယဉာဏ်ကိုရှုမှတ်ရာတွင် ဘင်္ဂဉာဏ် ၃ ချက်ကုန်ပျက်ကိုပင် ကြိမ်ဖန်များစွာလေ့လာပွားများရပါသည်။ ခပ်သိမ်း ဥသျှံပျက်ပြားကုန်သော၊ တေဘူမက သင်္ခါရတို့ကို ဘေးကြီး၊ ဘေးကြီးပါတကားဟု ထင်မြင်လာကုန်၏။

ဘယဉာဏ်ကြောက်သည်ဆိုသော်လည်း၊ မြေဖုတ်ဘီလူးတို့ကိုမြင်၍ ကြောက်တာမျိုး-ကြောက်သည် မဟုတ်ပေ။ ကြီးမားပြင်းပြလှစွာသော ဆင်းရဲဒုက္ခကို မုချတွေ့ရတော့မည်ဖြစ်၍ ကြောက်မက်ဖွယ်ကြီးပါတကားဟု - ပညာဖြင့်သာ၊ ဤဖြစ်ပျက် သင်္ခါရတွေဟာ ကြောက်မက်ဖွယ်၊ ဘေးကြီးပါတကားဟု နှိုင်းယှဉ်ကြံစည်ရုံမျှသာဖြစ်သည်။

မဟာကုသိုလ်ဇောပေတည်း။

သစ်ကျားဘီလူးတို့ကို-ကြောက်သကဲ့သို့ ကြောက်လျှင်၊ အကုသိုလ်ဇော၊ ဒေါသဇော၊ သာဖြစ်ပါသည်။

ရှုမှတ်အပ်သော ရုပ်နာမ်တို့ကို၊ ရေပွက်ကဲ့သို့ငှင်း၊ မီးလျှံတက်ကြွကဲ့သို့ငှင်း၊ တံလျှပ်ကဲ့သို့ငှင်း၊ ကုန်သည်၊ ပျက်သည်၊ ပြိုသည်၊ ချုပ်သည်၊ ဟု အထင်များသောယောဂီအား၊

အပျက်ကိုမြင်ဖန်များသဖြင့်၊ ဘေးထင်တော့၏။

ဘေးထင်တာက၊ ဘယဉာဏ်။

ဘယဉာဏ်တွင် - ဝီထိအားဖြင့် မနောဒွါရဝီထိဖြစ်ပါသည်။

ရုပ်နာမ်အပျက်ကို ကြောက်ဖွယ်သော နာမ်အဖြစ်ရှုမှတ်ခြင်းဖြစ်ပါသည်။ အရှုခံကြောက်ဖွယ်ဘေး (နာမ်) ကို ရှုဉာဏ် (နာမ်) ဖြင့် ရှုမှတ်ခြင်းဖြစ်ပါသည်။

## "ဘယဉာဏ်တစ်ပါးတည်းအမည် (၃)မျိုး ၇ ပုံ"
## "ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ် သုံးပါးတို့၏ တူညီပုံ"

(၁) ခန္တီးဆရာတော်ဘုရားကြီး၏ စက်ဖြတ်ဝိပဿနာကျမ်းမှ ယာစဘယတုပဋ္ဌာနေပညာ၊ ယဋ္ဌအာဒိန ဝေညာဏံ၊ ယာစနိဗ္ဗိန္ဒာ၊ ဣမေဓမ္မာဧကတ္ထာ၊ ဗျဥ္ဇနမေဝနာနံ။

ဟူသည်နှင့်အညီ၊ ဤဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒာဉာဏ်၊ သုံးပါးတို့သည် တူသောအနက်ရှိတယ်။ သဒ္ဒါမျှသာ ထူးကြတယ်။ သဘောအားဖြင့်တော့၊ အနူ-အလတ်-အရင့်သာကွဲ၍ ဆင်တူရိုးမှားပဲဖြစ်ကြတယ်။

ရှုမှတ်နေတဲ့အခါ၊ ဉာဏ်ဝမှာ၊ ကြောက်မက်ဘွယ်မြင်တာရယ်၊ အပြစ်မြင်တာရယ်၊ မုန်းတီး ငြီးငွေ့ နေတာရယ်၊ ဤမျှလောက်ပါပဲ။

ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက်တို့ကို တွေ့မြင်ရဖန်များလာတဲ့အခါ၊ ကြောက်မတ်ဘယ် ထင်လာတဲ့ ဘယဉာဏ်၊ ရုပ်နာမ်တို့၏အပြစ်ကို ထင်မြင်လာတဲ့ အာဒီနဝဉာဏ်၊ ရုပ်နာမ်တို့၌ ငြီးငွေ့ လာတဲ့ နိဗ္ဗိန္ဒာ ဉာဏ်ဖြစ်ပေါ်လာပေတယ်။

ဥပမာဆိုသော် ရန်သူလက်ထဲသို့ ရောက်နေတဲ့သူဟာ ရှေးဦးစွာရန်သူကို ကြောက်တဲ့စိတ် ဖြစ်ပေါ်နေ တယ်။ ပြီးတော့ ရန်သူကိုအပြစ်မြင်လာတယ်။ ပြီးတော့ ရန်သူလက်ထဲမှာ နေရတာကို ငြီးငွေ့လာတယ်။

ရုပ်နာမ်တို့ကိုအပြစ်မြင်လာပုံကား ရှုနေကျ၊ မှတ်နေကျဖြစ်တဲ့ ရုပ်နာမ်တို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အပြစ်ကိုဂုဏ်း၊

- ရုပ်နာမ်လို လိုရ၊ နာရ၊ သေရတာပဲ။ ရုပ်နာမ်မရယင်၊ ဝါ၊ ရုပ်နာမ်ကိုနှုတ်ချန်ထားလျှင် အိုစရာ၊ နာစရာ၊ သေစရာ မရှိတော့ဘူး။
- အပါယ်ကျတယ်၊ ငရဲကျတယ် ဆိုတာတွေဟာ၊ ရုပ်နာမ်ရှိလို့ပဲဖြစ်တယ်၊ ရုပ်နာမ်မရှိရင်၊ အပါယ်လည်း ကျစရာမရှိတော့ဘူး။
- ခြေပြတ်၊ လက်ပြတ်၊ ဦးခေါင်းပြတ်၊ မျက်စိကန်း၊ နားပင်း၊ ဆွံ့အ၊ အရူးအနှမ်းဆိုတာတွေလဲ ရုပ်နာမ်ရှိလို့ဖြစ်တာပဲ။
- အပါယ်ကျတယ်၊ ငရဲကျတယ်ဆိုတာတွေဟာ ရုပ်နာမ်ရှိလို့ဖြစ်တာပဲ။
- ရုပ်နာမ်မရှိရင်၊ ရုပ်နာမ်ကိုပြန်မရယင်၊ ဤအဖြစ်မျိုးတွေဟာ အားလုံးမရှိတော့ဘူး။ ငြိမ်းပြီ၊ အေးပြီ။ ရုပ်နာမ်ဆိုတာ လွန်စွာအပြစ် အပြစ်များပါတကားဟု၊ တန္တယ်ငင် တစင်လုံးပါ ဆိုတာလို ရုပ်နာမ်တို့၏ အပြစ်တို့ကို အကွက်မိမိသိမြင်လာတော့သည်။

(၂) မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ်(မြန်မာပြန်) မှ-စာ-၂၆၄

(၇၅၅)၄၄။ ။ နိဗ္ဗိန္ဒါ နုပဿနာမည်သော ဤဉာဏ်သည်ရှေးက (၂)ပါးနှင့် အနက်တရားကိုယ်အရ အားဖြင့်တူ၏။ ထို့ကြောင့် ရှေးဆရာတို့သည်

ဘယထုပဋ္ဌာနဉာဏ်တစ်ခုတည်းပင်လျှင်၊ သုံးပါးသောအမည်တို့ကိုရ၏။ အလုံးစုံသော သင်္ခါရ တို့ကို ကြောက်ဖွယ်ဘေးအနေအားဖြင့် မြင်သောကြောင့် ဘယတုပဋ္ဌာနဉာဏ်မည်လေသည်။

ထိုသင်္ခါရတို့၌ပင်လျှင် အပြစ်ကိုဖြစ်စေ၊ ထင်ပေါ်စေသောကြောင့် အာဒီနဝါနုပဿနာဉာဏ် မည်လေ သည်။

ထိုသင်္ခါရတို့၌ပင်လျှင်၊ ငြီးငွေ့လျှင် ဖြစ်ပေါ်သောကြောင့် နိဗ္ဗိဒါနုပဿနာဉာဏ်မည်လေသည် ဟု မိန့်ဆိုကုန်၏။

ပဋိသမ္ဘိဒါမဂ်ပါဠိ၌လည်း -

ဘယတုပဋ္ဌာနာပညာ၊ အာဒိနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်ဟူသော ဤဉာဏ် ၃-ပါးတို့သည် တူသော အနက်တရားကိုယ်ရှိကုန်၏။ သဒ္ဒါမျှသာထူး၏ ဟုဟောတော်မူအပ်၏။

(၃) မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း (ဒုတိယတွဲ) စာ-၂၁၅ မှ .....

ဘယ၊ အာဒိနဝ၊ နိဗ္ဗိဒါဟူသော ဤဉာဏ် ၃-မျိုးသည် အနှ၊ အလတ်၊ အရင့်စားအားဖြင့် သာလျှင် ၃-ပါးကွဲပြားသည်။ သင်္ခါရတို့၏အပြစ်ကို ထင်ရှားသိမြင်သော သဘောလက္ခဏာအားဖြင့် ကား၊ တမျိုးတည်း သောဉာဏ်သာတည်း။

ထို့ကြောင့်ပင် အချို့သောသူအား ဘယဉာဏ်ဖြစ်ပေါ်လျှင် မကြာမီတစ်ခဏ အတွင်းမှာ သော်လည်း၊ အာဒိနဝ၊ နိဗ္ဗိဒါဉာဏ်များ၊ ဆက်လက်၍ဖြစ်ပေါ်တတ်ပေသည်။ ထို့ပြင် အထက်ဉာဏ်သို့ လက်မြန်စွာ တက်သွားသော အချို့ပုဂ္ဂိုလ်အား၊ ဘယ၊ အာနိနဝ၊ နိဗ္ဗိန္ဒ အချင်းအရာတို့တွင် တစ်ပါး နှစ်ပါးမျှသာ ထင်ရှား သည်လဲ ရှိပေသည်။

(၄) ဒေါက်တာမင်းတင်မွန်၏ ဝိသုဒ္ဓိမဂ္ဂအလင်းပြ (တတိယတွဲ) စာ-၃၂၅-မှ ...

ဘယတုပဋ္ဌာနဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်ဟူသော ဤဉာဏ် ၃-ပါးတို့သည် အနက် တရား ကိုယ်တူပြီး သဒ္ဒါမျှသာထူး၏ဟု ပဋိသမိ္ဘဒါမဂ်၌ ဟောတော်မူ၏။

ရှေးဆရာတို့က၊ ဘယတုပဋ္ဌာနဉာဏ်တစ်မျိုးတည်းက၊ အမည်(၃)မျိုးရ၏။

- သင်္ခါရတရားအလုံးစုံကို ကြောက်မက်ဘွယ်ဘေးအဖြစ် ရှုမှတ်သောဉာဏ်ကို ဘယတုပဋ္ဌာန ဉာဏ်ဟု ခေါ်သည်။
- သင်္ခါရအလုံးစုံ၌ မမြဲ၊ ဆင်းရဲ၊ ကြောက်ဖွယ်ဘေးစသည့်အဖြစ်များရှိသည်ကို ရှုမြင်သော ဉာဏ်သည် အာနီနဝါနုပဿနာဉာဏ်မည်၏။
- သင်္ခါရအလုံးစုံကို ငြီးငွေ့ဘွယ်၊ ပျင်းရိဘွယ်၊ မပျော်မွေ့ဘွယ်၊ အဖြစ်ရှုမြင်သောဉာဏ်သည် နိဗ္ဗိဒါ နုပဿနာ မည်၏။

(၅) ညောင်လေးပင်တောရတိုက်၊ ဦးအရိယမထေရ်၏ ဝိသုဒ္ဓိမဂ်အရသာ (စာမျက်နှာ-၃၃၈ -မှ . . .)

ဤ နိဗ္ဗိဒါဉာဏ်သည် ရှေးဉာဏ်နှစ်ပါးနှင့် သဒ္ဒါမတူ၊ အနက်တူ၏။ သင်္ခါရတို့ကိုဘေးဟု မြင်သော ကြောင့် ဘယဉာဏ်အဖြစ်မြင်သောကြောင့် အာဒိနဝဉာဏ် ငြီးငွေ့သောကြောင့် နိဗ္ဗိဒါဉာဏ်။ ဤသို့ ဘယဉာဏ်တစ်ခုတည်းသုံးရမည်ဟုဆိုကုန်၏။

အထွတ်အထိပ်သို့ရောက်သောအခါ၊ သဘောချင်းတူ၍ တစ်ဉာဏ်တည်းဖြစ်၏။

အစစွာ၌ကား ထိုထိုဘာဝနာစွမ်းဖြင့် အစဉ်အတိုင်းရောက်၍ သဘောကွဲသည်။ ထို့ကြောင့် သုံးပါး ဟောပြ၏။

## ပဋိသန္ဓေအမျိုးမျိုးကိုခွဲခြားပုံ

ဘဝ = ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ ဟူ၍ ဘဝအစွမ်းအားဖြင့် ပဋိသန္ဓေ ၃ ပါး။

ယောနိ = ဥမှပေါက်ဖွားသော အဏ္ဍဇယောနိ၊ အမိဝမ်းမှပေါက်ဖွားသော ဇလာဗုဇယောနိ၊ အညှိမှ သံသေဒဇယောနိ၊ ဘွားခနဲကိုယ်ထင်ရှားသော ဩပပါတိကယောနိ။

ဂတိ = နိရယဂတိ၊ တိရစ္ဆာနဂတိ၊ ပေတဂတိ၊ ဒေဝဒတိ၊ အနုဿဒတိ။

ဝိညာဏဋ္ဌိတိ = (၇)ပါးရှိ၏။ (၁) လူ၊ နတ်၊ ဝိနိပါတိက အသူရာများ။ . . .. အရူပဘုံသားများ။

သတ္တာဝါသ = (၈)ပါးရှိ၏။ လူ့ဘုံ၊ နတ်ဘုံ၊ အပါယ်ဘုံ၊ အရူပဘုံများ။

စစ်ကိုင်းတိုင်း၊ ဝန်းသိုမြို့

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

## ခန္တီးဆရာတော်ဘုရားကြီး

ရေးသားတော်မူသော

# စက်ဖြတ်ဝိပဿနာကျမ်း

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၈ [illegible] ၁၉၈၄

## ဘယဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

ဤလိုဤပုံ ဘင်္ဂဉာဏ်ကို လက်ကိုင်ရရှိပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုဘင်္ဂဉာဏ်ကိုပင် ကြိမ်ဖန်များစွာ လေ့လာပွားများရမည်။ ထိုသို့ ပွားများသော ယောဂီပုဂ္ဂိုလ်အား (သဗ္ဗဘဝယောနိဂတိဝိညာဏဋ္ဌိတိ သတ္တာဝါသေသု။ပ။ မဟာဘယံ ဟုတွာ ဥပဋ္ဌဟန္တိ)ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ အသက်ရှည်ကြာ ချမ်းသာလိုရေး သေဘေးကိုလည်း ကြောက်တတ်သော ယောကျ်ားသည် ခြင်္သေ့သစ်ကျား သားရဲဝံအောင်း မြွေဆောင်း စွယ်ပြူး ဘီလူးရက္ခိုသ် နွားမိုက်ခွေးကြမ်း အမှန်ပြွမ်းသောဆင် အဆိပ်လျှင်သော မြွေဆိုး မိုးကြိုးစက်ကွင်း သင်္ချိုင်းစစ်ပွဲ အလျှံစဲသော ရှားမီးခဲစုကို တွေ့မြင်ရ၍ မှိုင်းမေ့ဝေနောက် သေမတတ် ကြောက်သကဲ့သို့ ခပ်သိမ်းဥဿုံ ပျက်ပြားကုန်သော တေဘူမက သင်္ခါရတို့ကို ဘေးကြီး ဘေးကြီးပါတကား-ဟု ထင်မြင်လာကုန်၏။

ထိုအခါ ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝယ် ထင်မြင်လာသည်မှာ (ကေိဿာကိရ ဣတ္ထိယာ။ပ။ဘယတုပဋ္ဌာနဉာဏံ)ဆိုတဲ့ ဝိသုဒ္ဓိမဂ်နှင့်အညီ သတ်ပြီး

သတ်ဆဲဖြစ်သော သားကြီး,သားလတ်တို့ကိုမြင်၍ သတ်လတ္တံ့သောသားငယ်၌ တွယ်တာငဲ့ကွက်ခြင်းအာလယကင်းသော အမိကဲ့သို့လည်းကောင်း၊ သားကိုးယောက်လည်း သေလေပြီ၊ လက်ထဲမှာရှိတဲ့သားလည်း သေဆဲ၊ ဝမ်းထဲမှာရှိကဲ့ သားလည်း မခင်မတွယ်တာတော့ပဲ သားသမီး မတင်သော မြိန်းမကဲ့သို့လည်းကောင်း ထို့တူပမာ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ ပျက်၍,ပျက်၍၊ သေ၍,သေ၍ချည်းသာ တသေတည်းသေ၍ နေကြသောကြောင့် ခင်မင်တွယ်တာခြင်း မရှိတော့ပေ။ ထိုအခါ ဘယဉာဏ်သည် ပြီးဆုံးပြီဟု သိမှတ်ပါလေ။

မှတ်ချက်။ ။ယထာ နာမ စက္ခုမာ ပုရိသော ။ပ။ တရဏမတ္တမေဝ ဟောတိ ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ဘယဉာဏ်ဆိုသော်လည်း မြေဖို့တ်ဘီလူးတို့ကိုမြင်၍ ကြောက်သကဲ့သို့ ကြောက်သည်မဟုတ်ပေ။ မျက်စိအမြင်နှင့်ပြည့်စုံသော ယောကျ်ားသည် မြို့တံခါးအပြင်၌ အကြီး,အလတ်,အငယ်ဟူသော မီးကျီးတွင်းသုံးခုတို့ကိုလည်းကောင်း၊ ရွှားသားတံကျင်,သံတံကျင်, ရွှေတံကျင်ဟူသော တံကျင်သုံးခုတို့ကိုလည်းကောင်း မြင်ရသည်ရှိသော် ဤမီးကျီးတွင်းသုံးခု၊ တံကျင်သုံးချောင်းတို့၌ မတော်တဆကျသွားသောသူသည်ကား ကြီးမားပြင်းပြလှစွာသော ဆင်းရဲဒုက္ခကိုမုချတွေ့ရတော့မည်ဖြစ်၍ ကြောက်မက်ဖွယ်ကြီးပါတကားဟု ဘယဉာဏ်ဖြင့် နှိုင်းယှဉ်ပိုင်းခြား ဆုံးဖြတ်စေကာမျှသာ ဖြစ်သည်ဟု သိမှတ်ပါလေ။

ထိုမီးကျီးတွင်း တံကျင်တို့၌ ကျလတ္တံ့သောအကြောင်း မကောင်းသောအမှုကို မိမိမပြုသောကြောင့်ကား မိမိစိတ်ထဲမှာ အသည်း(သဲ)တုံအူတုံ ကြောက်ခြင်းမဖြစ်သကဲ့သို့ မီးကျီးတွင်း တံကျင်တို့နှင့်တူသော ကာမ·ရူပ·အရူပ တည်းဟူသော ဘုံသုံးပါးတို့၌ ပဋိသန္ဓေနေခြင်းမှ စုတိသေနေ့ကျအောင် မပြတ်မစဲ ထပ်တာလဲလဲ တသက်လုံး ပျက်ပြားနေ့ဖန်ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို သိမြင်ရသော ယောဂီပုဂ္ဂိုလ်သည် လောက၌ကြောက်မက်ဖွယ်တို့ကိုမြင်၍ ကြောက်သကဲ့သို့ မဟုတ်ပေ။ ပညာဖြင့်သာဤ ဖြစ်ပျက်သင်္ခါရတွေဟာ ကြောက်မက်ဖွယ် ဘေးကြီးပါတကားဟု

နိုင်းယှဉ်ကြံစည်ရုံမျှသာ ဖြစ်သည်။ မဟာကုသိုလ်ဇောပေတည်း။ သစ်ကျား ဘီလူးတို့ကို ကြောက်သကဲ့သို့ ကြောက်လျှင် ကုသိုလ်ဇောမဟုတ်၊ အကုသိုလ်ဒေါသဇောသာ ဖြစ်သည်။

ဤတွင် ဘယဉာဏ်ပြီး၏။

## အာဒီနဝဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

ဤလိုဤပုံ ဘယဉာဏ်ကိုရရှိပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုဘယဉာဏ်ကိုပင် ကြိမ်ဖန်များစွာ လေ့လာပွားများရမည်၊ ထိုသို့ ပွားများသော ယောဂီပုဂ္ဂိုလ်အား (သုခေန ဇီဝိတုကာမဿ ။ပ။ အာဒီနဝဉာဏံ နာမ)ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ အသက်ရှည်လို ချမ်းသာလိုသော ယောကျ်ားသည် သားရဲနေသောတော၊ကျားခိုအောင်းနေသောတောင်ခေါင်း၊ မိကျောင်းရက္ခိုသ်စောင့်သော ရေ၊ ခိုးသူဒမြနေသော ခရီးလမ်း၊ သန်လျက်ထမ်း၍လာသော လူသတ်သမား၊ အဆိပ်ခတ်သော ထမင်း၊ မီးစွဲလောင်နေသော အိမ်၊ ချိန်ရွယ်ပစ်ထိုး ခုတ်ထစ်သော စစ်မြေပြင်သို့ ရောက်၍ ရွံကြောက်လန့်ထိတ် စိတ်မပျော်ရွှင် ထက်ဝန်းကျင်အားဖြင့် အပြစ်ဒေါသ အာဒီဝနကိုသာ မြင်နေသကဲ့သို့ ခပ်သိမ်းသော ဘဝယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသတို့၌ တာဏ-လေဏ-ဂတိ-ပဋိသရဏ စောင့်ရှောက်ရာ ပုန်းအောင်းရာ မှီခိုရာ ကိုးကွယ်အားထားရာကို မမြင်၊ ဘဝါဂ်ဂတ ဘယ်ဘုံဘယ်ဘဝ တစုံတခုသော သင်္ခါရကိုမျှ တောင့်တမှုမပြု၊ တေဘူမက ဘုံသုံးတန်ကို အလျှံကင်းစဲသော မီးကျီးတွင်း မီးကျီးခဲစု၊ ပထဝီ-တေဇော-အာပေါ-ဝါယောဟူသော ဓာတ်ကြီးလေးဖြာကို အဆိပ်ထန်သောမြွေ၊ ငါးထွေသောခန္ဓာကို ဥက္ခိတ္တာသိက-ချိမ့်မိုးရွယ်သောသန်လျက်လက်၌ရှိသော ယောကျ်ား၊ အဇ္ဈတ္တိကာယတနခြောက်ပါးကို ရွာဆိုးရွာပျက်ကြီးပမာ,ဗာဟိရာယတနခြောက်ပါးကို ဂါမဃာတက-ခိုးသားဒမြ၊ ဝိညာဏဋ္ဌိတိ-ခုနစ်ပါး၊ သတ္တာဝါသကိုးပါးတို့ကို တဆယ့်တပါးသောမီးတို့ဖြင့် ညီးညီးပြောင်ပြောင် တောက်လောင်နေသည့်ပမာ ဘဂ်ါနုပဿနာ၏

အစွမ်းအားဖြင့် ဘေးကြီး-ဘေးကြီးဟု ထင်လာကုန်ပြီးသော ရုပ်နာမ် သင်္ခါရတရားတို့ကို အိုင်းအနာ ရောဂါ-မြှား-ငြောင့်ပမာ သက်သာရာမရှိ၊ သမ္မတ္တိကင်းစင် ထက်ဝန်းကျင်မှ ကြီးစွာသော အပြစ်အစုသာ ဉာဏ်ဝမှာ ထင်မြင်လာတော့၏။

တန္ခယ်ဝင် တစင်လုံးပါ ဆိုသကဲ့သို့ ပဋိသန္ဓေနေတာလည်း ရုပ်နာမ်၊ အိုတယ်၊နာတယ်၊ သေတယ်ဆိုတာလည်း ရုပ်နာမ်၊ ရုပ်နာမ်ကို နုတ်ချန် လိုက်လျှင် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း မရှိပြီ။ ရုပ်နာမ် ဆိုတာ လွန်စွာ အပြစ်များပါလား-ဟု ရုပ်နာမ်၏အပြစ်ကိုသာ မြင်လာ တော့၏။ ထိုအခါ အာဒီနဝဉာဏ်ပြီးပြီဟု သိမှတ်ပါလေ။

## အာဒီနဝဉာဏ်နှင့် သန္တိပဒဉာဏ် ဆယ်ပါး

ဥပ္ပါဒဉ္စ ပဝတ္တဉ္စ၊ နိမိတ္တံ ဒုက္ခန္တိ ပဿတိ။
အာယူဟနံ ပဋိသန္ဓိံ၊ ဉာဏံ အာဒီနဝေ ဣဒံ။

အနုပ္ပါဒံ အပ္ပဝတ္တံ၊ အနိမိတ္တံ သုခန္တိ စ။
အနာယူဟနာ အပ္ပဋိသန္ဓိ၊ ဉာဏံ သန္တိပဒေ ဣဒံ။

ဣဒံ အာဒီနဝေ ဉာဏံ၊ ပဉ္စဋ္ဌာနေသု ဇာယတိ။
ပဉ္စဋ္ဌာနေ သန္တိပဒေ၊ ဒသ ဉာဏေ ပဇာနာတိ။
ဒွိန္နံ ဉာဏာနံ ကုသလတာ၊ နာနာဒိဋ္ဌီသု န ကမ္ပတိ။
(ဝိသုဒ္ဓိမဂ်-၂၈၄)

မြန်မာပြန်ကား— ဥပ္ပါဒ-ပဝတ္တ-နိမိတ္တ-အာယူဟန-ပဋိသန္ဓိ ဤငါးပုဒ် တို့သည် ရုပ်နာမ်ကိုချည်း ဆိုသည်။ ဤရုပ်နာမ်ငါးမျိုးကို ဆင်းရဲဒုက္ခ ချည်းပါတကားဟု ရှုအင်၏။ ဤဝဋ္ဋငါးမျိုးရှိသောဉာဏ်ကို အာဒီနဝ ဉာဏ်မည်၏ဟု သိမှတ်ပါလေ။

အနုပ္ပါဒ-အပ္ပဝတ္တ-အနိမိတ္တ-အနာယူဟန-အပ္ပဋိသန္ဓိ-ဤငါးပုဒ်တို့သည် နိဗ္ဗာန်ကိုချည်း ဆိုသည်။ ဤနိဗ္ဗာန်ငါးမျိုးကို ချမ်းသာသုခချည်းပါ

တကားဟု ရှုအပ်၏။ ဤ ဝတ္ထုငါးမျိုးရှိသော ဉာဏ်ကို သန္တိပဒဉာဏ် မည်၏ဟု သိမှတ်ပါလေ။

## ပွားများပုံ

ပါဠိလိုပွားများပုံကား–

ဥပ္ပါဒံ ဘယံ၊ ပဝတ္တံ ဘယံ၊ နိမိတ္တံ ဘယံ၊ အာယူဟနံ ဘယံ၊ ပဋိသန္ဓိ ဘယံ။ (ဤကား အာဒီနဝဉာဏ်၌ ပါဠိလိုပွားများပုံတည်း။)

အနုပ္ပါဒံ ခေမံ၊ အပ္ပဝတ္တံ ခေမံ၊ အနိမိတ္တံ ခေမံ၊ အနာယူဟနံ ခေမံ၊ အပ္ပဋိသန္ဓိ ခေမံ။(ဤကား သန္တိပဒဉာဏ်၌ ပါဠိလိုပွားများပုံတည်း။)

မြန်မာလိုပွားများပုံကား–

၁။ ရုပ်နာမ်တို့၏ ဖြစ်ပေါ်လာခြင်းသည် ကြောက်မက်ဖွယ်ကောင်းသော ဘေးကြီးပါတကား။

၂။ ရုပ်နာမ်တို့၏ ထပ်ကာ စပ်ကာ ဖြစ်ပျက်နေခြင်းသည် ကြောက်မက်ဖွယ် ဘေးကြီးပါတကား။

၃။ ရုပ် နာမ်နိမိတ် ဖြစ်ပေါ်လာခြင်းသည် ကြောက်မက်ဖွယ် ဘေးကြီးပါတကား။

၄။ နောင်ပဋိသန္ဓေအကြောင်း အားထုတ်သော ကံသည် ကြောက်မက်ဖွယ် ဘေးကြီးပါတကား။

၅။ လာလတ္တံ့သော ပဋိသန္ဓေသည် ကြောက်မက်ဖွယ် ဘေးကြီးပါတကား။

(ဤကား အာဒီနဝဉာဏ်၌ မြန်မာလို ပွားများပုံတည်း။)

၁။ ရုပ်နာမ်တို့၏ မဖြစ်မပျက်ရာ နိဗ္ဗာန်သည်ကား ဘေးမရှိ၊ ဘေးကင်းလှပါ၏တကား။

၂။ ရုပ်နာမ်တို့၏ အသစ်မဖြစ်ရာ နိဗ္ဗာန်သည်ကား ဘေးမရှိ၊ ဘေးကင်းလှပါ၏တကား။

၃။ ရုပ်နာမ်နိမိတ်မဖြစ်ရာ နိဗ္ဗာန်သည်ကား ဘေးမရှိ၊ ဘေးကင်းလှပါ၏တကား။

၄။ နောင်ပဋိသန္ဓေအကြောင်း အားမထုတ်ခြင်းသည် ဘေးမရှိ၊ ဘေးကင်းလှပါ၏တကား။

၅။ လာလတ္တံ့သော ပဋိသန္ဓေမရှိခြင်းသည် ဘေးမရှိ၊ ဘေးကင်းလှပါ၏တကား။

(ဤကား သန္တိပဒဉာဏ်၌ မြန်မာလို ပွားများပုံတည်း။)

**မှတ်ချက်။** ။ရုပ်နာမ်တို့၏ အပြစ်ကိုမြင်သော အာဒီနဝဉာဏ် ငါးပါး။
နိဗ္ဗာန်၏ **ချမ်းသာကိုမြင်သော** သန္တိပဒဉာဏ် ငါးပါး။

ဤဉာဏ် ၁၀-ပါးတို့၌ လိမ္မာသည်၏ အဖြစ်ကြောင့် မျက်မှောက်ဘဝ၌ နိဗ္ဗာန်ရှိ၏ဟု ယူမှားသောအယူကြောင့် မတုန်လှုပ်တော့ပြီဟု ဆိုလိုခြင်းဖြစ်သည်။

### တနည်း–ပွားများပုံ

၁။ ဥပ္ပါဒေ၊ ရုပ်နာမ်တို့၏ဖြစ်ခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲကြီးပါတကား။

၂။ အနုပ္ပါဒေ၊ ရုပ်နာမ်တို့၏ မဖြစ်ခြင်းသည်။ သုခေါ၊ ချမ်းသာကြီးပါတကား။

၃။ ပဝတ္တေ၊ ရုပ်နာမ်တို့၏ အသစ် အသစ် ဖြစ်ပေါ်လာခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲကြီးပါတကား။

၄။ အပ္ပဝတ္တေ၊ ရုပ်နာမ်တို့၏ အသစ်မဖြစ်ပေါ်လာခြင်းသည်။ သုခေါ၊ ချမ်းသာကြီးပါတကား။

၅။ နိမိတ္တော၊ ရုပ်နာမ်နိမိတ် ဖြစ်ပေါ်လာခြင်းသည်။ ဒုက္ခော၊ ဆင်းရဲအစုကြီးပါတကား။

၆။ အနိမိတ္တော၊ ရုပ်နာမ်နိမိတ် မဖြစ်ပေါ်လာခြင်းသည်။ သုခေါ၊ ချမ်းသာအစုကြီးပါတကား။

၇။ အာယူဟနော၊ အားထုတ်သောကံသည်။ ဒုက္ခော၊ ဆင်းရဲအစုကြီးပါတကား။

၈။ အနာယူဟနော၊ ကံကို အားမထုတ်ခြင်းသည်။ သုခေါ၊ ချမ်းသာအစုကြီးပါတကား။

(ဤကား ပွားများပုံ တနည်းတည်း။)

**အထူးသိရန်မှာ**—ဖြစ်ပျက် ရုပ်နာမ်ဘေးတို့ကို တပ်တပ်ထင်ထင် သဘောပေါက်အောင် မြင်မှ ဆန့်ကျင်ဘက်နိဗ္ဗာန်ကို လိုလားနှစ်သက်သော အာရမ္မဏိက မဂ်ဇိတ် ဖိုလ်စိတ်ဖြစ်ပေါ်လာနိုင်အောင် ပွားများအားထုတ်ရသည်ဟု သိမှတ်ပါလေ။

## ရှုပုံရှုနည်း နည်းယူရန်

ဣမေသံ မမ ခန္ဓာနံ ဥပ္ပါဒေါ သာမိသံ၊ အနုပ္ပါဒေါ နိရာမိသံ။ပ။ တေ မမ ပဉ္စက္ခန္ဓာ ဓမ္မာ ခယဋ္ဌေန ဝယဋ္ဌေန အနိစ္စာ။ ဘယဋ္ဌေန ပီဠနဋ္ဌေန ဒုက္ခာ။ အသာရကဋ္ဌေန အနိဿရဋ္ဌေန အဝသဝတ္တနဋ္ဌေန အနတ္တာ။ ဧဝံ ဘာဂဝသေန အာဒီနဝါနုပဿံ အာဒီနဝေ ဉာဏံ။

**အနက်ကား**—မမ၊ ငါ့အား။ ဣမေသံ ခန္ဓာနံ၊ ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏။ ဥပ္ပါဒေါ၊ ကံအားလျော်စွာ ဘဝတဖန် ရုပ်နာမ်ခန္ဓာ တဖန်တဖန် ဖြစ်ရခြင်းသည်။ သာမိသံ၊ ထိုထိုများစွာ လူဗိုလ်ပါတို့၏ ဟင်းလျာလက်သုပ် ပြုလုပ်အပ်သော ဝက်သား၊ ကြက်သား၊ အမဲသားကဲ့သို့ ဆိတ်တူပမာ ကိလေသာမာရ်၊ ဒေဝပုတ္တမာရ်တို့သည် အဖန်ဖန် နှိပ်နင်းလျက်

သေမင်း၏ ဟင်းလျာလက်သုပ် ပရိဘုတ် အာဟာရသည်။ ဟောတိ၊ မုချ မသွေ ဖြစ်ရလေ၏။ အနုပ္ပါဒေါ၊ တကျော့ပယ်သော မဂ်အကျင့်ဖြင့် အရ- ဟတ္တဖိုလ်သို့ ရောက်သဖြင့် နိဗ္ဗာန်ယူသိမ်း၍ ငြိမ်းအေးပြီးနောက် တစုံ တခုသော ဘုံဘဝတို့၌ ပဋိသန္ဓေ တဖန် မနေရတော့ပဲ တဖန် အသစ် မဖြစ်ရခြင်းသည်။ နိရောဓိသံ၊ ကိလေသမာရ် ဒေဝပုတ္တမာရ်တို့၏ အဖန်ဖန် နှိပ်စက်ခြင်း ကင်းလွတ်လျက် သေမင်း၏ဟင်းလျာအဖြစ်မှ လွတ်ရတော့ သည်။ ဟောတိ၊ မုချမသွေ ဖြစ်ရလေတော့၏ ။ပ။ မမ၊ ငါ၏။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးဟု ဆိုအပ်ကုန်သော။တေ ဓမ္မာ၊ ထို တကိုယ်လုံး တကောင်လုံး ဆိုတဲ့ ရုပ်နာမ် တရားတို့သည်။ ခယဋ္ဌေန၊ ကုန်တတ်သော အနက် ကြောင့်။ ဝယဋ္ဌေန၊ ပျက်စီးတတ်သော အနက်ကြောင့်။ အနိစ္စာ၊ အမြဲ မရှိကုန်။ ဘယဋ္ဌေန၊ ဘေးဟူသော အနက်ကြောင့်။ ပီဠနဋ္ဌေန၊ နှိပ်စက် တတ်သော အနက်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။အသာရကဋ္ဌေန၊ အနှစ် သာရ မရှိသော အနက်ကြောင့်။ အနိဿရဋ္ဌေန၊ အစိုးမရသော အနက် ကြောင့်။ အဝသဝတ္တနဋ္ဌေန၊ အလိုသို့ မလိုက်တတ်သော အနက်ကြောင့်။ အနတ္တာ၊ အနတ္တမည်ကုန်၏။ ဝေ၊ ဤသို့။ ဘင်္ဂဝသေန၊ ကုန်ပျောက် ပြုန်းတီးပျက်စီးခြင်း၏ အစွမ်းဖြင့်။ အာဒီနဝါနုပဿီ၊ အပြစ်ဒေါသကို သုံးသပ်ဆင်ခြင်ခြင်းသည်။ အာဒီနဝေ ဉာဏံ၊ အာဒီနဝဉာဏ် မည်၏။

မှတ်ချက်။ ။ပဝတ္တ၊ နိမိတ္တ၊ အာယူဟန၊ ပဋိသန္ဓိ၊ အပ္ပဝတ္တ၊ အနိမိတ္တ၊ အနာယူဟန၊ အပ္ပဋိသန္ဓိတို့၌လည်း ထို့အတူ သိမှတ်ပါလေ။

ဤလို ရေးဖြစ်သော အာဒီနဝဉာဏ် ငါးပါးတို့ကို ရုပ်နာမ်သင်္ခါရတို့၏ အပြစ်ကိုပြလို၍ ဟောတော်မူသည်-ဟု သိမှတ်ပါလေ။

နောက်ဖြစ်သော သန္တိပဒဉာဏ် ငါးပါးတို့ကိုကား အာဒီနဝဉာဏ်၏ ဆန့်ကျင်ဘက်တို့ကို ပြခြင်းငှာလည်းကောင်း၊ ထို-သန္တိပဒဉာဏ်ကို ရ၍ ထိုထိုဘုံဘဝတို့၌ တဖန် အသစ် အသစ်ဖြစ်ရမည်ကို ထိတ်လန့်တုန်လှုပ် သော စိတ်နှလုံးရှိသော ယောဂီပုဂ္ဂိုလ်အား ထိုအပြစ်၏ ဆန့်ကျင်ဘက် ရုပ်နာမ်ကို သိမြင်သဖြင့် ထိုရုပ်နာမ်၏ ဆန့်ကျင်ဘက် အသစ်မဖြစ်သော နိဗ္ဗာန်ကို အနုမာန မျက်မှန်းဆဖြင့် သိရသောကြောင့် (ဝါ) အပျက်၏

ဆန့်ကျင်ဘက် မဖြစ် နိဗ္ဗာန်လည်းရှိ၏ဟု သိရသဖြင့် သက်သာရာကို ရစေခြင်းငှာလည်းကောင်း၊ ထိုအဖြစ် ရုပ်နာမ်ရှိလျှင် မဖြစ်သော နိဗ္ဗာန်လည်း ရှိ၏ဟု သိသော သန္တိပဒဉာဏ်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်၏ စိတ်နှလုံးသည် ရုပ်နာမ်တို့၏ အဖြစ်ကိုမြင်သဖြင့် ထိုရုပ်နာမ်တို့၏ တဖန်အသစ်မဖြစ်ရာ ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ညွတ်ကိုင်း၏-ဟု သိစိမ့်သောငှာလည်းကောင်း ဟောတော်မူခြင်းဖြစ်သည်ဟု သိမှတ်ပါလေ။ သိသည့်အတိုင်း သဘောမိအောင် ကြိမ်ဖန်များစွာ အခါခါ သုံးသပ် ဆင်ခြင်ရမည်ဟု သိမှတ်ပါလေ။

## ဒိဋ္ဌဓမ္မနိဗ္ဗာန်

ဤအာဒီနဝဉာဏ်နှင့် သန္တိပဒဉာဏ် နှစ်ပါးတို့၌ လိမ္မာသည်၏အဖြစ်ကြောင့် ရုပ်နာမ်ကား အရှုပ်ကြီး၊ နိဗ္ဗာန်ကား အရှင်းကြီး၊ ရုပ်နာမ်ကား အပူကြီး၊ နိဗ္ဗာန်ကား အအေးကြီး စသည်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်လာသောကြောင့် မျက်မှောက်သောကိုယ်၏ အဖြစ်၌ပင် ဒိဋ္ဌဓမ္မနိဗ္ဗာန်ရှိ၏ဟု ယူမှားသော ဒိဋ္ဌိတို့ကြောင့် မတုန်လှုပ်တော့ပြီ။

ဤတွင် အာဒီနဝဉာဏ် ပြီး၏။

---

## နိဗ္ဗိန္ဒဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပုံ

ဤလိုဤပုံ အာဒီနဝဉာဏ်ကို ရရှိပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုအာဒီနဝဉာဏ်ကိုပင် ထပ်မံ၍ လေ့လာပွားများရမည်။ ထိုသို့ ပွားများသော ယောဂီပုဂ္ဂိုလ်အား (သေယျထာပိ နာမ စိတ္တကူဋပဗ္ဗတပါဒါဘိရတော ။ပ။ မာနသော ဟောတိ)နှင့်အညီ အနောတတ္တအိုင်၏ အနောက်မျက်နှာအရပ်တွင် ရတနာခုနစ်ပါးဖြင့်ပြီးသော စိတ္တကူဋ်တောင်ခြေ၌ ပျော်ပိုက်၍နေသော ရွှေဟင်္သာမင်းသည် စဏ္ဍာလရွာ၏အထွက် ရွံ့အိုင်ငယ်ဗွက်၌ မနှစ်ခြိုက် မပျော်ပိုက်နိုင်၊ အိုင်ကြီး ခုနစ်အိုင်တို့၌သာ ပျော်ပါး နှစ်ခြိုက်သကဲ့သို့လည်းကောင်း၊ ရွှေချိုင့် လှောင်သွင်း၍ထားသော

သားမင်း ကေသရာဇာသည် ယူဇနာသုံးထောင် ကျယ်ပြောဆောင်သော ဟိမဝန္တာတောင်အကွေ့၌သာ ပျော်ရွှင်သကဲ့သို့လည်းကောင်း၊ (ဟတ္ထ-ပါဒ-ဝါလ-သောဏ္ဍ-ဝတ္ထိကောသ)ဟူသော ဘူမိဖုသန အင်္ဂါခုနစ်ပါးတို့ဖြင့် မြေ၌တည်သောကြောင့် သတ္တပတိဋ္ဌမည်သော သဗ္ဗသေတ ဝေဟာသပံ့ ဆဒ္ဒန်ဆင်မင်းသည် မြို့တွင်း၌ မမွေ့လျော်နိုင် ဆဒ္ဒန်အိုင်၌သာ မွေ့လျော်သကဲ့သို့လည်းကောင်း ခပ်သိမ်းကုန်သော သင်္ခါရရုပ်နာမ်ခန္ဓာတရားတို့ကို အပြစ်ဒေါသ အာဒီဝနအားဖြင့် မြင်ပြီးသော ယောဂီဟသာ၊ ကေသရာ၊ ဆင်မင်းသည် အကြွင်းမရှိ ဘဝ-ယောနိ-ဂတိ-ဌိတိ-သတ္တာဝါသ တို့၌ မနှစ်ခြိုက် မမွေ့လျော်နိုင်။ ညှိုးမှိုင်နွမ်းချိ ပျင်းရိငြီးငွေ့ မပျော့်မွေ့ပဲ အနုပဿနာသုံးပါး, ခုနစ်ပါး, ဆယ်ပါး အနုလောမဉာဏ်ဖြင့် မြင်အပ်ပြီးသော အနုပ္ပါဒနိရောဓနိဗ္ဗာန် တရားအာရုံ၌သာ ပျော်ပါး ညွတ်ကိုင်းရှိုင်းသောစိတ် ရှိ၍သာနေလေတော့၏။ ထိုအခါ နိဗ္ဗိန္ဒဉာဏ် ပြီးပြီဟု သိမှတ်ပါလေ။

### ဘယဉာဏ်-အာဒီနဝဉာဏ်-နိဗ္ဗိန္ဒဉာဏ် သုံးပါးတို့၏တူပုံ

ယာ စ ဘယတုပဋ္ဌာနေ ပညာ၊ယဉ္စ အာဒီနဝေ ဉာဏံ၊ ယာ စ နိဗ္ဗိန္ဒာ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ ဟူသည်နှင့်အညီ ဤ ဘယ-အာဒီနဝ-နိဗ္ဗိန္ဒဉာဏ် သုံးပါးတို့သည် တူသောအနက်ရှိတယ်၊ သဒ္ဒါမျှသာထူးကြတယ်၊ သဘောအားဖြင့်တော့ အနု-အလတ်-အရင့်သာကွဲ၍ ဆင်တူရိုးမှားပဲ ဖြစ်ကြတယ်၊ ရှုမှတ်နေတဲ့အခါ ဉာဏ်ဝမှာ ကြောက်မက်ဖွယ်ထင်တာရယ်,အပြစ်မြင်တာရယ်,မုန်းတီးငြီးငွေ့နေတာရယ်၊ ဤမျှလောက်ပါပဲ။ ဥပမာဆိုသော် ရန်သူလက်ထဲသို့ရောက်နေတဲ့သူဟာ ရှေးဦးစွာ ရန်သူကို ကြောက်တဲ့စိတ် ဖြစ်နေတယ်။ ပြီးတော့ ရန်သူကို အပြစ်မြင်လာတယ်၊ပြီးတော့ ရန်သူလက်ထဲမှာနေရတာကို ငြီးငွေ့လာတယ်။ ထို့တူပမာ အဆိုပါ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက်တို့ကို တွေ့မြင်ရဖန်များလာတဲ့အခါ ကြောက်မက်ဖွယ်ထင်လာတဲ့ ဘယဉာဏ်၊ ရုပ်နာမ်တို့၏ အပြစ်ကို ထင်မြင်လာတဲ့ အာဒီနဝဉာဏ်၊ ရုပ်နာမ်တို့၌ ငြီးငွေ့လာတဲ့ နိဗ္ဗိန္ဒဉာဏ် ဖြစ်ပေါ်လာပေတယ်။

အပြစ်မြင်လာပုံကား—ရှုနေကျ မှတ်နေကျဖြစ်တဲ့ ရုပ်နာမ်တို့ရဲ့ အနိစ္စ-ဒုက္ခ-အနတ္တ အပြစ်ကိုလည်းကောင်း၊ ရုပ်နာမ်ရလို့ အိုရ-နာရ-သေရတာပဲ၊ရုပ်နာမ်မရယင်၊ ဝါ၊ ရုပ်နာမ်ကို နုတ်ချန်ထားလျှင် အိုစရာ-နာစရာ သေစရာ မရှိတော့ဘူး၊ အပါယ်ကျတယ် ငရဲကျတယ် ဆိုတာတွေဟာ ရုပ်နာမ်ရှိလို့ပဲ ဖြစ်တယ်။ ရုပ်နာမ်မရှိယင် အပါယ်လဲ ကျစရာမရှိတော့ဘူး။ ခြေပြတ်တယ် လက်ပြတ်တယ် ဦးခေါင်းပြတ်တယ်၊ ခြေကျိုး လက်ကျိုး မျက်စိကန်း နားပင်း ဆွံ့အ အရူး အနှမ်း ဆိုတာတွေလဲ ရုပ်နာမ်ရှိလို့ ဖြစ်တာပဲ၊ ရုပ်နာမ်မရှိယင် ရုပ်နာမ်ကိုပြန်မရယင် ဤအဖြစ်မျိုးတွေဟာ အားလုံးမရှိတော့ဘူး၊ ငြိမ်းပြီ-အေးပြီ၊ ရုပ်နာမ်ဆိုတာ လွန်စွာ အပြစ်များပါသကားဟု တနွယ်ငင် တစင်လုံးပါ ဆိုတာလို ရုပ်နာမ်တို့၏ အပြစ်တို့ကို အကွက်မိမိ သိမြင်လာတော့သည်။

ဤတွင် နိဗ္ဗိန္ဒာဉာဏ် ပြီး၏။

---

## မုစ္စိတုကမျတာဉာဏ်နှင့် ပဋိသင်္ခါဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပုံ

ဤလိုဤပုံ နိဗ္ဗိန္ဒာဉာဏ်ကိုရရှိပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုနိဗ္ဗိန္ဒာဉာဏ်ကိုပင် ထပ်မံ၍ လေ့လာပွားများရမည် ဖြစ်သည်။ ထိုသို့ လေ့လာပွားများသော ယောဂီပုဂ္ဂိုလ်အား (ယထာ နာမ ဇာလဗ္ဘန္တရဂတော မစ္ဆော။ပ။ မုစ္စိတုကာမဿ ဥပ္ပဇ္ဇတိ)နှင့်အညီ ပိုက်ကွန်၌မိသော ငါး၊ မြွေ(မွေ)ခံတွင်းသို့ရောက်သော ဘား(ဖား)၊ လှောင်ချိုင့်၌ထားသော ကြက်၊ အလမ္ပာယ်လက်၌ မြွေ၊ ကျော့ကွင်းမိသော သားသမင်၊ ဂဠုန်လက်တွင်း၌မိသော နဂါး၊ ကြောင်လက်တွင်း၌မိသော ကြွက်သူငယ်၊ စွန်လက်တွင်း၌မိသော စာသူငယ်၊ ညွန်တွင်း၌ကျသော ဆင်၊ ရာဟုခံတွင်းသို့ဝင်ဆင်းရသော လ၊ ရန်သူဝိုင်းထားခံရသော ယောကျ်ား၊ ဤ ငါး စသော သတ္တဝါတို့သည် ကျင်နာတုန်လှုပ်၍၊ အသက်ဘေးမှ ထွက်ပြေး လွတ်မြောက်လိုသကဲ့သို့ ထို့တူပမာ ဝိပဿနာဉာဏ် အတန်တန် ဘင်္ဂ-ဘယ-အာဒီနဝ-နိဗ္ဗိန္ဒာဉာဏ်တို့တိုင်အောင် လက်ကိုင်ပွားစီး အားထုတ်ပြီးသော အာရဒ္ဓဝိပဿက

ပုဂ္ဂိုလ်သည် တေဘူမက သင်္ခါရဟူသမျှတို့၌ ပျော်ပိုက်တပ်စွန်း စွဲလမ်းနှစ်သက် ငဲ့ကွက်တွယ်တာခြင်းမထင်၊ အပြင်မြင်၍ လွတ်လို လွတ်ချင်သောစိတ်သည် တဖွားဖွားဖြစ်ပေါ်၍ နေလေတော့သည်။ ထိုအခါ မုစ္စိတုကမျတာဉာဏ် ပြီးပြီဟု သိမှတ်ပါလေ။

မှတ်ချက်။ ။ဤ မုစ္စိတုကမျတာဉာဏ်၌ ဝိပဿနာ ရှုပုံရှုနည်းမှာ အထူးမရှိတော့ပြီ၊ နိဗ္ဗိန္ဒဉာဏ်၌ ပြဆိုခဲ့ပြီးသော နည်းအတိုင်းသာဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

ဤတွင် မုစ္စိတုကမျတာဉာဏ် ပြီး၏။

ညောင်လေးပင်မြို့-တောရကျောင်းတိုက်

အဂ္ဂမဟာပဏ္ဍိတ

**နာယကဆရာတော်ဘုရားကြီး**

ရေးသားစီရင်တော်မူအပ်သော

**သီလ, သမာဓိ, ပညာ**

အဖွင့်ဖြစ်သော

# ဝိသုဒ္ဓိမဂ်အရသာ

ဓမ္မာစရိယ-ဦးထွန်းသိန်း, ဦးဝင်းဖေတို့ ကြပ်မကြည့်ရှု
ပြင်ဆင်ကြသည်။

ဣစ္ဆာသယ ပိဋကတ်စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

သာသနာ-၂၅၂၄။ (၆၀၀-က) ကောဇာ-၁၃၄၂။

ဤသို့ မပြတ်ရှုလျှင် အာနိသင်ရှစ်ပါးခြံရံလျက် ဘင်္ဂဉာဏ်ရင့်သန်ခြင်းသို့ ရောက်လေ၏၊ အာနိသင်ရှစ်ပါးကား သဿတဒိဋ္ဌိပယ်နိုင်၏၊ ဇီဝိတနိကန္တိကို စွန့်နိုင်၏ (၂)၊ မပြတ်အားထုတ်နိုင်၏၊ အသက်မွေးစင်ကြယ်၏ (၂)၊ ကိစ္စကြီးငယ် ကြောင့်ကြပယ်နိုင်၏၊ ကြောက်လန့်ခြင်း မရှိ (၂)၊ သည်းခံ၍ ကောင်းမှုမွေ့လျော်၏၊ ကုသိုလ်မမွေ့-ကာမဂုဏ်မွေ့ကို ဖြိုဖျက်နိုင်၏ (၂)။

ဘင်္ဂဉာဏ်၌ အာနိသင် ရှစ်ပါးကိုမြင်သိသော ယောဂီသည် ပုဆိုး, ဦးသျှောင် မီးလောင်သည်ကို ငြိမ်းအောင် အားထုတ်ရသကဲ့သို့ ကိစ္စတပါး ပယ်ထား၍ အသေငြိမ်းအောင်အမြဲအားထုတ်ရာ၏။ ။ဘင်္ဂါနုပဿနာဉာဏ် ပြီး၏။

## "ဘယဉာဏ်"

ဤသို့ ဘင်္ဂဉာဏ်ကို ဖန်ဖန် အားထုတ်သော ယောဂီအား ဘဝ, ယောနိ, သင်္ခါရ-အားလုံးသည် ကြောက်ဘွယ်ဘေးကြီးဟု ထင်လာ၏၊ ကြောက်ဘွယ် ဘေးကြီး-ဟု ထင်၍ တွယ်တာခြင်းမရှိ၊ ထိုအခါ ဘယဉာဏ် ဖြစ်သည် မည်၏။

ကြောက်ဘွယ်ဘေးကြီး ထင်လာပုံကား-

၁။ တေဘူမက သင်္ခါရ အားလုံးသည် ခြသေ့ သစ်ကျားပမာ ကြောက်ဘွယ်ကောင်းလေစွ တကား။

၂။ တေဘူမကသင်္ခါရ အားလုံးသည် မြွေဆိုး, ဆင်ဆိုးပမာ, မိုဃ်းကြိုးစက်ကွင်းပမာ ကြောက်ဘွယ်ကောင်းလေစွ တကား။

၃။ တေဘူမက သင်္ခါရအားလုံးသည် သင်းချိုင်းကုန်းပမာ မနေထိုက်လေစွ တကား၊ ရှားမီးခဲစုပမာ မချဉ်းကပ်ထိုက်လေစွတကား။

၄။ တေဘူမက သင်္ခါရ အားလုံးသည် စစ်တလင်းကြီးပမာ ကြောက်ဘွယ်ကောင်းလေစွ တကား။

၅။ အတိတ်နာမ်ရုပ် အစုပျက်ပြီးပြီ၊ ပစ္စုပ္ပန်နာမ်ရုပ်အစု ပျက်ဆဲ၊ အနာဂတ် နာမ်ရုပ်အစုပျက်လတ္တံ့၊ သင်္ခါရအားလုံး ကြောက်ဘွယ် ချည်းပါတကား။

ပင်ကိုအားငယ်သော သူသည် ဘေးရန်တခုခု၌ သေမလောက် ကြောက်သကဲ့သို့ ဘင်္ဂဉာဏ်ဖြင့် သိသရာဘက်၌ အားငယ်သော ယောဂီသည်လည်း သင်္ခါရအားလုံး၌ တွယ်တာစရာရှာ၍ မရအောင် ကြောက်လန့်လေ၏။

သားဆိုးသုံးယောက်၏ မိခင်သည် မင်းအမိန့်ဖြင့် သားကြီးကို ဦးခေါင်းဖြတ်ပြီးသည်ကို မြင်ရပြီး၍ သားလတ်ကို ဦးခေါင်းဖြတ်ဆဲကို မြင်ရဆဲအခါ ဦးခေါင်းဖြတ်လတ့ံသော သားငယ်၌ တွယ်တာငဲ့ကွက်ခြင်းကို စွန့်လေ၏။

သားသမီး အဖတ်မတင်သော မိန်းမသည် ကိုးယောက်သေပြီး၍ နို့စို့ တယောက် သေဆဲကို မြင်ရဆဲအခါ တဆယ့်တယောက်မြောက် ဘွားလတ္တံ့သော ဝမ်း၌ရှိသော သားအပေါ်၌ မြော်လင့်တွယ်တာခြင်းကို စွန့်လေ၏၊ သုံးပါးပြားသော သင်္ခါရ၌ ဘယဉာဏ်ဖြင့် မြင်သော ယောဂီသည်လည်း တွယ်တာခြင်းကို စွန့်လွှတ်လေ၏။

ဋီကာကြီး၌ အဒ္ဓါပစ္စုပ္ပန် တဘဝလုံးသည် ကြာလွန်းသည်၊ ခဏပစ္စုပ္ပန် ဥပါဒ် ဌီ ဘင် မျှသည် တိုလွန်းသည်၊ သန္တတိပစ္စုပ္ပန်ကား အလယ်အလတ် ဖြစ်၏၊ အစမှစ၍ ယူအပ်၏-ဟု မိန့်ဆိုပြီ။

ကြောက်ဘွယ်ဟုထင်သော ဘယဉာဏ်ဟူသည် သတိသမ္ပဇည ကင်းသော ဒေါသမူကြောက်မဟုတ်၊ သြတ္တပ္ပယှဉ်သော ဉာဏ်ကြောက်ဖြစ်၏၊ ကြောက်ဘွယ်ဟု ဆုံးဖြတ်သော တီရဏဉာဏ်ဖြစ်၏၊ ပညာရှိတို့သည် မီးကျီးတွင်း-ငယ်, လတ်, ကြီး-သုံးခု မြင်သော အခါ၊ ရွာသားတံကျင်, သံတံကျင်, ရွှေတံကျင် သုံးခုမြင်သော အခါ "ကြောက်ဘွယ်ကြီးတို့သာ" ဟု ဆုံးဖြတ်နိုင်သကဲ့သို့ ဘုံသုံးပါးကား မီးတွင်းသုံးတွင်း၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် သင်္ခါရသုံးပါးကား တံကျင်သုံးချောင်း ကြောက်ဘွယ်ကြီးသာ-ဟု ဆုံးဖြတ်သော ဉာဏ်ဖြစ်၏။

အနိစ္စဟု နှလုံးသွင်းသူအား နိမိတ္တသည် ဘေးဟုထင်၏၊ -ဒုက္ခဟုနှလုံးသွင်းသော သူအား ပဝတ္တသည် ဘေးဟုထင်၏၊ အနတ္တ-ဟု နှလုံးသွင်းသူအား ထိုနှစ်ပါးလုံးဘေးဟု ထင်၏-ဟု ဟောသည်။

ကာလသုံးပါး၌ တည်သော သင်္ခါရဟူသမျှသည် နိမိတ္တမည်၏၊ အနိစ္စဟု နှလုံးသွင်းလျှင် ထိုနိမိတ္တအစု၏ သေခြင်းကိုသာ မြင်လေ၏။

ရူပဘုံ အရူပဘုံ၌ ဖြစ်ခြင်းသည် ပဝတ္တမည်၏၊ ဒုက္ခ-ဟု နှလုံးသွင်းလျှင် သုခဟုသမုတ်အပ်သော ဗြဟ္မာဘဝဖြစ်ခြင်း၌လည်း မပြတ်နှိပ်စက်ခြင်းကိုသာ မြင်လေ၏။

အနတ္တ ဟု နှလုံးသွင်းလျှင် နိမိတ္တ ပဝတ္တနှစ်ပါးလုံး ဆိတ်သောရွာကဲ့သို့ အချည်းနှီးကိုသာ မြင်လေ၏၊ ဤကား အခိပ္ပါယ်တည်း။ ။ဘယတူပဋ္ဌာနဉာဏ် ပြီး၏။

---

# "အာဒီနဝဉာဏ်"

## ပဌမပဒါဉာဏဒသနဝိသုဒ္ဓိ
## ဒုတိယပိုင်း-အာ,နိ,မုဉ်, ပဋိ-လေးပါး

ဤသို့ ဘယဉာဏ် ဖန်ဖန်အားထုတ်သော ယောဂီအား ဘဝ, ယောနိ တို့၌ ပုန်းအောင်းစရာမမြင်၊ သင်္ခါရတစုံတခု၌ တောင့်တခြင်း, သုံးသပ်ခြင်းမရှိ၊ အပြစ်ကိုသာ မြင်လျက်ရှိ၏၊ ထိုအခါ အာဒီနဝဉာဏ် ဖြစ်သည် မည်၏။

အပြစ်မြင်ပုံကား-

၁။ ဘဝသုံးပါးသည် မီးကျီးတွင်းသုံးစုနှင့် တူလေစွ။

၂။ ဓာတ်လေးပါးသည် မြွေဆိုးကြီးလေးကောင်နှင့်တူလေစွ။

၃။ ခန္ဓာ ငါးပါးသည် သန်လျက်မိုးသော သူသတ် ယောကျ်ား ငါးယောက်နှင့် တူလေစွ။

၄။ စက္ခု,သောတစသော အဇ္ဈတ္တိကာယတန ခြောက်ပါးသည် ရွာပျက် ၆-ခုနှင့်တူလေစွ။

၅။ ရူပါရုံ, သဒ္ဒါရုံစသော ဗာဟိရာယတန ခြောက်ပါးသည် ရွာဖျက် ထားပြ ၆-ယောက်နှင့် တူလေစွ။

၆။ ဝိညာဏဋ္ဌိတိ ၇-ပါး၊ သတ္တာဝါသ ၉-ပါးသည် မီး ၁၁-ပါး တောက်လောင်နေသော အိမ်ကြီးနှင့် တူလေစွ။

ဤသို့ ပျက်ခြင်းမြင်သော ဘင်္ဂဉာဏ်စွမ်းဖြင့် သင်္ခါရဟူသမျှ၌ အနာ ရောဂါ ကြောင့်၊တကျင်ပမာ ကြီးစွာအပြစ်မြင်၏၊ သာယာစရာ မမြင်၊ အပြစ်စုသာ အမြဲထင်၏။

အသက်ရှည်လိုသော သူသည် သစ်ကျား သားရဲရှိသော တောတောင်ကို ၎င်း, မိကျောင်းရှိသော မြစ်ကိုရင်း, အဆိပ်ခတ်ထားသော ထမင်းကိုရင်း, မီးလျှံတောက်လောင်သောအိမ်ကိုင်း မပျော်နိုင်, မရွှင်နိုင်-အပြစ်သာ အမြဲ မြင်သကဲ့သို့ သင်္ခါရတရား ဟူသမျှကိုလည်း မပျော်နိုင်, မရွှင်နိုင် အပြစ်အမြဲ မြင်လေ၏။

ပဋိသမ္ဘိဒါမဂ်၌ ဥပ္ပါဒ-စသော ၁၅-မည်၊ အနုပ္ပါဒ စသော ၁၅-မည် ဖြင့် အာရုံကိုတည်၍ အာဒီနဝဉာဏ်, သန္တိပဒဉာဏ်, ယမကဉာဏ် ထင်ပုံကို ဘယ, ခေမ-သုံးဝါရ၊ ဒုက္ခ-သုခ သုံးဝါရ၊ သာမိသ,နိရာမိသ-သုံးဝါရ၊ သင်္ခါရ, နိဗ္ဗာန-သုံးဝါရ-ဟု ၁၂-ဝါရ ဟော၏။

အာရုံအနက်တို့ကို သဘောမိအောင် လေ့လာလျှင် လွယ်ကူရာ၏။ ။ ဥပ္ပါဒေါ ရှေးကံကြောင့် ဤဘဝ၌ သင်္ခါရဖြစ်ခြင်း၊ ပဝတ္တံ-ပဝတ္တိအခါ

သင်္ခါရဆက်၍ ဖြစ်ခြင်း၊ နိမိတ္တံ- အကောင်အထည်-ဟု ယူစရာ သင်္ခါရ နိမိတ်၊ အာယူဟနာ-နောင်ပဋိသန္ဓေ ရကြောင်းကံ (၅)၊ ပဋိသန္ဓိ-နောင် ပဋိသန္ဓေ၊ ဂတိ-လားရာဂတိ ငါးပါး၊ နိဗ္ဗတ္တိ-ခန္ဓာသစ် ဖြစ်ခြင်း၊ ဥပပတ္တိ-ဝိပါက်ဖြစ်ခြင်း (၅)၊ ဇာတိ-ပဋိသန္ဓေ၊ ဇရာ-အိုခြင်း၊ ဗျာဓိ-နာခြင်း၊ မရဏံ-သေခြင်း (၅)၊ သောကော-စိုးရိမ်ခြင်း၊ ပရိဒေဝေါ-ငိုကြွေးခြင်း၊ ဥပါယာသော-ပြင်းစွာပင်ပန်းခြင်း (၅)၊ ဘယံ-ကြောက်ဘွယ် ကောင်း၏၊ ခေမံ-ဘေးမရှိ။ ။ဒုက္ခံ-ဆင်းရဲ၏၊ သုခံ-ချမ်းသာ၏၊ သာမိသံ- (ဝဋ္ဋာမိသ, လောကာမိသ, ကိလေသာမိသ-ဟူသော) အာမိသ သုံးမျိုးရှိ၏၊ နိရာမိသံ-အာမိသသုံးမျိုး မရှိ။ ။သင်္ခါရံ-အကြောင်းတရားတို့ ပြုပြင်တိုင်းဖြစ်ရ၏၊ နိဗ္ဗာနံ-ဒုက္ခခပ်သိမ်း အကုန်ငြိမ်း၏။ ။အပြစ်ကိုသိလျှင် အာဒီနဝဉာဏ်၊ နိဗ္ဗာန်ကိုသိလျှင် သန္တိပဒဉာဏ်၊ နှစ်ပါးစုံယှဉ်တွဲ၍ သိလျှင် ယမကဉာဏ်။ ။ ဤမျှ သဘာဝမိအောင် လေ့လာရာ၏။

ဉာဏ်တို့ ထင်ပုံကား-

၁။ ဥပ္ပါဒေါ-ဘယံ၊ ပဝတ္တံ-ဘယံ၊ နိမိတ္တံ-ဘယံ၊ အာယူဟနာ-ဘယံ (၅)၊ ပဋိသန္ဓိ-ဘယံ၊ ဂတိ-ဘယံ၊ နိဗ္ဗတ္တိ-ဘယံ၊ ဥပပတ္တိ-ဘယံ (၅) ဇာတိ-ဘယံ၊ ဇရာ-ဘယံ၊ ဗျာဓိ-ဘယံ၊ မရဏံ-ဘယံ (၅)၊ သောကော-ဘယံ၊ ပရိဒေဝေါ-ဘယံ၊ ဥပါယာသော-ဘယံ (၅)။

ဤကား အာဒီနဝဉာဏ် ၁၅-ခု။ (တဝါရ။) **"သန္တိပဒဉာဏ်"**

၂။ အနုပ္ပါဒေါ-ခေမံ၊ အပ္ပဝတ္တံ-ခေမံ၊ အနိမိတ္တံ-ခေမံ၊ အနာယူဟနာ-ခေမံ၊ အပ္ပဋိသန္ဓိ-ခေမံ၊ အဂတိ-ခေမံ၊ အနိဗ္ဗတ္တိ-ခေမံ၊ အနုပ္ပတ္တိ-ခေမံ၊ အဇာတိ-ခေမံ၊ အဇရာ-ခေမံ၊ အဗျာဓိ-ခေမံ၊ အမတံ-ခေမံ၊ အသောကော-ခေမံ၊ အပရိဒေဝေါ ခေမံ၊ အနုပါယာသော ခေမံ။ ။ဤကား သန္တိပဒဉာဏ် ၁၅-ခု။ (တဝါရ။)

၃။ ဥပ္ပါဒေါ ဘယံ၊ အနုပ္ပါဒေါ ခေမံ၊ ပဝတ္တံ-ဘယံ၊ အပ္ပဝတ္တံ ခေမံ၊ ....လ....ပရိဒေဝေါ-ဘယံ- အပရိဒေဝေါ-ခေမံ၊ ဥပါယာသော၊ ဘယံ၊ အနုပါယာသော-ခေမံ။ ။ဤကား ယမကဉာဏ် ၁၅-ခု၊ (တဝါရ။) (ဘယ, ခေမ- သုံးဝါရကဲ့သို့- ဥပ္ပါဒေါ-ဒုက္ခံ-အနုပ္ပါဒေါ သုခံ-စသည် သုံးဝါရ၊ ဥပ္ပါဒေါ-သာမိသံ၊ အနုပ္ပါဒေါ နိရာမိသံ-စသည် သုံးဝါရ၊ ဥပ္ပါဒေါ-သင်္ခါရံ၊ အနုပ္ပါဒေါ-နိဗ္ဗာနံ-စသည် သုံးဝါရဖြစ်၏၊ ခွဲနိုင်သော ဉာဏ်ရှိ,မရှိ သိရလတ္တံ့ ။)

ဤ၌ ယမကဉာဏ်ကို လျှင်စွာ ဝိပဿနာအားထုတ်သော ပုဂ္ဂိုလ်စွမ်းဖြင့် ဟောသည်၊ ဤ ၁၅-ပုဒ်တို့တွင် အာဒီနဝဉာဏ် တည်ရာ ဝတ္ထုကား ဥပ္ပါဒ စသော အစငါးခုသာတည်း၊ နောက် ဆယ်ခုတို့တွင် နိဗ္ဗတ္တိသည် ဥပ္ပါဒပင် တည်း၊ဇာတိသည် ပဋိသန္ဓိ၊ ဂတိ, ဥပပတ္တိသည် ပဝတ္တ၊ ဇရာစသော ခြောက် ပါးသည် နိမိတ္တ-ပရိယာယ်ဝေဝုစ် ဖြစ်ကုန်၏။

၁။ ဥပ္ပါဒေါ-ဒုက္ခံ၊ ပဝတ္တံ-ဒုက္ခံ၊ နိမိတ္တံ-ဒုက္ခံ၊ အာယူဟနာ-ဒုက္ခံ၊ ပဋိသန္ဓိ-ဒုက္ခံ။ ။အာဒီနဝဉာဏ် ငါးခု။

၂။ အနုပ္ပါဒေါ-သုခံ၊ အပ္ပဝတ္တံ-သုခံ၊ အနိမိတ္တံ-သုခံ၊ အနာယူဟနာ-သုခံ၊ အပ္ပဋိသန္ဓိ-သုခံ။ ။သန္တိပဒဉာဏ် ငါးခု။

ဤမျှ ဉာဏ်ဆယ်ပါးဖြင့်လည်း စုံလင်၏၊ ဤဉာဏ်ဆယ်ပါးသိလျှင် ဒိဋ္ဌိ အမျိုးမျိုးကြောင့် တုန်လှုပ်ခြင်းမရှိ။

အာဒီနဝဉာဏ်၏ ဆန့်ကျင်ဘက်ကိုပြလို၍ သန္တိပဒဉာဏ်ကို ဟောသည်၊ ဝါ- ဘေးမြင်၍ကြောက်သူအား သက်သာရာရစေခြင်းငှါ ဟောသည်၊ ဝါ- ဘေးဟုမြင်လျှင် ဆန့်ကျင်ဘက် နိဗ္ဗာန်သို့ ညွတ်၏-ဟု အာနိသင် ပြလို၍ ဟောသည်။ ။ကိလေသာတို့ဖြင့် သုံးသပ်အပ်သော တရားသည် အာမိသ မည်၏၊ ဥပါဒိန္နက ခန္ဓာငါးပါးသည် ဝဋ္ဋာမိသ၊ ကာမဂုဏ် ငါးပါးသည် လောကာမိသ၊ ကိလေသာသည် ကိလေသာမိသမည်၏။ ။အာဒီနဝဉာဏ် ပြီး၏။

## "နိဗ္ဗိဒါဉာဏ်"

အာဒီနဝ ဉာဏ်ဖြင့် အပြစ်မြင်သော ယောဂီသည် ဘုံဘဝ, သင်္ခါရ အားလုံးတို့၌ မပျော်မွေ့ ငြီးငွေ့လေ၏၊ သန္တိပဒနိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်း ဝင်လေ၏၊ ထိုအခါ နိဗ္ဗိဒါဉာဏ် ဖြစ်သည်မည်၏။

ရွှေဟင်္သာသည် ဒွန်းစဏ္ဍားရွာ တံခါးအနီး ရေအိုင်၌မမွေ့၊ ဟိမဝန္တာ အိုင်ကြီး ခုနစ်အိုင်၌သာ မွေ့သည်၊ ကေသရာဇာခြင်္သေ့မင်းသည် လှောင်အိမ် ရွှေချိုင့်၌မမွေ့၊ ဟိမဝန္တာတောသုံးထောင်၌သာ မွေ့သည်၊ ကောင်းကင်ပျံ ဆဒ္ဒန်ဆင်ပြူသည် မြို့တွင်း၌ မမွေ့၊ ဟိမဝန္တာ ဆဒ္ဒန်အိုင်၌သာ မွေ့သည်၊ အာဒီနဝဉာဏ်ရသော ယောဂီသည်လည်း ဘဝ, သင်္ခါရ အားလုံး၌ မမွေ့၊ သန္တိပဒနိဗ္ဗာန်၌သာ မွေ့စရာဟု ညွတ်ကိုင်း၏။

ငြီးငွေ့ပုံ, ညွတ်ကိုင်းပုံကား-

၁။ ဘဝ, သင်္ခါရအားလုံးသည် ဒွန်းစဏ္ဍားရွာ တံခါးအနီး ရေအိုင်နှင့် တူလှ၏၊ အနုပဿနာအိုင်ကြီး ခုနစ်အိုင်ဟူသော "အနိစ္စ, ဒုက္ခ,

အနတ္တ, နိဗ္ဗိဒ, ဝိရာဂ, နိရောဓ, ပဋိနိဿဂ္ဂ''သာ မွေ့လျော်ဘွယ် ကောင်းလေစွ။

၂။ ဘဝ, သင်္ခါရအားလုံးသည် လောင်အိမ်ရွှေချိုင့်နှင့်တူ၏၊ အနုပဿနာ တောသုံးတောင် ဟူသော "အနိစ္စ, ဒုက္ခ, အနတ္တ''ဟု ရှုခြင်းသာလျှင် မွေ့လျော်ဘွယ် ကောင်းလေစွ။

၃။ ဘဝ, သင်္ခါရအားလုံးသည် မြို့တွင်းနှင့်တူ၏၊ အနုပဿနာ ဒေါ ခေမံ-စသည်ဖြင့် တွေးဆ၍ မြင်ရသောနိဗ္ဗာန် ဆဒ္ဒန်အိုင်သာလျှင် မွေ့လျော်ဘွယ် ကောင်းလေစွ။

ဤနိဗ္ဗိဒါဉာဏ်သည် ရှေးဉာဏ်နှစ်ပါးနှင့် သဒ္ဒါမတူ အနက်တူ၏၊ သင်္ခါရတို့ကို ဘေးဟုမြင်သောကြောင့် ဘယဉာဏ်,အပြစ်မြင်အောင်ပြုသောကြောင့် အာဒီနဝဉာဏ်, ငြီးငွေ့သောကြောင့် နိဗ္ဗိဒါဉာဏ်-ဤသို့ ဘယဉာဏ်တခုတည်း သုံးမည်ရဟု ဆိုကုန်၏၊ အထွဋ်အထိပ်သို့ ရောက်သောအခါ သဘောချင်းတူ၍ တဉာဏ်တည်းဖြစ်၏၊ အစစွာ၌ကား ထိုထိုဘာဝနာ စွမ်းဖြင့် အစဉ်အတိုင်းရောက်၍ သဘောကွဲသည်၊ ထို့ကြောင့် သုံးပါးဟောပြသည်။ ။ နိဗ္ဗိဒါဉာဏ် ပြီး၏။

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ပဋိသမ္ဘိဒါမဂ်ပါဠိတော်

## နိဿယ

မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာတော်နှစ် ၂၅၀၃ ကောဇာသက္ကရာဇ် ၁၃၂၁ ခရစ် ၁၉၆၀

## ၈-အာဒီနဝညာဏနိဒ္ဒေသ

၅၃။ ဘယတုပဋ္ဌာနေ၊ ဘေးအားဖြင့် ထင်သောအာရုံ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ အာဒီနဝေညာဏံ၊ အာဒီနဝညာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်းဟူမူကား။

ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းသည်။ ဘယံ၊ ကြောက်ဖွယ်ဘေးတည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေ၊ ဘေးဟုထင်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ အာဒီနဝေညာဏံ၊ အာဒီနဝညာဏ်မည်၏။ ပဝတ္တံ၊ ဖြစ်ပွါးခြင်းသည်။ နိမိတ္တံ၊ သင်္ခါရ နိမိတ်သည်။ အာယူဟနာ၊ အားထုတ်ခြင်းသည်။ ပဋိသန္ဓိ၊ ပဋိသန္ဓေနေခြင်းသည်။ ဂတိ၊ လားရာ ဂတိသည်။ နိဗ္ဗတ္တိ၊ ခန္ဓာတို့၏ ဖြစ်ခြင်းသည်။ ဥပပတ္တိ၊ ဝိပါက်၏ဖြစ်ခြင်းသည်။ ဇာတိ၊ ဘဝအသစ်ဖြစ်ခြင်းသည်။ ဇရာ၊ အိုခြင်းသည်။ ဗျာဓိ၊ နာခြင်းသည်။ မရဏံ၊ သေခြင်းသည်။ သောကော၊ စိုးရိမ်ပူဆွေးခြင်းသည်။ ပရိဒေဝေါ၊ ငိုကြွေးခြင်းသည်။ ဥပါယာသော၊ ပြင်းစွာပင်ပန်းခြင်းသည်။ ဘယံ၊ ကြောက်ဖွယ်ဘေးတည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေ၊ ဘေးဟုထင်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ အာဒီနဝေညာဏံ၊ အာဒီနဝညာဏ်မည်၏။

အနုပ္ပါဒေါ၊ မဖြစ်ပေါ်ခြင်းသည်။ခေမံ၊ ဘေးကင်းရာတည်း။ ဣတိ၊ ဤသို့။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သန္တိပဒေဉာဏံ၊ သန္တိပဒဉာဏ်မည်၏။ ဝါ၊ ငြိမ်းအေးသောနိဗ္ဗာန်၌ဖြစ်သော ဉာဏ်မည်၏။ အပ္ပဝတ္တံ၊ မဖြစ်ပွါးခြင်းသည်။ပ။အနုပါယာသော၊ ပြင်းစွာမပင်ပန်းခြင်းသည်။ ခေမံ၊ ဘေးကင်းရာတည်း။ ဣတိ၊ ဤသို့။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သန္တိပဒေဉာဏံ၊ သန္တိပဒဉာဏ်မည်၏။ ဝါ၊ ငြိမ်းအေးသော နိဗ္ဗာန်၌ဖြစ်သော ဉာဏ်မည်၏။

[“ဥပ္ပါဒေါ ဘယံ အနုပ္ပါဒေါ ခေမန္တိ” ဟူသော ယုဂလဝါရ၌ အနက်တူပြီ။]

ဥပ္ပါဒေါ၊ ဖြစ်ပေါ် ခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲတည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေ၊ ဘေးဟု ထင်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ အာဒီနဝေဉာဏံ၊ အာဒီနဝဉာဏ် မည်၏။ ပဝတ္တံ၊ ဖြစ်ပွါးခြင်းသည်။ပ။ ဥပါယာသော၊ ပြင်းစွာ ပင်ပန်းခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲတည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေ၊ ဘေးဟု ထင်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ အာဒီနဝေဉာဏံ၊ အာဒီနဝဉာဏ်မည်၏။

အနုပ္ပါဒေါ၊ မဖြစ်ပေါ်ခြင်းသည်။ သုခံ၊ ချမ်းသာတည်း။ ဣတိ၊ ဤသို့။(ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သန္တိပဒေဉာဏံ၊ သန္တိပဒဉာဏ်မည်၏။ ဝါ၊ ငြိမ်းအေးသော နိဗ္ဗာန်၌ဖြစ်သော ဉာဏ်မည်၏။ အပ္ပဝတ္တံ၊ မဖြစ်ပွါးခြင်းသည်။ပ။ အနုပါယာသော၊ ပြင်းစွာ မပင်ပန်းခြင်းသည်။ သုခံ၊ ချမ်းသာတည်း။ ဣတိ၊ ဤသို့။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သန္တိပဒေဉာဏံ၊ သန္တိပဒဉာဏ်မည်၏။ ဝါ၊ ငြိမ်းအေးသော နိဗ္ဗာန်၌ဖြစ်သော ဉာဏ်မည်၏။

[ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံ၊ ဟူသော ယုဂလဝါရ၌ အနက်တူပြီ။]

ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းသည်။ သာမိသံ၊ ကာမဂုဏ်အစာ, ဝဋ္ဋဆင်းရဲအစာ, ကိလေသာအစာ, နှင့်တကွဖြစ်၏။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေ၊ ဘေးဟုထင်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ အာဒီနဝေဉာဏံ၊ အာဒီနဝဉာဏ်မည်၏။ ပဝတ္တံ၊ ဖြစ်ပွါးခြင်းသည်။ပ။ ဥပါယာသော၊ ပြင်းစွာ ပင်ပန်းခြင်းသည်။ သာမိသံ၊ အစာနှင့် တကွဖြစ်၏။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေ၊ ဘေးဟု ထင်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ အာဒီနဝေဉာဏံ၊ မည်၏။

အနုပ္ပါဒေါ၊ မဖြစ်ပေါ်ခြင်းသည်။ နိရာမိသံ၊ အစာကင်း၏။ဣတိ၊ဤသို့။(ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သန္တိပဒေဉာဏံ၊ ဉာဏ်မည်၏။ အပ္ပဝတ္တံ၊ မဖြစ်ပွါးခြင်းသည်။ပ။ အနုပါယာသော၊ ပြင်းစွာ မပင်ပန်းခြင်းသည်။ နိရာမိသံ၊ အစာကင်း၏။ဣတိ၊ ဤသို့။ (ပဝတ္တာ၊ဖြစ်သော။) ပညာ၊ ပညာသည်။ သန္တိပဒေဉာဏံ၊ မည်၏။

[ဥပ္ပါဒေါ သာမိသံ၊ အနုပ္ပါဒေါ နိရာမိသံ၊ ဟူသော ယုဂလဝါရ၌ အနက်တူပြီ။]

ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းသည်။ သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေ၊ ဘေးဟု ထင်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ အာဒီနဝေဉာဏံ၊ အာဒီနဝဉာဏ် မည်၏။ ပဝတ္တံ၊ ဖြစ်ပွါးခြင်းသည်။ပ။ ဥပါယာသော၊ ပြင်းစွာပင်ပန်းခြင်းသည်။ သင်္ခါရာ၊သင်္ခါရ တို့တည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေ၊ ဘေးဟု ထင်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ အာဒီနဝေဉာဏံ၊ အာဒီနဝဉာဏ်မည်၏။

အနုပ္ပါဒေါ၊ မဖြစ်ပေါ်ခြင်းသည်။ နိဗ္ဗာနံ၊ သင်္ခါရငြိမ်းသော နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ (ပဝတ္တာ၊ ဖြစ်သော။)ပညာ၊ ပညာသည်။ သန္တိပဒေဉာဏံ၊ ဉာဏ်မည်၏။ ဝါ၊ ငြိမ်းအေး

သော နိဗ္ဗာန်၌ဖြစ်သော ဉာဏ်မည်၏။ ပ။ အနုပါယာသော၊ ပြင်းစွာ မပင်ပန်းခြင်းသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သန္တိပဒေ ဉာဏံ၊ ဉာဏ်မည်၏။ ဝါ၊ ငြိမ်းအေးသော နိဗ္ဗာန်၌ဖြစ်သော ဉာဏ်မည်၏။

[ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ၊ ဟူသော ယုဂလဝါရ၌ကား အနက်တူပြီ။]

ဥပ္ပါဒဥ္စ၊ ဖြစ်ပေါ်ခြင်းကိုင်း။ ပဝတ္တဉ္စ၊ ဖြစ်ပွါးခြင်းကိုင်း၊ နိမိတ္တဉ္စ၊ သင်္ခါရနိမိတ်ကိုင်း။ အာယူဟနဉ္စ၊ အားထုတ်ခြင်းကိုင်း။ ပဋိသန္ဓိဉ္စ၊ ပဋိသန္ဓေကိုင်း။ ဒုက္ခန္တိ၊ ဆင်းရဲဟူ၍။ ပဿတိ၊ မြင်၏။ ဣဒံ၊ ဤအမြင်သည်။ အာဒီနဝေဉာဏံ၊ အာဒီနဝဉာဏ်မည်၏။

အနုပ္ပါဒဉ္စ၊ မဖြစ်ပေါ်ခြင်းကိုင်း။ အပ္ပဝတ္တဉ္စ၊ မဖြစ်ပွါးခြင်းကိုင်း။ အနိမိတ္တဉ္စ၊ သင်္ခါရနိမိတ်ကင်းခြင်းကိုင်း။ အနာယူဟနဉ္စ၊ အားမထုတ်ခြင်းကိုင်း။ အပ္ပဋိသန္ဓိဉ္စ၊ ပဋိသန္ဓေမနေခြင်းကိုင်း။ သုခန္တိ၊ ချမ်းသာဟူ၍။ ပဿတိ၊ မြင်၏။ ဣဒံ၊ ဤအမြင်သည်။ သန္တိပဒေဉာဏံ၊ သန္တိပဒဉာဏ်မည်၏။

ဣဒံ အာဒီနဝေ ဉာဏံ၊ ဤအာဒီနဝဉာဏ်သည်။ ပဉ္စသု ဌာနေသု၊ ငါးပါးသော အရာတို့၌။ ဇာယတိ၊ ဖြစ်၏။ ဣဒံ သန္တိပဒေဉာဏံ၊ ဤသန္တိပဒဉာဏ်သည်။ ပဉ္စဌာနေ၊ ငါးပါးသော အရာ၌။ ဇာယတိ၊ ဖြစ်၏။ (အာဒီနဝေဉာဏံ၊ အာဒီနဝဉာဏ်ကို။ ပဇာနန္တော၊ အပြားအားဖြင့်သိသော ယောဂီပုဂ္ဂိုလ်သည်။) ဒသဉာဏေ၊ ဆယ်ပါးသော ဉာဏ်တို့ကို။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ ဒွိန္နံဉာဏာနံ၊ နှစ်ပါးသော ဉာဏ်တို့၌။ ကုသလတာ ကုသလတာယ၊ လိမ္မာသည်၏ အဖြစ်ကြောင့်။ နာနာဒိဋ္ဌီသု၊ အထူးထူးသော အယူဝါဒတို့၌။ ဝါ၊ အယူဝါဒတို့ကြောင့်။ န ကမ္ပတိ၊ မတုန်မလှုပ်။

တံ၊ ထိုအာဒီနဝဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထိုကြောင့်။ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေသတည်း။

အဋ္ဌမော၊ ရှစ်ခုမြောက်ဖြစ်သော။ အာဒီနဝဉာဏနိဒ္ဒေသော၊ အာဒီနဝဉာဏ်ကို အကျယ်ပြရာအပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

မြန်မာနိုင်ငံတော် မူလမင်းကွန်း

ဇေတဝန် ဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသော

# ဝိပဿနာ

# ဉာဏ်စဉ်ကျမ်း

# ကြီး

အင်းစိန်မြို့-မင်းကွန်းဆရာတော်ဘုရား

ကိုယ်တိုင်ပြင်ဆင်၍

ပါဠိဆရာကြီး-ဆရာဉာဏ်

ကြီးကြပ်ပုံနှိပ်သည်

---

ရန်ကုန်မြို့

ပဋိပတ္တိသာသနာနုဂ္ဂဟအသင်းကြီးမှ

တာဝန်ခံရိုက်နှိပ်သည်

---

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၃၁၁-ခု

# "ဘယဉာဏ်"

တဘက်ကမ်းရောက်သော ဘင်္ဂဉာဏ် ပစ္စုပ္ပန်ကာလ သင်္ခါရတို့၏ပျက်သောခဏကို၊ ပျက်သဟု ရှုချင်းသို့ တဘက်ကမ်းရောက်သော်လည်း၊ အတိတ်ဟု၊ အနာဂတ်ဟု၊ ပစ္စုပ္ပန်ဟု၊ ကာလကိုမရှု၊ ဒိဋ္ဌမျက်မှောက်ရောက်သောသင်္ခါရတို့၏၊ ပျက်သောခဏကို၊ ပျက်သဟုရှုသော၊ပစ္စုပ္ပန်အာရုံနောက်သို့အစဉ်တိုက်၊ အပျက်လက္ခဏာ၊အတူပါ၍လိုက်သောကြောင့်သာလျှင်၊ အတိတ်အနာဂတ်သင်္ခါရတို့၏ အပျက် ၂–ရပ်ကို၊ ထပ်တူဆောင်သောဉာဏ တကြိမ့်တည်း၊ ရှုသဖြင့်ပြီးသောနည်းအလို့ငှါ၊ ဤသို့ ခပ်သိမ်းဥဿုံ အလုံးစုံသော သင်္ခါရတို့၏၊

ကုန်သော သဘောကို ကုန်သဟု၊ ကင်းသောသဘောကို ကင်းသဟု၊ ပျက်သောသဘောကို ပျက်သဟု၊ ချုပ်သောသဘောကို ချုပ်သဟု၊ အခရုံ ပြုသော ဘင်္ဂညာဏ်ကို၊ အဖန် တလဲလဲ မှီဝဲ၍ အဖန်တလဲလဲ၊ ပွါးများ၊ အဖန်တလဲလဲ ကြိမ်ဖန်များစွာ၊ အလေ့အလာပြုသော ထို ယောဂီ ပုဂ္ဂိုလ်အား၊ အလုံးစုံသော ဘဝ၊ အလုံးစုံသော ယောနိ၊ အလုံးစုံသောဂတိ၊ အလုံးစုံသောဌီတိ၊ အလုံးစုံသော သတ္တာဝါသတို့၌၊ ခဏ ခဏ ပျက်ကြကုန်သော သင်္ခါရတို့သည်၊ ဘေးကြီးဖြစ်၍ ထင် ကြကုန်၏။

**ထင်ပုံကား။**

တဿ အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတေ နိဗ္ဗတ္တနကသင်္ခါရာပိ ဧဝမေဝ နိရုဇ္ဈိဿန္တီတိ ပဿတော ဧတသ္မိံ ဌာနေ ဘယတုပဋ္ဌာန ဉာဏံ နာမ ဥပ္ပဇ္ဇတိ။

အတီတာ၊ အတိတ် ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဒ္ဓါ၊ ချုပ်ပျက်ကြကုန်ပြီ။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။သင်္ခါရာ၊ သင်္ခါရတို့သည်။နိရုဇ္ဈန္တိ၊ချုပ်ပျက်ကြကုန်ဆဲ။အနာဂတေ၊အနာဂတ်၌။ နိဗ္ဗတ္တနကသင်္ခါရာပိ၊ ဖြစ်လတံ့သောသင်္ခါရတို့သည်လည်း။ ဧဝမေဝ၊ ဤအတူသာလျှင်။ နိရုဇ္ဈိဿန္တိ၊ချုပ်ပျက်ကြကုန်လတံ့။ ဣတိ၊ ဤသို့။ ပဿတော၊ရှုသော။ တဿယောဂီနော၊ထိုယောဂီပုဂ္ဂိုလ်အား။ဧတသ္မိံ ဌာနေ၊အပျက်ကိုပင်၊ ဘေးဟုထင်သောဤဌာန၌။ ဘယတုပဋ္ဌာနဉာဏံ နာမ၊ ဘယတုပဋ္ဌာနဉာဏ်အမည်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဘယတုပဋ္ဌာနဉာဏံ ပန ဘာယတိ နဘာယတီတိ နဘာ ယတိ၊ တဉှိဿ အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတာ နိရုဇ္ဈိဿန္တီတိ, တီရဏမတ္တမေဝ ဟောတိ၊ တသ္မာ။

ဘယတုပဋ္ဌာနဉာဏံ ပန၊ ဘေးထင်သော ဉာဏ်သည်ကား။ ဘာယတိ၊ ကြောက်သလော။ နဘာယတိ၊ မကြောက်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိတေပိ၊ မေးအပ်သော်လည်း။ နဘာယတိ၊ မကြောက်။

ဟိယသ္မာ၊ အကြင့်ကြောင့်။ အသလ္လမဿ ဘယတုပဋ္ဌာန ဉာဏဿ၊ ဤဘေးထင်သော ဉာဏ်အား။ အတီတာ၊ အတိတ် ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဒ္ဓါ၊ ချုပ်ပျက်ကြကုန်ပြီ။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ပျက်ကြကုန်ဆဲ။ အနာဂတာ၊ အနာဂတ် ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဇ္ဈိဿန္တိ၊ ချုပ်ပျက်ကြကုန်လတ္တံ့။ ဣတိ၊ ဤသို့။ တီရဏမတ္တမေဝ၊ ပိုင်းခြားရုံမျှသာလျှင်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တံဘယတုပဋ္ဌာနဉာဏံ၊ ထိုဘေးထင်သော ဉာဏ်သည်။ နဘာယတိ၊ မကြောက်။

**ဥပမာမည်သည်ကား**။ မျက်စိအမြင်ရှိသော ယောကျ်ား၊ မြို့တံခါး၌၊ မီးကျီးတွင်း ၃-တွင်းတို့ကို ကြည့်ရှုဆင်ခြင်မြင်သည်ရှိသော်၊ မိမိကားမကြောက်။ သက်သက်၊ ဤမျက်စိအမြင်ရှိသော ယောကျ်ားအား၊ အကြင်အကြင်ရဟန်းရှင်လူ၊ ခပ်သိမ်းသောသူတို့သည်၊ ဤမီးကျီးတွင်းတို့၌ ကျရောက်ကုန်သည်ဖြစ်အံ့၊ ထိုထိုရဟန်းရှင်လူ၊ ခပ်သိမ်းသောသူတို့သည်၊ အတိုင်းမသိသောဆင်းရဲကို၊ ခံစားကြရကုန်လတ္တံ့။ ဤသို့ ကြောက်မက်ဘွယ်ဝဋ္ဋကို၊ ကြောက်မက်ဘွယ်ဝဋ္ဋဟု၊ ဟုတ်သော အတိုင်း ပိုင်းခြားရုံမျှသာဖြစ်သကဲ့သို့။ ဥပမာတနည်းသော်ကား။ မျက်စိ အမြင်ရှိသော ယောကျ်ား၊ ရှားနှစ်တံကျဉ်၊ သံတံကျဉ်၊ ရွှေတံကျဉ်၊ အစဉ်အတိုင်း ထားသော၊ တံကျဉ် ၃-ချောင်းကို၊ ကြည့်ရှု ဆင်ခြင် မြင်သည်ရှိသော်၊ မိမိကားမကြောက်။ သက်သက်၊ ဤမျက်စိအမြင် ရှိသော ယောကျ်ားအား၊ အကြင်အကြင် ရဟန်းရှင်လူ ခပ်သိမ်းသော သူတို့သည် ဤတံကျဉ်တို့၌ ကျရောက်ကုန်သည်ဖြစ်အံ့၊ ထိုထိုရဟန်း ရှင်လူ၊ ခပ်သိမ်းသောသူတို့သည်၊ အတိုင်းမသိသောဆင်းရဲကို၊ ခံစား ကြရကုန်လတ္တံ့။ ဤသို့ကြောက်မက်ဘွယ်ဝဋ္ဋကို၊ ကြောက်မက်ဘွယ် ဝဋ္ဋဟု၊ ဟုတ်သောအတိုင်း ပိုင်းခြားရုံမျှသာဖြစ်သကဲ့သို့။ ထို့အတူ၊ ဘေးထင်သောဉာဏ်သည်၊ မိမိကားမကြောက်။ သက်သက်၊ ဤဘေး ထင်သော ဉာဏ်အား၊ မီးကျီးတွင်း ၃-တွင်းနှင့်လည်းတူကြကုန်သော၊ တံကျဉ် ၃-ချောင်းနှင့်လည်းတူကြကုန်သော၊ ၃-ပါးသော ဘဝတို့၌၊ အတိတ်ဖြစ်သော သင်္ခါရတို့သည်၊ ချုပ် ပျက်ကြကုန်ပြီ။ ပစ္စုပ္ပန် ဖြစ်သော သင်္ခါရတို့သည်၊ ချုပ်ပျက်ကြကုန်ဆဲ။ အနာဂတ်ဖြစ်သော

သင်္ခါရတို့သည်၊ ဖြစ်ပျက်ကြကုန်လတ္တံ့။ ဤသို့ကြောက်မက်ဘွယ် ဝဋ္ဋကို၊ ကြောက်မက်ဘွယ်ဝဋ္ဋဟု၊ ဟုတ်သောအတိုင်း ပိုင်းခြား ရှုမျှသာဖြစ်၏။

ယထာ နာမ စက္ခုမာ ပုရိသော နဂရဒွါရေ တိဿော အင်္ဂါရကာသုယော ဩလောကယမာနော သယံ န ဘာယတိ၊ ကေဝလဉ္စဿ ယေ ယေ ဧတ္ထ နိပတိဿန္တိ သဗ္ဗေ အနပ္ပကံ ဒုက္ခမနုဘဝိဿန္တီတိ တီရဏမတ္တမေဝ ဟောတိ။ ယထာ ဝါ ပန စက္ခုမာ ပုရိသော ခဒိရသူလံ၊ အယောသူလံ၊ သုဝဏ္ဏသူလန္တိ ပဋိပါဋိယာ ထပိတံ သူလတ္တယံ ဩလောကယမာနော သယံ န ဘာယတိ၊ ကေဝလဉ္စဿ ယေ ယေ ဣမေသု သူလေသု နိပတိဿန္တိ သဗ္ဗေ အနပ္ပကံ ဒုက္ခမနုဘဝိဿန္တီတိ တီရဏမတ္တမေဝ ဟောတိ။ ဧဝမေဝ ဘယတုပဋ္ဌာနဉာဏံ သယံ န ဘာယတိ။ ကေဝလဉ္စဿ အင်္ဂါရကာသုတ္တယသဒိသေသု သူလတ္တယသဒိသေသု စ တီသု ဘဝေသု အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတာ နိရုဇ္ဈိဿန္တီတိ တီရဏမတ္တမေဝ ဟောတိ။

ယထာနာမ၊ ဥပမာမည်သည်ကား။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ ယောကျာ်းသည်။ နဂရဒွါရေ၊ မြို့တံခါး၌။ တိဿော အင်္ဂါရကာသုယော၊ မီးကျီးတွင်း ၃-တွင်းတို့ကို။ ဩလောကယမာနော၊ ကြည့်ရှုဆင်ခြင်မြင်သည်ရှိသော်။ သယံ၊ မိမိသည်။ န ဘာယတိ၊ မကြောက်။ ကေဝလံ၊ သက်သက်။ အဿဣမဿစက္ခုမတောပုရိသဿ၊ ဤမျက်စိအမြင်ရှိသော ယောကျာ်းအား။ ယေယေသဗ္ဗေ၊ အကြင်အကြင် ရဟန်းရှင်လူခပ်သိမ်းသော သူတို့သည်။ ဧတ္ထ၊ ဤမီးကျီးတွင်းတို့၌။ နိပတိဿန္တိ၊ ကျရောက်ကုန်သည်ဖြစ်အံ့။ တေတေ သဗ္ဗေ၊ ထိုထိုရဟန်းရှင်လူခပ်သိမ်းသောသူတို့သည်။ အနပ္ပကံ၊ အတိုင်းမသိသော။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝိဿန္တိ၊ ခံစားကြရကုန်လတ္တံ့။ ဣတိ၊ ဤသို့။ တီရဏမတ္တမေဝ၊ ပိုင်းခြားရှုမျှသာလျှင်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ယထာ ဝါ ပန၊ ဥပမာတနည်းသော်ကား။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ ယောကျာ်းသည်။ ခဒိရသူလံ၊ ရှားနှစ်တံကျင်။ အယောသူလံ၊ သံတံကျင်။ သုဝဏ္ဏသူလံ၊ ရွှေတံကျင်။ ဣတိ၊

ဤသို့။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ထပိတံ၊ ထားအပ်သော။သုလက္ခယံ၊ တံကျဉ် ၃–ချောင်းကို။ ဩလောကယမာနော၊ ကြည့်ရှုဆင်ခြင် မြင်သည်ရှိသော်။ သယံ၊ မိမိသည်။ နဘာယတိ၊ မကြောက်။ ကေဝလံ၊ သက်သက်။ အသဏ္ဍမသဏ္ဍစက္ခုမတော ပုရိသဿ၊ ဤမျက်စိအမြင်ရှိသောယောကျ်ားအား။ ယေယေသတ္တ၊အကြင်အကြင်ရဟန်းရှင်လူ ခပ်သိမ်းသောသူတို့သည်။ဣမေသုသူလေသု၊ဤတံကျဉ်တို့၌၊နိပတိဿန္တိ၊ ကျရောက်ကုန်သည်ဖြစ်အံ့။ တေတေသတ္တ၊ ထိုထိုရဟန်းရှင်လူခပ်သိမ်းသောသူတို့သည်။ အနပ္ပကံ၊ အတိုင်းမသိသော။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝိဿန္တိ၊ ခံစားကြရကုန်လတံ့။ ဣတိ၊ ဤသို့။ တိရစ္ဆာမဂ္ဂမေဝ၊ ပိုင်းခြားရုံမျှသာလျှင်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဘယတုပဋ္ဌာနညာဏံ၊ ဘေးထင်သောဉာဏ်သည်။ သယံ၊ မိမိသည်။ နဘာယတိ၊ မကြောက်၊ ကေဝလံ၊ သက်သက်။ အသဏ္ဍမသဏ္ဍဘယတုပဋ္ဌာနညာဏဿ၊ ဤဘေးထင်သောဉာဏ်အား။ အင်္ဂါရကာသုဋ္ဌယသဒိသေသု၊ မီးကျီးတွင်း ၃-တွင်းနှင့်လည်းတူကြကုန်သော။ သူလက္ခယသဒိသေသုစ၊ တံကျဉ် ၃-ချောင်းနှင့်လည်းတူကြကုန်သော။ တီသုဘဝေသု၊ သုံးပါးသောဘဝတို့၌။ အတီတာ၊ အတိတ်ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဒ္ဓါ၊ ချုပ်ပျက်ကြကုန်ပြီ။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ပျက်ကြကုန်ဆဲ။ အနာဂတာ၊ အနာဂတ်ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဇ္ဈိဿန္တိ၊ ချုပ်ပျက်ကြကုန်လတံ့။ ဣတိ၊ ဤသို့။ တိရစ္ဆာမဂ္ဂမေဝ၊ ပိုင်းခြားရုံမျှသာလျှင်။ ဟောတိ၊ ဖြစ်၏။

> ယသ္မာ ပနဿ ကေဝလံ သဗ္ဗဘဝ-ယောနိ-ဂတိ-ဌိတိ-
> နိဝါသဂတာ သင်္ခါရာ ဗျသနာပန္နာ သပ္ပဋိဘယာ ဟုတွာ
> ဘယတော ဥပဒ္ဒဟန္တိ၊ တသ္မာ ဘယတုပဋ္ဌာနန္တိ ဝုစ္စတိ။

ပန၊ စင်စစ်သော်ကား။ သဗ္ဗဘဝ-ယောနိ-ဂတိ-ဌိတိ-နိဝါသဂတာ၊ အလုံးစုံသောဘဝ။ အလုံးစုံသော ယောနိ၊အလုံးစုံသောဂတိ၊ အလုံးစုံသော ဌိတိ၊ အလုံးစုံသောနိဝါသ၌တည်ကြကုန်သော။သင်္ခါရာ၊ သင်္ခါရတို့သည်။ သပ္ပဋိဘယာ၊ ကြောက်မက်ဘွယ်သောဘေးနှင့်တကွ။ဗျသ

နာပန္နာ၊ ပျက်စီးချင်းသို့ရောက်ကြကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ယသ္မာ၊ အကြင့်ကြောင့်။ ကေဝလံ၊ သက်သက်။ ဘယတော၊ ဘေးဟု။ အသဃ္ဍမသညာဏာသ၊ ဤညာဏ်အား။ ဥပဒ္ဒဟာန္တိ၊ ထင်ကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တံဉာဏံ၊ ထိုဉာဏ်ကို။ ဘယတုပဋ္ဌာနန္တိ၊ ဘေးထင်သောဉာဏ်ဟု။ ဝုစ္စတိ၊ ဆိုအပ်၏။

ဇေဝံဘယတုပဋ္ဌာနေ ပနသာ အယံ ပါဠိ။ အနိစ္စတော မနသိကရောတော ကိံ ဘယတော ဥပဋ္ဌာတိ။ ဒုက္ခတော မနသိကရောတော ကိံ ဘယတော ဥပဋ္ဌာတိ။ အနတ္တတော မနသိကရောတော ကိံ ဘယတော ဥပဋ္ဌာတိ။ အနိစ္စတော မနသိကရောတော နိမိတ္တံ ဘယတော ဥပဋ္ဌာတိ။ ဒုက္ခတော မနသိကရောတော ပဝတ္တံ ဘယတော ဥပဋ္ဌာတိ။ အနတ္တတော မနသိကရောတော နိမိတ္တဉ္စ ပဝတ္တဉ္စ ဘယတော ဥပဋ္ဌာတီတိ။

အယံ၊ ဤဆိုလတံ့သည်ကား။ အသဃ္ဍမသဥပဋ္ဌာနဉာဏာသ၊ ဤဘေးထင်သောဉာဏ်၏။ ဇေဝံ၊ ဤသို့။ ဘယတုပဋ္ဌာနေပန၊ ဘေးထင်ရာ၌ကား။ အာဂတာ၊ လာသော။ ပါဠိ၊ ပါဠိတည်း။ ကတမာပါဠိ၊ အဘယ်ပါဠိနည်း။ အနိစ္စတော၊ အနိစ္စဟု။ မနသိကရောတော၊ နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်အား။ ကိံ၊ အဘယ်သည်ကား။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌာတိ၊ ထင်သနည်း။ ဒုက္ခတော၊ ဒုက္ခဟု။ မနသိကရောတော၊ နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်အား။ ကိံ၊ အဘယ်သည်ကား။ ဘယတော ဘေးဟု။ ဥပဋ္ဌာတိ၊ ထင်သနည်း။ အနတ္တတော၊ အနတ္တဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ ကိံ၊ အဘယ်သည်ကား။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌာတိ၊ ထင်သနည်း။ အနိစ္စတော၊ အနိစ္စဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ နိမိတ္တံ၊ နိမိတ်သည်ကား။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌာတိ၊ ထင်၏။ ဒုက္ခတော၊ ဒုက္ခဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား ပဝတ္တံ၊ ပဝတ္တသည်ကား။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌာတိ၊ ထင်၏၊ အနတ္တတော၊ အနတ္တဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ နိမိတ္တဉ္စ၊ နိမိတ်သည်၎င်း။ ပဝတ္တဉ္စ၊ ပဝတ္တသည်၎င်း။

ဘယာတော၊ ဘေးဟု။ဥပဋ္ဌာတိ၊ထင်၏။ ဠတိအယံ၊ ဤသည်ကား။ ပါဠိ၊ ပါဠိတည်း။

ထိုပါဠိ၌၊ **နိမိတ်ဟူသည်ကား**။ ကိုယ်မှုအပြုအပြင်အစီအရင်၊ နှုတ်မှု အပြုအပြင်အစီအရင်၊ စိတ်မှု အပြုအပြင် အစီအရင်၊ ငါဟုထင်သော၊ သင်္ခါရနိမိတ်ပင်တည်း။ ဤနိမိတ်ဟူသော အမည်သည်လည်း၊အတိတ်သင်္ခါရ၊ အနာဂတ်သင်္ခါရ၊ ပစ္စုပ္ပန်သင်္ခါရတို့၏ အမည်ပင်တည်း။ အနိစ္စဟု၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်သည်ကား၊ သင်္ခါရတို့၏ သေချင်းကိုသာလျှင်၊ တွေ့မြင်ရ၏။ ထို့ကြောင့်၊ ဤယောဂီပုဂ္ဂိုလ်အား နိမိတ်သည်ကား၊ ဘေးဟုထင်၏။

> တတ္ထ နိမိတ္တန္တိ သင်္ခါရနိမိတ္တံ။ အတီတာနာဂတ ပစ္စုပ္ပန္နာနံ သင်္ခါရာနမေဝေတံ အဓိဝစနံ။အနိစ္စတော မနသိကရောန္တဿ ဟိ သင်္ခါရာနံ မရဏမေဝ ပဿတိ။ တေနဿ နိမိတ္တံ ဘယ တော ဥပဋ္ဌာတိ။

တတ္ထတိအယံပါဠိယံ၊ ထိုပါဠိ၌။ နိမိတ္တန္တိ၊ နိမိတ္တံဟူသည်ကား။သင်္ခါရနိမိတ္တံ၊ သင်္ခါရနိမိတ်တည်း။ ဧတံနိမိတ္တန္တိနာမံ၊ ဤနိမိတ်ဟူသော အမည်သည်လည်း။ အတီတာနာဂတ ပစ္စုပ္ပန္နာနံ၊ အတိတ်အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော။ သင်္ခါရာနမေဝ၊ သင်္ခါရတို့၏သာလျှင်။ အဓိဝစနံ၊ အမည်တည်း။ အနိစ္စတော၊ အနိစ္စဟု။ မနသိကရောန္တဿဟိ၊နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်သည်ကား။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ မရဏမေဝ၊ သေချင်းကိုသာလျှင်။ ပဿတိ၊ တွေ့မြင်ရ၏။ တေန၊ထို့ကြောင့်။ အဿဏ္ဍမဿယောဂိနော၊ ဤယောဂီပုဂ္ဂိုလ်အား။ နိမိတ္တံ၊ နိမိတ်သည်ကား။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌာတိ၊ထင်၏။

**ပဝတ္တဟူသည်ကား**။ ဘဝအလျဉ်ဘဝင်အစဉ်၊ ငါဟုထင်သော၊ ရူပဘဝပဝတ္တိ၊ အရူပဘဝပဝတ္တိတည်း။ ဒုက္ခဟု နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်သည်ကား၊ချမ်းသာဟု ခေါ် ဆိုပညတ်သမုတ်အပ်သော် လည်း၊ ရူပဘဝပဝတ္တိ၊ အရူပဘဝပဝတ္တိ၊ ငါဟုထင်သောဘဝအလျဉ် ဘဝင်အစဉ်၏၊ ဥပါဒ်ဌီဘင်အစဉ်မပြတ်၊ နှိပ်စက်အပ်သည်၏အဖြစ်ကို သာလျှင်တွေ့မြင်ရ၏။ ထို့ကြောင့်၊ ဤယောဂီပုဂ္ဂိုလ်အား၊ ပဝတ္တသည် ကား၊ ဘေးဟုထင်၏။

ပဝတ္တန္တိ ရူပါရူပဘာဝပဝတ္တိ။ ဒုက္ခတော မနသိကရောန္တောပဟိ သုခသမ္မတာယပိ ရူပါရူပဘာဝပဝတ္တိယာ အဘိဏှပဋိပီဠနဘာဝမေဝ ပဿတိ။ တေနဿ ပဝတ္တံ ဘယတော ဥပဋ္ဌာတိ။

ပဝတ္တန္တိ၊ ပဝတ္တံဟူသည်ကား။ ရူပါရူပဘာဝပဝတ္တိ၊ရူပဘာဝပဝတ္တိ-အရူပဘာဝပဝတ္တိတည်း။ ဒုက္ခတော၊ ဒုက္ခဟု။ မနသိကရောန္တောပဟိ၊ နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်သည်ကား။ သုခသမ္မတာယပိ၊ ချမ်းသာဟု ခေါ်ဆိုပညတ် သမုတ်အပ်သော်သည်း။ ရူပါရူပဘာဝပဝတ္တိယာ၊ ရူပဘာဝပဝတ္တိ-အရူပဘာဝပဝတ္တိ၏။အဘိဏှပဋိပီဠနဘာဝမေဝ၊ ငါဟုထင်သော၊ဘဝအလျဉ် ဘဝင်အစဉ်၊ ဥပါဒ်-ဌီ-ဘင်၊အစဉ်မပြတ်၊ နှိပ်စက်အပ်သည်၏အဖြစ်ကိုသာလျှင်။ ပဿတိ၊ တွေ့မြင်ရ၏။ တေန၊ ထို့ကြောင့်။အဿဏ္ဍမဿယောဂိနော၊ ဤယောဂီပုဂ္ဂိုလ်အား။ ပဝတ္တံ၊ ပဝတ္တသည်ကား။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌာတိ၊ ထင်၏။

အနုတ္တတော မနသိကရောန္တော ပန ဥဘယံပေတံ သုညဂါမံ ဝိယ၊မရိစိ-ဂန္ဓဗ္ဗနဂရာဒိနိ ဝိယ စ၊ ရိတ္တံ-တုစ္ဆံ-သုညံ-အသာမိကံ-အပရိဏာယကံ ပဿတိ။ တေနဿ နိမိတ္တဉ္စ ပဝတ္တဉ္စ ဥဘယံ ဘယတော ဥပဋ္ဌာတိတိ။ ။ဘယတုပဋ္ဌာနဉာဏံ နိဋ္ဌိတံ။

အနုတ္တတော၊ အနုတ္တဟု။ မနသိကရောန္တောပန၊ နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်သည်ကား။ ဧတံပိ ဥဘယံ၊ ထိုနိမိတ္တ-ပဝတ္တ-နှစ်ပါးစုံကိုလည်း။ သုညဂါမံဝိယ၊ လူနေမရှိသော ရွာဆိုး ရွာပျက်ကဲ့သို့။ မရိစိ-ဂန္ဓဗ္ဗနဂရာဒိနိဝိယစ၊ တံလျှပ်-နတ်မြို့စသည်တို့ကဲ့သို့။ ရိတ္တံ၊ ကင်းသည်ကိုသာလျှင်။ပဿတိ၊ တွေ့မြင်ရ၏။တုစ္ဆံ၊ အချည်းနှီးကိုသာလျှင်။ပဿတိ၊ တွေ့မြင်ရ၏၊ သုညံ၊ ဆိတ်သည်ကိုသာလျှင်။ ပဿတိ၊ တွေ့မြင်ရ၏။ အသာမိကံ၊ အရှင်မရှိသည်ကိုသာလျှင်။ ပဿတိ၊ တွေ့မြင်ရ၏။ အပရိဏာယကံ၊ ကြီးမှူးသူတစုံတယောက်၊ အစောင့်အရှောက် မရှိသည်ကိုသာလျှင်။ ပဿတိ၊တွေ့မြင်ရ၏။ တေန၊ ထို့ကြောင့်။ အဿဏ္ဍမဿယောဂိနော၊ ဤယောဂီပုဂ္ဂိုလ်အား။ နိမိတ္တဉ္စ၊ နိမိတ်သည်ရင်း။ပဝတ္တဉ္စ၊

ပဝတ္တာသည်ရင်း။ ဥဘယံ၊ နှစ်ပါးစုံ။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌာတိ၊ ထင်၏။

ဇရတိ ဆွေးဒိ၊ ဤသည်ကား။ ဘယတုပဋ္ဌာနဉာဏ်၊ ဘေးထင်သောဉာဏ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## “အာဒီနဝဉာဏ်”

အတိတ်ဖြစ်သောသင်္ခါရတို့၏၊ ပျက်သော သဘောက ဘယ၊ ဘေးထင်သောဝတ္ထု၊ ပျက်သောသဘော-ဘေးဟုရှုတာက၊ ဘေးထင်သောဉာဏ်။ ပစ္စုပ္ပန်ဖြစ်သော သင်္ခါရတို့၏၊ ပျက်သော သဘောက ဘယ၊ ဘေးထင်သောဝတ္ထု၊ ပျက်သောသဘော-ဘေးဟုရှုတာက၊ ဘေးထင်သောဉာဏ်။ အနာဂတ်ဖြစ်သောသင်္ခါရတို့၏၊ ပျက်သောသဘောက ဘယ၊ ဘေးထင်သောဝတ္ထု၊ ပျက်သော သဘော-ဘေးဟု ရှုတာက၊ ဘေးထင်သောဉာဏ်။

(ဥပစာအားဖြင့်ဆိုလတံ့သောစကားကို၊ တတ်-ဆိုဘို့စကား၊ အပ်-ဆိုဘို့စကား၊ ရာ-ဆိုဘို့စကား၊ ကျမှားသည်မထင်လင့်)

ရှေးရှေးကိုယ်မှု-နှုတ်မှု-စိတ်မှု၊ အပြုအပြင်အစီအရင်၊ ငါထင်တာက နိမိတ္တ၊ ဘေးထင်သောဝတ္ထု၊ ငါထင်သောနိမိတ္တသဘော၊ ဘေးဟုရှုတာကဘေးထင်သောဉာဏ်။ ယခုယခု ကိုယ်မှု-နှုတ်မှု-စိတ်မှု၊ အပြုအပြင်အစီအရင်၊ ငါထင်တာကနိမိတ္တ၊ ဘေးထင်သောဝတ္ထု၊ ငါထင်သော နိမိတ္တသဘော၊ ဘေးဟုရှုတာက ဘေးထင်သောဉာဏ်။ နောင်နောင် ကိုယ်မှု-နှုတ်မှု-စိတ်မှု၊ အပြုအပြင်အစီအရင်၊ ငါထင်တာကနိမိတ္တ၊ ဘေးထင်သောဝတ္ထု၊ ငါထင်သောနိမိတ္တသဘော၊ ဘေးဟုရှုတာက ဘေးထင်သောဉာဏ်။ ရှေးရှေးဘဝအလျဉ် ဘဝင်အစဉ်၊ ငါ၏ချမ်းသာ မှတ်ထင်တာက ပဝတ္တ၊ ဘေးထင်သောဝတ္ထု၊ ငါ၏ချမ်းသာမှတ်ထင်သောပဝတ္တသဘော၊ ဘေးဟုရှုတာကဘေးထင်သောဉာဏ်။ ယခုယခု ဘဝအလျင်ဘဝင်အစဉ်၊ ငါ၏ချမ်းသာမှတ်ထင်တာကပဝတ္တ၊ ဘေးထင်သောဝတ္ထု၊ ငါ၏ချမ်းသာမှတ်ထင်သော ပဝတ္တသဘော၊ ဘေးဟုရှုတာကဘေးထင်သောဉာဏ်။ နောင်နောင်ဘဝအလျင်ဘဝင်အစဉ်၊ ငါ၏ချမ်းသာ မှတ်ထင်တာကပဝတ္တ၊ ဘေးထင်သောဝတ္ထု၊ ငါ၏ချမ်းသာမှတ်ထင်သော ပဝတ္တသဘော၊ ဘေးဟုရှုတာက ဘေးထင်သော

ဉာဏ်။ ဤသို့ ၃-ပါး ၃-ပါးသော ၀ဋ်ကွန့်ကုန်အောင်၊ ၃-ပါး ၃-ပါးသော ရှုမြင်ပုံကို၊ ဘင်္ဂဉာဏ်အလိုအားဖြင့်၊ အကြားအကြားကာလ၊ ဘ၀ အလျင်ဘ၀င်အစဉ်၊ ပ၀တ္တပင်ခြားသော်လည်း၊ ဘေးအလားတူ၊ မှု တခုခု၊ ကိုယ်မှု-နှုတ်မှု-စိတ်မှုအပြုအပြင် အစီအရင်၊ သင်္ခါရနိမိတ် တခုတခုထင်သောကာလ၊ ပျက်သောခဏကို၊ ပျက်သဟုရှုပြီးမှ၊ ရှေး ကာလခဏကလည်း၊ ပျက်ပြီးသောသဘောဘေး၊ ယခုကာလခဏက လည်း၊ ပျက်ဆဲသောသဘောဘေး၊ နောက်ကာလခဏကလည်း၊ ပျက် လတံ့သော သဘောဘေးဟု၊ ရှုသောဉာဏ်သည်၊ ဘေးထင်သော ဉာဏ်မည်၏။ ထိုဘေးထင်သောဉာဏ်ကို၊ အဖန်တလဲလဲမှီ၀ံ၊ အဖန် တလဲလဲပွါးများ၊ အဖန်တလဲလဲကြိမ်ဖန်များစွာ အလေ့အလာပြုသော၊ ထိုယောဂီပုဂ္ဂိုလ်အား၊ အလုံးစုံသောဘ၀၊ အလုံးစုံသောယောနိ၊ အ လုံးစုံသောဂတိ၊ အလုံးစုံသောဌီတိ၊ အလုံးစုံသော သတ္တာ၀ါသတို့၌၊ အပြစ်ရှိချင်းတူမျှသည့်၏ အဖြစ်ကြောင့်၊ အပြစ်မှစောင့်ရှောက်သော ဌာန၊ တခုမျှမထင်။ အပြစ်ကိုပယ်ဖျောက်၍၊ စောင့်ရှောက်ချင်း၄ါ၊ ပုံးအောင်းရာဌာန၊ တခုမျှမထင်၊ အပြစ်ကိုပယ်ဖျောက်၍၊ စောင့် ရှောက်ချင်း၄ါ၊ လာရောက်ရာဌာန၊ တခုမျှမထင်၊ အပြစ်ကိုပယ် ဖျောက်၍၊ စောင့်ရှောက်ချင်း၄ါ၊ အပြစ်၏ကျွတ်လွတ်ရာဌာန၊ တခုမျှ မထင်။ အလုံးစုံသောဘ၀၊ အလုံးစုံသောယောနိ၊ အလုံးစုံသောဂတိ၊ အလုံးစုံသောဌီတိ၊ အလုံးစုံသောနိ၀ါသတို့၌ တည်ကြကုန်သော၊ သင်္ခါရတို့တွင်၊ တခုသောသင်္ခါရကိုမျှ၊ ငါ့ဥစ္စာဟု၊ တဏှာဂါဟ၊ တောင့်တမဖြစ်။ တခုသောသင်္ခါရကိုမျှ၊ ငါဖြစ်၏ဟု၊ မာနဂါဟ၊ မှတ် ထင်မဖြစ်။ တခုသောသင်္ခါရကိုမျှ၊ ငါ့အလိုဟု၊ ဒိဋ္ဌိဂါဟ၊သုံးသပ်မဖြစ်။ အပြစ်ဟုရှုလျှင်၊ဉာဏ်အတွင်း၀င်သော၊နေတံမမ၊ပဟာယကကြောင့်၊ အနုပ္ပါဒစင်စစ်၊ ငါ့ဥစ္စာဟု၊ တဏှာဂါဟ၊ တောင့်တမဖြစ်။ အပြစ်ဟု ရှုလျှင်၊ဉာဏ်အတွင်း၀င်သော၊ နေသောဟာမသ္မိ၊ ပဟာယကကြောင့်၊ အနုပ္ပါဒစင်စစ် ငါဖြစ်၏ဟု၊ မာနဂါဟ၊ မှတ်ထင်မဖြစ်။ အပြစ်ဟုရှုလျှင်၊ ဉာဏ်အတွင်း၀င်သော၊ နမေသောအတ္တာ၊ ပဟာယကကြောင့်၊ အနုပ္ပါဒ စင်စစ်၊ ငါ့အလိုဟု၊ ဒိဋ္ဌိဂါဟ၊ သုံးသပ်မဖြစ်။

တဿ တံ ဘယတုပဋ္ဌာနဉာဏံ အာသေ၀န္တဿ, ဘာ ၀န္တဿ,ဗဟုလီကရောန္တဿ, သဗ္ဗဘ၀-ယောနိ-ဂတိ-ဋ္ဌိတိ-

သဏ္ဍာပါသေသု နေဂတာဏံ, နလေဏံ, နဂတိ, နပဋိသရဏံ ပညာယတိ၊သဗ္ဗဘဝ-ယောနိ-ဂတိ-ဌိတိ-နိဝါသဂတေသု သန္ဓိ ရေသု ကောသန္ဓိရေပိပဏ္ဍနာ ဝါပရာမာသော ပါ န ဟောတိ။

တံဘယတုပဋ္ဌာနဉာဏံ၊ ထိုဘေးထင်သောဉာဏ်ကို။ အာသေ ဝိန္တသ္သ၊ အဖန်တလဲလဲမှီဝဲသော။ ဘာဝိန္တသ္သ၊ အဖန်တလဲလဲပွါး များသော။ ဗဟုလီကရောန္တသ္သ၊ အဖန်တလဲလဲကြိမ်ဖန်များစွာအလေ့ အလာပြုသော။ တဿယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ်အား။ သဗ္ဗဘဝ- ယောနိ-ဂတိ-ဌိတိ-သဏ္ဍာဝါသေသု၊ အလုံးစုံသောဘဝ၊ အလုံးစုံသော ယောနိ၊ အလုံးစုံသောဂတိ၊ အလုံးစုံသောဌိတိ၊ အလုံးစုံသောသဏ္ဍာဝါ သတို့၌။ တာဏံ၊ စောင့်ရှောက်ရာဌာနသည်။ နေဝပညာယတိ၊ မထင်။ လေဏံ၊ ပုံးအောင်းရာဌာနသည်။ နပညာယတိ၊ မထင်။ ဂတိ၊ လာရောက်ရာဌာနသည်။ နပညာယတိ၊ မထင်။ ပဋိသရဏံ၊ ကျွတ် လွတ်ရာဌာနသည်။ နပညာယတိ၊ မထင်။ သဗ္ဗဘဝ-ယောနိ-ဂတိ- ဌိတိ-နိဝါသဂတေသု၊ အလုံးစုံသောဘဝ၊ အလုံးစုံသောယောနိ၊ အလုံး စုံသောဂတိ၊ အလုံးစုံသောဌိတိ၊ အလုံးစုံသောနိဝါသတို့၌တည်ကြကုန် သော။ သန္ဓိရေသု၊ သန္ဓိရတို့တွင်။ ကောသန္ဓိရေပိ၊ တခုသော သန္ဓိ ရမျှကိုလည်း။ ပဏ္ဍနာဝါ၊ တောင့်တချင်းသည်လည်း။ နဟောတိ၊ မဖြစ်။ ပရာမာသောဝါ၊သုံးသပ်ချင်းသည်လည်း။နဟောတိ၊မဖြစ်။

**မင်းတို့မည်သည်ကား။** မြွေတို့ကို၊ကိုင်စေ-ယူစေ-ဘမ်းယူစေ၍၊ ကိုင်သော,ယူသော,ဘမ်းယူသော ခိုးသူကို မြွေကိုက်၍ သေစေကုန် အံ့။ စစ်သည်ရဲမက်၊ ချီတက်မိတ်ဆို့၊ မြို့ပျက်သောကာလ၊ တဘက် စစ်သည်သို့၊ ပစ်ချကုန်အံ့။ တဘက်စစ်သည်ကို၊ လွှမ်းမိုးနှိပ်စက်၊ တိုက် ဖျက်ခြင်းငှါ မစွမ်းနိုင်ခဲ့သော်၊ ကောင်းသောဘောဇဉ်ကိုစား၍၊ မြတ် သောအိပ်ရာထက်သို့တက်၍၊မိမိကိုယ်ကိုမြွေကိုက်စေ၍၊တဘက်ရန်သူ မင်းတို့၏၊ အလိုနိုင်ငံသို့၊မလိုက်ရကုန်မှီ၊ တင်ကြို၍၊ မိမိအလိုအားဖြင့် သေလင့်ကုန်အံ့။ဤသို့ရည်ရွယ်မိုင်းခြား၊စိတ်၌ထား၍၊ မြွေတို့ကို၊ နေရာ ပေးသူ၊ အိပ်ရာပေးသူ၊ကျွေးမွေးသူနှင့်၊ မွေးမြူကြကုန်၏။ အသက်ရှည် ချင်းကိုအလိုရှိ၏။ သေချင်းကိုအလိုမရှိ။ ချမ်းသာချင်းကိုအလိုရှိ၏။ ဆင်းရဲချင်းကိုအလိုမရှိ။ ဤသို့သဘောရှိသော၊ အကြင်ခိုးသူဖြစ်သော

ယောကျ်ားကို အဆောတလျင်သေစေချင်း၌ အလိုမရှိကုန်။ ရှည်မြင့်စွာသောနေ့ညဉ့်ပတ်သုံး၊ ဆင်းရဲငြိုငြင်ပင်ပန်းချင်းသို့ရောက်၍သေလတံ့။ ဤသို့သာလျှင်အလိုရှိကြကုန်သော၊ မင်းတို့သည်ကား။ အသက်ရှည်ချင်းကိုအလိုရှိ၏၊ သေချင်းကိုအလိုမရှိ။ ချမ်းသာချင်းကိုအလိုရှိ၏၊ ဆင်းရဲချင်းကိုအလိုမရှိ။ ဤသို့သဘောရှိသော ထိုခိုးသူဖြစ်သော ယောကျ်ားကို၊ ဤသို့ပြောဆိုကြကုန်၏။ အဘယ်သို့ပြောဆိုကြကုန်သနည်း။ ဟော့–ကွဲ ယောကျ်ား၊ သင်ယောကျ်ားသည်၊ ဤ၄-ကောင်သောမြွေတို့ကို၊ ထချိန်ကျ၊ ထစေအပ်ကုန်၏၊ ရေချိုးချိန်ကျ၊ ရေချိုးအပ်ကုန်၏။ ကျွေးမွေးချိန်ကျ၊ ကျွေးမွေးအပ်ကုန်၏။ အိပ်ချိန်ကျ၊ အိပ်စေအပ်ကုန်၏။ ဟော့-ကွဲယောကျ်ား၊ သင်ယောကျ်ား၏ပြုမူပုံကို၊ အလိုမကျချင်းကြောင့်၊ ဤ ၄-ကောင်သောမြွေတို့တွင်၊ တကောင်ကောင်သည်၊ အကြင်အခါကာလ၊ ဒေါသစိတ်ထွက်၊ ပျက်သည်ဖြစ်လတံ့။ ထိုသို့ဒေါသစိတ်ထွက်၊ ပျက်ချင်းကြောင့်၊ ဟော့-ကွဲ ယောကျ်ား၊ သင်ယောကျ်ားသည်၊ သေချင်းသို့သော်လည်းရောက်သည်ဖြစ်လတံ့။ သေလောက်ရုံမျှ၊ ဆင်းရဲငြိုငြင်၊ ပင်ပန်းချင်းသို့သော်လည်းရောက်သည်ဖြစ်လတံ့။ ဤသို့ပြောဆိုကြကုန်၏။ ပြောဆိုကြကုန်ပြီး၍၊ ထိုယောကျ်ားအား၊ ဤ ၄-ကောင်သောမြွေတို့ကို၊ လုပ်ကျွေးမွေးမှုရန်၊ ဝန်ခံစေ၍၊ ၄-ဌာနထားကုန်သော၊ ၄-ကောင်သောမြွေတို့အား၊ ဤယောကျ်ားကား၊ သင်တို့၏အလုပ်အကျွေးတည်းဟု၊ ပြောကြားကြကုန်၏။ ပြောကြားကြသောကာလ၊ ပဌမမြွေတကောင်သည်ကား၊ ထွက်၍လာလတ်၍၊ ထိုယောကျ်ား၏လကျ်ာဘက်ခြေသို့အစဉ်သျှောက်သဖြင့်၊ ရှေးရှုတက်၍၊ လကျ်ာဘက်လက်ကို၊ လက်ကောက်ဝတ်က၊ ပခုံးစွန်းကျအောင်ရစ်ပတ်၍၊ လကျ်ာဘက်နားရင်း၌၊ ပါးပျဉ်းကိုပြု၍၊ သူ-သူ့ ဟုပြုလျက်အိပ်၏။ ဒုတိယမြွေတကောင်သည်ကား၊ ထွက်၍လာလတ်၍၊ ထိုယောကျ်ား၏၊ လက်ဝဲဘက်ခြေသို့၊ အစဉ်သျှောက်သဖြင့်၊ ရှေးရှုတက်၍၊ လက်ဝဲဘက်လက်ကို၊ လက်ကောက်ဝတ်က၊ ပခုံးစွန်းကျအောင်ရစ်ပတ်၍၊ လက်ဝဲဘက်နားရင်း၌၊ ပါးပျဉ်းကိုပြု၍၊ သူ့-သူ့ ဟုပြုလျက်အိပ်၏။ တတိယမြွေတကောင်သည်ကား၊ ထွက်၍လာလတ်၍၊ ထိုယောကျ်ား၏ရှေ့အဘို့ဖြင့်ရှေးရှုတက်၍၊ ဝမ်းကိုရစ်ပတ်၍ ရေမျိုလည်ဘင်းအရင်း၌၊ ပါးပျဉ်းကိုပြု၍၊ သူ-သူ့ ဟုပြုလျက်အိပ်၏။ စတုတ္ထမြွေတကောင်သည်ကား၊ ထွက်၍လာလတ်၍၊ ထိုယောကျ်ား၏နောက်

အဘို့ဖြင့်ဖွေးရှုတက်၍၊ လည်ကိုရစ်ပတ်၍၊ဦးခေါင်းထက်၌၊ပါးပျဉ်းကို
ပြု၍၊သူ့-သူ့ဟုပြုလျက်အိပ်၏။ဤသို့၄-ကောင်သောမြွေတို့သည်၊ကိုယ်
၌ တည်သည်ဖြစ်ကြကုန်သည်ရှိသော်၊ထို ယောက်ျား၏ အကျိုးကို လို
လားသော၊ တယောက်သော ယောက်ျားသည်ကား၊ ထိုယောက်ျားကို
တွေ့မြင်၍၊ဟော့ ကွဲ့ယောက်ျား၊သင်သည်ကားအဘယ်ကိုရထားသနည်း
ဟုမေး၏၊ မေးသောကာလ၊ဟော့-ကွဲ့ယောက်ျား၊ လက်၌လက်ကောက်
ကဲ့သို့၊ လက်ရုံး၌လက်ရုံးတောင်ကဲ့သို့၊ ဝမ်း၌စလွယ်ကဲ့သို့၊ နား၌နား
သွယ်ပန်းကဲ့သို့၊ လည်၌ ပုလဲသွယ်ကဲ့သို့၊ ဦးခေါင်း၌ မကိုဋ်ကဲ့သို့၊
အလင်္ကာထူးအချို့သာဖြစ်ကုန်သော၊ ဤ ၄-ကောင်သောမြွေတို့ကို၊
မင်းကငါ့အားပေးအပ်ကုန်ပြီဟု၊ ပြောကြားသောကာလ၊ အကျိုးကိုလို
လားသောထိုယောက်ျားက ပြောကြားလေ၏။ အဘယ်ကဲ့သို့ပြောကြား
လေသနည်း။ ဟော့ကွဲ့–ဟဲ့ငမိုက်ကန်း၊ မင်းကနှစ်သက်ချင်းကြောင့်၊
ဤသို့သဘောရှိသော၊ အလင်္ကာအဆင်တန်ဆာကို၊ ငါ့အားပေး၏ဟု၊
သင်မထင်မှတ်လင့်။ သင်သည်ကား၊ မင်း၏နှောင်,ကျယ်,ချုပ်ထား၊
ခိုးသူယောက်ျား။ သင်ခိုးသူယောက်ျားသည်၊ ဤ၄–ကောင်သောမြွေ
တို့ကို၊ လုပ်ကျွေးမွေးမြူချင်း၌လည်း ခဲယဉ်းကုန်၏။ မွေ့,မိုက်,ထုပ်တင်၊
သုမ်သင်ချင်း၌လည်း ခဲယဉ်းကုန်၏။ တကောင်က ထလိုသည်ရှိသော်၊
တကောင်က ရေချိုးလို၏။ တကောင်က ရေချိုးလိုသည် ရှိသော်၊
တကောင်ကစားလိုခဲ့၏။ တကောင်ကစားလိုခဲ့သော်၊ တကောင်ကအိပ်
လိုခဲ့၏။ဤ ၄-ကောင်သောမြွေတို့တွင်၊ တကောင်ကောင်သည်၊ အလိုမ
ပြည့်သည်ဖြစ်အံ့၊ ထိုအလိုမပြည့်သောမြွေတကောင်က၊ ထိုခဏ၌သာ
လျှင်၊သင်ငမိုက်ကန်းကို ကိုက်သတ်သည်ဖြစ်လတံ့။ ဤသို့ ဟုတ်တိုင်း
မှန်စွာပြောကြားရာမှ၊ ခိုးသူယောက်ျားက၊ ဟော့-ကွဲ့ယောက်ျား၊ ဤသို့
ဖြစ်သည်ရှိသော်၊ ချမ်းသာချင်း၏ အကြောင်းရှိသည်ပင်မဟုတ်လော
ဟုမေး၏။ မေးသောကာလ၊ ဟုတ်၏။ ချမ်းသာချင်း၏ အကြောင်း
ရှိသည်ဧကန်၊ အမှန်ပင်ဖြစ်၏။ မင်းချင်း ယောက်ျားတို့၏၊ ပျံ့လွင့်
သည်၏အဖြစ်ကိုသိ၍၊ ထွက်ပြေးမှုကား၊ ချမ်းသာချင်း၏ အကြောင်း
တည်းဟု၊ ပြောဆိုပြီး၍၊ သင်သည်ကား၊ ထွက်ပြေးမှုကို၊ ပြုသင့်ပြု
ထိုက်၊ ပြုအပ်သောသူတည်း။ ထိုထွက်ပြေးမှုကို၊ ယခုသင်ပြုလောဟု
ဆို၏။ ထိုစကားကိုကြား၍၊ခိုးသူယောက်ျားသည်လည်း၊ လက်ဝဲဘက်

လက်ဖြင့်၊ လက်ျာဘက် လက်ကိုရစ်ပတ်၍၊ လက်ျာဘက် နားရင်း၌၊ ပါးပျဉ်းကိုပြု၍အိပ်သောမြွေ၏ကိုယ်ကို၊စမ်းသပ်သကဲ့သို့၊ တဖြေးဖြေး၊ ထိုမြွေကိုပယ်ချ၍၊ ထို့အတူ၊ ကြွင်းသောမြွေတို့ကိုလည်းပယ်ချ၍၊ ထို မြွေတို့၏ ဘေးကြောင့်၊ ထွက်ပြေး၏။ ထွက်ပြေးသော ကာလ၊ ထို ၄-ကောင်သောမြွေတို့သည်လည်း၊ ဤယောက်ျားကို၊ငါတို့အား၊မင်းက အလုပ်အကျွေးပေးအပ်ထားသည်တကားဟု၊ ထိုယောက်ျားကို၊ အစဉ် တစိုက် အမှီလိုက်ကြကုန်၏။ ထိုယောက်ျားသည်လည်း၊ လာခဲ့သော လမ်းကို၊ ပြန်တလှည့်လှည့်၊ ဤသို့လိုက်ပုံမလိုက်ပုံဟု၊ကြည့်၍ကြည့်၍၊ ပြေးသည်ရှိသော်၊ ထိုယောက်ျားသည်ပြေးပြီဟု၊ မင်းကြားသည်ဖြစ် ၍၊ အဘယ်သူသည်ကား၊ ထိုယောက်ျားကို၊ အစဉ်တစိုက်၊ အမှီလိုက် ၍၊ သတ်ချင်းငှါ စွမ်းနိုင်မည်နည်းဟု၊ ရှာဖွေသည်ရှိသော်၊ ရန်သူဖြစ် သော၊ သူသတ်ယောက်ျား ၅-ယောက်တို့ကိုရ၍၊အမောင်တို့၊သွားကြ လေကုန်၊ ထိုယောက်ျားကို၊ အစဉ်တစိုက်၊ အမှီလိုက်၍၊သတ်ကြလေ ကုန်ဟု စေလွှတ်၏။ စေလွှတ်သောကာလ၊ ထိုယောက်ျား၏အကျိုးကို၊ လိုလား ကြကုန်သော၊ ယောက်ျားတို့သည်၊ ထိုအကြောင်းကို သိ၍၊ ပြောကြားကြကုန်၏။ ပြောကြားသော ကာလ၊ ထိုယောက်ျားသည် လည်း၊အတိုင်းထက်အလွန် ကြောက်ရကား၊ ပြေးသည်ထက် ပြေး၏။ ရှေးဦးစွာ ၄-ကောင်သောမြွေတို့သည်၊ အစဉ်တစိုက်၊ အမှီလိုက်ကြ ကုန်သော်လည်း၊ ထိုမှ ဤမှ၊ လှည့်ပတ် ရှာဖွေ၊ ပြေးခဲ့လေ၏။ ယခု ရန်သူဖြစ်သော၊ သူသတ်ယောက်ျား ၅-ယောက်တို့သည်၊ အစဉ်တ စိုက်၊ အမှီလိုက်ကြကုန်သော်လည်း၊ ပြေးသည်ထက် ပြေး၏။ ဤသို့ သော နည်းဖြင့် ထိုယောက်ျားကို၊ ဘမ်းယူချင်းငှါ မတတ်ကောင်း၊ ဖြားယောင်းသဖြင့် သော်ကားတတ်ကောင်း၏။ ထို့ကြောင့်၊ ငယ်သော ကာလမှစ၍၊ အတူစား၍၊အတူသောက်၍၊ ချစ်ကျွမ်းဝင်သော၊ သူလျှို သူသတ်ယောက်ျားကို၊ စေလွှတ်ဟု၊ အမတ်တို့စကား ကြားသောမင်း သည်လည်း၊ မရရအောင်ရှာဖွေ၍၊ ၆-ယောက်မြောက်သော၊ အတွင်း သူလျှို၊ သူသတ်ယောက်ျားကိုလည်း စေလွှတ်၏။ ထိုယောက်ျားသည် လည်း၊ လာခဲ့သောလမ်းကို၊ ပြန်တလှည့်လှည့်၊ ဤသို့လိုက်ပုံမလိုက်ပုံ ဟု၊ ကြည့်ခဲ့ပြန်သော်၊ ခြေရာကို နမ်း၍ နမ်း၍၊လျှင်သော အဟုန်ဖြင့်၊ ပြေးလာ ကြကုန်သော၊ ၄-ကောင်သော မြွေတို့ကိုလည်း တွေ့မြင်ရ

သည်ဖြစ်၍။ ရန်သူဖြစ်သော၊ သူသတ်ယောကျ်ား ၅-ယောက်ဘို့ကိုလည်း၊ တွေ့မြင်ရသည်ဖြစ်၍။ ဟော့-ကွဲ့အမောင်ယောကျ်ား၊ ပြန်သာပြန်ခဲ့၊ မပြေးလင့်။ သားခယားနှင့်တကွ၊ ငါးပါးအာရုံ၊ ကာမဂုဏ်တို့ကိုခံစားလျက်၊ ချမ်းသာစွာ၊ သင်နေရသည်ဖြစ်လတံ့။ ဤသို့ပြောဆို၍ လာသော၊ ၆-ယောက် မြောက်သော၊ အတွင်း သူလျှို၊ သူသတ်ယောကျ်ားကိုလည်း၊ တွေ့မြင်ရသည်ဖြစ်၍။ အတိုင်းထက်အလွန်၊ထိုမှဤမှ၊ ပြေးရပြန်သော်၊ ပဏ္ဏာရာဇ်တိုင်းစွန်၌၊ ရှေ့ရှုဖြစ်သော၊ တခုသော ၆-အိမ်ရှိသော၊ရွာပျက်ကိုတွေ့မြင်ခဲ့၏။ တွေ့မြင်သောကာလ၊ အိပ်ချိန်နေချိန်၊ တအိမ်တအိမ်သို့ ပြေးဝင်ခဲ့၏။ ပြေးဝင်သောကာလ၊ အိပ်နေရာအလျင်း၊ ကင်းသော အိမ်သာလျှင်ထင်၏။ အိပ်နေရာမပြီး၊ အချည်းနှီးသောအိမ်သာလျှင်ထင်၏။ အိပ်နေရာဆို၊ မသိမသိပ်၊ ဆိပ်သောအိမ်သာလျှင်ထင်၏။ ဤသို့ ပြေးဝင်ပြီးသော၊ အိမ်စဉ်မပြတ်၊ လှည့်လည်ပတ်၍၊ တအိမ်တအိမ်၌၊ သောက်ဘွယ်ရှိသည်ဖြစ်လတံ့၊ သောက်အံ့။ စားဘွယ်ရှိသည်ဖြစ်လတံ့၊ စားအံ့ဟု၊ လက်ကိုသွင်း၍၊ အိုးအင်ခွက်ဖုံး၊ သုံးသပ်ခဲ့၏။ သုံးသပ်သောကာလ၊ စားသောက်ဘွယ်အလျင်း၊ ကင်းသော အိုးအင်ခွက်ဖုံးသာလျှင်ထင်၏။ စားသောက်ဘွယ်မပြီး၊ အချည်းနှီးသော အိုးအင် ခွက်ဖုံးသာလျှင်ထင်၏။ စားသောက်ဘွယ်ဆို၊ မသိမသိပ်၊ ဆိတ်သောအိုးအင် ခွက်ဖုံးသာလျှင် ထင်၏။ ဤသို့ အိမ်စဉ်မပြတ်၊ လှည့်လည်ပတ်၍၊ စားဘွယ် သောက်ရန် လှန်ကာ လှောကာ၊ ရှာပါသော်လည်း၊ တစုံတခုကိုမျှ၊ မရသည်ဖြစ်၍၊ ရွာအလယ်၌၊ ထိုင်နေနားသော ထိုယောကျ်ားကို၊ အကျိုးလိုလား၊ ယောကျ်ားတို့သည်၊ အပ၌ ဖြစ်သော၊ အကြောင်းကိုသိ၍။ ဟော့-ကွဲ့ ယောကျ်ား၊ ခိုးသား ၆-ယောက်၊ ယခုဤရွာသို့လာရောက်ကြ၏။ ဤအိမ်၌ ဤသူ့ကိုတွေ့မြင်ရ၏။ ထိုသူ့ကိုဘမ်းမှုလည်းဘမ်း၏။ သတ်မှုလည်းသတ်၏။ သင်မသိလောဟု၊ပြောကြားကြကုန်၏။ ပြောကြားသောကာလ၊ ထိုမှဤမှ၊ ပြေးရပြန်သော်၊ တခုသော ရေပင်လယ်ကို တွေ့မြင်ခဲ့၏။ ဤမှာဘက်၌၊ မငြိမ်း မဋ-ဘေးရှိ၏။ ထိုမှာဘက်၌၊ ငြိမ်း၏-ဋ၏၊ ဘေးမရှိ။ လူးလာပြန်ခေါက်၊ ထိုမှာဘက်သို့၊ ကူးရောက်ချင်း၌၊ တံတားမရှိ၊ လှေမရှိ။ မရှိသည်ကိုထား၊ အကယ်၍သော်ကား၊ ထိုယောကျ်ားသည်၊ ရေပင်လယ်ကို ကူးတက်၍၊ ထိုမှာဘက်သို့ ရောက်ပါသော်ကား၊ ၄-ကောင်သောမြွေတို့

သည်လည်း၊ ယနေ့၊ မွမွညက်ညက်၊ ထိုယောက်ျား၏ အသက်ကို ကိုက်၍၊ စွန့်ချင်း၌ါစွမ်းနိုင်ကုန်သည်ဖြစ်လျက်၊ ထိုအခွင့်ကို၊ ငါတို့ယခု၊ မရအပ်သည်၊ ဖြစ်ပြီတကားဟု၊ ကြံမှိုင်ကြကုန်သည်ဖြစ်၍။ ရန်သူဖြစ်သော၊ သူသတ်ယောက်ျား၊ ၅-ယောက်တို့သည်လည်း၊ယနေ့ ပိုင်းဝန်း၍၊ ထိုယောက်ျား၏ အင်္ဂါကြီးငယ်တို့ကိုဖြတ်၍၊ မင်းရှေ့ထံမှောက်၊ ရောက်ပါသော်ကား၊ အရာအထောင်၊ ဆုလက်ဆောင်ကို၊ ရချင်း၌ါ စွမ်းနိုင်ကုန်သည်ဖြစ်လျက်၊ ထိုအခွင့်ကို၊ ငါတို့ယခု၊ မရအပ်သည်၊ ဖြစ်ပြီတကားဟု၊ ကြံမှိုင်ကြကုန်သည်ဖြစ်၍။ ၆-ယောက် မြောက်သော၊ အတွင်းသူလျှို၊ သူသတ် ယောက်ျားသည်လည်း၊ ဖလ်အဆင်းနှင့် တူသော၊ ဓားသံလျက်ဖြင့်၊ ထိုယောက်ျား၏ဦးခေါင်းကိုဖြတ်၍၊ စစ်သူကြီး အရာကို၊ ရချင်း၌ါစွမ်းနိုင်သည်ဖြစ်လျက်၊ ထိုအခွင့်ကို၊ ငါယခု၊ မရအပ်သည်၊ ဖြစ်ပြီတကားဟု၊ ကြံမှိုင်သည်ဖြစ်၍။ ၆-ယောက်သောခိုးသူ ယောက်ျားတို့သည်လည်း၊ ယနေ့ ထိုယောက်ျားအား၊ အထူးထူးအပြားပြား၊ ၃၂-ပါးသော ကံကြမ္မာကိုပြု၍၊ များစွာသောဥစ္စာကို၊ ဆောင်စေချင်း၌ါ၊ စွမ်းနိုင်ကုန်သည်ဖြစ်လျက်၊ ထိုအခွင့်ကို၊ငါတို့ယခု၊မရအပ်သည်၊ ဖြစ်ပြီတကားဟု၊ ကြံမှိုင်ကြကုန်သည်ဖြစ်၍။ မင်း၏အာဏာဖြင့်၊ တစုံတယောက်၊ ရောက်သောဌာန၊ ထိုအရပ်မှ၊ ပြန်ချင်း၌ါလည်း၊ မဝံ့ကြကုန်သည်ဖြစ်၍၊ ထိုအရပ်၌သာလျှင်၊ သွေ့ခြောက်၍၊ သေချင်းတို့သို့၊ ရောက်ခွင့်သင့်ကြကုန်သည်ဖြစ်လျက်။ ဤမှာဘက်မှ၊ ရေပင်လယ်ကိုကူးတက်၍၊ ထိုမှာဘက်သို့၊ ရောက်သော်ကား၊ မရောက်သေး၊ မရောက်သေးသော်လည်း၊ မတွေး-မခေါ်- မမျှော်-မဆ၊ ဗိဥ္ဇကောန်၊ ဘေးရှိ၏၊ဘေးမရှိဟု၊ဆန့်ကျင်ဘက်ဉာဏ်၊ ထိုယောက်ျားအား အမှန်ဖြစ်၏။ ဖြစ်ပုံကား၊ရေပင်လယ်ကား၊ကျယ်ကား ကျယ်၏။ ကျယ်သော်လည်း၊၄-ကောင်သောမြွေ၊ သူသတ်ယောက်ျား ၅-ယောက်၊ အတွင်းသူလျှိုသူသတ်ယောက်ျား၊ ၆-ယောက်သော ခိုးသူယောက်ျား၊ရှိသော အလိုအားဖြင့်၊ ဤမှာဘက်၌ မငြိမ်းမဇ-ဘေးရှိ၏။၄-ကောင်သောမြွေ၊ သူသတ်ယောက်ျား ၅-ယောက်၊အတွင်းသူလျှို သူသတ်ယောက်ျား၊ ၆-ယောက်သော ခိုးသူယောက်ျား၊ မရှိသော အလိုအားဖြင့်၊ ထိုမှာဘက်၌၊ ငြိမ်း၏-ဇ၏၊ ဘေးမရှိဟု၊ မတွေး-မခေါ်-မမျှော်-မဆ၊ ဗိဥ္ဇကောန်၊ ဘေးရှိ၏၊ ဘေးမရှိဟု ဆန့်ကျင်ဘက်ဉာဏ်၊ အမှန်ဖြစ်၏။

ဤသည်ကား၊ အနက်အဓိပ္ပါယ်၊ သိလွယ်စေချင်း၌၊ ပြသော ဥပမာစကားတည်း။ ။ဤသည်ကား၊ ဤဥပမာစကား၌၊ ပြသောအနက်တည်း။ ။ကဋ္ဌမုခမြွေ၊ ပူတိမုခမြွေ၊ အဂ္ဂိမုခမြွေ၊ သတ္ထမုခမြွေ၊ ၄-ကောင်တို့သည်ကား၊ ၄-ပါးသော မဟာဘုတ်တို့၏ အမည်တည်း။ ကဋ္ဌမုခမြွေသည်ကား၊ ပထဝီဓာတ်၏ အမည်တည်း။ ပူတိမုခမြွေသည်ကား၊ အာပေါဓာတ်၏အမည်တည်း။ အဂ္ဂိမုခမြွေသည်ကား၊ တေဇောဓာတ်၏ အမည်တည်း။ သတ္တမုခမြွေသည်ကား၊ ဝါယောဓာတ်၏ အမည်တည်း။ ထိုလေးကောင်သော မြွေတို့တွင်၊ ကဋ္ဌမုခမြွေကိုက်သောသူ၏ ကိုယ်သည်၊ ကြမ်းထမ်းသကဲ့သို့၊ ထို့အတူ၊ ပထဝီဓာတ်ပျက်ချင်းကြောင့်လည်း၊ ကြမ်းထမ်း၏။ ပူတိမုခမြွေကိုက်သောသူ၏ကိုယ်သည်၊ ယိုစီးသကဲ့သို့၊ ထို့အတူ၊ အာပေါဓာတ်ပျက်ချင်းကြောင့်လည်း၊ ယိုစီး၏။ အဂ္ဂိမုခမြွေကိုက်သောသူ၏ ကိုယ်သည်၊ လောင်ကျွမ်းသကဲ့သို့၊ ထို့အတူ၊ တေဇောဓာတ် ပျက်ချင်းကြောင့်လည်း၊ လောင်ကျွမ်း၏။ သတ္တမုခမြွေကိုက်သောသူ၏ ကိုယ်သည်၊ အပိုင်းအပိုင်း ပြတ်သကဲ့သို့၊ ထို့အတူ၊ ဝါယောဓာတ်ပျက်ချင်းကြောင့်လည်း၊ အပိုင်းအပိုင်းပြတ်၏။ ။ဤသို့ပျက်သဟ-ပျက်သဟ၊ မပြတ်ရှုသော၊ ဘက်ညာဏ်အလိုအားဖြင့်၊ ပျက်သောသဘော-ဘေးဟုရှုချင်းကြောင့်၊ ဘေးထင်သော ထိုယောဂီပုဂ္ဂိုလ်အား၊ ၄-ပါးသော မဟာဘုတ်တို့သည်၊ ၄-ကောင်သောမြွေတို့ကဲ့သို့၊ အပြစ်ကြီးအထုအထည်၊ အစုသဘွယ်ဖြစ်၍ ထင်ကြကုန်၏။

ရန်သူဖြစ်သော၊ သူသတ်ယောက်ျား ၅-ယောက်တို့သည်ကား၊ ၅-ပါးသောခန္ဓာတို့၏ အမည်တည်း။ ခန္ဓာတို့၏ သူသတ်ယောက်ျားနှင့်တူသည်၏အဖြစ်ကို၊ ၂-ပါးသောအခြင်းအရာတို့ဖြင့်သိအပ်၏။ အခြင်းအရာ ၂-ပါးဟူသော်ကား။ ခန္ဓာတို့သည်ကား၊ ခန္ဓာတို့ချင်းချင်း၊ သတ်သောကြောင့်လည်း၊ သူသတ်ယောက်ျားနှင့်တူသော အခြင်းအရာလည်းတပါး။ ရှိသောခန္ဓာ၌၊ သူသတ်ယောက်ျား အမည်ထင်သောကြောင့်လည်း၊ သူသတ်ယောက်ျားနှင့် တူသော အခြင်းအရာလည်းတပါး။ ခန္ဓာတို့မည်သည်ကား၊ ခန္ဓာအားဖြင့် ၅-ပါး၊ ရုပ်နာမ်အားဖြင့် ၂-ပါး။ ထို-၂-ပါးတို့တွင်၊ ရုပ်သည် ရုပ်ကို လည်း သတ်၏။ နာမ်ကိုလည်း

သတ်၏။ ထို့အတူ၊ နာမ်သည် နာမ်ကိုလည်းသတ်၏။ ရုပ်ကိုလည်း သတ်၏။

**အဘယ်သို့ ရုပ်သည် ရုပ်ကိုသတ်သနည်း။** ။ပထဝီဓာတ်သည်၊ ပျက်သော်ကား မိမိချည်းမပျက်။ မိမိမှတပါး၊သုံးပါးသောဓာတ်တို့ကို၊ ယူ၍သာလျှင်ပျက်၏။ အာပေါဓာတ်သည်၊ ပျက်သော်ကား မိမိချည်း မပျက်။ မိမိမှတပါး၊ သုံးပါးသောဓာတ်တို့ကို၊ ယူ၍သာလျှင် ပျက်၏။ တေဇောဓာတ်သည်၊ ပျက်သော်ကား မိမိချည်းမပျက်။ မိမိမှတပါး၊ သုံးပါးသော ဓာတ်တို့ကို၊ ယူ၍သာလျှင်ပျက်၏။ဝါယော ဓာတ်သည်၊ ပျက်သော်ကား မိမိချည်းမပျက်။ မိမိမှတပါး၊ သုံးပါးသော ဓာတ်တို့ကို၊ ယူ၍သာလျှင်ပျက်၏။ ဤသို့ ရုပ်သည်ရုပ်ကိုသာလျှင်သတ်၏။

**အဘယ်သို့ရုပ်သည်နာမ်ကိုလည်းသတ်သနည်း။** ။ရူပက္ခန္ဓာသည်၊ ပျက်သော်ကားမိမိချည်းမပျက်၊ မိမိမှတပါး၊ လေးပါးသောနာမက္ခန္ဓာတို့ကိုယူ၍သာလျှင်ပျက်၏။ ဤသို့ ရုပ်သည်နာမ်ကိုလည်းသတ်၏။

**အဘယ်သို့နာမ်သည် နာမ်ကိုသတ်သနည်း။** ။ဝေဒနက္ခန္ဓာသည်၊ ပျက်သော်ကား မိမိချည်းမပျက်။ မိမိမှတပါး၊ သုံးပါးသောနာမက္ခန္ဓာတို့ကို၊ ယူ၍သာလျှင်ပျက်၏။ သညက္ခန္ဓာသည်၊ ပျက်သော်ကား မိမိချည်းမပျက်။ မိမိမှတပါး၊ သုံးပါးသောနာမက္ခန္ဓာတို့ကို၊ ယူ၍သာလျှင် ပျက်၏။ သင်္ခါရက္ခန္ဓာသည်၊ ပျက်သော်ကား မိမိချည်းမပျက်။ မိမိမှတပါး၊ သုံးပါးသောနာမက္ခန္ဓာတို့ကို၊ ယူ၍သာလျှင် ပျက်၏။ ဝိညာဏက္ခန္ဓာသည်၊ ပျက်သော်ကား မိမိချည်းမပျက်။ မိမိမှတပါး၊ သုံးပါးသောနာမက္ခန္ဓာတို့ကို၊ ယူ၍သာလျှင်ပျက်၏။ ဤသို့ နာမ်သည်နာမ်ကို သာလျှင်သတ်၏။

**အဘယ်သို့နာမ်သည် ရုပ်ကိုလည်းသတ်သနည်း။** ။စုတိမနေ သေသောခဏ၊ လေးပါးသော နာမက္ခန္ဓာတို့သည်၊ ပျက်သော်ကား၊ မိမိတို့ချည်းမပျက်။ မိမိတို့မှတပါး၊ ဟဒယဝတ္ထု ရုပ်ကို ယူ၍သာလျှင် ပျက်ကြကုန်၏။ ဤသို့ နာမ်သည် ရုပ်ကိုလည်းသတ်၏။ ။ဤသို့ ခန္ဓာတို့သည်ကား၊ ခန္ဓာတို့ချင်းချင်း သတ်သောကြောင့်လည်း၊ သူသတ်ယောက်ျားနှင့်တူသည်မည်၏၊

အဘယ်သို့ ရှိသောခန္ဓာ၌၊ သူသတ်ယောက်ျား အမည် ထင်သော ကြောင့်လည်း၊သူသတ်ယောက်ျားနှင့်တူသည်မည်သနည်း။ ။အကြင်

ခန္ဓာဝ္ဒခန္ဓာရှိ၏။ ထိုခန္ဓာဝ္ဒ၊ ဖြတ်ချင်း၊ ပြတ်ချင်း၊သတ်ချင်း၊နှောင့်ယှက်ချင်း စသည်ဖြစ်၏။ ဤသို့ ရှိသောခန္ဓာဝ္ဒ၊ သူသတ်ယောက်ျား အမည်ထင်သောကြောင့်လည်း၊ သူသတ်ယောက်ျားနှင့် တူသည်မည်၏။ ဤသို့ ပျက်သဟ–ပျက်သဟ၊မပြတ်ရှုသော၊ ဘင်္ဂဉာဏ်အလိုအားဖြင့်၊ပျက်သောသဘော-ဘေးဟု ရှုချင်းကြောင့်၊ ဘေးထင်သော ထိုယောဂီပုဂ္ဂိုလ်အား၊ငါးပါးသောခန္ဓာတို့သည်၊ သူသတ်ယောက်ျားငါးယောက်တို့ကဲ့သို့၊ အပြစ်ကြီးအထုအထယ်၊ အရသာဘွယ်ဖြဂ်၍ထင်ကြကုန်၏။

ခြောက်ယောက်မြောက်သော၊ အတွင်းသူလျှိုသူသတ်ယောက်ျားမည်သည်ကား၊ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘ၏အမည်တည်း။ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘ၏ သူသတ်ယောက်ျားနှင့် တူသည်၏ အဖြစ်ကို၊ နှစ်ပါးသောအခြင်းအရာတို့ဖြင့်သိအပ်၏။ အခြင်းအရာ နှစ်ပါးဟူသော်ကား။ ဝိပဿနာပညာဦးခေါင်းပြတ်ကျသော အခြင်းအရာလည်းတပါး။ ယောနိသိုကပ်ရောက်သောအခြင်းအရာလည်းတပါး။ ထိုနှစ်ပါးတို့တွင်၊ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘ၏၊ ဝိပဿနာပညာ ဦးခေါင်းပြတ်ကျချင်းကြောင့်၊ သူသတ်ယောက်ျားနှင့်တူသည်၏ အဖြစ်ကို၊ အဘယ်သို့သိအပ်သနည်း။ ။မြင်သောခဏ၊ မျက်စိကလည်းကြည်၊ အဆင်းကလည်းထင်၊ စက္ခုဝိညာဏ် ကလည်း မြင်၊ ဖဿကလည်း တွေ့၊ ဝေဒနာကလည်း ခံစား၊ ငါးပါးစုံပေါင်း ဆုံကြသောကာလ၊ နှစ်သက်ဘွယ်ရှိသော အဆင်းသည်၊ မျက်စိဝ္ဒထင်သည်ရှိသော်၊ ထိုနှစ်သက်ဘွယ်ရှိသောအဆင်းကိုအာရုံပြု၍၊ လောဘဖြစ်၏။ ဤသို့ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘ၊ဖြစ်ကာမျှဖြင့်၊ဝိပဿနာပညာ ဦးခေါင်းပြတ်ကျသည်မည်၏။ ။ကြားသောခဏ၊ နားကလည်းကြည်၊ အသံကလည်းထင်၊ သောတဝိညာဏ်ကလည်းကြား၊ဖဿကလည်းတွေ့၊ ဝေဒနာကလည်း ခံစား။ ငါးပါးစုံပေါင်းဆုံကြသောကာလ၊ နှစ်သက်ဘွယ်ရှိသော အသံသည်၊ နားဝ္ဒထင်သည်ရှိသော်၊ ထိုနှစ်သက်ဘွယ်ရှိသောအသံကို အာရုံပြု၍၊ လောဘဖြစ်၏။ ဤသို့ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘ၊ဖြစ်ကာမျှဖြင့်၊ ဝိပဿနာပညာ ဦးခေါင်းပြတ်ကျသည်မည်၏။ ။နံသောခဏ၊ နှာကလည်းကြည်၊ အနံ့ကလည်းထင်၊ ဃာနဝိညာဏ်ကလည်းနံ၊ဖဿကလည်းတွေ့၊ ဝေဒနာကလည်း ခံစား၊ ငါးပါးစုံ ပေါင်းဆုံကြသောကာလ၊ နှစ်သက်ဘွယ်ရှိသော အနံ့သည်၊ နှာဝ္ဒထင်သည်ရှိသော်၊ ထို

နှစ်သက်ဘွယ်ရှိသောအနံ့ကိုအာရုံပြု၍၊ လောဘဖြစ်၏။ ဤသို့ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘ၊ ဖြစ်ကာမျှဖြင့်၊ ဝိပဿနာ ပညာဦးခေါင်းပြတ်ကျသည်မည်၏။ ။စားသောခဏ၊ လျှာကလည်း ကြည်၊ အရသာ က လည်းထင်၊ ဇိဝှါဝိညာဏ်ကလည်းစား၊ ဖဿကလည်းတွေ့၊ ဝေဒနာ ကလည်းခံစား၊ ငါးပါးစုံ ပေါင်းဆုံကြသောကာလ၊ နှစ်သက်ဘွယ် ရှိသော အရသာသည်၊ လျှာ၌ထင်သည်ရှိသော်၊ ထိုနှစ်သက်ဘွယ် ရှိသော အရသာကို၊ အာရုံပြု၍၊ လောဘဖြစ်၏။ ဤသို့ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘ၊ ဖြစ်ကာမျှဖြင့်၊ ဝိပဿနာပညာ ဦးခေါင်းပြတ်ကျ သည်မည်၏။ ။ထိသောခဏ၊ကိုယ်ကလည်း ကြည်၊ အတွေ့ကလည်း ထင်၊ ကာယဝိညာဏ်ကလည်း ထိ၊ ဖဿကလည်း တွေ့၊ ဝေဒနာက လည်း ခံစား၊ငါးပါးစုံပေါင်း ဆုံကြသောကာလ၊ နှစ်သက်ဘွယ်ရှိသော အတွေ့သည်၊ ကိုယ်၌ထင်သည် ရှိသော်၊ ထိုနှစ်သက်ဘွယ် ရှိသော အတွေ့ကို၊အာရုံပြု၍၊လောဘဖြစ်၏။ဤသို့ နန္ဒီရာဂ၊ပရိယုဋ္ဌာန်လောဘ၊ ဖြစ်ကာမျှဖြင့်၊ ဝိပဿနာပညာ ဦးခေါင်းပြတ်ကျသည် မည်၏။ ။ သိသောခဏ၊ မနောကလည်းကြည်၊ သဘောကလည်းထင်၊ မနော ဝိညာဏ်ကလည်းသိ၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်း ခံစား၊ ငါးပါးစုံပေါင်းဆုံကြသော ကာလ၊နှစ်သက်ဘွယ်ရှိသောသဘောသည်၊ မနော၌ ထင်သည်ရှိသော်၊ ထိုနှစ်သက်ဘွယ်ရှိသော သဘောကို၊ အာရုံ ပြု၍၊ လောဘဖြစ်၏။ဤသို့ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘ၊ ဖြစ်ကာမျှဖြင့်၊ ဝိပဿနာပညာ ဦးခေါင်းပြတ်ကျသည်မည်၏။ ဤသို့ နန္ဒီရာဂ၊ ပရိ ယုဋ္ဌာန်လောဘ၏၊ ဝိပဿနာပညာ ဦးခေါင်း ပြတ်ကျချင်းကြောင့်၊ သူသတ်ယောက်ျားနှင့် တူသည်၏ အဖြစ်ကိုသိအပ်၏။

အဘယ်သို့ နန္ဒီရာဂ၊ပရိယုဋ္ဌာန်လောဘ၏ ယောနိသို့ ကပ်ရောက် ချင်းကြောင့်၊ သူသတ် ယောက်ျားနှင့် တူသည်၏ အဖြစ်ကို သိအပ် သနည်း။

**မြင်သောခဏ၊** မျက်စိ ကလည်း ကြည်၊ အဆင်း ကလည်း ထင်၊ စက္ခုဝိညာဏ်ကလည်းမြင်၊ဖဿကလည်းတွေ့၊ဝေဒနာကလည်းခံစား၊ ငါးပါးစုံပေါင်းဆုံကြသောကာလ၊ မျက်စိကိုဟုတ်သောအတိုင်း၊ မသိ မမြင်သည်ရှိသော်၊ မျက်စိ၌တပ်မက်ရာကျ၊ တဏှာနှသယ။အဆင်းကို၊ ဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ အဆင်း၌တပ်မက်ရာကျ၊

တဏှာနှုသယ။ မြင်ချင်းကို၊ ဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်
မြင်ချင်း၌ တပ်မက်ရာကျ၊ တဏှာနှုသယ။ တွေ့ချင်းကို၊ ဟုတ်သော
အတိုင်း၊ မသိမမြင်သည်ရှိသော်၊ တွေ့ချင်း၌ တပ်မက်ရာကျ၊ တဏှာ
နှုသယ။ ခံစားချင်းကို၊ ဟုတ်သောအတိုင်း၊ မသိမမြင်သည် ရှိသော်၊
ခံစားချင်း၌တပ်မက်ရာကျ၊ တဏှာနှုသယ။ ။ဤသို့ တပ်မက်သော
အလေ့ သဘော ရှိသည်ဖြစ်၍၊ တွေ့ဝေသော အလေ့သဘော ရှိသည်
ဖြစ်၍၊ ဘဝတဖန်နှင့်ယှဉ်သောအလေ့သဘောရှိသည်ဖြစ်၍၊ တပ်မက်
နှစ်သက်ဘွယ်ဟု ရှုသောအလေ့သဘောရှိသည်ဖြစ်၍၊ နေသောထိုသူ့
အား၊ ဥပါဒါန်တရား ၄-ပါးတို့၏အာရုံဖြစ်ကုန်သော၊ ၅-ပါးသော ခန္ဓာ
တို့သည်၊ နောင်တဖန် အသစ်၊ ဘဝဖြစ်သောအလိုအားဖြင့်၊ တိုးပွါး
ချင်းသို့ ရောက်ကြကုန်၏။ တပ်မက်ရာကျ၊ တဏှာနှုသယသည်လည်း၊
တဖန်အသစ်၊ ဘဝကိုဖြစ်စေတတ်သော အလေ့သဘောရှိ၏။ ပီတိဖြင့်
နှစ်သက်တတ်သော၊ နန္ဒိရာဂ၊ ပရိယုဋ္ဌာန်လောဘနှင့်တကွဖြစ်၏။ထိုထို
အာရုံဘုံဘဝသို့၊ ရှေ့ရှုနှစ်သက်တတ်သောအလေ့သဘောရှိ၏။ ထိုတပ်
မက်ရာကျ၊ တဏှာနှုသယသည်လည်း၊ ထိုသူ့အားတိုးပွါးခဲ့၏။

**ကြားသောခဏ**၊နားကလည်းကြည် အသံကလည်းထင်၊ သောတ
ဝိညာဏ်ကလည်းကြား၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်း ခံစား၊
ငါးပါးစုံပေါင်းဆုံကြသောကာလ၊နားကိုဟုတ်သောအတိုင်း၊မသိ မမြင်
သည်ရှိသော်၊နား၌တပ်မက်ရာကျ၊ တဏှာနှုသယ။ အသံကိုဟုတ်သော
အတိုင်း၊ မသိမမြင်သည်ရှိသော်၊ အသံ၌တပ်မက်ရာကျ၊ တဏှာနှုသယ။
ကြားချင်းကိုဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ ကြားချင်း၌
တပ်မက်ရာကျ၊ တဏှာနှုသယ။ တွေ့ချင်းကို ဟုတ်သောအတိုင်း၊ မသိ
မမြင်သည်ရှိသော်၊ တွေ့ချင်း၌ တပ်မက်ရာကျ၊ တဏှာနှုသယ။ ခံစား
ချင်းကို ဟုတ်သော အတိုင်း၊ မသိမမြင်သည်ရှိသော်၊ ခံစားချင်း၌ တပ်
မက်ရာကျ၊ တဏှာနှုသယ။ ဤသို့ တပ်မက်သော အလေ့ သဘော
ရှိသည်ဖြစ်၍၊ တွေ့ဝေသော အလေ့သဘောရှိသည်ဖြစ်၍၊ ဘဝတဖန်
နှင့်ယှဉ်သောအလေ့သဘောရှိသည်ဖြစ်၍၊ တပ်မက်နှစ်သက်ဘွယ်ဟု၊
ရှုသောအလေ့သဘောရှိသည်ဖြစ်၍၊ နေသောထိုသူ့အား၊ဥပါဒါန်တရား
၄-ပါးတို့၏အာရုံဖြစ်ကုန်သော၊ ငါးပါးသောခန္ဓာတို့သည်၊ နောင်တဖန်
အသစ်၊ ဘဝဖြစ်သောအလိုအားဖြင့်၊ တိုးပွါးချင်းသို့ ရောက်ကြကုန်၏။

တပ်မက်ရာကျ၊ တဏှာနုသယသည်လည်း၊ တဖန်အသစ်၊ ဘဝကိုဖြစ်စေတတ်သော အလေ့သဘောရှိ၏။ ဒိတ်ဖြင့် နှစ်သက်တတ်သော၊ နန္ဒီရာဂ၊ ပရိယုဋ္ဌာန် လောဘနှင့်တကွ ဖြစ်၏။ ထိုထိုအာရုံဘုံဘဝသို့၊ ရှေးရှု နှစ်သက်တတ်သော အလေ့သဘောရှိ၏။ ထို တပ်မက်ရာကျ၊ တဏှာနုသယသည်လည်း၊ ထိုသူ့အားတိုးပွါးခဲ့၏။

**နံသော့ခဏ**၊ နှာကလည်းကြည်၊ အနံ့ကလည်းထင်၊ ဃာနဝိညာဏ်ကလည်းနံ၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်း ခံစား၊ ငါးပါးစုံပေါင်းဆုံကြသော ကာလ၊ နှာကို ဟုတ်သော အတိုင်း၊ မသိ မမြင်သည်ရှိသော်၊ နှာ၌ တပ်မက်ရာကျ၊ တဏှာနုသယ။ အနံ့ကို ဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ အနံ့၌တပ်မက်ရာကျ၊ တဏှာနုသယ။ နံချင်းကိုဟုတ်သောအတိုင်း၊ မသိ မမြင်သည်ရှိသော်၊ နံချင်း၌ တပ်မက်ရာကျ၊ တဏှာနုသယ။ တွေ့ချင်းကို ဟုတ်သော အတိုင်း၊ မသိ မမြင်သည်ရှိသော်၊ တွေ့ချင်း၌ တပ်မက်ရာကျ၊ တဏှာနုသယ။ ခံစားချင်းကိုဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ ခံစားချင်း၌ တပ်မက်ရာကျ၊ တဏှာနုသယ။ ဤသို့ တပ်မက်သောအလေ့ သဘောရှိသည်ဖြစ်၍၊ တွေ့ဝေသောအလေ့သဘောရှိသည်ဖြစ်၍၊ဘဝတဖန်နှင့်ယှဉ်သောအလေ့သဘောရှိသည်ဖြစ်၍၊ တပ်မက်နှစ်သက်ဘွယ်ဟု ရှုသောအလေ့သဘောရှိသည်ဖြစ်၍၊ နေသောထိုသူ့အား၊ ဥပါဒါန်တရား ၄-ပါးတို့၏အာရုံဖြစ်ကုန်သော၊ ငါးပါးသောခန္ဓာတို့သည်၊ နောင်တဖန်အသစ်၊ဘဝဖြစ်သောအလိုအားဖြင့်၊ တိုးပွါးချင်းသို့ ရောက်ကြကုန်၏။ တပ်မက်ရာကျ၊ တဏှာနုသယသည်လည်း၊ တဖန်အသစ်၊ ဘဝကိုဖြစ်စေတတ်သောအလေ့သဘောရှိ၏။ဒိတ်ဖြင့်နှစ်သက်တတ်သော၊နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘနှင့်တကွဖြစ်၏။ ထိုထိုအာရုံဘုံဘဝသို့၊ရှေးရှုနှစ်သက်တတ်သောအလေ့သဘောရှိ၏။ထိုတပ်မက်ရာကျ၊ တဏှာနုသယသည်လည်း၊ထိုသူ့အားတိုးပွါးခဲ့၏။

**စားသော့ခဏ**၊ လျှာကလည်းကြည်၊ အရသာကလည်းထင်၊ဇိဝှါဝိညာဏ်ကလည်းစား၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်းခံစား၊ ငါးပါးစုံပေါင်းဆုံကြသောကာလ၊ လျှာကိုဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ လျှာ၌တပ်မက်ရာကျ၊ တဏှာနုသယ။ အရသာကိုဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ အရသာ၌တပ်မက်ရာကျ၊

တဏှာနှသယ။ စားချင်းကိုဟုတ်သောအတိုင်း၊မသိမမြင်သည်ရှိသော်၊ စားချင်း၌တပ်မက်ရာကျ၊ တဏှာနှသယ။ တွေ့ချင်းကိုဟုတ်သော အတိုင်းမသိမမြင်သည်ရှိသော်၊ တွေ့ချင်း၌တပ်မက်ရာကျ၊ တဏှာနှသယ။ ခံစားချင်းကိုဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ခံစားချင်း၌တပ်မက်ရာကျ၊ တဏှာနှသယ။ ဤသို့ တပ်မက်သောအလေ့သဘော ရှိသည်ဖြစ်၍၊ တွေဝေသောအလေ့သဘောရှိသည်ဖြစ်၍၊ ဘဝတဖန်နှင့် ယှဉ်သော အလေ့သဘောရှိသည်ဖြစ်၍၊ တပ်မက်နှစ်သက်ဘွယ်ဟု ရှုသောအလေ့သဘောရှိသည်ဖြစ်၍၊နေသောထိုသူ့အား၊ဥပါဒါန်တရား ၄-ပါးတို့၏အာရုံဖြစ်ကုန်သော၊ ငါးပါးသောခန္ဓာတို့သည်၊ နောင်တဖန် အသစ်၊ ဘဝဖြစ်သောအလိုအားဖြင့်၊ တိုးပွါးချင်းသို့ရောက်ကြကုန်၏။ တပ်မက်ရာကျ၊ တဏှာနှသယသည်လည်း၊ တဖန်အသစ်၊ ဘဝကို ဖြစ်စေတတ်သော အလေ့သဘောရှိ၏။ ပီတိဖြင့်နှစ်သက်တတ်သော၊ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘနှင့်တကွဖြစ်၏။ ထိုထိုအာရုံ ဘုံဘဝသို့၊ ရှေးရှုနှစ်သက်တတ်သောအလေ့သဘောရှိ၏။ထိုတပ်မက်ရာကျ၊တဏှာ နှသယသည်လည်း၊ထိုသူ့အားတိုးပွါးခဲ့၏။

**ထိသောခဏ**၊ကိုယ်ကလည်းကြည်၊ အတွေ့ကလည်းထင်၊ ကာယ ဝိညာဏ်ကလည်းထိ၊ ဖဿကလည်းတွေ့၊ဝေဒနာကလည်းခံစား၊ငါး ပါးစုံပေါင်းဆုံကြသောကာလ၊ ကိုယ်ကိုဟုတ်သောအတိုင်း၊ မသိမမြင် သည်ရှိသော်၊ ကိုယ်၌တပ်မက်ရာကျ၊ တဏှာနှသယ။ အတွေ့ကိုဟုတ် သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ အတွေ့၌တပ်မက်ရာကျ၊တဏှာ နှသယ။ထိချင်းကိုဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ထိချင်း၌ တပ်မက်ရာကျ၊တဏှာနှသယ။ တွေ့ချင်းကိုဟုတ်သောအတိုင်း၊ မသိ မမြင်သည်ရှိသော်၊ တွေ့ချင်း၌တပ်မက်ရာကျ၊တဏှာနှသယ။ခံစားချင်း ကို ဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ခံစားချင်း၌တပ်မက်ရာ ကျ၊တဏှာနှသယ။ဤသို့ တပ်မက်သော အလေ့သဘောရှိသည် ဖြစ်၍၊ တွေဝေသော အလေ့သဘောရှိသည်ဖြစ်၍၊ ဘဝတဖန်နှင့်ယှဉ်သော အလေ့သဘောရှိသည်ဖြစ်၍၊တပ်မက်နှစ်သက်ဘွယ်ဟုရှုသော အလေ့ သဘောရှိသည်ဖြစ်၍၊နေသောထိုသူ့အား၊ ဥပါဒါန်တရား ၄-ပါးတို့၏ အာရုံဖြစ်ကုန်သော၊ ငါးပါးသောခန္ဓာတို့သည်နောင်တဖန်အသစ်၊ ဘဝ ဖြစ်သောအလိုအားဖြင့်၊တိုးပွါးချင်းသို့ရောက်ကြကုန်၏။တပ်မက်ရာကျ၊

တဏှာနှသယာသည်လည်း၊ တဖန်အသစ်၊ ဘဝကိုဖြစ်စေတတ်သော အလေ့သဘောရှိ၏။ ပီတိဖြင့်နှစ်သက်တတ်သော၊ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘနှင့်တကွဖြစ်၏။ ထိုထိုအာရုံဘုံဘဝသို့၊ ရှေ့ရှုနှစ်သက်တတ်သော အလေ့သဘောရှိ၏။ ထိုတပ်မက်ရာကျ၊ တဏှာနှသယာသည်လည်း၊ ထိုသူ့အားတိုးပွါးခဲ့၏။

**သိသောခဏ၊** မနောကလည်းကြည်၊ သဘောကလည်းထင်၊ မနောဝိညာဏ်ကလည်းသိ၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်းခံစား၊ ငါးပါးစုံပေါင်းဆုံကြသောကာလ၊ မနောကိုဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ မနော၌တပ်မက်ရာကျ၊ တဏှာနှသယ။ သဘောကိုဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ သဘော၌တပ်မက်ရာကျ၊ တဏှာနှသယ။ သိချင်းကိုဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ သိချင်း၌ တပ်မက်ရာကျ၊ တဏှာနှသယ။ တွေ့ချင်းကို ဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ တွေ့ချင်း၌တပ်မက်ရာကျ၊ တဏှာနှသယ။ ခံစားချင်းကို ဟုတ်သောအတိုင်းမသိမမြင်သည်ရှိသော်၊ ခံစားချင်း၌ တပ်မက်ရာကျ၊ တဏှာနှသယ။ ဤသို့ တပ်မက်သောအလေ့သဘောရှိသည်ဖြစ်၍၊ တွေဝေသော အလေ့သဘောရှိသည်ဖြစ်၍၊ ဘဝတဖန်နှင့် ယှဉ်သော အလေ့သဘောရှိသည်ဖြစ်၍၊ တပ်မက် နှစ်သက်ဘွယ်ဟု၊ ရှုသော အလေ့သဘောရှိသည်ဖြစ်၍၊ နေသော ထိုသူ့အား၊ ဥပါဒါန်တရား ၄–ပါးတို့၏ အာရုံဖြစ်ကုန်သော၊ ငါးပါးသော ခန္ဓာတို့သည်၊ နောင်တဖန်အသစ်၊ ဘဝဖြစ်သောအလိအားဖြင့်၊ တိုးပွါးချင်းသို့ ရောက်ကြကုန်၏။ တပ်မက်ရာကျ၊ တဏှာနှသယာသည်လည်း၊ တဖန်အသစ်၊ ဘဝကိုဖြစ်စေတတ်သော အလေ့သဘောရှိ၏။ ပီတိဖြင့်နှစ်သက်တတ်သော၊ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘနှင့် တကွဖြစ်၏။ ထိုထိုအာရုံဘုံဘဝသို့၊ ရှေ့ရှုနှစ်သက်တတ်သော အလေ့သဘောရှိ၏။ ထိုတပ်မက်ရာကျ၊ တဏှာနှသယာသည်လည်း၊ ထိုသူ့အား တိုးပွါးခဲ့၏။ ။ဤသို့ တပ်မက်ရာကျ၊ တဏှာနှသယ၊ တဖန်အသစ်၊ ဖြစ်စေသော ထိုဘဝသည်လည်း၊ ကာလအားဖြင့် ၃-ပါး။ တောင်းတသော ကာလလည်းတပါး။ အားထုတ်သောကာလလည်းတပါး။ ရသောကာလလည်းတပါး။ ထို ၃-ပါးတို့တွင်၊ တပ်မက်ရာကျ၊ တဏှာနှသယ၊ အသစ်အသစ်ကျသော ခဏသည့်ကား၊ တောင်းတသောကာလမည်၏။ တစုံတခု၊ ကံပြု

ဖသော ခဏခဏသည်ကား၊ အားထုတ်သောကာလမည်၏။ ပဋိသန္ဓေနေသော ခဏခဏသည်ကား၊ ရသောကာလမည်၏။ ဤသို့ ပဋိသန္ဓေနေသော ခဏခဏ၊ ရသောကာလ၊ ထိုဘဝသည်လည်း၊ ယောနိအားဖြင့် ၄-ပါး။ အဏ္ဍဇယောနိလည်းတပါး။ ဇလာဗုဇ ယောနိလည်းတပါး။ သံသေဒဇယောနိလည်းတပါး။ ဩပပါတိက ယောနိလည်းတပါး။ ထို ၄-ပါးတို့တွင်၊ အဥ၌ ပဋိသန္ဓေနေသော၊ သတ္တဝါမျိုးသည်ကား၊ အဏ္ဍဇယောနိမည်၏။ အမိဝမ်း၌ ပဋိသန္ဓေနေသော သတ္တဝါမျိုးသည်ကား၊ ဇလာဗုဇယောနိမည်၏။ အညစ်၌ ပဋိသန္ဓေနေသောသတ္တဝါမျိုးသည်ကား၊ သံသေဒဇ ယောနိမည်၏။ ၁၅-နှစ် အသွင်အပြင်၊ ကိုယ်ထင်ဖြစ်သော သတ္တဝါမျိုးသည်ကား၊ ဩပပါတိက ယောနိမည်၏။ ဤ ၄-ပါးသော ယောနိကို၊ ပဋိသန္ဓေကစုတိကျအောင်၊ ရွက်ဆောင်ခွင့်သင့်၊ ဖင့်မနှေးလည်း၊ နည်းပေးသွန်သင်၊ အမည်တင်၍၊ စီရင်တတ်သော၊ ထိုနန္ဒီရာဂ၊ ပရိယုဋ္ဌာန် လောဘသည်လည်း၊ စီရင်ချင်း၌၊ ယောနိသို့သာ ကပ်ရောက်လာ၏။ ထိုနန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘ၏၊ ယောနိသို့ကပ်ချင်းလျှင် အကြောင်းရင်း ရှိကုန်သော၊ ဖင်းမှဖြစ်သောဘေး၊ ခိုးသူမှ ဖြစ်သောဘေး အစရှိကုန်သော၊ ၂၅-ပါးသောဘေး။ ဦးခေါင်းကိုဖြတ်ချင်း၊ ခြေလက်ကိုဖြတ်ချင်းအစရှိကုန်သော၊ ၃၂-ပါးသောကံ ကြမ္မာတို့သည်လည်း၊ အစေခံချင်း၌၊ ယောနိသို့သာ၊ လာကြကုန်၏။ ဤသို့ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘ၏၊ ယောနိသို့ ကပ်ရောက်ချင်းကြောင့်၊ သူသတ်ယောက်ျားနှင့်တူသည်၏ အဖြစ်ကိုသိအပ်၏။ ဤသို့ ပျက်သဟု-ပျက်သဟု၊ မပြတ်ရှုသော၊ ဘင်္ဂဉာဏ် အလိုအားဖြင့်၊ ပျက်သော သဘော-ဘေးဟု ရှုချင်းကြောင့်၊ ဘေးထင်သော၊ ထိုယောဂီပုဂ္ဂိုလ်အား၊ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘသည်၊ ၆-ယောက်မြောက်သော၊ အတွင်း သူလျှို သူသတ်ယောက်ျားကဲ့သို့၊ အဖြစ်ကြီးအထူအထယ်၊ အစုသဘွယ်ဖြစ်၍ထင်၏။

**ဆိတ်သောရွာမည်သည်ကား**၊ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန၊ အဇ္ဈတ္တိကာယတန ၆-ပါးတို့၏အမည်တည်း။ ထို ၆-ပါးတို့တွင်၊

**စက္ခာယတနကို** မျက်စိဟု၊ အကယ်၍ ဆင်ခြင်သည်ဖြစ်အံ့၊ ငါ-ငါ့ဥစ္စာအလျှင်း၊ကင်းသောမျက်စိသာလျှင်ထင်၏။ငါ-ငါ့ဥစ္စာမဖြီး၊အချည်း

နှိုးသောမျက်စိသာလျှင်ထင်၏။ ငါ-ငါ့ဥစ္စာဆို၊ မသိမသိပ်၊ ဆိတ်သော မျက်စိသာလျှင်ထင်၏။

**သောတာယတနကို** နားဟု၊ အကယ်၍ ဆင်ခြင်သည်ဖြစ်အံ့၊ ငါ-ငါ့ ဥစ္စာအလျှင်း၊ ကင်းသောနားသာလျှင်ထင်၏။ ငါ-ငါ့ဥစ္စာမပြီး၊ အချည်းနှီး သောနားသာလျှင်ထင်၏။ ငါ-ငါ့ဥစ္စာဆို၊ မသိမသိပ်၊ ဆိတ်သော နားသာ လျှင် ထင်၏။

**ဃာနာယတနကို** နှာဟု၊ အကယ်၍ ဆင်ခြင်သည်ဖြစ်အံ့၊ ငါ-ငါ့ဥစ္စာ အလျှင်း၊ ကင်းသော နှာသာလျှင်ထင်၏။ ငါ-ငါ့ဥစ္စာမပြီး၊ အချည်းနှီး သောနှာသာလျှင် ထင်၏။ ငါ-ငါ့ဥစ္စာဆို၊ မသိမသိပ်၊ ဆိတ်သောနှာသာ လျှင် ထင်၏။

**ဇိဝှါယတနကို** လျှာဟု၊ အကယ်၍ ဆင်ခြင်သည်ဖြစ်အံ့၊ ငါ-ငါ့ ဥစ္စာအလျှင်း၊ ကင်းသောလျှာသာလျှင်ထင်၏။ ငါ-ငါ့ဥစ္စာမပြီး၊ အချည်းနှီး သော လျှာသာလျှင်ထင်၏။ ငါ-ငါ့ ဥစ္စာဆို၊ မသိမသိပ်၊ ဆိတ်သောလျှာ သာလျှင်ထင်၏။

**ကာယာယတနကို** ကိုယ်ဟု၊ အကယ်၍ဆင်ခြင်သည်ဖြစ်အံ့၊ ငါ-ငါ့ ဥစ္စာအလျှင်း၊ ကင်းသော ကိုယ်သာလျှင်ထင်၏။ ငါ-ငါ့ဥစ္စာ မပြီး၊ အချည်းနှီးသော ကိုယ်သာလျှင်ထင်၏။ ငါ-ငါ့ ဥစ္စာဆို၊ မသိမသိပ် ဆိတ်သောကိုယ်သာလျှင်ထင်၏။

**မနာယတနကို** စိတ်ဟု၊ အကယ်၍ဆင်ခြင်သည်ဖြစ်အံ့၊ ငါ-ငါ့ ဥစ္စာအလျှင်း၊ ကင်းသောစိတ်သာလျှင်ထင်၏။ ငါ-ငါ့ဥစ္စာမပြီး အချည်း နှီးသောစိတ်သာလျှင်ထင်၏။ ငါ-ငါ့ဥစ္စာဆို၊ မသိမသိပ်၊ ဆိတ်သောစိတ် သာလျှင်ထင်၏။

ဤသို့ ပျက်သဟု-ပျက်သဟု၊ မပြတ်ရှုသော၊ ဘင်္ဂဉာဏ်အလိုအားဖြင့် ပျက်သောသဘော–ဘေးဟုရှုချင်းကြောင့်၊ ဘေးထင်သောထိုယောဂီ ပုဂ္ဂိုလ်အား၊ အဇ္ဈတ္တိကာယတန ၆-ပါးတို့သည်၊ ဆိတ်သောရွာကဲ့သို့၊ အပြစ်ကြီးအထု အထယ်၊ အစုသဘွယ်ဖြစ်၍ထင်ကြကုန်၏၊

ခြောက်ယောက်သော ခိုးသူယောကျ်ားမည်သည်ကား၊ ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယ တန။ ဗာဟိရာယတန ၆-ပါးတို့၏အမည်တည်း။ ထို ၆-ပါးတို့တွင်၊

**မျက်စိသည်၊** နှစ်သက်ဘွယ်သောအဆင်း၊ မနှစ်သက်ဘွယ်သော အဆင်းတို့ဖြင့်၊ ဝိပဿနာစိတ်၊ ကုသိုလ်ထုပ်၊ ဥစ္စာကိုလည်းလုယူ၏။ အားထုတ်သောသူ၊လူကိုလည်းသတ်၏။

**နားသည်၊** နှစ်သက်ဘွယ်သောအသံ၊ မနှစ်သက်ဘွယ်သောအသံ တို့ဖြင့်၊ ဝိပဿနာစိတ်၊ ကုသိုလ်ထုပ်၊ဥစ္စာကိုလည်းလုယူ၏။ အားထုတ် သောသူ၊ လူကိုလည်းသတ်၏။

**နှာသည်၊** နှစ်သက်ဘွယ်သောအနံ့၊ မနှစ်သက်ဘွယ်သော အနံ့တို့ ဖြင့်၊ ဝိပဿနာစိတ်၊ ကုသိုလ်ထုပ်၊ ဥစ္စာကိုလည်းလုယူ၏။ အားထုတ် သောသူ၊ လူကိုလည်းသတ်၏။

**လျှာသည်၊** နှစ်သက်ဘွယ်သောအရသာ၊ မနှစ်သက်ဘွယ်သောအ ရသာတို့ဖြင့်၊ ဝိပဿနာစိတ်၊ ကုသိုလ်ထုပ်၊ ဥစ္စာကိုလည်းလုယူ၏။ အားထုတ်သောသူ၊ လူကိုလည်းသတ်၏။

**ကိုယ်သည်၊** နှစ်သက်ဘွယ်သောအတွေ့၊ မနှစ်သက်ဘွယ်သောအ တွေ့တို့ဖြင့်၊ ဝိပဿနာစိတ်၊ကုသိုလ်ထုပ်၊ဥစ္စာကိုလည်းလုယူ၏။ အား ထုတ်သောသူ၊ လူကိုလည်းသတ်၏။

**စိတ်သည်၊** နှစ်သက်ဘွယ်သောသဘော၊ မနှစ်သက်ဘွယ်သော သဘောတို့ဖြင့်၊ ဝိပဿနာစိတ်၊ ကုသိုလ်ထုပ်၊ ဥစ္စာကိုလည်းလုယူ၏။ အားထုတ်သောသူ၊ လူကိုလည်းသတ်၏။

ဤသို့ ပျက်သဟု-ပျက်သဟု၊ မပြတ်ရှုသောဘာဂ်ဉာဏ် အလိုအား ဖြင့်၊ ပျက်သောသဘော-ဘေးဟုရှုချင်းကြောင့်၊ ဘေးထင်သော ထို ယောဂီပုဂ္ဂိုလ်အား၊ဗာဟိရာယတန ၆-ပါးတို့သည်၊၆-ယောက်သောခိုး သူယောကျ်ားတို့ကဲ့သို့၊ အပြစ်ကြီးအထုအထယ်၊ အရသာဘွယ် ဖြစ်၍ ထင်ကြကုန်၏။

**နှောင်-ကျယ်-ချုပ်ထား၊ခိုးသူယောကျ်ားမည်သည်ကား၊**ယောဂီ ပုဂ္ဂိုလ်၏ အမည်တည်း။ ရေပင်လယ် မည်သည်ကား၊ ကာမောဃ၊ ဘဝေါဃ၊ဒိဋ္ဌောဃ၊အဝိဇ္ဇောဃ၊၄-ပါးသောဩဃတို့၏အမည်တည်း။ မငြိမ်းမဧး၊ ဘေးရှိသော ဤမှာဘက်မည်သည်ကား၊ သက္ကာယခေါ် ဆို၊ မိမိကိုယ်၏ အမည်တည်း။ ငြိမ်း၏-ဧး၏၊ ဘေးမရှိသော၊ ထိုမှာဘက် မည်သည်ကား၊နိဗ္ဗာန်၏အမည်တည်း။ လူးလာပြန်ခေါက်၊ နိဗ္ဗာန်ခေါ် ဆို

ထိုမှာဘက်သို့၊ကူးရောက်ချင်း၌၊တံတားမရှိ၊လှေမရှိ။မရှိသည်ကိုထား၊ အကယ်၍သော်ကား၊ ယောကျ်ားယောဂီ၊ ထိုပုဂ္ဂိုလ်သည်၊ ဩဃလေးသွယ်၊ရေပင်လယ်ကိုကူးတက်၍၊ နိဗ္ဗာန်ခေါ်ဆို၊ထိုမှာဘက်သို့၊ရောက်ပါသော်ကား။ဘဝ၃-ပါး၊ယောနိ ၄-ပါး၊ဂတိ၅-ပါး၊ဌီတိ၇-ပါး၊သတ္တာဝါသ ၉-ပါး၊ မဟာဘုတ် ၄-ပါး၊ ခန္ဓာ ၅-ပါး၊ အဇ္ဈတ္တိကာယတန ၆-ပါး၊ ဗာဟိရာယတန ၆-ပါးတို့သည်၊ သွားလှည့်တဖန်၊ ပြန်လှည့်မကြွင်း၊ မရှိချင်းသက်သက်၊ ပျောက်ပျက်ချင်းတို့သို့၊ ရောက်ခွင့်သင့်ကြကုန်သည်ဖြစ်လျက်၊ သက္ကာယခေါ်ဆို၊ မိမိကိုယ် ဤမှာဘက်မှ၊ ဩဃလေးသွယ်၊ ရေပင်လယ်ကိုကူးတက်၍၊ နိဗ္ဗာန်ခေါ်ဆို၊ ထိုမှာဘက်သို့ရောက်သော်ကားမရောက်သေး။ မရောက်သေးသော်လည်း၊ မတွေး, မခေါ်,မမျှော်,မဆ၊ ဗိဋ္ဌကေန်၊ ဘေးရှိ၏၊ ဘေးမရှိဟု၊ ဆန့်ကျင်ဘက်ဉာဏ်၊ ထိုယောဂီပုဂ္ဂိုလ်အားအမှန်ဖြစ်၏။ ဖြစ်ပုံကား။ ဘဝ ၃-ပါး၊ ယောနိ ၄-ပါး၊ဂတိ ၅-ပါး၊ဌီတိ ၇-ပါး၊သတ္တာဝါသ ၉-ပါး၊ မဟာဘုတ် ၄-ပါး၊ ခန္ဓာ ၅-ပါး၊ အဇ္ဈတ္တိကာယတန ၆-ပါး၊ ဗာဟိရာယတန ၆-ပါး၊ ရှိသောအလိုအားဖြင့်၊ သက္ကာယခေါ်ဆို၊ မိမိကိုယ်ဤမှာဘက်၌ မငြိမ်းမဇေး၊ ဘေးရှိ၏။ ဘဝ ၃-ပါး၊ ယောနိ ၄-ပါး၊ ဂတိ ၅-ပါး။ ဌီတိ ၇-ပါး၊ သတ္တာဝါသ ၉-ပါး၊ မဟာဘုတ် ၄-ပါး၊ခန္ဓာ ၅-ပါး၊အဇ္ဈတ္တိကာယတန ၆-ပါး၊ ဗာဟိရာယတန ၆-ပါး၊ မရှိသောအလိုအားဖြင့်၊ နိဗ္ဗာန်ခေါ်ဆို၊ ထိုမှာဘက်၌၊ငြိမ်း၏-ဇေး၏၊ ဘေးမရှိဟု၊ မတွေး,မခေါ်, မမျှော်,မဆ၊ ဗိဋ္ဌကေန်၊ ဘေးရှိ၏၊ဘေးမရှိဟု၊ ဆန့်ကျင်ဘက်ဉာဏ်၊ ထိုယောဂီပုဂ္ဂိုလ်အား၊ အမှန်ဖြစ်၏။ ဗိဋ္ဌကေန်၊ ဘေးရှိ၏၊ ဘေးမရှိဟု၊ ဆန့်ကျင်ဘက်ဉာဏ်သည်၊ ထိုယောဂီပုဂ္ဂိုလ်အား၊ အမှန်ဖြစ်သည်ရှိသော်၊ အာဒီနဝဉာဏ်ဖြစ်သည်မည်၏။

စတ္တာရော မဟာဘူတာ ဃောရဝိသအာသိဝိသာ ဝိယ။ ပဉ္စက္ခန္ဓာ ဥက္ခိတ္တာသိကဝဓကာ ဝိယ။နန္ဒီရာဂေါ အန္တရစရဝဓကော ဝိယ။ ဆအဇ္ဈတ္တိကာယတနာနိ သုညဂါမော ဝိယ။ ဆဗာဟိရာယတနာနိ ဂါမဃာတကစောရာ ဝိယ။ နိရဿာဒ၊ နိရဿာ၊ မဟာအာဒီနဝရာသိဘူတာ ဟုတွာ ဥပဋ္ဌဟန္တိ။ ဧဝမေဝါယံ ယောဂါဝစရော ဘင်္ဂါနုပဿနာဝသေန သဗ္ဗ သင်္ခါရေသု ဘယတော ဥပဋ္ဌိတေသု သမန္တတော နိရယံ၊ နိရဿာဒံ၊

အာဒိန္နဝ မေဝ ပဿတိ။ တဿေဝံ ပဿတော အာဒီနဝဉာဏံ နာမ ဥပ္ပန္နံ ဟောတိ။ ယံ သန္ဓာယ ဣုဒံ ဝုတ္တံ။

စတ္တာရော မဟာဘူတာ၊ လေးပါးသော မဟာဘုတ်တို့သည်။ ဃောရဝိသ အာသိဝိသာ ဝိယ၊ ကြမ်းသောအဆိပ်ရှိသောမြွေ၊ လျင်သော အဆိပ် ရှိသောမြွေ ၄-ကောင် တို့ကဲ့သို့။ နိရဿာဒါ၊ သာယာဘွယ် ကင်းကုန်သည်ဖြစ်၍။ နိရသာ၊ အရသာ ကင်းကုန်သည်ဖြစ်၍။ မဟာ အာဒီနဝရာသိဘူတာ၊ အပြစ်ကြီးအထုအထယ်၊ အစုသဘွယ် တို့သည်။ ဟုတွာ၊ ဖြစ်၍။ ဥပဒ္ဒဟန္တိ၊ ထင်ကြကုန်၏၊ ပဥ္စက္ခန္ဓာ၊ ငါးပါးသော ခန္ဓာ တို့သည်။ ဥက္ခိတ္တာသိကဝဓကာ ဝိယ၊ သူသတ် ယောက်ျား ၅-ယောက်တို့ကဲ့သို့။ နိရဿာဒါ၊ သာယာဘွယ် ကင်းကုန်သည်ဖြစ်၍။ နိရသာ၊ အရသာကင်းကုန်သည်ဖြစ်၍။မဟာအာဒီနဝရာသိဘူတာ၊ အပြစ်ကြီးအထုအထယ်၊အစုသဘွယ်တို့သည်။ဟုတွာ၊ ဖြစ်၍။ ဥပဒ္ဒဟန္တိ၊ ထင်ကြကုန်၏။ နန္ဒီရာဂေါ၊ နန္ဒီရာဂ-ပရိယုဋ္ဌာန် လောဘသည်။ အန္တရဝဓကောဝိယ၊ အတွင်းသူလျှိုသူသတ်ယောက်ျား ကဲ့သို့။ နိရဿာဒေါ၊ သာယာဘွယ် ကင်းသည် ဖြစ်၍။ နိရသော၊ အရသာကင်းသည် ဖြစ်၍။ မဟာ အာဒီနဝ ရာသိဘူတော၊ အပြစ်ကြီး အထုအထယ်၊ အစုသဘွယ်သည်။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်၏။ ဆအဇ္ဈတ္တိကာယတနာနိ၊ အဇ္ဈတ္တိကာယတန ၆-ပါးတို့သည်။ သုညဂါမော ဝိယ၊ ဆိတ်သောရွာကဲ့သို့။ နိရဿာဒါ၊ သာယာဘွယ်ကင်းကုန်သည်ဖြစ်၍။ နိရသာ၊ အရသာကင်းကုန်သည်ဖြစ်၍။ မဟာအာဒီနဝရာသိဘူတာ၊ အပြစ်ကြီးအထုအထယ်၊အစုသဘွယ်တို့သည်။ဟုတွာ၊ ဖြစ်၍။ ဥပဒ္ဒဟန္တိ၊ ထင်ကြကုန်၏။ ဆဗာဟိရာယတနာနိ၊ ဗာဟိရာယတန ၆-ပါးတို့သည်။ ဂါမဃာတကစောရာဝိယ၊ ၆-ယောက်သော ခိုးသူယောက်ျားတို့ကဲ့သို့။နိရဿာဒါ၊သာယာဘွယ်ကင်းကုန်သည်ဖြစ်၍။နိရသာ၊ အရသာကင်းကုန်သည်ဖြစ်၍။ မဟာအာဒီနဝရာသိဘူတာ၊ အပြစ်ကြီး အထုအထယ်၊ အစုသဘွယ်တို့သည်။ ဟုတွာ၊ ဖြစ်၍။ဥပဒ္ဒဟန္တိ၊ ထင်ကြကုန်၏။ ဧဝမေဝ၊ ဤသို့သာလျှင်။ အယံယောဂါဝစရော၊ ဤယောဂီပုဂ္ဂိုလ်သည်။ ဘင်္ဂါနုပဿနာဝသေန၊ပျက်သဟု-ပျက်သဟု၊ မပြတ်ရှုသော ဘင်ဉာဏ်အလိုအားဖြင့်။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံ

H 83-47

သောသဒ္ဒါရဝတ္တိသည်။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌိတေသု၊ ထင်ကုန်
သည်ရှိသော်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ နိရဿံ၊ အရသာကင်း
သော။နိရဿာဒံ၊ သာယာဘွယ်ကင်းသော။ အာဒီနဝမေဝ၊ အပြစ်ကို
သာလျှင်။ပဿတိ၊ မြင်၏။ ဧဝံ၊ ဤသို့။ ပဿတော၊ မြင်သော။ တဿ
ယောဂိနော၊ထိုယောဂီပုဂ္ဂိုလ်အား။ အာဒီနဝဉာဏံနာမ၊ အာဒီနဝဉာဏ်
အမည်သည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ယံအာဒီနဝဉာဏံ၊
အကြင် အာဒီနဝဉာဏ်ကို။ သန္ဓာယ၊ ရည်၍။ ပဉ္စဒသဝိဓံ၊ ၁၅-ပါး
အပြားရှိသော။ ဒွါဒသဝါရပဋိမဏ္ဍိတံ၊ ၁၂-ပါးသော ဝါရတို့ဖြင့် တန်
ဆာဆင်အပ်သော။ တသေဝအာဒီနဝဉာဏဿ၊ ထိုအာဒီနဝဉာဏ်၏
သာလျှင်။ ဣဒံပဒဘာဇနံ၊ ဤပဒဘာဇနီကို။ ပဋိသမ္ဘိဒါယံ၊ ပဋိသမ္ဘိ
ဒါမဂ်၌။ ဝုတ္တံ၊ ဆိုအပ်၏။ ကထံဝုတ္တံ၊ အဘယ်သို့ဆိုအပ်သနည်း။

## "သန္တိပဒဉာဏ်ဖြစ်ပုံ"

ကထံ၊ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ဥပ္ပါဒေါ ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ ပဝတ္တံ ဘယန္တိ။ နိမိတ္တံ ဘယန္တိ။ အာယူဟနာ ဘယန္တိ။ ပဋိသန္ဓိ ဘယန္တိ။ ဂတိ ဘယန္တိ။ နိဗ္ဗတ္တိ ဘယန္တိ။ ဥပပတ္တိ ဘယန္တိ။ ဇာတိ ဘယန္တိ။ ဇရာ ဘယန္တိ။ ဗျာဓိ ဘယန္တိ။ မရဏံ ဘယန္တိ။ သောကော ဘယန္တိ။ ပရိဒေဝေါ ဘယန္တိ။ ဥပါယာသော ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။အနုပ္ပါဒေါ ခေမန္တိ သန္တိပဒေ ဉာဏံ။ အပ္ပဝတ္တံ။ ပ။ အနုပါယာသော ခေမန္တိ သန္တိပဒေ ဉာဏံ။ ဥပ္ပါဒေါ ဘယံ၊ အနုပ္ပါဒေါ ခေမန္တိ သန္တိပဒေ ဉာဏံ။ ပဝတ္တံ။ ပ။ ဥပါယာသော ဘယံ၊ အနုပါယာသော ခေမန္တိ သန္တိပဒေ ဉာဏံ။ဥပ္ပါဒေါ ဒုက္ခန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏံ။ ပဝတ္တံ။ ပ။ ဥပါယာသော ဒုက္ခန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏံ။ အနုပ္ပါဒေါ သုခန္တိ သန္တိပဒေ ဉာဏံ။ အပ္ပဝတ္တံ။ပ။အနုပါယာသော သုခန္တိ သန္တိပဒေ ဉာဏံ။ ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခန္တိ သန္တိပဒေ ဉာဏံ။ ပဝတ္တံ။ပ။ ဥပါယာသော ဒုက္ခံ၊ အနုပါယာသော သုခန္တိ သန္တိပဒေ ဉာဏံ။ ဥပ္ပါဒေါ သာမိသန္တိ ဘယ တုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ ပဝတ္တံ။ ပ။ ဥပါယာသော သာမိသန္တိ

ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ အနုပ္ပါဒေါ နိရာမိသန္တိ သန္တိပဒေ ဉာဏံ။ အပ္ပဝတ္တံ။ပ။ အနုပါယာသော နိရာမိသန္တိ သန္တိပဒေ ဉာဏံ။ ဥပ္ပါဒေါ သာမိသံ၊ အနုပ္ပါဒေါ နိရာမိသန္တိ သန္တိပဒေ ဉာဏံ။ ပဝတ္တံ။ပ။ ဥပါယာသော သာမိသံ၊ အနုပါယာသော နိရာမိသန္တိ သန္တိပဒေ ဉာဏံ။ ဥပ္ပါဒေါ သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ ပဝတ္တံ။ပ။ ဥပါယာသော သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ အနုပ္ပါဒေါ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။ အပ္ပဝတ္တံ။ ပ။ အနုပါယာသော နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။ဥပ္ပါဒေါ သင်္ခါရာ အနုပ္ပါဒေါ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။ပဝတ္တံ။ပ။ ဥပါယာသော သင်္ခါရာ၊ အနုပါယာသော နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။

ဥပ္ပါဒဉ္စ ပဝတ္တဉ္စ၊ နိမိတ္တံ ဒုက္ခန္တိ ပဿတိ။
အာယူဟနာ ပဋိသန္ဓိ၊ ဉာဏံ အာဒီနဝေ ဣဒံ။ ။

အနုပ္ပါဒံ အပ္ပဝတ္တံ၊ အနိမိတ္တံ သုခန္တိ စ။
အနာယူဟနာ အပ္ပဋိသန္ဓိ၊ ဉာဏံ သန္တိပဒေ ဣဒံ။ ။

ဣဒံ အာဒီနဝေ ဉာဏံ၊ ပဉ္စဋ္ဌာနေသု ဇာယတိ။
ပဉ္စဋ္ဌာနေ သန္တိပဒေ၊ ဒသဉာဏေ ပဇာနာတိ။
ဒွိန္နံ ဉာဏာနံ ကုသလတာ၊ နာနာဒိဋ္ဌီသု န ကမ္ပတီတိ။ ။

တံ ဉာတဋ္ဌေန ဉာဏံ၊ ပဇာနနဋ္ဌေန ပညာ၊ တေန ဝုစ္စတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏန္တိ၊ ကထံ၊ ဘယဘုပဋ္ဌာနေ ပညာ။ပ။ အာဒီနဝေ ဉာဏံ ဟူ၍။ ဖေ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။

**အာဒီနဝဉာဏ်သည်ကား ၂–ပါး။** ၂-ပါးဟူသော်ကား၊ အာဒီနဝဉာဏ်လည်းတပါး။ သန္တိပဒဉာဏ်လည်းတပါး။ထို ၂-ပါးတို့တွင်၊ ဘေးရှိ၏ ဟုထင်သောပညာသည်၊ အာဒီနဝဉာဏ်မည်၏။ ဘေးမရှိဟု ထင်သော ပညာသည်၊သန္တိပဒဉာဏ်မည်၏။ သန္တိပဒဉာဏ်၏ ဝတ္ထုကား ၁၅-ပါး၊ ၁၅–ပါးဟူသော်ကား။ အနုပ္ပါဒ- အပ္ပဝတ္တ-အနိမိတ္တ– အနာယူဟန- အပ္ပဋိသန္ဓိ- အဂတိ- အနိဗ္ဗတ္တိ- အနုပပတ္တိ- အဇာတိ-

## "နိဗ္ဗိဒါဉာဏ်"

သော ဧဝံ သဗ္ဗသင်္ခါရေ အာဒီနဝတော ပဿန္တော သဗ္ဗ
ဘဝ–ယောနိ- ဂတိ-ဝိညာဏဋ္ဌိတိ- သတ္တာဝါသဂတေ သဘေ
ဒကေ သင်္ခါရဂတေ နိဗ္ဗိန္ဒတိ၊ ဥက္ကဏ္ဌတိ၊ နာဘိရမတိ။

သော၊ ထိုအာဒီနဝဉာဏ် တဘက်ကမ်းရောက်သောယောဂီပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤသို့။ သဗ္ဗသင်္ခါရေ၊ အလုံးစုံသောသင်္ခါရတို့ကို။ အာဒီနဝတော၊ အပြစ်ဟူ၍။ ပဿန္တော၊ တရှုတည်း ရှုသည်ဖြစ်၍။ သဗ္ဗဘဝ-ယောနိ- ဂတိ- ဝိညာဏဋ္ဌိတိ- သတ္တာဝါသဂတေ၊ အလုံးစုံသောဘဝ၊ အလုံးစုံသောယောနိ၊ အလုံးစုံသောဂတိ၊ အလုံးစုံသောဝိညာဏဋ္ဌိတိ၊ အလုံးစုံသော သတ္တာဝါသသို့ ကျရောက်သော။ သဘေဒကေ၊ ပျက်စီးသောသဘောရှိသော။ သင်္ခါရဂတေ၊ သင်္ခါရအပေါင်း၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဥက္ကဏ္ဌတိ၊ ပျင်းရိ၏။ နာဘိရမတိ၊ မမွေ့မလျော်မပျော်။

**ဥပမာမည်သည်ကား၊** စိတ္တကူဋ်တောင်ခြေ၌၊ မွေ့လျော်ပျော်ပါးသော၊ ရွှေဟင်္သာမင်းသည်ကား၊ မစင်ကြယ်သော၊ ဒွန်းစဏ္ဍားရွာတံခါးတွင်း၌၊ မမွေ့မလျော်မပျော်။ ဟိမဝန္တာမြိုင်၊ အိုင်ကြီးခုနစ်အိုင်တို့၌ သာလျှင်၊ မွေ့လျော်ပျော်သကဲ့သို့။ ထို့အတူ၊ ဤယောဂီပုဂ္ဂိုလ်ဟင်္သာမင်းသည်လည်း၊ ကောင်းစွာ ထင်မြင်အပ်သော၊ အပြစ်ရှိသည်ဖြစ်၍၊ ပျက်သော သဘောရှိသော သင်္ခါရအပေါင်း၌၊ မမွေ့မလျော်မပျော်။ ဘာဝနာ၌မွေ့လျော်သည်၏အဖြစ်ဖြင့်၊ မွေ့လျော်ချင်းနှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့်။မြင်သောခဏ၊မြင်-မြင်တယ်ဟု၊အမှတ်ပြုသဖြင့်၊ ပျက်သဟုရှုသောဌာနကို။ကြားသောခဏ၊ကြား-ကြားတယ်ဟုအမှတ်ပြုသဖြင့်၊ ပျက်သဟုရှုသောဌာနကို။ နံသောခဏ၊ နံ-နံတယ်ဟု၊ အမှတ်ပြုသဖြင့်၊ ပျက်သဟုရှုသောဌာနကို။ စားသောခဏ၊ စား-စားတယ်ဟု၊ အမှတ်ပြုသဖြင့်၊ ပျက်သဟုရှုသောဌာနကို။ ထိသောခဏ၊ ထိ-ထိတယ်ဟုအမှတ်ပြုသဖြင့်၊ ပျက်သဟု ရှုသောဌာနကို။ သိသောခဏ၊ သိ-သိတယ်ဟု၊

အမှတ်ပြုသဖြင့်၊ ပျက်သဟုရှုသောဉာနကို။ အနိစ္စဘဲ၊ မမြဲဟူ၍သာရှု၏။ နိစ္စဘဲ၊ မြဲသဟုမရှု။ ဒုက္ခဘဲ၊ ဆင်းရဲဟူ၍သာရှု၏။ သုခဘဲ၊ ချမ်းသာသဟုမရှု။ အနတ္တဘဲ၊ အလိုမကျ အစိုးမရဟူ၍သာရှု၏။ အတ္တဘဲ၊ အလိုကျအစိုးရသဟုမရှု။ ငြီးသာငြီးငွေ့၏၊ မတပ်မက်။ ချုပ်သာချုပ်စေ၏၊ မဖြစ်စေ။ တဖန်တဖန်စွန့်သာစွန့်၏။ အသစ်အသစ်လုပ်၊ ဘဝမယူ။ ဤအနုပဿနာ ၇-ပါးတို့၌သာလျှင် မွေ့လျော်၏၊

> သေယျထာပိနာမ စိတ္တကူဋပဗ္ဗတပါဒါဘိရတော သုဝဏ္ဏရာဇဟံသော အသုစိမှိ စဏ္ဍာလဂါမဒွါရအာဝါဋေ နာဘိရမတိ။ သကေသု မဟာသရေသုယေဝ ရမတိ။ ဧဝမေဝ အယံ ယောဂီရာဇဟံသော သုပရိဒိဋ္ဌာဒီနဝေ သဘေဒကေ သင်္ခါရဂတေ နာဘိရမတိ။ ဘာဝနာရာမတာယ ရတိယာ သမန္နာဂတတ္တာ သကေသု အနုပဿနာသုယေဝ ရမတိ။

သေယျထာပိနာမ၊ ဥပမာမည်သည်ကား။ စိတ္တကူဋပဗ္ဗတပါဒါဘိရတော၊ စိတ္တကူဋ်တောင်ခြေ၌ မွေ့လျော်ပျော်ပါးသော။ သုဝဏ္ဏရာဇဟံသော၊ ရွှေဟင်္သာမင်းသည်ကား။ အသုစိမှိ၊ မစင်ကြွယ်သော။ စဏ္ဍာလဂါမဒွါရအာဝါဋေ၊ ဒွန်းစဏ္ဍားရွာ တံခါးတွင်း၌။ နာဘိရမတိ၊ မမွေ့မလျော် မပျော်။ သကေသု မဟာသရေသုယေဝ၊ ဟိမဝန္တာ မြိုင်၊ အိုင်ကြီး ခုနစ်အိုင်တို့၌သာလျှင်။ ရမတိယထာ၊ မွေ့လျော်ပျော်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ အယံယောဂီရာဇဟံသော၊ ဤယောဂီပုဂ္ဂိုလ်ဟင်္သာမင်းသည်လည်း။ သုပရိဒိဋ္ဌာဒီနဝေ၊ ကောင်းစွာမြင်အပ်ပြီးသောအပြစ်ရှိသော။ သဘေဒကေ၊ ပျက်သောသဘောရှိသော။ သင်္ခါရဂတေ၊ သင်္ခါရအပေါင်း၌။ နာဘိရမတိ၊ မမွေ့မလျော်မပျော်။ ဘာဝနာရာမတာယ၊ ဘာဝနာ၌ မွေ့လျော်သည်၏ အဖြစ်ဖြင့်။ ရတိယာ၊ မွေ့လျော်ချင်းနှင့်။ သမန္နာဂတတ္တာ၊ ပြည့်စုံသည်၏အဖြစ်ကြောင့်။ သကေသုအနုပဿနာသုယေဝ၊ ခုနစ်ပါးသောအနုပဿနာတို့၌သာလျှင်။ ရမတိ၊ မွေ့လျော်၏။

ရွှေချိုင့်၌ ထည့်လှောင်ထားသော ခြင်္သေ့မင်းသည်ကား၊ ရွှေချိုင့်၌ မမွေ့မလျော်မပျော်။ ယူဇနာသုံးထောင်အပြန့်ကျယ်သော၊ ဟိမဝန္တာတောင်၌သာလျှင်၊ မွေ့လျော်ပျော်သကဲ့သို့။ ထို့အတူ၊ ဤယောဂီ

ပုဂ္ဂိုလ်ခြသေ့်မင်းသည်လည်း။ ၃-ပါးအပြားရှိသော၊ သုဂတိဘုံဘဝ– ဘုံ၌သာနေ၌လည်း၊ မမွေ့မလျော်မပျော်။မြင်သောခဏ၊ ကြားသောခဏ၊ နံသောခဏ၊စားသောခဏ၊ ထိသောခဏ၊ သိသောခဏ ဒွါရ-အာရုံ-ဝိညာဏ်-ဖဿ-ဝေဒနာ၊ ပေါင်းဆုံကြသောကာလ။ ရုပ်ဟုထင်သော ရူပနိမိတ်ကို။ ဝေဒနာဟုထင်သောဝေဒနာနိမိတ်ကို။ သညာဟု ထင်သော သညာနိမိတ်ကို။သင်္ခါရဟုထင်သော သင်္ခါရနိမိတ်ကို ဝိညာဏ် ဟု ထင်သော ဝိညာဏနိမိတ်ကို။အနိစ္စဘဲ၊မမြဲဟု၊နိစ္စသညာ–သဿတ ဒိဋ္ဌိကိုပယ်ခွါ၍၊ အနိမိတ္တာနုပဿနာဖြင့်သာ ရှု၏။ဒုက္ခဘဲ၊ ဆင်းရဲဟု။ ပဏ္ဍနာသညာ-တဏှာပဏိဓိကို ပယ်ခွါ၍၊ အပ္ပဏိဟိတာနုပဿနာ ဖြင့်သာရှု၏။ အနတ္တဘဲ၊ အလိုမကျအစိုးမရဟု၊အတ္တနိဝေသသညာ– အတ္တဒိဋ္ဌိကိုပယ်ခွါ၍၊ သုညတာနုပဿနာဖြင့်သာရှု၏။ ဤ၃–ပါးသော အနုပဿနာတို့၌သာလျှင် မွေ့လျော်၏။

> ယထာ စ သုဝဏ္ဏပဉ္ဇရေ ပက္ခိတ္တော သီဟော မိဂရာဇာ နာဘိရမတိ၊ တိယောဇနသဟဿဝိတ္ထတေ ပန ဟိမဝန္တေ ယေဝ ရမတိ။ ဧဝမယံ ယောဂီ သီဟော တိဝိဓေ သုဂတိ ဘဝေပိ နာဘိရမတိ။ တီသု ပန အနုပဿနာသုယေဝ ရမတိ။

သုဝဏ္ဏပဉ္ဇရေ၊ ရွှေချိုင့်၌။ ပက္ခိတ္တော၊ ထည့်လှောင်သော။ သီဟော မိဂရာဇာ၊ ခြင်္သေ့မင်းသည်ကား။ သုဝဏ္ဏပဉ္ဇရေ၊ ရွှေချိုင့်၌။ နာဘိ ရမတိ၊ မမွေ့မလျော်မပျော်။ တိယောဇန သဟဿ ဝိတ္ထတေ ပန၊ ယူဇနာ သုံးထောင် အပြန့်ကျယ်သော။ ဟိမဝန္တေ ယေဝ၊ ဟိမဝန္တာ တောင်၌သာလျှင်။ ရမတိယထာ၊ မွေ့လျော်ပျော်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အယံယောဂီသီဟော၊ ဤယောဂီပုဂ္ဂိုလ် ခြင်္သေ့မင်းသည် လည်း။ တိဝိဓေ၊ သုံးပါး အပြားရှိသော။ သုဂတိ ဘဝေပိ၊ သုဂတိ ဘုံဘဝ- ဘုံ၌သာနေ၌လည်း။ နာဘိရမတိ၊ မမွေ့မလျော်မပျော်။ တီသုပန အနုပဿနာသုယေဝ၊ သုံးပါးသော အနုပဿနာတို့၌သာလျှင်။ ရမတိ၊ မွေ့လျော်၏။

အလုံးစုံ ပြည့်သော၊ အမြီး- နှာမောင်း- ခြေလေးချောင်း– သိုအိမ် တွဲလျောင်း၊ ပေါင်းအင်္ဂါ ၇-ပါးမြေ၌တည်သော၊ လူယောင်ဖန်ဆင်းချင်း အစရှိသော တန်ခိုးနှင့်ပြည့်စုံသော၊ ကောင်းကင်သို့ပျံသွားသော၊ ဆဒ္ဒန်

ဆင်မင်းသည်ကား၊ မြို့လယ်၌ မမွေ့ မလျော်မပျော်။ ဟိမဝန္တာမြိုင်၊ ဆဒ္ဒန်အိုင်၌ သာလျှင်၊ မွေ့လျော် ပျော်သကဲ့သို့။ ထို့အတူ၊ ဤယောဂီပုဂ္ဂိုလ် ဆင်မင်း သည့်လည်း၊ အလုံးစုံသော သင်္ခါရအပေါင်း၌ မမွေ့မလျော်မပျော်။ မပျက်သော သဘော -ဘေးမရှိဟူသည်ကား၊ ရှေးအကြောင်း ၅-ပါး၊ သင်္ခါရတရားတို့၏ မဖြစ်သောသဘောကြောင့်၊ ယခုအကျိုး ၅-ပါး၊ သင်္ခါရတရားတို့၏ မဖြစ်သော သဘော-ဘေးမရှိဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်အောင်၊ရှေးကာလက ပြ၍။ ရှုသော ကာလ၊ခဏ ခဏ၊ မဖြစ်သော သဘောသည်ကား– ဘေးမရှိ။ ချမ်းသာသော သဘောရှိ၏။ သုံးသပ်အပ်သော သဘောမရှိ။ နိဗ္ဗာန်။ ဤသို့အစရှိသော ဉာဏ်အစဉ်၊ ရှုနည်းထင်၍၊ တမြင်တည်းမြင်သော နိဗ္ဗာန်၌သာလျှင် မွေ့လျော်၏။ ထိုနိဗ္ဗာန်သို့၊ ညွတ်သော- ကိုင်းသော– ရှိုင်းသောစိတ်သာ၊ ရုံခါမလစ်၊ တဖြစ်တည်းဖြစ်၏။

ယထာ စ သဗ္ဗသေတော–သတ္တပ္ပတိဋ္ဌော-ဣဒ္ဓိမာ-ဝေဟာသင်္ဂမော ဆဒ္ဒန္တော နာဂရာဇာ နဂရမဇ္ဈေ နာဘိရမတိ။ ဟိမဝတိ ဆဒ္ဒန္တ ဒဟာဂဟာဏောယေဝ ရမတိ။ ဧဝမေဝ အယံ ယောဂါဝစရ ဝါရဏော သဗ္ဗသ္မိမ္ပိ သင်္ခါရဂတေ နာဘိရမတိ။ အနုပ္ပါဒေါ ခေမန္တိ အာဒိနာ နယေန ဒိဋ္ဌေ သန္တိပဒေယေဝ ရမတိ။ တန္နိန္နတပ္ပေါဏတပ္ပဗ္ဘာရမာနသော ဟောတီတိ။

နိဗ္ဗိဒါနုပဿနာဉာဏံ နိဋ္ဌိတံ။

သဗ္ဗသေတော၊ အလုံးစုံဖြူသော။ သတ္တပ္ပတိဋ္ဌော၊ အင်္ဂါ ၇-ပါးမြေ၌ တည်သော။ ဣဒ္ဓိမာ၊ တန်ခိုး နှင့် ပြည့်စုံသော။ ဝေဟာသင်္ဂမော၊ ကောင်းကင်သို့ ပျံသွားသော။ ဆဒ္ဒန္တော နာဂရာဇာ၊ ဆဒ္ဒန် ဆင်မင်း သည်ကား။ နဂရမဇ္ဈေ၊ မြို့အလယ်၌။ နာဘိရမတိ၊ မမွေ့ မလျော် မပျော်။ ဟိမဝတိ ဆဒ္ဒန္တဒဟာဂဟာဏောယေဝ၊ ဟိမဝန္တာမြိုင်၊ ဆဒ္ဒန် အိုင်၌သာလျှင်။ ရမတိယထာ၊ မွေ့လျော်ပျော်သကဲ့သို့။ ဧဝမေဝ၊ ဤ အတူသာလျှင်။ အယံယောဂါဝစရဝါရဏော၊ ဤယောဂီပုဂ္ဂိုလ်ဆင်မင်း သည်လည်း။ သဗ္ဗသ္မိံ၊ အလုံးစုံသော။ သင်္ခါရ ဂတေပိ၊ သင်္ခါရ အပေါင်း၌လည်း။ နာဘိရမတိ၊ မမွေ့မလျော်မပျော်။ အနုပ္ပါဒေါ၊ မဖြစ် သောသဘောသည်ကား။ ခေမံ၊ဘေးမရှိ။ ဣတိ အာဒိနာနယေန၊ ဤသို့

အာစရှိသောနည်းဖြင့်။ ဒိဋ္ဌေ၊ တမြင်တည်းမြင်သော။ သန္တိပဒေဃောဝ၊ နိဗ္ဗာန်၌သာလျှင်။ ခုမတိ၊ မွေ့လျော်၏။ တန္နိန္န-တပ္ပေါဏ- တပ္ပဗ္ဘာရမာနသော၊ ထိုနိဗ္ဗာန်သို့ညွတ်သော ကိုင်းသော- ရှိုင်းသောစိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဥာတိဥာဒိ၊ ဤသည်ကား။ နိဗ္ဗိဒါနုပဿနာဉာဏံ၊ နိဗ္ဗိဒါနုပဿနာဉာဏ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

**နိဗ္ဗိဒါဉာဏ်သည်ကား၊ အနိုက်အတန့်အားဖြင့် သုံးပါး။** သုံးပါးဟူသော်ကား။ ဘယဉာဏ်လည်းတပါး။ အာဒီနဝဉာဏ်လည်း တပါး။ နိဗ္ဗိဒါဉာဏ်လည်းတပါး။ထိုသုံးပါးတို့တွင်၊ အလုံးစုံသောသင်္ခါရတို့ကို၊ ဘေးဟူ၍၊ ဘေးထင်သော အနိုက်အတန့် သည်ကား၊ ဘယဉာဏ်မည်၏။ ထိုအလုံးစုံသော သင်္ခါရတို့၌ သာလျှင်၊ အပြစ်ဟူ၍၊ အပြစ်ထင်သောအနိုက်အတန့်သည်ကား၊ အာဒီနဝဉာဏ်မည်၏။ ထိုအလုံးစုံသော သင်္ခါရတို့၌သာလျှင်၊ ငြီးငွေ့သော အနိုက်အတန့် သည်ကား၊ နိဗ္ဗိဒါဉာဏ်မည်၏။

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား

ရေးသားစီရင်အပ်သော

# ဝိသုဒ္ဓိမဂ်-မြန်မာပြန်

## အခြေခံများနှင့် တကွ ဝိပဿနာပိုင်း

ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဓမ္မဒေသနာ ဖြန့်ချိရေးအဖွဲ့က
ပုံနှိပ်ထုတ်ဝေသည်။

ပထမအကြိမ်

ဂန္ဓာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

သာသနာ-၂၅၀၆ ကောဇာ-၁၃၂၄

## ဘယတုပဋ္ဌာနဉာဏ် ပြဆိုချက်

(၇၅၀) ၂၆။ ဤဆိုခဲ့သည့်အတိုင်း အလုံးစုံသော(တေဘူမက)သင်္ခါရတို့၏ ကုန်ခြင်း ပျောက်ခြင်း ပျက်ခြင်း ဟူသော ချုပ်ခြင်းလျှင် အာရုံရှိသော် **ဘင်္ဂါနုပဿနာ** ခေါ် **ဘင်္ဂဉာဏ်**ကို မှီဝဲလျက် ပွားစေလျက်

### မှတ်ချက်

၁- ကိုယ်၌ ဝတ်ထားသောအဝတ်ကိုမီးလောင်လျှင် ဦးခေါင်းကိုမီးလောင်လျှင် အခြားကိစ္စများကို ဂရုမစိုက်နိုင်ပဲ ထိုမီးကိုသာလျှင် အလျင်အမြန် ငြိမ်းသတ်ရာသကဲ့သို့ ထိုအတူပင် ဘင်္ဂဉာဏ်နှင့် ပြည့်စုံသော ယောဂီသည် အခြားကိစ္စများကို ဂရုမစိုက်နိုင်ပဲ သင်္ခါရတို့၏ အပျက်ကိုသာလျှင် အဖန်တလဲလဲ မပြတ်မစဲ သုံးသပ်နေသည်-ဟု ဆိုလို၏။

၂- ကုန်ဆုံးသွားခြင်း ပျောက်ကွယ်သွားခြင်း ပျက်သွားခြင်းဟု ခေါ်ဆိုအပ်သော ချုပ်ခြင်းကို ရှုမြင်လျက် အာရုံပြုသော ဘင်္ဂဉာဏ်-ဟု ဆိုလို၏။

ဇုန္ဓာသယ ၃၆၇-၃၂

အကြိမ်များစွာ ပြုသော ထိုယောဂီအား[၁] အလုံးစုံသော ဘဝသုံးပါး ယောနိ လေးပါး ဂတိ ငါးပါး ဝိညာဏ ဌိတိ ခုနစ်ပါး သတ္တဝါသ ကိုးပါးတို့၌ (ခဏတိုင်း ခဏတိုင်း) မပြတ်ပျက်စီးကုန်သော သင်္ခါရတို့သည်[၂] "ချမ်းသာ စွာ အသက်ရှင်နေလိုသော ကြောက်တတ်သော ယောကျ်ားအား[၃] ခြင်္သေ့ ကျား သစ် ဝံ ဝံပုလွေ ဘီလူး ရက္ခိုသ် နွားကြမ်း ခွေးဆိုး အမုန်ယိုသော ဆင်ကြမ်း အဆိပ်ထန်သော မြွေဆိုး မိုးကြိုးစက် သုဿာန် စစ်မြေပြင် ရဲရဲ တောက်သော မီးကျီးတွင်း စသည်တို့သည် ကြီးစွာသော ကြောက်ဖွယ်ဖြစ်၍ ထင်ကုန်သကဲ့သို့"ကြီးစွာသော ကြောက်ဖွယ် ဖြစ်၍ ထင်ကုန်၏၊ "အတိတ် သင်္ခါရတို့သည် ချုပ်လေကုန်ပြီ၊ ပစ္စုပ္ပန် သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ နောင် အနာဂတ်ကာလ၌ဖြစ်လတ္တံ့သော သင်္ခါရတို့သည်လည်း ဤအတူပင် ချုပ်ကုန် လတ္တံ့"ဟု ရှုမြင်သော ထိုယောဂီအား ဤသို့ ရှုမြင်သော အရာ ဌာန၌ (ကြောက်ဖွယ် ဘေးဟု ထင်သောကြောင့်) **ဘယတုပဋ္ဌာနဉာဏ်** မည်သော **ဘယဉာဏ်**သည် ဖြစ်ပေ၏။

၂၇။ ထိုဘယဉာဏ်၌ ဤဆိုလတ္တံ့သည်ကား ဥပမာတည်း....တယောက် သော မိန်းမအား မင်းပြစ် မင်းဒဏ်သင့်သော သားသုံးယောက်တို့ ရှိကုန် သတတ်၊ မင်းသည် ထို သားသုံးယောက်တို့အား ဦးခေါင်းကို ဖြတ်ရန် အမိန့် ပေး၏၊ ထို မိန်းမသည် သားတို့နှင့်အတူတကွ သူသတ်ကုန်းသို့ သွားလေ၏၊ ထိုအခါ ထို မိန်းမ၏ သားကြီး၏ ဦးခေါင်းကို ဖြတ်ကုန်ပြီးလျှင် သားလတ် ၏ ဦးခေါင်းကို ဖြတ်ရန် အားထုတ်ကုန်၏၊ ထို သားတို့၏ မိခင် ဖြစ်သော မိန်းမသည် သားကြီး၏ ဦးခေါင်း ဖြတ်ပြီးသည် ကိုရင်း, သားလတ်၏ ဦးခေါင်းဖြတ်နေသည်ကိုရင်း မြင်၍ "ဤ သားငယ်သည်လည်း ထိုသားကြီး သားလတ်တို့နှင့် တူသည်သာလျှင် ဖြစ်ရှာလတ္တံ့"ဟု သားငယ်၌ တွယ်တာ

---

**မှတ်ချက်**

၁- ၂-ထိုယောဂီအား....သင်္ခါရတို့သည်....ကြီးစွာသော ကြောက်ဖွယ်ဖြစ် ၍ ထင်ကုန်၏-ဟု စပ်ပါ။

၃- ယောကျ်ားအား....ထင်ကုန်သကဲ့သို့-ဟု စပ်ပါ။

ခြင်း မြော်လင့်ခြင်းကို စွန့်လွှတ်လေ၏။ ထိုဥပမာ၌ ထို မိန်းမသည် သားကြီး၏ ဖြတ်ပြီးသော ဦးခေါင်းကို မြင်သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် အတိတ်သင်္ခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏၊ သားလတ်၏ ဖြတ်ဆဲ ဖြစ်သော ဦးခေါင်းကို မြင်သကဲ့သို့ ပစ္စုပ္ပန် သင်္ခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏၊ "ဤသားငယ်သည်လည်း ထို သားကြီးသားလတ်တို့နှင့် တူသည် သာလျှင် ဖြစ်ရှာလတ့်"ဟု သားငယ်၌ တွယ်တာခြင်း မြော်လင့်ခြင်းကို စွန့်လွှတ်သကဲ့သို့ "နောင် အနာဂတ် ကာလ၌ ဖြစ်လတ့်သော သင်္ခါရတို့ သည်လည်း ပျက်ကုန်လတ့်"ဟု အနာဂတ် သင်္ခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏။ ဤသို့ ရှုမြင်သော ထို ယောဂီအား ဤသို့ ရှုမြင်သော အရာ၌သာနဲ့ **ဘယတုပဋ္ဌာနဉာဏ်**သည် ဖြစ်ပေ၏။

၂၈။ တပါးသော ဥပမာကား.... ပုပ်သောသားရှိသော (သားသမီး အဖတ်မတင်သော) တယောက်သော မိန်းမသည် ဆယ်ယောက်သော ကလေးသူငယ်တို့ကို ဖွားမြင်သတတ်။ ထိုဆယ်ယောက်တို့တွင် ကိုးယောက် တို့သည် သေလေကုန်ပြီ၊ တယောက်သော သူငယ်သည် လက်၌တည်ရှိစဉ် သေရှာ၏၊ အခြားတယောက်သော သူငယ်သည် ဝမ်းထဲ၌ရှိ၏။ ထိုမိန်းမသည် သေလေပြီးသော ကိုးယောက်သော [၂၇၃] သူငယ်တို့ကိုရှင်း သေဆဲဖြစ် သော ဆယ်ယောက်မြောက်သူငယ်ကိုရှင်း မြင်ပြီးလျှင် "ဝမ်းထဲ၌ တည်ရှိ နေသော ဤသူငယ်သည်လည်း ထိုဆယ်ယောက်သောသူငယ်တို့နှင့် တူသည် သာလျှင်ဖြစ်ရှာလတ့်"ဟု ဝမ်းထဲတွင် တည်ရှိနေသောသူငယ်၌ တွယ်တာခြင်း မြော်လင့်ခြင်းကို စွန့်လွှတ်လေ၏။ ထိုဥပမာ၌ သားသမီး အဖတ်မတင်သော ထိုမိန်းမသည် ကိုးယောက်သောသူငယ်တို့၏ သေခြင်းကို အောက်မေ့သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် အတိတ်သင်္ခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏၊ လက်၌တည်ရှိနေသောသူငယ်၏ သေနေသည်၏အဖြစ်ကို မြင်သကဲ့သို့ ယောဂီသည် ပစ္စုပ္ပန် သင်္ခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏၊ ဝမ်းထဲတွင် တည်ရှိနေသောသူငယ်၌ တွယ်တာခြင်း မြော်လင့်ခြင်းကို စွန့် လွှတ်သကဲ့သို့ အနာဂတ် သင်္ခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏။

ဤသို့ရှုမြင်သော ထိုယောဂီအား ဤသို့ရှုမြင်သော ခဏ၌¹ **ဘယတုပဋ္ဌာန ဉာဏ်**သည် ဖြစ်ပေ၏။

(၇၅၁) ၂၉။ ဘယတုပဋ္ဌာန ဉာဏ်သည် ကြောက်တတ်သလော မကြောက်တတ်သလောဟူမူ.... မကြောက်တတ်ပေ။ မှန်ပေ၏- ထိုဘယတုပဋ္ဌာနဉာဏ်သည် "အတိတ်သင်္ခါရတို့သည် ချုပ်လေကုန်ပြီ၊ ပစ္စုပ္ပန်သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ်သင်္ခါရတို့သည် ချုပ်ကုန်လတ္တံ့"ဟု စူးစမ်းဆင်ခြင်ခြင်းမျှသာလျှင် ဖြစ်ပေသည်။ ထို့ကြောင့်² ဥပမာအားဖြင့်....မျက်စိမြင်သော ယောကျ်ားသည် မြို့တံခါးအနီး၌ မီးကျီးတွင်း သုံးခုတို့ကို ကြည့်ရှုလတ်သော် ကိုယ်တိုင်ကား မကြောက်ပေ၊ စင်စစ်သော်ကား ထိုယောကျ်ားအား³ "ဤမီးကျီးတွင်းတို့၌ ကျတိုင်းကျတိုင်းသော သူခပ်သိမ်းတို့သည် ကြီးစွာသော ဆင်းရဲကို ခံစားရကုန်လတ္တံ့"ဟု သက်သက် စူးစမ်းဆင်ခြင်ခြင်းမျှသာလျှင် ဖြစ်၏။ တနည်း⁴ ဥပမာအားဖြင့်.... မျက်စိမြင်သော ယောကျ်ားသည် ရှားနှစ်တံကျင် သံတံကျင်ရွှေတံကျင်ဟူသော အစဉ်အတိုင်း ထားသော တံကျင်သုံးခုကို ကြည့်ရှုလတ်သော် ကိုယ်တိုင်ကား မကြောက်ပေ၊ စင်စစ်သော်ကား ထိုယောကျ်ားအား³ "ဤတံကျင်တို့၌ ကျတိုင်းကျတိုင်းသော သူခပ်သိမ်းတို့သည် ကြီးစွာသော ဆင်းရဲကို ခံစားရကုန်လတ္တံ့"ဟု သက်သက်စူးစမ်းဆင်ခြင်ခြင်းမျှသာလျှင်ဖြစ်၏။ ဤအတူပင် ဘယတုပဋ္ဌာနခေါ် ဘယဉာဏ်သည် ကိုယ်တိုင်ကား မကြောက်တတ်ပေ၊ စင်စစ်သော်ကား ထိုဉာဏ်အား² "မီးကျီးတွင်း သုံးခုနှင့်လည်း တူကုန်သော

---

**မှတ်ချက်**

၁- ပါဠိ၌ ဤအရာတွင်"တေသ္မိံ ခဏေ"ဟု ရှိသောကြောင့် "ဤသို့ရှုမြင်သော ခဏ၌"ဟု ပြန်ဆိုသည်၊ ရှေးစာပိုဒ် ဂ၊ ၂၆၊ ၂၇-တို့၌ကား "တေသ္မိံ ဌာနေ"ဟု ရှိသောကြောင့်"ဤသို့ရှုမြင်သော အရာဌာန၌" ဟု ပြန်ဆိုခဲ့သည်။ ခဏ၌-ဟူသော ပြန်ဆိုချက်က သာ၍ချောမောပြေပြစ်သည်။

၂- ထို့ကြောင့်....ထိုဉာဏ်အား....စူးစမ်း ဆင်ခြင်ခြင်းမျှသာလျှင် ဖြစ်ပေ၏-ဟု စပ်ပါ။

၃- ထိုယောကျ်ားအား.... စူးစမ်း ဆင်ခြင်ခြင်း မျှသာလျှင် ဖြစ်၏-ဟု စပ်ပါ။

တံကျင်သုံးချောင်းနှင့်လည်း တူကုန်သော ဘဝသုံးပါးတို့၌ အတိတ်သင်္ခါရတို့သည် ချုပ်လေကုန်ပြီ၊ ပစ္စုပ္ပန်သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ်သင်္ခါရတို့သည် ချုပ်ကုန်လတ္တံ့”ဟု သက်သက် စူးစမ်းဆင်ခြင်ခြင်းမျှသာလျှင်ဖြစ်ပေ၏။ ဘယတုပဋ္ဌာနမည်ခြင်း၏ အကြောင်းကား.... ထိုဉာဏ်အားအလုံးစုံသော ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဋ္ဌိတိ ခုနစ်ပါး သတ္တာဝါသကိုးပါးတို့၌ တည်ကုန်သော သင်္ခါရတို့သည် ပျက်စီးခြင်းသို့ရောက်ကုန်လျက် ကြောက်ဖွယ် ဘေးရှိကုန်သည်ဖြစ်၍ သက်သက် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ပေါ်ကုန်၏၊ ထို့ကြောင့် **ဘယတုပဋ္ဌာန** ဟူ၍ ခေါ်ဆိုအပ်၏။ ထိုဉာဏ်အား ဤဆိုခဲ့သည့်အတိုင်း ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ပေါ်ရာ၌ အောက်ပါမှာ ပဋိသမ္ဘိဒါမဂ် ပါဠိပေတည်း။

၃၀။ မမြဲဟု နှလုံးသွင်းသောသူအား အဘယ်သည် ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်သနည်း။ ဆင်းရဲဟု၊ အတ္တမဟုတ်ဟု နှလုံးသွင်းသောသူအား အဘယ်သည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်သနည်းဟူမူ.... မမြဲဟု နှလုံးသွင်းသောသူအား နိမိတ်သည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်၏။ ဆင်းရဲဟု နှလုံးသွင်းသောသူအား မပြတ်ဖြစ်သော အယဉ်သည် ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်၏။ အတ္တမဟုတ်ဟု နှလုံးသွင်းသောသူအား နိမိတ်သည်ရင်း မပြတ်ဖြစ်သော အယဉ်သည်ရင်း ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်၏-ဤကား ပါဠိ။

[၂၇၄] ၃၁။ ထိုပါဠိ၌ **နိမိတ်**ဟူသည်ကား သင်္ခါရနိမိတ်တည်း၊ ဤနိမိတ်ဟူသော အမည်သည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော သင်္ခါရတို့၏သာလျှင် အမည်ပေတည်း။ မှန်ပေ၏- မမြဲဟု နှလုံးသွင်းသော သူသည် သင်္ခါရတို့၏ သေခြင်းပျက်ခြင်းကိုသာလျှင် မြင်၏၊ ထို့ကြောင့် ထိုယောဂီ

---

**မှတ်ချက်**

၁- ဘယတော-ကြောက်ဖွယ် ဘေးအားဖြင့်+ဥပဋ္ဌာန - ထင်ပေါ်သောဉာဏ်=ဘယတုပဋ္ဌာန- ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ပေါ်လာသောဉာဏ်။

အား သင်္ခါရနိမိတ်သည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်၏။ **ပဝတ္တ– မပြတ်ဖြစ်သော အယဉ်** ဟူသည်ကား ရူပဘဝ အရူပဘဝ အယဉ်တည်း။ မှန်ပေ၏– ဆင်းရဲဟု နှလုံးသွင်းသောသူသည် ချမ်းသာဟု သမုတ်အပ်သော ဘဝအယဉ်၌သော်လည်း မပြတ်နိုပ်စက် (အပ်) သည်၏ အဖြစ်ကိုသာလျှင် မြင်၏၊ ထို့ကြောင့် ထိုယောဂီအား ဘဝအယဉ်သည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်၏။ အတ္တမဟုတ်ဟု နှလုံးသွင်းသော သူသည် ဤနိမိတ်နှင့် အယဉ်နှစ်ပါးလုံးကိုလည်း ရွာပျက်ကဲ့သို့ငင်း တံလျှပ် ဂန္ဓဗ္ဗနတ် ကျတ်သူရဲတို့၏ မြို့စသည်တို့ကဲ့သို့ငင်း အနှစ်ကင်းသည်ဟု အချည်း နှီးဟု အတ္တမှဆိတ်သုဉ်းသည်ဟု ပိုင်ရှင်မရှိဟု ရှေ့ဆောင်အကြီးအကဲမရှိဟု မြင်၏၊ ထို့ကြောင့် ထိုယောဂီအား သင်္ခါရနိမိတ်သည်ငင်း မပြတ်ဖြစ်သော ဘဝအယဉ်သည်ငင်း နှစ်ပါးလုံးသည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်၏၊ ဤသို့ သိအပ်၏။

ဘယတုပဋ္ဌာနဉာဏ် ပြီး၏။

---

## အာဒီနဝါနုပဿနာဉာဏ် ပြဆိုချက်

(၇၅၂) ၃၂။ ထိုဘယတုပဋ္ဌာနဉာဏ်ကို မှီဝဲလျက် ပွားစေလျက် အကြိမ်များစွာပြုသော ထိုယောဂီအား အလုံးစုံသော ဘဝသုံးပါး ယောနိ လေးပါး ဂတိငါးပါး ဝိညာဏဋ္ဌိတိ ခုနစ်ပါး သတ္တာဝါသ ကိုးပါးတို့၌ အကျိုးမဲ့မှ စောင့်ရှောက်တတ်သောအရာ မထင်သည် သာတည်း၊ ပုန်း အောင်းရာလည်း မထင်သည်သာတည်း၊ ရှောင်တိမ်းသွားရန် အရပ်လည်း

---

**မှတ်ချက်**

၁– ဗာလပုထုဇဉ်ပုဂ္ဂိုလ်တို့သည် နတ်လောက ဗြဟ္မာလောက ကောင်းကင် ဘုံစသည်တို့၌ အိုခြင်း နာခြင်း သေခြင်းမှ ကင်းသည်ဟု ထင်ကြ၏။ ထို့ကြောင့်ထိုနတ်လောက စသည်တို့သည် ထိုသူတို့အား စောင့်ရှောက် တတ်သောအရာ ပုန်းအောင်းရာ ကိုးကွယ်ရာအနေအားဖြင့်ငင်း၊ ရှောင် တိမ်းသွားရန် အရပ်အနေ အားဖြင့်ငင်း ထင်ပေါ်လျက် ရှိကုန်၏၊ ဤယောဂီအားမူကား ထိုကဲ့သို့ မထင်ဟုဆိုလို၏။

မထင်သည်သာတည်း၊ ကိုးကွယ်ရာလည်း မထင်သည်သာတည်း၊ အလုံးစုံသော ဘဝ ယောနိ ဂတိ ဌိတိ နိဝါသတို့၌ တည်ကုန်သော သင်္ခါရတို့တွင် တခုသော သင်္ခါရ၌သော်လည်း တောင့်တခြင်းသော်ငှင်း ငါဟု မှားယွင်းစွာ သုံးသပ်ခြင်းသော်ငှင်း မရှိတော့ပေ။ သုံးပါးသောဘဝတို့သည် မီးလျှံကင်းသော မီးကျီးတို့ဖြင့်ပြည့်သော မီးကျီးတွင်းတို့ကဲ့သို့ငှင်း၊ လေးပါးသော မဟာဘုတ်တို့သည် ပြင်းထန်သော အဆိပ်ရှိသော မြွေဆိုးကြီးတို့ကဲ့သို့ငှင်း၊ ငါးပါးသော ခန္ဓာတို့သည် သံလျက်ထားကို ချီမိုးနေသော သူသတ်ယောကျာ်းတို့ကဲ့သို့ငှင်း၊ ခြောက်ပါးသော အဇ္ဈတ္တိကာယတန တို့သည် လူမရှိသော ရွာပျက်ကဲ့သို့ငှင်း၊ ခြောက်ပါးသော ဗာဟိရာယတနတို့သည် ရွာပျက်ဒမြကြီးတို့ကဲ့သို့ငှင်း၊ ခုနစ်ပါးသော ဝိညာဏဋ္ဌိတိတို့နှင့် ကိုးပါးသော သတ္တာဝါသတို့သည် တဆယ့်တပါးသော မီးတို့ဖြင့် ရဲရဲတောက်ကုန်သကဲ့သို့ငှင်း၊ ထက်ဝန်းကျင်မှ တောက်ပကုန် သကဲ့သို့ငှင်း၊ တခဲနက်မီးလျှံသဖွယ်ဖြစ်ကုန်သကဲ့သို့ငှင်း ထင်ပေါ်ကုန်၏။ အလုံးစုံသော သင်္ခါရတို့သည် အိုင်းအမာကဲ့သို့ ဖြစ်ကုန်၍ငှင်း၊ စွဲကပ်နေသော ရောဂါတို့ကဲ့သို့ ဖြစ်ကုန်၍ငှင်း၊ စူးဝင်နေသော ငြောင့်တို့ကဲ့သို့ ဖြစ်ကုန်၍ငှင်း၊ မကောင်းမှုတို့ကဲ့သို့ ဖြစ်ကုန်၍ငှင်း၊ အဖျားအနာကဲ့သို့ ဖြစ်ကုန်၍ငှင်း သာယာဘွယ် ကင်းကုန်သည်ဖြစ်၍ ထင်ကုန်၏၊ အရသာ ကင်းကုန်သည်ဖြစ်၍ ထင်ကုန်၏၊ကြီးစွာသော အပြစ်အစုသဖွယ်ဖြစ်၍ ထင်ကုန်၏။

၃၃။ အဘယ်သို့ နည်းဟူမူ.... ချမ်းသာစွာ အသက်ရှင်နေလိုသော ကြောက်တတ်သော ယောကျာ်းအား မွေ့လျော်ဖွယ် အခြင်းအရာအားဖြင့် ကောင်းစွာတည်သော်လည်း[၁] သားရဲရှိသော တောအုပ်ကဲ့သို့ငှင်း၊ ကျားရှိ

---

**မှတ်ချက်**

၁– "တောအုပ်စသည်သည် မွေ့လျော်ဖွယ် အခြင်းအရာအားဖြင့် ကောင်းစွာ တည်သော်လည်း သားရဲစသည်ရှိနေလျှင် ထိုတောအုပ်အစရှိသည်သည် အပြစ်အနေအားဖြင့်သာ ထင်၏၊ ပျော်မွေ့ဖွယ်အနေအားဖြင့် မထင်။ မွေ့လျော်ဖွယ်အခြင်းအရာအားဖြင့် ကောင်စွာမတည်သော တောအုပ်စသည်မှာ ဆိုဖွယ်ပင်မရှိပြီ- ဟူသော ဤအနက်ကို။ "သော်လည်း" ဟူသောစကားဖြင့် ပေါ်ပြ၏။

သော လိုဏ်ဂူကဲ့သို့၎င်း၊ ဘမ်းစားတတ်သော မိကျောင်းစသည်နှင့် ရေစောင့် ရက္ခိုသ် ဘီလူးရှိသော ရေကဲ့သို့၎င်း၊ ချိမိုး ထားသော သံလျက်ရှိသော ရန်သူကဲ့သို့၎င်း၊ အဆိပ်နှင့်တကွသော အစာကဲ့သို့၎င်း၊ ခိုးသူ ဒမြရှိသော လမ်းခရီးကဲ့သို့၎င်း၊ မီးစွဲလောင်နေသော အိမ်ကဲ့သို့၎င်း၊ ချီတက်တိုက်ခိုက်သော စစ်တပ်ရှိသော စစ်မြေပြင်ကဲ့သို့၎င်း ထင်၏။ ချဲ့၍ပြရလျှင်.... ထို ယောကျ်ားသည် ဤဆိုခဲ့သော သားရဲရှိသော တောအုပ်စသည်တို့ကို ရောက်သွားလတ်သော် ကြောက်ရွံ့ထိတ်လန့်လျက် ကြက်သီးမွေးညင်းထသည်ဖြစ်၍ ထက်ဝန်းကျင်မှ အပြစ်ကိုသာလျှင် မြင်သကဲ့သို့ ထိုအတူပင်လျှင် [၂၇၅] ဤယောဂီပုဂ္ဂိုလ်သည် ပျက်ခြင်းကိုရှုသော ဘင်္ဂါနုပဿနာ၏အစွမ်းအားဖြင့် အလုံးစုံသော သင်္ခါရတို့သည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ကုန်လတ်သော် ထက်ဝန်းကျင်မှ အရသာကင်းသော သာယာဖွယ် ကင်းသော အပြစ်ကိုသာလျှင် မြင်၏။ ဤသို့ အပြစ်ကိုမြင်သော ထိုယောဂီအား **အာဒီနဝဉာဏ်** မည်သော[၁] **အာဒီနဝါနုပဿနာဉာဏ်**သည်[၁] ဖြစ်ပေါ်၏။ ယင်း အာဒီနဝဉာဏ်ကို ရည်၍ အောက်ပါစကားကို ပဋိသမ္ဘိဒါမဂ်၌ ဟော အပ်ပေ၏—

၃၄။ အဘယ်သို့လျှင် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ရာ၌ ပညာသည် အပြစ်၌ ဖြစ်သော[၂] အာဒီနဝဉာဏ်မည်သနည်း....ရှေးဦးစွာ ဖြစ်ပေါ်ခြင်းသည် ကြောက်ဖွယ်ဘေးဟု ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ရာ၌ ပညာသည် အပြစ်၌ ဖြစ်သော အာဒီနဝ ဉာဏ်မည်၏၊ ဖြစ်ပွားခြင်းသည် ဘေးဟု။ နိမိတ်သည် ဘေးဟု။ အားထုတ်ခြင်းသည် ဘေးဟု။ တဖန် စပ်သော ပဋိသန္ဓေသည်

---

**မှတ်ချက်**

၁– အာဒီနဝ– အပြစ်+ဉာဏ– သိမြင်သောဉာဏ်=အာဒီနဝဉာဏ် – အပြစ်မြင်သောဉာဏ်။ အာဒီနဝ–အပြစ်+အနုပဿနာ–ရှုမြင်သော+ဉာဏ– ဉာဏ်–အာဒီနဝါနုပဿနာဉာဏ်–အပြစ်ကိုရှုမြင်သောဉာဏ်။

၂– "**အပြစ်၌ဖြစ်သော**" ဟူသည်မှာ "ထိုအပြစ်ကို မြင်လျက် သိလျက် ဖြစ်သော" ဟု ဆိုလို၏။

ဘေးဟု။ လားရာ ဂတိသည် ဘေးဟု။ ဖြစ်ခြင်းသည် ဘေးဟု။ ကပ်ရောက်၍ဖြစ်ခြင်းသည် ဘေးဟု။ ဘဝအသစ်ဖြစ်ခြင်းဇာတိသည် ဘေးဟု။ အိုခြင်းသည် ဘေးဟု။ နာခြင်းသည် ဘေးဟု။ သေခြင်းသည်ဘေးဟု။ စိုးရိမ်ခြင်းသည် ဘေးဟု။ငိုကြွေးခြင်းသည် ဘေးဟု။ ပြင်းစွာပူပန်ခြင်းသည် ဘေးဟု ကြောက်ဖွယ် ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။ (၁)

မဖြစ်ပေါ်ခြင်းသည် (ဖြစ်ပေါ်မှုကင်းသော နိဗ္ဗာန်သည်) ဘေးငြိမ်းရာတည်းဟု သိသောပညာသည် ငြိမ်းအေးရာနိဗ္ဗာန်၌ ဖြစ်သော သန္တိပဒဉာဏ်မည်၏။ မဖြစ်ပွားခြင်းသည် (ဖြစ်ပွားမှုကင်းသော နိဗ္ဗာန်သည်) ။ပ။ ပြင်းစွာမပူပန်ခြင်းသည် (ပြင်းစွာပူပန်မှုကင်းသောနိဗ္ဗာန်သည်) ဘေးငြိမ်းရာတည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ (၂)

ဖြစ်ပေါ်ခြင်းသည် ကြောက်ဖွယ် ဘေးတည်း၊ မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်။ပ။ ပြင်းစွာပူပန်ခြင်းသည် ကြောက်ဖွယ်ဘေးတည်း၊ ပြင်းစွာမပူပန်ခြင်းသည် ဘေးငြိမ်းရာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။ (၃)

ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်းဟု ကြောက်ဖွယ် ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်။ပ။ ပြင်းစွာပူပန်ခြင်းသည် ဆင်းရဲတည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ပညာသည် အာဒီနဝဉာဏ်မည်၏။ (၄)

---

**မှတ်ချက်**

၁– သန္တိ– ငြိမ်းအေးရာ+ပဒ–ရောက်အပ်– ရောက်သင့်–ရောက်ထိုက်သော နိဗ္ဗာန်+ ဉာဏ – ဉာဏ်= သန္တိပဒဉာဏ် – ငြိမ်းအေးရာ နိဗ္ဗာန်ကို သိသောဉာဏ်။

မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။မဖြစ်ပွားခြင်းသည်။ပ။ပြင်းစွာမပူပန်ခြင်းသည် ချမ်းသာတည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ (၅)

ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်း၊ မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်။ပ။ ပြင်းစွာပူပန်ခြင်းသည် ဆင်းရဲတည်း၊ ပြင်းစွာမပူပန်ခြင်းသည် ချမ်းသာတည်းဟုသိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ (၆)

ဖြစ်ပေါ်ခြင်းသည် (ဝဋ္ဋကာမဂုဏ် ကိလေသာဟူသော) အစာနှင့်တကွ ဖြစ်သည်ဟု ကြောက်ဖွယ် ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်။ပ။ ပြင်းစွာပူပန်ခြင်းသည် အစာနှင့်တကွ ဖြစ်သည်ဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။ (၇)

မဖြစ်ပေါ်ခြင်းသည် အစာကင်းသည်ဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ မဖြစ်ပွားခြင်းသည်။ပ။ ပြင်းစွာမပူပန်ခြင်းသည် အစာကင်းသည်ဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ (၈)

ဖြစ်ပေါ်ခြင်းသည် အစာနှင့်တကွဖြစ်သည်၊ မဖြစ်ပေါ်ခြင်းသည် အစာကင်းသည်ဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်။ ပ။ ပြင်းစွာပူပန်ခြင်းသည် အစာနှင့်တကွဖြစ်သည်၊ ပြင်းစွာမပူပန်ခြင်းသည်အစာကင်းသည်ဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ (၉)

[၂၈၆] ဖြစ်ပေါ်ခြင်းသည် သင်္ခါရတို့တည်းဟု ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ရာ၌ သိသော ပညာသည် အာဒီနဝဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်။ပ။ ပြင်းစွာပူပန်ခြင်းသည် သင်္ခါရတို့

တည်းဟု ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။ (၁၀)

မဖြစ်ပေါ်ခြင်းသည် ငြိမ်းသောနိဗ္ဗာန်တည်းဟု သိသော ပညာသည်သန္တိပဒဉာဏ်မည်၏။ မဖြစ်ပွားခြင်းသည်။ပ။ ပြင်းစွာမပူပန်ခြင်းသည် ငြိမ်းသော နိဗ္ဗာန်တည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ (၁၁)

ဖြစ်ပေါ်ခြင်းသည် သင်္ခါရတို့တည်း၊ မဖြစ်ပေါ်ခြင်းသည် ငြိမ်းအေးသောနိဗ္ဗာန်တည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်။ပ။ ပြင်းစွာပူပန်ခြင်းသည် သင်္ခါရတို့တည်း၊ ပြင်းစွာမပူပန်ခြင်းသည် ငြိမ်းအေးသော နိဗ္ဗာန်တည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ (၁၂)

၃၅။ ဖြစ်ပေါ်ခြင်းကိုရင်း ဖြစ်ပွားခြင်းကိုရင်း နိမိတ်ကိုရင်းအားထုတ်ခြင်းကိုရင်း တဖန်စပ်သော ပဋိသန္ဓေကိုရင်း ဆင်းရဲဟု ရှုမြင်၏၊ ဤရှုမြင်သော ဉာဏ်ငါးပါးသည် အပြစ်၌ ဖြစ်သော အာဒီနဝဉာဏ်မည်၏။

မဖြစ်ပေါ်ခြင်းကိုရင်း မဖြစ်ပွားခြင်းကိုရင်း နိမိတ်ကင်းခြင်းကိုရင်း အားမထုတ်ခြင်းကိုရင်း ပဋိသန္ဓေကင်းခြင်းကိုရင်း ချမ်းသာဟု ရှုမြင်၏၊ ဤရှုမြင်သော ဉာဏ်ငါးပါးသည် ငြိမ်းအေးရာနိဗ္ဗာန်၌ ဖြစ်သော သန္တိပဒဉာဏ်မည်၏။

ဤအာဒီနဝဉာဏ်သည် ငါးပါးသောဌာနတို့၌ ဖြစ်၏၊ သန္တိပဒဉာဏ်သည် ငါးပါးသောဌာန၌ ဖြစ်၏၊ (ယောဂီသည်) ဆယ်ပါးသော ဉာဏ်တို့ကို သိ၏။ နှစ်ပါးသော(အာဒီနဝဉာဏ် သန္တိပဒ) ဉာဏ်တို့၌ ကျွမ်းကျင်လိမ္မာသည်၏အဖြစ်ကြောင့် အမျိုးမျိုးသော မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်တော့ပြီ။

ထိုရှုမြင်မှုသည် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို

ကြောင့်''ကြောက်ဖွယ် ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အပြစ်၌ ဖြစ်သော အာဒီနဝဉာဏ်မည်၏''ဟူ၍ ဆိုအပ်၏၊ ဤကားပါဠိ။

(၇၅၃) ၃၆။ ထိုပါဠိ၌ **ဥပ္ပါဒ-ဖြစ်ပေါ်ခြင်း**ဟူသည်ကား ရှေးကံ ဟူသော အကြောင်းကြောင့် ဤဘဝ၌ (ရှေးဦးစွာ) ဖြစ်ပေါ်ခြင်းတည်း။ **ပဝတ္တ-ဖြစ်ပွားခြင်း** ဟူသည်ကား ထိုသို့ဖြစ်ပေါ်ပြီးသော ရုပ်နာမ်၏ မပြတ်ဖြစ်ခြင်းတည်း။ **နိမိတ္တ-နိမိတ်** ဟူသည်ကား အလုံးစုံသော သင်္ခါရ တရားဟူသော သင်္ခါရနိမိတ်တည်း။ **အာယူဟန-အားထုတ်ခြင်း** ဟူသည်ကား နောင်ဘဝပဋိသန္ဓေ၏အကြောင်းဖြစ်သော ကံတည်း။ **ပဋိသန္ဓိ-တဖန်စပ်သော ပဋိသန္ဓေ** ဟူသည်ကား နောင်ဘဝ၌ ဖြစ်ပေါ်ခြင်းတည်း။ **ဂတိ-လားရာ** ဟူသည်ကား အကြင် လားရောက်အပ်သော ငါးပါးသောဂတိဖြင့် ထိုပဋိသန္ဓေသည် ဖြစ်၏၊ ထိုလားရာ ဂတိငါးပါးပင် တည်း။ **နိဗ္ဗတ္တိ-ဖြစ်ခြင်း** ဟူသည်ကား ခန္ဓာတို့၏ဖြစ်ခြင်းတည်း။ **ဥပပတ္တိ-ကပ်ရောက်၍ ဖြစ်ခြင်း** ဟူသည်ကား ''သမာပတ်သို့ ဝင်ရောက် သူ၏ရင်း ကပ်ရောက်၍ဖြစ်သော သူ၏ရင်း''ဟူ၍ ဤသို့ ဟောအပ်သော မဟဂ္ဂုတ်ဝိပါက်၏ မပြတ်ခြင်းတည်း။ **ဇာတိ-ဘဝအသစ်ဖြစ်ခြင်း** ဟူ သည်ကား အိုခြင်းစသည်တို့၏ အကြောင်းဖြစ်သော ကမ္မဘဝကြောင့် ဖြစ် သော ဇာတိပေတည်း။ ဇရာမရဏ-အိုခြင်း,သေခြင်းစသည်တို့ကား ထင်ရှား ကုန်သည်သာတည်း။ ဤဥပ္ပါဒစသော တဆယ့်ငါးပုဒ်တို့တွင် ဥပ္ပါဒစသော မူလ ငါးပုဒ်တို့ကိုသာလျှင် အာဒီနဝဉာဏ်၏ ဖြစ်ရာ အာရုံဝတ္ထုအဖြစ်ဖြင့် ဟော(အပ်ကုန်)၏။ ကြွင်းသော ဆယ်ပုဒ်တို့ကို ထိုမူလငါးပုဒ်တို့၏ ဝေဝုစ် ပရိယာယ် စကားလှယ်အဖြစ်ဖြင့် ဟော (အပ်ကုန်)၏။ မှန်ပေ၏-နိဗ္ဗတ္တိ ဇာတိဟူသော ဤနှစ်ပုဒ်သည် ဥပ္ပါဒပုဒ်နှင့် ပဋိသန္ဓိပုဒ်တို့၏ ဝေဝုစ် ပရိ ယာယ် စကားလှယ်တည်း။ ဂတိ ဥပပတ္တိဟူသော ဤနှစ်ပုဒ်သည် ပဝတ္တ ပုဒ်၏ ဝေဝုစ် ပရိယာယ်စကားလှယ်တည်း။ အိုခြင်းစသည်တို့သည် နိမိတ္တပုဒ် ၏ ဝေဝုစ် ပရိယာယ်စကားလှယ်တည်း။ ထို့ကြောင့်-

> ''ဖြစ်ပေါ်ခြင်းကိုရင်း ဖြစ်ပွားခြင်းကိုရင်း နိမိတ်ကိုရင်း အားထုတ် ခြင်းကိုရင်း တဖန်စပ်သော ပဋိသန္ဓေကိုရင်း ဆင်းရဲဟူ၍မြင်၏၊

ဤရှုမြင်သောဉာဏ်ငါးပါးသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည်၏” ဟူ၍၎င်း၊

“ဤအာဒီနဝဉာဏ်သည် ငါးပါးသော ဌာနတို့၌ ဖြစ်၏”ဟူ၍၎င်း- မိန့်ဆိုလေသည်။

[၂၀၇] ၃၇။ “မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်းဟု သိသော ပညာသည် ငြိမ်းအေးရာ နိဗ္ဗာန်၌ဖြစ်သော သန္တိပဒဉာဏ်မည်၏” ဤသို့အစ ရှိသောစကားကိုမူကား အာဒီနဝဉာဏ်၏ ဆန့်ကျင်ဘက်ဖြစ်သော ဉာဏ်ကို ပြခြင်းအကျိုးငှာ ဟော(အပ်)ပေသည်။တနည်းကား ဘယဉာဏ်ဖြင့်အပြစ်ကို မြင်၍ ထိတ်လန့်သော စိတ်နှလုံးရှိသောပုဂ္ဂိုလ်တို့အား ဘေးငြိမ်း၍အပြစ် ကင်းသော ဘေးမဲ့အရပ်သည်လည်း ရှိသေး၏ဟု သက်သာရာ ရစေခြင်း အကျိုးငှာလည်း ထိုစကားကို ဟော (အပ်)ပေသည်။ တနည်းကား ထို ယောဂီအား ဖြစ်ပေါ်ခြင်းစသည်တို့သည် ကြောက်ဖွယ်ဘေးအနေအားဖြင့် ကောင်းစွာထင်ကုန်၏၊ ထိုသို့ထင်သောယောဂီ၏ စိတ်သည် ထိုဖြစ်ပေါ်ခြင်း စသည်တို့၏ ဆန့်ကျင်ဘက်၌ ညွတ်ကိုင်းလျက်ရှိ၏၊ ထို့ကြောင့် ဘယဉာဏ် ၏အစွမ်းအားဖြင့် ပြီးသော အာဒီနဝဉာဏ်၏ အကျိုးအာနိသင်ကို ပြခြင်း အကျိုးငှာလည်း ထိုစကားကို ဟော (အပ်)ပေသည်ဟု သိအပ်၏။

၃၈။ ဆက်၍ရှင်းလင်းပြဦးအံ့- ဤပါဠိ၌ ကြောက်ဖွယ်ဘေးမည်သော တရားသည် ကိန်းသေမုချအားဖြင့် ဆင်းရဲဒုက္ခပေတည်း၊ ထိုဆင်းရဲဒုက္ခသည် လည်း ဝဋ်သုံးပါးဟူသောအစာ ကာမဂုဏ်ဟူသောအစာ ကိလေသာဟူသော အစာတို့မှ မလွတ်ကင်းသောကြောင့် အစာနှင့်တကွ ဖြစ်သည်သာတည်း၊ အစာနှင့်တကွဖြစ်သော ထိုတရားသည်လည်း သင်္ခါရမျှသာလျှင်ဖြစ်ပေသည်။ ထို့ကြောင့် “ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်းဟု ကြောက်ဖွယ်ဘေးအနေ အားဖြင့် ထင်ရာ၌ ပညာသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည်၏” ဤသို့အစရှိသောစကားကို ဟောအပ်ပေသည်။ ဤသို့ပင်ဟောအပ်သော် လည်း ကြောက်ဖွယ်ဘေး အခြင်းအရာအားဖြင့်၎င်း, ဆင်းရဲအခြင်းအရာ အားဖြင့်၎င်း, အစာနှင့်တကွဖြစ်သော အခြင်းအရာအားဖြင့်၎င်း- ဤသို့

အခြင်းအရာထူးခြားသောအားဖြင့် ဖြစ်ပုံ၏အစွမ်းအားဖြင့်သာလျှင် ဤပုဒ်တို့၌ ထူးသည်၏အဖြစ်ကို သိအပ်၏။

၃၉။ **ဆယ်ပါးသော ဉာဏ်တို့ကို သိ၏**ဟူသည်ကား အာဒီနဝဉာဏ်ကို သိသည်ရှိသော် ဖြစ်ပေါ်ခြင်းစသည်လျှင် တည်ရာအာရုံဝတ္ထုရှိသော ဉာဏ်ငါးပါး, မဖြစ်ပေါ်ခြင်းစသည်လျှင် တည်ရာအာရုံဝတ္ထုရှိသော ဉာဏ်ငါးပါး ဟူသော ဆယ်ပါးသောဉာဏ်တို့ကို သိ၏၊ ထိုးထွင်း၍သိ၏၊ မျက်မှောက်ပြု၏။ **နှစ်ပါးသောဉာဏ်တို့၌ ကျွမ်းကျင် လိမ္မာသည်၏ အဖြစ်ကြောင့်** ဟူသည်ကား အာဒီနဝဉာဏ်, သန္တိပဒဉာဏ်ဟူသော ဤဉာဏ်နှစ်ပါးတို့၌ ကျွမ်းကျင်လိမ္မာသည်၏အဖြစ်ကြောင့်။ **အမျိုးမျိုးသော မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်တော့ပြီ** ဟူသည်ကား မြတ်သော မျက်မှောက်လောကနိဗ္ဗာန် အယူ[၂] စသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သော မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်တော့ပြီ။ ဤပါဠိ၌ကြွင်းသော စကားရပ်သည် ပေါ်လွင်ထင်ရှားသည်သာတည်း။

အာဒီနဝါ နုပဿနာဉာဏ်ပြီး၏။

---

မှတ်ချက်

၁– "အခြင်းအရာ ထူးသောအားဖြင့် ဉာဏ်ဖြစ်ပုံ"ဟူ၍၎င်း၊ "ထိုဉာဏ်ဖြစ်ပုံ၏ အစွမ်းအားဖြင့်သာလျှင် ဤပုဒ်တို့၌ ဉာဏ်ထူးသည်၏အဖြစ်ကို သိအပ်၏"ဟူ၍၎င်း ဆက်စပ်၍ အနက်အဓိပ္ပါယ်ယူပါ။ယူပုံကား.... ဘေးအခြင်းအရာအားဖြင့် ဖြစ်သောဉာဏ်ကို ဘယတုပဋ္ဌာနဉာဏ်ဟူ၍၎င်း၊ ကြွင်းသော ဆင်းရဲအခြင်းအရာ စသည်အားဖြင့် ဖြစ်သော ဉာဏ်ကို အာဒီနဝဉာဏ်ဟူ၍၎င်း ယူအပ်၏။

၂– "အချင်း၊ ဤအတ္တကောင်သည် ငါးပါးသော ကာမဂုဏ်တို့ဖြင့် ကုံလုံပြည့်စုံစွာ ပျော်ရွှင်ခံစားရ၏၊ အချင်း၊ ဤမျှဖြင့် ဤအတ္တကောင်သည် မြတ်သော မျက်မှောက် လောကနိဗ္ဗာန်သို့ရောက်၏( ကာမဂုဏ်ကိုခံစားရခြင်းထက် ကောင်းသောအရသာမရှိတော့ပြီဟု ဆိုလို၏)"။ (ဒီ ၁-၃၃၊ မြန်မာပြန်–၃၆)ဤသို့စသည်ဖြင့် ဗြဟ္မဇာလသုတ်၌ ပြထားသော

## နိဗ္ဗာနူပသဿနာဉာဏ်ကို ပြဆိုချက်

(၇၅၄) ၄၀။ ဤဆိုခဲ့သည့်အတိုင်း အလုံးစုံသောသင်္ခါရတို့ကို အပြစ်အနေအားဖြင့် ရှုမြင်လျက်ရှိသော ထိုယောဂီသည် အလုံးစုံသော ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဋ္ဌိတိခုနစ်ပါး သတ္တာဝါသကိုးပါးတို့၌ တည်သော (ခဏတိုင်း ခဏတိုင်း) မပြတ်ပျက်စီးတတ်သော သင်္ခါရတရားအပေါင်း၌ ငြီးငွေ့၏ ပျင်းရိ၏ မပျော်မွေ့။

၄၁။ ဥပမာအားဖြင့်စိတ္တကူဋ်တောင်ခြေ၌ ¹ပျော်မွေ့သောရွှေဟင်္သာမင်းသည် မစင်ကြယ်သော ဒွန်းစဏ္ဍားရွာ တံခါးအနီး ရေအိုင်ငယ်၌ မပျော်မွေ့၊ စင်စစ်သော်ကား ခုနစ်ပါးသော ရေအိုင်ကြီးတို့၌သာလျှင် ² ပျော်မွေ့သကဲ့သို့ ထိုအတူ ဤယောဂီတည်းဟူသော ဟင်္သာမင်းသည်လည်း ကောင်းစွာ ထက်ဝန်းကျင် မြင်အပ်ပြီးသော အပြစ်ရှိသော မပြတ်ပျက်စီးတတ်သော သင်္ခါရတရားအပေါင်း၌ မပျော်မွေ့၊ စင်စစ်သော်ကား ဘာဝနာလျှင် ပျော်မွေ့ရာရှိသည်၏ အဖြစ်ဟူသော ³ ဘာဝနာ၌ ပျော်မွေ့ခြင်းနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် ခုနစ်ပါးသော အနုပဿနာတို့၌သာလျှင် ပျော်မွေ့၏။

---

မှတ်ချက်

အယူကို မြတ်သော မျက်မှောက် လောကနိဗ္ဗာန် အယူဟုဆိုသည်။ဤ၌ "စသည်"ဟူသောစကားဖြင့် ထိုဗြဟ္မဇာလသုတ်၌ လာသော အခြားသောမိစ္ဆာအယူတို့ကို ညွှန်းသည်။

၁– ဤ၌ **စိတ္တကူဋ်တောင်**–ဟူသည်ကား အနဝတတ်အိုင်ကို ခြံရံလျက် တည်ကုန်သောဂန္ဓမာဒနတောင်, ကာဠကူဋ်တောင်, ကေလာသတောင်, သုဒဿနတောင်, စိတ္တကူဋ်တောင် ဟူသော ဟိမဝန္တာတောင်၏အထွဋ်များဖြစ်သော တောင်ငါးလုံးတို့တွင် နောက်ဆုံးတောင်ထွဋ်ဖြစ်သည်။

၂– **ခုနစ်ပါးသောရေအိုင်ကြီးတို့** ဟူသည်မှာ(၁)အနဝတတ်အိုင်၊(၂)ကဏ္ဏမုဏ္ဍအိုင်၊ (၃) ရထကာရအိုင်၊ (၄) ဆဒ္ဒန်အိုင်၊ (၅) ကုဏာလအိုင်၊ (၆) မန္ဒာကိနီအိုင်၊ (၇) သီဟပပါတအိုင်တို့ပင် ဖြစ်သည်။ ၎င်းတို့မှာ ဟိမဝန္တာတောင်ပေါ်၌ တည်ရှိကြသည်။

၃– "ဘာဝနာလျှင် ပျော်မွေ့ရာရှိသည်၏အဖြစ်"ဟူသောစကားနှင့်"ဘာဝနာ၌ ပျော်မွေ့ခြင်း"ဟူသောစကားသည်အရတူ၏၊ထို့ကြောင့်"အဖြစ်ဟူသော"–ဤပုဒ်ကို "မွေ့လျော်ခြင်း"–ပုဒ်နှင့်စပ်၍ အနက်ယူပါ။

[၂၀၀] ၄၂။ တနည်း ဥပမာအားဖြင့် ရွှေချိုင့်၌ ထည့်ထားသော သားတို့၏မင်းဖြစ်သော ခြင်္သေ့သည် (ထိုရွှေချိုင့်၌) မပျော်မွေ့၊ စင်စစ် သော်ကား ယူဇနာ သုံးထောင်ကျယ်ပြန့်သော ဟိမဝန္တာတော၌သာလျှင် ပျော်မွေ့သကဲ့သို့ ထိုအတူပင် ဤယောဂီတည်းဟူသော ခြင်္သေ့သည်လည်း သုံးပါးအပြားရှိသော သုဂတိဘဝ၌သော်လည်း မပျော်မွေ့၊ စင်စစ်သော် ကား သုံးပါးသော အနုပဿနာတို့၌သာလျှင် ပျော်မွေ့၏။

၄၃။ တနည်း ဥပမာအားဖြင့် ကိုယ်လုံးဖြူသော ခုနစ်ပါးသောအင်္ဂါတို့ ဖြင့် မြေ၌တည်သော[၁] တန်ခိုးနှင့်ပြည့်စုံသော ကောင်းကင်သို့ပျံသွားနိုင် သော ဆဒ္ဒန်ဆင်မင်းသည် မြို့အလယ်၌ မပျော်မွေ့၊ စင်စစ်သော်ကား ဟိမဝန္တာတောဝယ် ဆဒ္ဒန်အိုင်တောအုပ်၌သာလျှင် ပျော်မွေ့သကဲ့သို့ ထိုအတူ ပင် ဤယောဂီတည်းဟူသော မြတ်သောဆင်မင်းသည်လည်း အလုံးစုံသော သင်္ခါရတရားအပေါင်း၌ မပျော်မွေ့၊ စင်စစ်သော်ကား "မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်း- ဤသို့အစရှိသောနည်းဖြင့် မြင်အပ်ပြီးသော ငြိမ်းအေး ရာနိဗ္ဗာန်၌သာလျှင် ပျော်မွေ့၏ ထိုနိဗ္ဗာန်သို့ညွတ်ကိုင်းရှိုင်းသော စိတ်ရှိသည် သာလျှင် ဖြစ်ပေ၏၊ ဤသို့သိအပ်၏၊

နိဗ္ဗိဒါနုပဿနာဉာဏ် ပြီး၏။

---

(၇၅၅) ၄၄။ ထိုနိဗ္ဗိဒါနုပဿနာမည်သော ဤဉာဏ်သည် ရှေးဉာဏ် နှစ်ပါးနှင့် အနက်တရားကိုယ် အရအားဖြင့် တူ၏။ ထို့ကြောင့် ရှေးဆရာ တို့သည်-

---

**မှတ်ချက်**

၁- ခုနစ်ပါးသောအင်္ဂါတို့ဟူသည် မှာ (၁) နှာမောင်း၊ (၂၊ ၃၊ ၄၊ ၅) အခြေလေးချောင်း၊ (၆) အမြီး၊ (၇) သိုအိမ်-ဟူသော ဤခုနစ်ပါး တို့ပင် ဖြစ်သည်။ ဆင်မင်းသည် ဤခုနစ်ပါးသော အင်္ဂါတို့ဖြင့် မြေ၌ ထိလျက် တည်သောကြောင့် ၎င်းကို သတ္တပတိဋ္ဌောဟု ချီးကျူး၍ ပြဆိုသည်၊ ထိုပုဒ်ကို "ခုနစ်ပါးသော အင်္ဂါတို့ဖြင့် မြေ၌တည်သော" ဟု သဒ္ဒါနည်းအရ အတိအကျ ပြန်ဆိုထားသည်။

"ဘယတုပဋ္ဌာနဉာဏ် တခုတည်းပင်လျှင် သုံးပါးသော အမည်တို့ကိုရ၏၊အလုံးစုံသော သင်္ခါရတို့ကို ကြောက်ဖွယ် ဘေးအနေအားဖြင့် မြင်သောကြောင့် **ဘယတုပဋ္ဌာနဉာဏ်**မည် လေသည်၊ ထိုသင်္ခါရတို့၌ပင်လျှင် အပြစ်ကိုဖြစ်စေ - ထင်ပေါ်စေသောကြောင့် **အာဒီနဝါနုပဿနာဉာဏ်** မည်လေသည်၊ထိုသင်္ခါရတို့၌ပင်လျှင် ငြီးငွေ့လျက် ဖြစ်ပေါ်သောကြောင့် **နိဗ္ဗိဒါနုပဿနာဉာဏ်** မည်လေသည်''ဟု-

မိန့်ဆိုကုန်၏။ ပဋိသမ္ဘိဒါမဂ် ပါဠိ၌လည်း-

"ဘယတုပဋ္ဌာနပညာ, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ် ဟူသော ဤဉာဏ်သုံးပါးတို့သည် တူသောအနက် တရားကိုယ် ရှိကုန်၏၊ သဒ္ဒါမျှသာ ထူး၏''ဟု-

ဟောတော်မူ (အပ်)၏။

မဂ်၊ ဖိုလ်၊ နိဗ္ဗာန်သို့
အမြန်ဆိုက်ရောက်စေနိုင်သော

# ဝိပဿနာရှုနည်းကျမ်း

**ဒုတိယတွဲ**

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား
ရေးသားစီရင်အပ်သည်။

---

ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က
ပုံနှိပ်ထုတ်ဝေသည်။

**သတ္တမ ပုံနှိပ်ခြင်း စာအုပ်ရေ (၃၀၀၀)**

---

ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၁၃ ကောဇာ ၁၃၃၁ ၁၉၆၉ မေလ

# ဘယ, အာဒီနဝ, နိဗ္ဗိဒါဉာဏ်

ဘင်္ဂဉာဏ် ခေါင်ထိပ်သို့ ရောက်၍ "ရှေးက ရုပ်နာမ်များလဲ ချုပ်ပျက် သွားကြလေပြီ၊ ယခုလဲ ချုပ်ကြဆဲပင်၊ နောင်လဲ သည်လို ပင် ချုပ်ပျက် နေကြမှာဘဲ" ဟု ကောင်းကောင်း သဘောကျသော အခါ၌ ရုပ်နာမ် သင်္ခါရတို့ကို 'ကြောက်စရာကောင်းသည်' ဟု သိမြင်လျက် **ဘယဉာဏ်** ဖြစ်ပေ၏။

> တဿ အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတေ နိဗ္ဗတ္တနကသင်္ခါရာပိ ဧဝမေဝ နိရုဇ္ဈိဿန္တီတိ ပဿတော ဧတသ္မိံ ဌာနေ ဘယတုပဋ္ဌာနဉာဏံ နာမ ဥပ္ပဇ္ဇတိ။ (ဝိသုဒ္ဓိမဂ် ၂-၂၀၂)

တဿ၊ ဘင်္ဂဉာဏ် ခေါင်ထိပ်သို့ ရောက်သော ထိုယောဂီအား။ အတီတာ သင်္ခါရာ၊ အတိတ်သင်္ခါရတို့သည်။ နိရုဒ္ဓါ၊ ချုပ်ပျက် လေကုန်ပြီ။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန် သင်္ခါရတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ပျက် ကုန်ဆဲ။ အနာဂတေ နိဗ္ဗတ္တနကသင်္ခါရာပိ၊ နောင်အခါ၌ ဖြစ်မည့် သင်္ခါရတို့ သည်လည်း။ ဧဝမေဝ၊ ဤ နည်းတူပင်။ နိရုဇ္ဈိဿန္တိ၊ ချုပ်ပျက်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ပဿတော၊ မြင်လတ်သော်။ ဧတသ္မိံ ဌာနေ၊ ဤအရာ၌။ ဘယတုပဋ္ဌာနဉာဏံ နာမ၊ ကြောက် စရာဟု ထင်မြင်သော ဘယဉာဏ်မည်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေ၏။

ထိုအခါ၌ မှတ်တိုင်း မှတ်တိုင်းလဲ ပျက်၍ ပျက်၍ သွားသော သင်္ခါရတို့၌ ကြောက်သော အခြင်းအရာနှင့် တကွ အသိဉာဏ် ဖြစ်၏၊ ဆင်ခြင်မိသော အာရုံတို့၌လဲ ကြောက်စရာကောင်းသည် ဟု ထင်မြင်လျက် အသိဉာဏ် ဖြစ်၏။ ထိုကြောင့် မှတ်တဲ့စိတ်သည် ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ် ဖြစ်စဉ်ကကဲ့သို့ ကြည်သာ ရွှင်ပျ တက်ကြွခြင်းမရှိမူ၍ အားငယ်သလိုပင် ဖြစ်တတ်၏။ သို့သော်လဲ ရန်သူများ တွေ့ သူရဲများကို ကြောက်သလို စိတ်နှလုံးမသာ ဖြစ်လျက် ကြောက်ခြင်းမျိုးကား မဟုတ်ပေ၊ ကြောက်စရာကောင်း သည်ကို အမှန်အတိုင်း သိရ၍ မရွှင်မပျ ဖြစ်ရုံမျှသာတည်း။

> ဘယတုပဋ္ဌာနဉာဏံ ပန ဘာယတိ န ဘာယတီတိ၊ န ဘာယတိ၊ တဥှိ အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတာ နိရုဇ္ဈိဿန္တီတိ တီရဏမတ္တမေဝ ဟောတိ။ (ဝိသုဒ္ဓိမဂ် ၂-၂၇၃)

ဘယတုပဋ္ဌာနဉာဏံ၊ ဘယဉာဏ်သည်။ ဘာယတိ န ဘာယတီတိ၊ ကြောက်တတ်သလား, မကြောက်တတ်ဘူးလား ဟူမူ။ န ဘာယတိ၊တကယ်ကြောက်တတ်သည်ကား မဟုတ်ဟု ဖြေအပ်၏။ ဟိ၊ မှန်ပေ၏။ တံ၊ ထိုဘယဉာဏ်သည်။ အတီတာ- ပေ- နိရုဇ္ဈိဿန္တီတိ၊ အတိတ် သင်္ခါရတို့ ချုပ်ကုန်ပြီ, ပစ္စုပ္ပန် သင်္ခါရတို့ ချုပ်ကုန်ဆဲ, အနာဂတ် သင်္ခါရတို့ ချုပ်ကုန်လတ့ံ ဟူ၍။ တီရဏမတ္တမေဝ၊ ဆင်ခြင် ဆုံးဖြတ်ရုံမျှသာလျှင်။ ဟောတိ၊ ဖြစ်ပေ၏။

## "အာဒီနဝဉာဏ်"

ဤဘယဉာဏ် ရင့်သန်လျှင် အာဒီနဝဉာဏ် ဖြစ်ပေါ်၏။ ထိုအခါမှာ မှတ်မိတဲ့ သင်္ခါရတို့၌ရင်း၊ ဆင်ခြင်မိတဲ့ သင်္ခါရ ဘုံဘဝတို့၌ရင်း၊ သာယာဘွယ် အကောင်း အမွန် အနှစ် အရသာ ရှိသည်ဟု မထင်မြင်ပြီ၊ မှတ်မိတိုင်း ဆင်ခြင်မိတိုင်း ရွံမုန်းဘွယ်တို့ကိုသာ တွေ့နေရသည်ဟု ထင်မြင်၏။ မကောင်းတာတွေ ရုန့်ရင်း ကြမ်းတမ်းတာတွေကိုသာ တွေ့နေရသည်ဟု ထင်မြင်၏။ အောက်ပါမှာ ဘယ, အာဒီနဝဉာဏ် ဖြစ်ပုံကို ပြသော ပဋိသမ္ဘိဒါမဂ်ပေတည်း။ (၅၆)

> ဥပ္ပါဒေါ ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ ပဝတ္တံ ဘယန္တိ၊ နိမိတ္တံ ဘယန္တိ၊ အာယူဟနာ ဘယန္တိ၊ ပဋိသန္ဓိ ဘယန္တိ၊ ဂတိ၊ နိဗ္ဗတ္တိ၊ ဥပပတ္တိ၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏံ၊ သောကော၊ ပရိဒေဝေါ၊ ဥပါယာသော ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ (ပဌမ ဝါရ)။
>
> ဥပ္ပါဒေါ ဒုက္ခန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ ပဝတ္တံ-ပေ- ဥပါယာသော ဒုက္ခန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ (ဒုတိယ ဝါရ)။

ဥပ္ပါဒေါ သာမိသန္တိ-ပေ- ဥပါယာသော သာမိသန္တိ
ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ (တတိယဝါရ)။

ဥပ္ပါဒေါ သင်္ခါရာတိ-ပေ- ဥပါယာသော သင်္ခါရာတိ
ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။(စတုတ္ထဝါရ)။

ဥပ္ပါဒေါ၊ ယခုဘဝ၌ စ၍ ဖြစ်ခဲ့ခြင်းသည်။ ဘယန္တိ၊ ကြောက်စရာကောင်းသည်ဟု။ ဘယတုပဋ္ဌာနေ ပညာ၊ ကြောက်ဖွယ်ဘေးဟု ထင်သော သိမှု=ပညာသည်။ အာဒီနဝေ ဉာဏံ၊ အာဒီနဝဉာဏ်မည်၏။(ပဝတ္တံ စသော နောက်ပုဒ်တို့၌လဲ ပါဠိအနက် အပြည့်အစုံကို နည်းတူပင် ချဲ့၍ သိပါလေ)။ ။ပဝတ္တံ၊မကုန်ဆုံးနိုင်အောင် မပြတ်ဖြစ်နေခြင်းသည်။ ဘယန္တိ၊ ကြောက်စရာ ကောင်းသည်ဟု။ (အဟောင်း အဟောင်း ချုပ်ပျောက်သွားသော်လဲ အသစ် အသစ် ဖြစ်ပေါ်လျက် ရှိသောကြောင့် မှတ်တိုင်း မှတ်တိုင်း မပြတ် ထင်ပေါ်လျက် ရှိသော ရုပ်နာမ်အစဉ်ကို ကြောက်စရာဟု ထင်မြင်သည်)။ ။ နိမိတ္တံ၊ အကောင်အထည် ဒြပ် မရှိပါဘဲလျက် အကောင် အထည် ဒြပ် ရှိသလိုပင် ထင်ပေါ်လျက်ရှိသော ဖောင်းမှု ပိန်မှု ထိုင်မှု ကွေးမှု ဆန့်မှု မြင်မှု ကြားမှု စသော သင်္ခါရနိမိတ်သည်။(နိမိတ္တန္တိ သဗ္ဗမ္ပိ သင်္ခါရနိမိတ္တံ- အဋ္ဌကထာ ။ ။ သင်္ခါရနိမိတ္တန္တိ သင်္ခါရာနံ သမူဟာဒိဃနဝသေန သ-ကိစ္စပရိစ္ဆေဒတာယ စ သ-ဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာနံ- ဋီကာ)။ ။ အာယူဟနာ၊ ချမ်းသာ ကောင်းစားရန် ရည်သန်၍ အားထုတ်မှု ဟူသော ကုသိုလ်ကံ, အကုသိုလ်ကံသည်။ ပဋိသန္ဓိ၊ နောင်တဖန် ဖြစ်ရခြင်းသည်။ ဂတိ၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, လူ, နတ် အဖြစ် ဟူသော လားရာ ဂတိသည်။ နိဗ္ဗတ္တိ၊ ရှေးဦးစွာ ဖြစ်ပေါ်ခြင်းသည်။ ဥပပတ္တိ၊ ကပ်ရောက်အပ်သော ဘဝသည်။ ဇာတိ၊ ဖြစ်ခြင်းသည်။ ဇရာ၊ အိုခြင်းသည်။ ဗျာဓိ၊ မကျန်းမမာ နာဖျားခြင်းသည်။ မရဏံ၊ သေခြင်းသည်။ သောကော၊ စိုးရိမ် ပူဆွေးခြင်းသည်။ ပရိဒေဝေါ၊ ငိုကြွေးခြင်းသည်။ ဥပါယာသော၊ ပြင်းစွာ ပူပန်ခြင်းသည်။ ဘယန္တိ၊ ကြောက်စရာကောင်းသည်ဟု။ ဘယတုပဋ္ဌာနေ ပညာ၊ ကြောက်ဖွယ်ဘေးဟု ထင်သော သိမှု=ပညာသည်။ အာဒီနဝေ ဉာဏံ၊ အာဒီနဝဉာဏ် မည်၏။ (ပဌမ ဝါရ၌ အနက် ပြီး၏)။

ဥပ္ပါဒေါ၊ ယခု ဘဝ၌ စ၍ ဖြစ်ခဲ့ခြင်းသည်။ ဒုက္ခန္တိ၊ ဆင်းရဲပင်တည်း ဟူ၍။ ဘယတုပဋ္ဌာနေ ပညာ၊ ကြောက်ဖွယ်ဘေးဟု

ထင်သော သိမှု = ပညာသည်။ အာဒီနဝေ ဉာဏံ၊ အာဒီနဝဉာဏ် မည်၏။ (ကြွင်းသော ပါဠိ အနက်ကို ပဌမ ဝါရ၌ကဲ့သို့ ချဲ့လေ။ ဒုတိယ ဝါရ ပြီး၏။)

ဥပ္ပါဒေ၊ ယခု ဘဝ၌ စ၍ ဖြစ်ခဲ့ခြင်းသည်။ သာမိသန္တိ၊ ဝဋ်ဆင်းရဲ, ကာမဂုဏ်, ကိလေသာ ဟူသော အစာနှင့် ရောနှော နေသည်ဟူ၍။ ဘယတုပဋ္ဌာနေ ပညာ၊ ကြောက်ဖွယ်ဘေးဟု ထင်သော သိမှု = ပညာသည်။ အာဒီနဝေ ဉာဏံ၊ အာဒီနဝဉာဏ် မည်၏။

(နွေဥတု၌ မီးလောင်စာများနှင့် ရောယှက်နေသော အိမ်ကို မီးလောင်မည်မှ စိုးရိမ်ရသကဲ့သို့၊ ကိလေသာမီး၏ အစာဖြစ်သော ဝဋ်ဆင်းရဲ ကာမဂုဏ်တို့နှင့် တကွ ဖြစ်သောကြောင့် စိုးရိမ် ကြောက်ရွံ့ဘွယ်ကောင်းသည် ဟူ၍ရင်း၊ ထမင်း ဟင်း အစာ လူးလဲသော လက်ကဲ့သို့၊ လူးလဲ ညစ်ပေစေတတ်သော ကိလေသာ အစာနှင့် တကွ ဖြစ်သောကြောင့် စက်ဆုပ်ဖွယ် ရွံ့ဘွယ်ကောင်းသည် ဟူ၍ရင်း၊ ထင်မြင်သည် ဟူလို။ ကြွင်းသော ပါဠိအနက်ကို ပဌမ ဝါရ နည်းတူပင် သိလေ။ တတိယ ဝါရ ပြီး၏။)

ဥပ္ပါဒေ၊ ယခု ဘဝ၌ စ၍ ဖြစ်ခဲ့ခြင်းသည်။ သင်္ခါရာတိ၊ မငြိမ်းအေးတဲ့ သင်္ခါရတို့ဟူ၍။ ဘယတုပဋ္ဌာနေ ပညာ၊ ကြောက်ဖွယ်ဘေးဟု ထင်သော သိမှု = ပညာသည်။ အာဒီနဝေ ဉာဏံ၊ အာဒီနဝဉာဏ် မည်၏။ (ကြွင်းသော ပါဠိ အနက်ကို ပဌမ ဝါရ နည်းတူပင် သိလေ။ စတုတ္ထ ဝါရ ပြီး၏။)

**အဓိပ္ပါယ်ကား။** ။မှတ်သိရတဲ့ ရုပ်နာမ်နှင့်, မှတ်သိမှု ဝိပဿနာတို့၏ တပျက်ထဲ ပျက်နေခြင်းကိုသာ မျက်မှောက်တွေ့မြင်ရ၍ 'ကြောက်စရာတွေချည်းဘဲ' ဟု သဘောကျပြီးသောသူသည် "ထိုရုပ်နာမ်တို့၏ အစ ဖြစ်ပေါ်ခဲ့ရင်း ဖြစ်သော ယခု ဘဝ ပဋိသန္ဓေကို ဆင်ခြင်မိလျှင်" ထိုအစ ဖြစ်ပေါ်မှုကိုလဲ 'ကြောက်စရာကောင်းသည်'ဟူ၍သာ ထင်မြင်၏။ ဤသို့ ထင်မြင်သော အသိဉာဏ်သည် ဘယဉာဏ်, အာဒီနဝဉာဏ် မည်၏။ ဤသို့သော နည်းဖြင့် ဉာဏ်ဖြစ်ပုံကို သိအပ်၏။ အထူးကား ပဝတ္တ နိမိတ္တတို့၌ သီးခြား မဆင်ခြင်ရဘဲ၊ မှတ်ရုံမျှဖြင့်သော်လဲ ကြောက်စရာကောင်းသည်ဟု ထင်မြင်နိုင်သေး၏။

ဥပ္ပါဒ အစ, ဥပါယာသ အဆုံး, ရှိသော ၁၅-ပုဒ်တို့တွင် ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟနာ, ပဋိသန္ဓိ ဟူသော ဤငါးပုဒ်

သည်သာလျှင် ဘယ, အာဒီနဝဉာဏ်တို့၏ ဖြစ်ရာ လိုရင်းအာရုံပြ စကားတည်း။ ဂတိ စသော ၁၀-ပုဒ်တို့ကိုကား ပါဠိ ဝေါဟာရ မျှဖြင့် ထူးသောကြောင့်ရင်း၊ ဉာဏ်ကျယ်သော သူအား ထို ဝေါဟာရ အထူးတို့ဖြင့်လဲ ဆင်ခြင်လျက် ဖြစ်တတ်သောကြောင့် ၎င်း၊ အပို ထပ်မံ၍ ပြတော်မူပေသည်။ ထို ၁၀-ပုဒ်တို့တွင် နိဗ္ဗတ္တိ, ဇာတိ, ဤ ၂-ပုဒ်တို့သည် ဥပ္ပါဒ, ပဋိသန္ဓိ, ဤ ၂-ပုဒ်လုံး နှင့် အရ တူကုန်၏။ ဂတိ, ဥပပတ္တိ, ဤ ၂-ပုဒ်တို့သည် ပဝတ္တ ပုဒ်နှင့် အရ တူကုန်၏။ ဇရာ စသော ၆-ပုဒ်တို့သည် နိမိတ္တပုဒ် အတွင်း ဝင်ကုန်၏။ ထို့ကြောင့် ဥပ္ပါဒ စသော ၀ါးပုဒ် အရ ထင်မြင်လျှင်ပင် ပြည့်စုံပြီဟု မှတ်အပ်၏။

> တတ္ထ ဘယာကာရေန ပဝတ္တံ ဉာဏံ ဘယတုပဋ္ဌာန-ဉာဏံ၊ ဇုတရာကာရဝသေန ပဝတ္တံ အာဒီနဝဉာဏန္တိ ဒဋ္ဌဗ္ဗံ။ (မဟာဋီကာ ၂-၄၅၁)

တတ္ထ၊ ထိုဘယာကာရ စသည်တို့တွင်။ ဘယာကာရေန၊ ကြောက်ဖွယ်ဟု ထင်မြင်သော အခြင်းအရာအားဖြင့်။ ပဝတ္တံ ဉာဏံ၊ ဖြစ်သောဉာဏ်သည်။ ဘယတုပဋ္ဌာနဉာဏံ၊ ဘယဉာဏ် မည်၏။ ဇုတရာကာရဝသေန၊ ဤမှ တပါးသော ဒုက္ခ, သာမိသ, သင်္ခါရ, ဟု ထင်မြင်သော အခြင်းအရာတို့၏ အလိုအားဖြင့်။ ပဝတ္တံ ဉာဏံ၊ ဖြစ်သောဉာဏ်သည်။ အာဒီနဝဉာဏံ၊ အာဒီနဝ ဉာဏ် မည်၏။ ဇုတိ-ဒဋ္ဌဗ္ဗံ၊ ဤသို့ မှတ်အပ်၏။

ဤဋီကာနှင့် အညီ ပါဠိ လေးဝါရတို့တွင် ဘယန္တိ ဟူသော ပုဒ်နှင့် တကွသော ပဌမ ဝါရဖြင့် ဘယဉာဏ် ဖြစ်ပုံကို ပြသည်။ ကျန်သုံးဝါရဖြင့် အာဒီနဝဉာဏ် ဖြစ်ပုံကို ပြသည် ဟု ခွဲခြား၍ ယူအပ်၏။

ဥပ္ပါဒ စသည်တို့ကို ဘယ, ဒုက္ခ, သာမိသ, သင်္ခါရ,ဟု ထင်မြင် သော ယောဂီအား "ရှေးဦးစွာ ဖြစ်ပေါ်မှုကင်းခြင်း, မပြတ် ဖြစ်မှု ကင်းခြင်း, သင်္ခါရနိမိတ် ကင်းခြင်း, အားထုတ်မှု = ကံမရှိခြင်း, တဖန်မဖြစ်ရခြင်း,တို့က ဘေးကင်းပေသည်၊ ချမ်းသာ ကောင်းမွန်

ပေသည်၊ ဝဋ်ဆင်းရဲ, ကာမဂုဏ်, ကိလေသာ,ဟူသော အစာမှ ကင်းလွတ်ပေသည်။ ငြိမ်းအေးပေသည်”ဟု နိဗ္ဗာန်ကို မှန်းဆလျက် ပြောင်းပြန်အားဖြင့် ဆင်ခြင်သော အသိဉာဏ်လဲ ဖြစ်ပေ၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်၌—

အနုပ္ပါဒေါ ခေမန္တိ သန္တိပဒေ ဉာဏံ-စသည်ဖြင့်ရှင်း၊
အနုပ္ပါဒေါ သုခန္တိ သန္တိပဒေ ဉာဏံ-စသည်ဖြင့်ရှင်း၊
အနုပ္ပါဒေါ နိရာမိသန္တိ သန္တိပဒေ ဉာဏံ-စသည်ဖြင့်ရှင်း၊
အနုပ္ပါဒေါ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ- စသည်ဖြင့်ရှင်း၊

သန္တိပဒဉာဏ် လေးဝါရတို့ကိုလဲ ဆက်၍ ဟောတော်မူပေသည်။ ဤလေးဝါရတို့ဖြင့် ပြအပ်သော သန္တိပဒဉာဏ်သည်ကား ဘယ, အာဒီနဝဉာဏ် မဟုတ်ပေ၊ ရှင်းဉာဏ်တို့မှ ဆက်လက်၍ တရား သဘောအတိုင်း ဖြစ်ပေါ်သော အာနိသံသ ဉာဏ်မျှသာတည်း။

## “နိဗ္ဗိဒါဉာဏ်”

အာဒီနဝဉာဏ် ရင့်သန်လျှင် နိဗ္ဗိဒါဉာဏ် ဖြစ်ပေ၏။ ထိုအခါ၌ အာဒီနဝဉာဏ်ဖြင့် အပြစ် မြင်ပြီးသည်အား လျော်စွာ မှတ်တိုင်း မှတ်တိုင်းလဲ ပျင်းရိ ငြီးငွေ့ဘွယ် ဟူ၍သာ ထင်မြင်၏။ စဉ်းစား ဆင်ခြင်ကြည့်လျှင်လဲ ပျင်းရိ ငြီးငွေ့ဘွယ် ဟူ၍သာ ထင်မြင်၏။ အယုတ်ဆုံး အားဖြင့် ကြံစည် စိတ်ကူးနေရသည်ကိုပင် ပျင်းရိ ငြီးငွေ့ဘွယ် ဟု ထင်မြင်တတ်၏။ ဤဉာဏ် ဖြစ်ပုံကို ဓမ္မပဒ၌ ဤသို့ ဟောတော်မူ၏။

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ သင်္ခါရာ၊ အလုံးစုံသော ရုပ် နာမ် သင်္ခါရတို့သည်။ အနိစ္စာ-တိ၊ မမြဲကုန်ဟူ၍။ ယဒါ၊ ဘင်္ဂဉာဏ် ခေါင်ထိပ်သို့ ရောက်သော အကြင် အခါ၌။ ပညာယ၊ ပစ္စက္ခဉာဏ်မှ အစဉ်လျှောက်၍ ဖြစ်သော အန္ဝယဝိပဿနာ ဉာဏ် ပညာဖြင့်။ ပဿတိ၊ မြင်၏။ အထ၊ ထိုသို့မြင်သော အခါ၌။ ။(မဟာဋီကာ အလိုအားဖြင့်ကား .. ယဒါ၊ အကြင် အခါ၌။ ပညာယ၊ သမ္မသန ဉာဏ်ပညာဖြင့်။ ပဿတိ-သမ္မသတိ၊ ရှုမြင် သုံးသပ်၏၊ အထ-ပစ္ဆာ၊ သုံးသပ်ပြီး၍ ဥဒယဗ္ဗယဉာဏ် စသည်တို့ ဖြစ်သည်မှ နောက်ကာလ၌။ ဤသို့ အနက်ပြန်လေ)။ ဒုက္ခေ၊ ဘယဉာဏ် အာဒီနဝဉာဏ် တို့ဖြင့် ဘေးဟု တင်မြင်အပ်ပြီး, အပြစ်မြင်အပ်ပြီးသော ရုပ် နာမ် ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ မပျော်မမွေ့ ငြီးငွေ့လေ၏။ ဧသ၊ ဤငြီးငွေ့သော ဉာဏ်သည်။ ဝိသုဒ္ဓိယာ၊ ကိလေသာ အညစ် အကြေးမှ စင်ကြယ်ခြင်း၏။ (ဝိသုဒ္ဓတ္ထာယ ဝေါဒါ-နတ္ထာယ-အဋ္ဌကထာ ဖွင့်)။ မဂ္ဂေါ၊ အကြောင်း ပေတည်း။

သဗ္ဗေ သင်္ခါရာ၊ အလုံးစုံသော ရုပ်နာမ် သင်္ခါရတို့သည်။ ဒုက္ခာ-တိ၊ ဆင်းရဲတို့တည်း, မကောင်းကုန် ဟူ၍။ (အကြွင်း ပဌမဂါထာနှင့် တူပြီ။)

သဗ္ဗေ ဓမ္မာ၊ အလုံးစုံသော ရုပ်နာမ် သဘောတရားတို့သည်။ အနတ္တာတိ၊ အစိုးပိုင်သော ငါကောင် မဟုတ်ကုန်, ငါကောင် မရှိကုန် ဟူ၍။ (အကြွင်း ပဌမဂါထာနှင့် တူပြီ။)

ဘယ, အာဒီနဝ, နိဗ္ဗိဒါ ဟူသော ဤဉာဏ် သုံးမျိုးသည် အနု,အလတ်, အရင့်စားအားဖြင့် သာလျှင် ၃-ပါး ကွဲပြားသည်၊ သင်္ခါရတို့၏ အပြစ်ကို ထင်ရှား သိမြင်သော သဘော လက္ခဏာ အားဖြင့်ကား တမျိုးတည်းသော ဉာဏ်သာတည်း။ ထို့ကြောင့်ပင် အချို့သော သူအား ဘယဉာဏ် ဖြစ်ပေါ်လျှင် မကြာမီ တခဏ အတွင်းမှာသော်လဲ အာဒီနဝ, နိဗ္ဗိဒါ ဉာဏ်များ ဆက်လက်၍ ဖြစ်ပေါ်တတ်ပေသည်။ ထို့ပြင်, အထက် ဉာဏ်သို့ လျင်မြန်စွာ တက်သွားသော အချို့ပုဂ္ဂိုလ်အား ဘယ အာဒီနဝ နိဗ္ဗိန္ဒ အခြင်းအရာတို့တွင် တပါး နှစ်ပါးမျှသာ ထင်ရှားသည်လဲရှိပေသည်။

တေနာဟု ပေါရာဏာ ဘယတုပဋ္ဌာနံ ဧကမေဝ
တီဏိ နာမာနိ လဘိ၊ သဗ္ဗသင်္ခါရေ ဘယတော အဒ္ဒသာတိ

ဘယတုပဋ္ဌာနံ နာမ ဇာတံ။ တေသု ယေဝ သင်္ခါရေသု အာဒီနဝံ ဥပ္ပါဒေသီတိ အာဒီနဝါနုပဿနာ နာမ ဇာတံ၊ တေသု ယေဝ သင်္ခါရေသု နိဗ္ဗိန္ဒမာနံ ဥပ္ပန္နန္တိ နိဗ္ဗိဒါ-နုပဿနာ နာမဇာတန္တိ။ ပါဠိယမ္ပိ ဝုတ္တံ၊ ယာ စ ဘယတု-ပဋ္ဌာနေ ပညာ, ယဉ္စ အာဒီနဝေ ဉာဏံ, ယာ စ နိဗ္ဗိဒါ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနန္တိ။

(ဝိသုဒ္ဓိမဂ် ၂-၂၇၀)

တေန၊ ထို့ကြောင့်။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ အာဟု၊ ဆိုကုန်ပြီ။ ဘယတုပဋ္ဌာနံ ဧကမေဝ၊ ဘယဉာဏ် တခုတည်းက ပင်လျှင်။ တီဏိ နာမာနိ၊ အမည်သုံးမျိုးတို့ကို။ လဘိ၊ ရလေပြီ။ သဗ္ဗသင်္ခါရေ၊ အလုံးစုံသော သင်္ခါရတို့ကို။ ဘယတော အဒ္ဒသ၊ ကြောက်ဖွယ်ဟု မြင်ပြီ။ ဣတိ၊ ဤအကြောင်းကြောင့်။ ဘယတု-ပဋ္ဌာနံ နာမ ဇာတံ၊ ဘယဉာဏ် မည်သည် ဖြစ်လေ၏။ တေသု ယေဝ သင်္ခါရေသု၊ ကြောက်ဖွယ်ဟု မြင်အပ်ပြီးသော ထိုသင်္ခါရ တို့၌ ပင်လျှင်။ အာဒီနဝံ၊ အပြစ်ကို။ ဥပ္ပါဒေသိ၊ ထင်ရှားစေပြီ။ [ပါတွ္ဝာကာသိ ဝိဘာဝေသိ-ဋီကာ အဖွင့်]။ ဣတိ၊ ဤ အကြောင်းကြောင့်။ အာဒီနဝါနုပဿနာ နာမ ဇာတံ၊ အာဒီနဝဉာဏ် မည်သည် ဖြစ်လေ၏။ တေသု ယေဝ သင်္ခါရေသု၊ အပြစ်မြင်အပ်ပြီးသော ထိုသင်္ခါရတို့၌ ပင်လျှင်။ နိဗ္ဗိန္ဒမာနံ ဥပ္ပန္နံ၊ ငြီးငွေ့လျက် ဖြစ်လေပြီ။ ဣတိ၊ ဤ အကြောင်းကြောင့်။ နိဗ္ဗိဒါနုပဿနာ နာမ ဇာတံ၊ နိဗ္ဗိဒါဉာဏ် မည်သည် ဖြစ်လေ၏။ ဣတိ၊ ဤသို့ ရှေးဆရာတို့က ဆိုကုန်ပြီ။ ပါဠိယမ္ပိ၊ ပဋိသမ္ဘိဒါမဂ် ပါဠိ တော်၌လည်း။ ယာ စ ဘယတုပဋ္ဌာနေ ပညာ၊ အကြင် ဘယဉာဏ်သည်ရှင်း။ ယဉ္စ အာဒီနဝေ ဉာဏံ၊ အကြင် အာဒီနဝဉာဏ်သည်ရှင်း။ ယာ စ နိဗ္ဗိဒါ၊ အကြင် နိဗ္ဗိဒါဉာဏ်သည်ရှင်း။ အတ္ထိ၊ ရှိ၏။ ဣမေ ဓမ္မာ၊ ဤ ဉာဏ်တို့သည်။ ဧကတ္ထာ၊ တူသော သဘော တရားကိုယ် ရှိကုန်၏။ ဗျဉ္ဇနမေဝ၊ အမည် သဒ္ဒါမျှသည် သာလျှင်။ နာနံ၊ ထူးခြား၏။ ဣတိ ဝုတ္တံ၊ ဤသို့ ဟောတော်မူအပ်၏။

ဘယ, အာဒီနဝ, နိဗ္ဗိဒါဉာဏ် ပြီး၏။

# နိဗ္ဗာန်သို့ သွားရာ တစ်ကြောင်းတည်းသောလမ်း

(ဒုတိယအကြိမ်)



## ဖားအောက်တောရဆရာတော်

နိဗ္ဗာနဂါမိနိပဋိပဒါ နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ် (အကျဉ်းချုပ်) ကျမ်းစာများကို
သဘောတရားရေးရာအပိုင်း တိုက်တွန်းချက်ဥယျောဇဉ်အပိုင်းတို့ဖြင့်
ခြံရံတန်ဆာဆင်ထားပါသည်။

## ဘယဉာဏ်မှ သင်္ခါရုပေက္ခာဉာဏ်သို့

ထို အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်သည့် ဘုံသုံးပါးအတွင်း၌ တည်ရှိသော အလုံးစုံသော တေဘူမကသင်္ခါရတရားတို့၏ ကုန်ကုန်ပျက်ပျက် ပြိုပြိုပျောက်ပျောက်သွားခြင်းဟု ဆိုအပ်သော ခဏိကနိရောဓလျှင် အာရုံရှိသော ဘင်္ဂါနုပဿနာဉာဏ်ကို ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ မှီဝဲပွားများလျက်ရှိသော သင်္ခါရတရားတို့၏ အပျက်ကို မရပ်မနား တရစပ် သိမြင်နေသော အထွတ်အထိပ်သို့ ရောက်ရှိလာသော ဘင်္ဂါနုပဿနာဉာဏ်ဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ထိုသင်္ခါရတရားတို့အပေါ်၌လည်းကောင်း, ဘုံသုံးပါးအတွင်းဝယ် ယင်းရုပ်နာမ်ခန္ဓာတို့၏ ဖြစ်မှုအပေါ်၌လည်းကောင်း မပြတ်မစဲ အဖန်တလဲလဲ ပျက်မှုဒဏ်ချက်ဖြင့် အညှဉ်းပန်း အနှိပ်စက်ခံရခြင်း ဒုက္ခသဘော၏ အလွန်လျှင် ထင်နေသည်၏ အဖြစ်ကြောင့် ငြိမ်သက်သော သုခဟု သမုတ်အပ်ကုန်သော ရူပ အရူပ ဘဝတို့သည် သော်လည်း ကြောက်မက်ဖွယ် ဒုက္ခသဘောအားဖြင့် ထင်လာပေကုန်သည်။ ယင်းဉာဏ်ကား **ဘယတုပဋ္ဌာနဉာဏ်**တည်း။

တစ်ဖန် ကာမ ရူပ အရူပတည်းဟူသော ဘုံသုံးပါးအတွင်းဝယ် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး အဇ္ဈတ္တ ဗဟိဒ္ဓတည်းဟူသော သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိကြကုန်သော ဒုက္ခသစ္စာ အမည်ရသည့် ဥပါဒါနက္ခန္ဓာငါးပါး သမုဒယသစ္စာ အမည်ရသည့် အကြောင်းတရားတည်းဟူသော ထိုသင်္ခါရတရားတို့၏ အနိစ္စပြစ်ချက် ဒုက္ခပြစ်ချက် အနတ္တပြစ်ချက် ဖောက်ပြန်ပျက်စီးတတ်သော ဝိပရိဏာမပြစ်ချက် – ဤ ပြစ်ချက်ကြီးတို့ကို တွင်တွင်ကြီးမြင်နေသော ဝိပဿနာဉာဏ်ကား **အာဒီနဝါနုပဿနာဉာဏ်**တည်း။

ထိုကဲ့သို့သော အပြစ်များကို တွင်တွင်ကြီးမြင်လာလတ်သော် ကာလသုံးပါး ဘုံသုံးပါးအတွင်း၌ တည်ရှိကြသော သင်္ခါရတရား အားလုံးတို့အပေါ်၌ ငြီးငွေ့ ရွံ့မုန်းသော အခြင်းအရာအားဖြင့် ဖြစ်သော ဝိပဿနာဉာဏ်ကား **နိဗ္ဗိဒါနုပဿနာဉာဏ်**ပင်တည်း။

ထိုသို့ ငြီးငွေ့ရွံ့မုန်းနေသော ယောဂါဝစရ အမျိုးကောင်းသား အမျိုးကောင်းသမီး၏ စိတ်အစဉ်သည် ကာလ သုံးပါး ဘုံသုံးပါးအတွင်း၌ တည်ရှိကြသော သင်္ခါရတရားစုတို့တွင် တစ်စုံတစ်ခုသော သင်္ခါရတရား၌သော်မျှလည်း ငြိကပ်မှု မရှိတော့ဘဲ အလုံးစုံသော သင်္ခါရတရားအပေါင်းမှ လွတ်မြောက်လိုလာ၏။ ထိုသို့ သင်္ခါရတရားအပေါင်းမှ လွတ်မြောက်လိုသော အခြင်းအရာအားဖြင့် ဖြစ်သော ဝိပဿနာဉာဏ်ကား **မုဉ္စိတုကမျတာဉာဏ်**တည်း။

ထို သင်္ခါရတရားအပေါင်းမှ လွတ်မြောက်လိုသော စိတ်ဖြင့် သင်္ခါရတရားအပေါင်းကို တစ်ဖန်ပြန်၍ ဝိပဿနာ ဉာဏ်ဖြင့် ပိုင်းခြားယူလျက် သိမ်းဆည်းလျက် ယင်းသင်္ခါရတရားတို့၏ အပျက်ကိုပင် အာရုံယူကာ ယင်းသင်္ခါရ တရားတို့ကို အနိစ္စအားဖြင့် ရှု၏၊ ဒုက္ခအားဖြင့် ရှု၏၊ အနတ္တအားဖြင့် ရှု၏၊ အသုဘအားဖြင့် ရှု၏။ ယင်းသို့ ရှုသော

ဝိပဿနာဉာဏ်ကား **ပဋိသင်္ခါနုပဿနာဉာဏ်**တည်း။ ရှေ့သမ္မသနဉာဏ်ပိုင်းတွင် ရေးသားတင်ပြခဲ့သော ဘာဝနာ (၄၀) ခေါ် တော (၄၀) ရှုကွက်များကိုလည်း ဤအပိုင်းတွင် တစ်ဖန် ပြန်၍ ရှုနိုင်၏။ (အခြားရှုနည်းများကို ဝိသုဒ္ဓိမဂ်[၁၂၉၇]တွင် ကြည့်ပါ။)

## "သင်္ခါရုပေက္ခာဉာဏ်"

ထိုသို့ ကာလသုံးပါး ဘုံသုံးပါးအတွင်း၌ တည်ရှိကြသော သင်္ခါရတရားတို့ကို ခြုံငုံ၍ ယင်းတို့၏ အပျက်ကိုပင် အာရုံယူကာ – အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရုပ်တစ်လှည့် နာမ်တစ်လှည့် အကြောင်းတစ်လှည့် အကျိုးတစ်လှည့် အနိစ္စတစ်လှည့် ဒုက္ခတစ်လှည့် အနတ္တတစ်လှည့် အသုဘတစ်လှည့် – ဤသို့ လှည့်လည်၍ တွင်တွင်ကြီး ဝိပဿနာ ရှုခဲ့သော် ထိုသင်္ခါရတရားတို့၏ အပျက်ကား အလွန့်အလွန် ထင်ရှားလျက် အလွန့်အလွန် လျင်လျင်မြန်မြန် ဝိပဿနာဉာဏ်၌ ထင်လာတတ်သည်၊ အပျက်သည် သိပ်ကြမ်းလာတတ်၏။ ထိုပျက်မှုသဘောကိုပင် လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ ဆက်လက်ပြီး ဝိပဿနာ ရှုနေပါ။

ထိုသို့ ရှုနိုင်ခဲ့သော် . . တဖြည်းဖြည်း ဝိပဿနာဘာဝနာစိတ်သည် သင်္ခါရတရားတို့အပေါ်၌ ကြောင့်ကြမှု တောင့်တမှု မရှိတော့ဘဲ အညီအမျှ လျစ်လျူထားနိုင်သော အဆင့်သို့ ရောက်ရှိသွားပေလိမ့်မည်။ ဝိပဿနာ ဘာဝနာစိတ်သည်လည်း ယင်းသင်္ခါရတရားတို့၏ ပျက်မှုအာရုံပေါ်၌သာ ငြိမ်ဝပ်စွာ ကပ်၍ တည်နေပေလိမ့်မည်။

ထို ဘာဝနာစိတ်သည် ငြိမ်ဝပ်လာသောအခါ အဆင်း အသံ အနံ့ အရသာ အတွေ့အထိဟူသော အာရုံ (၅)ပါးကို သိသော ပဉ္စဒွါရိကဝီထိစိတ်များသည် မဖြစ်ကြတော့ဘဲ အရှုခံ နာမ်တရားဘက်၌လည်း မနောဒွါရိကဇောဝီထိ စိတ်များ, ရှုတတ်သည့် ဝိပဿနာဉာဏ်ဘက်၌လည်း မနောဒွါရိကဇောဝီထိစိတ်များသာ ဖြစ်နေတတ်ကြသည်။ ထိုအခါတွင် . . .

အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရုပ်တစ်လှည့် နာမ်တစ်လှည့် လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီ တင်၍ ဝိပဿနာရှုနေရာက . .

အဇ္ဈတ္တသင်္ခါရတရားကို ဝိပဿနာရှုခိုက်ဝယ် အဇ္ဈတ္တသင်္ခါရအာရုံ၌ ဝိပဿနာဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်နေလျှင် အဇ္ဈတ္တသင်္ခါရတရားကိုသာ ဆက်၍ ဝိပဿနာ ရှုနေပါ။ ဗဟိဒ္ဓသင်္ခါရတရားကို ဝိပဿနာ ရှုခိုက်ဝယ် ဗဟိဒ္ဓသင်္ခါရအာရုံ၌ ဝိပဿနာဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍တည်နေလျှင် ဗဟိဒ္ဓသင်္ခါရတရားကိုသာ ဆက်၍ ဝိပဿနာရှုပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ အပြန်ပြန် အလှန်လှန် ထပ်မံ၍ ပြောင်းရွှေ့နေပါက ဝိပဿနာသမာဓိသည် ပျက်ပြယ်သွားတတ်ပေသည်။

ထို့တွင်လည်း ရုပ်တရားကို ဝိပဿနာရှုခိုက်၌ ယင်းရုပ်သင်္ခါရအာရုံ၌ (= ယင်းရုပ်သင်္ခါရတရား၏ အပျက် အာရုံ၌) ဝိပဿနာဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်နေလျှင် ယင်းရုပ်တရားကိုပင် ဆက်လက်၍ ဝိပဿနာ ရှုနေပါ။ နာမ်တရားကို ဝိပဿနာရှုခိုက်၌ ယင်းနာမ်သင်္ခါရအာရုံ၌ (= ယင်း နာမ်သင်္ခါရတရား၏ အပျက်အာရုံ၌) ဝိပဿနာ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာကပ်၍ တည်နေလျှင် ယင်းနာမ်တရားကိုပင် ဆက်လက်၍ ဝိပဿနာ ရှုနေပါ။ ဤအခါမျိုးတွင် အကယ်၍ ရုပ်တစ်လှည့် နာမ်တစ်လှည့် အပြန်ပြန် အလှန်လှန် ပြောင်းရွှေ့ပြန်လှန်၍ ဝိပဿနာ ရှုနေပါက ဝိပဿနာသမာဓိမှာ ပျက်ပြယ်သွားတတ်ပေသည်။

### သတိကြီးစွာဖြင့် လျှောက်သွားရမည့်လမ်း

ဤအပိုင်းကား သဒ္ဓါနှင့် ပညာ, ဝီရိယနှင့် သမာဓိတို့ကို အထူးညီမျှအောင် သတိဖြင့် အထူးကြိုးစားရမည့်အပိုင်း ဖြစ်သည်။ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဟူသော ဣန္ဒြေငါးပါးတို့ ညီမျှပါမှ အရိယမဂ်ဉာဏ် အရိယဖိုလ်ဉာဏ်သို့ ဆိုက်ရောက်နိုင်မည် ဖြစ်သည်။

နာမ်တရားတို့၏အပျက်ကို အာရုံယူ၍ လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီ တင်၍ ဝိပဿနာရှုနေရာ၌ သင်္ခါရတုရှားတို့၏ အပျက်ကို အညီအမျှ လျစ်လျူရှုမှု ဉပေက္ခာသဘောသို့ မဆိုက်ရောက်သေးမီ အချိန်အနည်းငယ်

---

[၁၂၉၇] (ဝိသုဒ္ဓိ ။ ၂၈၉ . . . . )

လောက်က စ၍ ရှုကွက်များလည်း စုံလင်လာပြီဖြစ်ရကား ဓမ္မာရုံလိုင်း ကုသိုလ်ဇောဝီထိ နာမ်တရားတို့ကိုသာ ဦးစားပေး၍ ဝိပဿနာရှုနေပါ။ အကယ်၍ ယောဂီသူတော်ကောင်းသည် သမထယာနိကပုဂ္ဂိုလ် ဖြစ်ပါက ဤအချိန်အခါမျိုးတွင် ဈာနသမာပတ္တိဝီထိအတွင်း၌ တည်ရှိသော ဈာနဓမ္မ အမည်ရသည့် ဈာန်နာမ်တရားတို့ကိုသာ ဦးစားပေး၍ ဝိပဿနာရှုနေပါ။ လက္ခဏာရေးသုံးတန်တွင်လည်း အထူးသဖြင့် အနတ္တလက္ခဏာကို ဦးစားပေး၍ အနတ္တလက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုနေပါ။

ထိုသို့ရှုရာ၌ သင်္ခါရတရားတို့၏ အပျက်အာရုံ၌ ဝိပဿနာဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်လာမည် ဖြစ်ပေသည်။ ထိုအချိန်တွင် ယောဂါဝစရပုဂ္ဂိုလ်သည် အပြင်အသံ စသည်ကို ကြားမှု မရှိတော့ပေ။ ထိုသို့ အသံစသည်ကို မကြားရတော့ဘဲ သင်္ခါရတရားတို့၏ အပျက်အာရုံ၌ ဝိပဿနာဘာဝနာစိတ်သည် ငြိမ်ဝပ်စွာကပ်၍ တည်လာပါက လှုပ်မရအောင် ငြိမ်လာပါက ဝိပဿနာဘာဝနာစွမ်းအားသည် အထူးအားကောင်းလာပြီ ဖြစ်သည်။

ထိုအခါမျိုး၌ အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း ရံခါ အဇ္ဈတ္တ ရံခါ ဗဟိဒ္ဓ ရှုမှုကို ခေတ္တရပ်ဆိုင်း၍ အဇ္ဈတ္တ၌ ဘာဝနာစိတ်သည် ငြိမ်နေလျှင် အဇ္ဈတ္တ၌, ဗဟိဒ္ဓ၌ ဘာဝနာစိတ်သည် ငြိမ်နေလျှင် ဗဟိဒ္ဓ၌, ရုပ်တရား၌ ဘာဝနာစိတ်သည် ငြိမ်နေလျှင် ရုပ်တရား၌, နာမ်တရား၌ ဘာဝနာစိတ်သည် ငြိမ်နေလျှင် နာမ်တရား၌ – မိမိ ကြိုက်နှစ်သက်ရာ လက္ခဏာတစ်ခုကို ဦးစားပေး ရှုနေပါ။

ထိုသို့ရှုရာ၌ အချို့သော ယောဂါဝစရပုဂ္ဂိုလ်တို့ကား ရုပ်နာမ် နှစ်မျိုးလုံးကိုပင် တွဲ၍ ရှုနေရသည်ကို ပို၍ပို၍ နှစ်ခြိုက်ကြ၏။ အချို့က ရုပ်သက်သက်ကို ရှုရသည်ကို ပို၍ပို၍ နှစ်ခြိုက်ကြ၏။ အချို့က နာမ်သက်သက်ကို ရှုရသည်ကို ပို၍ပို၍ နှစ်ခြိုက်ကြ၏။ အချို့က အနိစ္စဟု ရှုရသည်ကို, အချို့က ဒုက္ခဟု ရှုရသည်ကို, အချို့က အနတ္တဟု ရှုရသည်ကို ပို၍ပို၍ နှစ်ခြိုက်ကြ၏။

မိမိ ဝိပဿနာရှု၍ ပိုကောင်းရာ သင်္ခါရတရားကို, ရှု၍ ပိုကောင်းသည့် လက္ခဏာရေး တစ်ပါးပါးကို တင်၍ ဝိပဿနာ ရှုနိုင်သည်။ ထိုသို့ ရှုရာ၌ အချို့ယောဂီများအဖို့ ရုပ်တရားများ၏ အပျက်ကို လုံးဝမမြင်တော့ဘဲ နာမ်တရားတို့၏ အပျက်သက်သက်ကိုသာ တွေ့မြင်နေရတတ်သည်လည်း ရှိ၏။ ထိုအခါမျိုးတွင် နာမ်တရားတို့၏ အပျက်ကိုသာ လက္ခဏာယာဉ် တင်၍ ရှုရန် ဖြစ်သည်။ မတွေ့မြင်ရသော ရုပ်တရား၏ အပျက်ကို အထူးရှာဖွေ၍ မရှုပါနှင့်။

ထိုအချိန်အခါ၌ သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်ဖြစ်မူ ပျက်နေသော နာမ်တရားများမှာလည်း များသောအားဖြင့် ဝိပဿနာရှုနေသော မနောဒွါရိကဇောဝီထိစိတ်အစဉ်နှင့် ဘဝင်များသာ ဖြစ်တတ်ကြ၏။ ရှေ့စိတ်ကို နောက်စိတ်ဖြင့် = ရှေ့ဝိပဿနာဝီထိကို နောက်ဝိပဿနာဝီထိဖြင့် တစ်ဖန် ပြန်၍သာ ဝိပဿနာရှုနေပါ။ အကယ်၍ သမထယာနိကပုဂ္ဂိုလ်ဖြစ်မူ ပျက်နေသော နာမ်တရားများမှာ အရှုခံ ဈာနသမာပတ္တိဝီထိအတွင်း၌ တည်ရှိသော နာမ်တရားများနှင့် ရှုနေသည့် ဝိပဿနာဇောဝီထိ နာမ်တရားစုတို့သာ ဖြစ်တတ်ကြ၏။ ထိုအခါမျိုး၌ မိမိ ဦးစားပေးကာ ဝိပဿနာ ရှုနေသော ဈာန်နာမ်တရားတို့ကိုလည်းကောင်း, ရှုနေသော ဝိပဿနာဇောဝီထိ နာမ်တရားတို့ကိုလည်းကောင်း လက္ခဏာယာဉ် တင်၍ တွင်တွင်ကြီး ဝိပဿနာ ဆက်ရှုနေပါ။ ဤအခါမျိုးတွင် သမထယာနိကပုဂ္ဂိုလ်သည် မိမိ နှစ်ခြိုက်ရာ ဈာန်နာမ်တရားတို့ကို အနတ္တလက္ခဏာကို ဦးစားပေး၍ ဝိပဿနာရှုပါက ပို၍ပို၍ ကောင်းတတ်ပေသည်။

အချို့ယောဂီများကား ရုပ်နာမ်နှစ်မျိုးလုံး၏ အပျက်ကိုပင် မြင်နေရတတ်ပြန်၏။ ထိုအခါ . . ရုပ်တစ်လှည့် နာမ်တစ်လှည့် ဖြစ်စေ, ရုပ်နာမ်တွဲ၍ဖြစ်စေ အပျက်သဘောကိုသာ အာရုံယူ၍ နှစ်ခြိုက်ရာ လက္ခဏာယာဉ်ကို ဦးစားပေးလျက် ဝိပဿနာ ဆက်ရှုနေပါ။ ရံခါ ရှုသည့် ဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုပါ။

ဤသို့ နည်းအမျိုးမျိုးဖြင့် ဝိပဿနာရှုခဲ့သော် ကာမ ရူပ အရူပတည်းဟူသော ဘုံသုံးပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားတို့အပေါ်၌ လျစ်လျူရှုထားနိုင်မှု ဥပေက္ခာသဘောသည်လည်း ကောင်းစွာ တည်နေမည် ဖြစ်၏။ သင်္ခါရတရားတို့အပေါ်၌ စက်ဆုပ်မှု ပါဋိကူလျသဘောသည်လည်း ကောင်းစွာ တည်နေမည် ဖြစ်၏။

သင်္ခါရတို့၏အပြစ်ကို ကောင်းစွာမြင်သဖြင့် သင်္ခါရတို့မှ လွတ်မြောက်လိုသော စိတ်ဓာတ်ဖြင့် သင်္ခါရတို့၏ အပျက်ကို လက္ခဏာယာဉ် အသီးအသီး တင်၍ ဝိပဿနာ ရှုနေသဖြင့် "ငါ-ငါ့ဟာ"ဟု စွဲယူထိုက်သော တစ်စုံတစ်ခုသော သင်္ခါရတရားကိုမျှ မမြင်တွေ့ရတော့သဖြင့် . .

၁။ သင်္ခါရတို့ကို ကြောက်ရွံ့ခြင်း ဘယဟူသော အစွန်းတစ်ခု,

၂။ သင်္ခါရတို့ကို နှစ်သက်ခြင်း တောင့်တခြင်း နန္ဒီဟူသော အစွန်းတစ်ခု —

ဤ အစွန်းနှစ်ခုကိုပယ်၍ အလုံးစုံသော သင်္ခါရတရားတို့အပေါ်၌ ဥဒါသိန်မှုနိုင်ခြင်းသဘော အလယ်အလတ် လျစ်လျူထားနိုင်မှုသဘောသည် ဖြစ်ပေါ်နေပေ၏။[၁၂၇၄]

ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဤဉာဏ်ကား **သင်္ခါရုပေက္ခာဉာဏ်**တည်း။

**သင်္ခါရုပေက္ခာဉာဏ်ခန်း ပြီး၏။**

❀ ❀ ❀ ❀ ❀

[၁၂၇၄] ဘယဉ္စ နန္ဒိဉ္စ ဝိပ္ပဟာယ သဗ္ဗသင်္ခါရေသု ဥဒါသိနော ဟောတိ မဇ္ဈတ္တော။ (ဝိသုဒ္ဓိ၊၂၊၂၉၄။)

ဗုဒ္ဓသာသနာတော်၏အနှစ်သာရဖြစ်သော သီလ, သမာဓိ, ပညာတို့ကို
အပြည့်အစုံ ရှင်းလင်းစနစ်ကျစွာ ဖော်ပြထားသည့်

# ဝိသုဒ္ဓိမဂ္ဂ အလင်းပြ
# နိဗ္ဗာန်လမ်းမကြီး

## တတိယတွဲ

## ဒေါက်တာမင်းတင်မွန်

ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတတိယတွဲကို ပြည့်ပြည့်စုံစုံရှင်းလင်းတင်ပြထားသည့်
နှစ်သုံးဆယ်ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များပါရှိသည့်
ဝိသုဒ္ဓိမဂ္ဂစာမေးပွဲဖြေဆိုသူတို့၏လက်စွဲ

- **၃ ဘယတုပဋ္ဌာနဉာဏ်ကိုပြဆိုခြင်း**

ယောဂီသည် အလုံးစုံသော တေဘူမကသင်္ခါရတို့၏ကုန်ခြင်း (ခယ), ပျောက်ခြင်း(ဝယ), ပျက်ခြင်း (ဘေဒ)ဟူသော ချုပ်ခြင်း (နိရောဓ)လျှင် အာရုံရှိသော **ဘင်္ဂါနုပဿနာ**ခေါ်

**ဘင်္ဂညာဏ်**ကိုမှီဝဲလျက် အကြိမ်များစွာပွားများအားထုတ်၏။ ထိုအခါ ထိုယောဂီအား အလုံးစုံသော ဘဝသုံးပါး၊ ယောနိ ၄ ပါး, ဂတိ ၅ ပါး၊ ဝိညာဏဋ္ဌိတိ ၇ ပါး၊ သတ္တာဝါသ ၉ ပါးတို့၌ ခဏတိုင်းခဏတိုင်း မပြတ်ပျက်စီးကုန်သောသင်္ခါရတို့သည် ကြီးစွာသော ကြောက်မက်ဖွယ်ဘေးအဖြစ် ထင်လာကုန်၏။ ဤသို့ **သင်္ခါရတရားတို့၌ ကြောက်မက်ဖွယ်ဘေးအဖြစ် ရှုမြင်သောဉာဏ်သည် ဘယတုပဋ္ဌာနာဉာဏ်မည်၏။**

**ဥပမာအားဖြင့်** ချမ်းသာစွာ အသက်ရှင်နေလိုသော ကြောက်တတ်သည့်ယောကျ်ားအား ခြင်္သေ့, ကျား, ဘီလူး, ရက္ခိုသ်, ဆင်ကြမ်း၊ မြွေဆိုးစသည့် ကြီးစွာသော ကြောက်မက်ဖွယ်ဘေးဆိုးကြီး ထင်လာသကဲ့သို့တည်း။

''အတိတ်သင်္ခါရတို့သည် ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန်သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သောသင်္ခါရတို့သည်လည်း ဤအတူပင်ချုပ်ကုန်လတ္တံ့''ဟု ရှုမြင်သော ယောဂီအား အရှိန်အဟုန်ကြီးစွာ ပျက်ချုပ်နေကြသော သင်္ခါရတို့သည် ကြောက်မက်ဖွယ်ဘေးအဖြစ် ထင်သောကြောင့် **ဘယတုပဋ္ဌာနဉာဏ်**မည်သော **ဘယဉာဏ်**သည် ဖြစ်ပေါ်၏။

- **ဘယဉာဏ်ဖြစ်ပေါ်သည့်ဥပမာများ**

**မိန်းမတစ်ယောက်တွင် သားသုံးယောက်ရှိ၏၊ သားသုံးယောက်စလုံးကို မင်းဒဏ်သင့်သဖြင့် ဦးခေါင်းဖြတ်ရန် မင်းကအမိန့်ပေး၏၊** ထိုမိန်းမသည် သူသတ်ကုန်းသို့လိုက်သွား၍ သားကြီး၏ ဦးခေါင်းဖြတ်လိုက်သည်ကိုမြင်ရ၏၊ ထို့နောက် သားလတ်၏ဦးခေါင်းကို ဖြတ်နေဆဲကိုလည်း မြင်တွေ့ရ၏။ ထိုအခါ မိန်းမသည် ''ဤသားငယ်သည်လည်း သားကြီး, သားလတ်ကဲ့သို့ ဦးခေါင်းအဖြတ်ခံရလတ္တံ့''ဟု တွေးတောဆင်ခြင်ကာ သားငယ်၌တွယ်တာခြင်း, မျှော်လင့်ခြင်း တို့ကို စွန့်လွှတ်လိုက်လေ၏။

ဤဥပမာကို ဥပမေယျနှင့် နှိုင်းယှဉ်ပြရသော် –

(၁) သားကြီး၏ဦးခေါင်းအဖြတ်ခံရခြင်းကို ထိုမိန်းမတွေ့မြင်ခဲ့ရခြင်းသည် ယောဂီပုဂ္ဂိုလ်က အတိတ်သင်္ခါရတို့၏ချုပ်ခြင်းကို ရှုမြင်ခဲ့ရသည်နှင့်တူ၏။

(၂) သားလတ်၏ဦးခေါင်းဖြတ်နေဆဲကိုမြင်ရခြင်းသည် ယောဂီက ပစ္စုပ္ပန်သင်္ခါရတို့၏ချုပ်ခြင်းကို ရှုမြင်နေရသည်နှင့်တူ၏။

(၃) ''ဤသားငယ်သည်လည်း သားကြီး, သားလတ်ကဲ့သို့ ဦးခေါင်းအဖြတ်ခံရလတ္တံ့''ဟု တွေးတောဆင်ခြင်၍ သားငယ်၌တွယ်တာခြင်း, မျှော်လင့်ခြင်းကိုစွန့်လွှတ်သကဲ့သို့ ယောဂီက ''နောင်အနာဂတ်ကာလ၌ဖြစ်လတ္တံ့သော သင်္ခါရတို့သည်လည်း ပျက်ကုန်လတ္တံ့''ဟု အနာဂတ်သင်္ခါရတို့၏ချုပ်ခြင်းကို ရှုမြင်သည်နှင့်တူ၏။

ဤသို့ရှုမြင်သောယောဂီအား ထိုရှုမြင်သောခဏ၌ **ဘယတုဥပဋ္ဌာနဉာဏ်**သည် ဖြစ်ပေါ်၏။

**တစ်ပါးသောဥပမာကား**

**မိန်းမတစ်ယောက်သည် ကလေးဆယ်ဦးဖွားမြင်သတတ်။** ရှေးဦးမွေးဖွားသောကလေး ၉ ယောက်တို့သည် အဖတ်မတင်ဘဲ သေဆုံးသွားကြပြီ၊ ရင်ခွင်၌ထွေးပိုက်ထားသောကလေးသည်လည်း သေဆဲဖြစ်သည်ကိုမြင်ရ၏။ ထိုအခါ ဝမ်းဗိုက်၌လွယ်ထားသော မွေးလတ္တံ့ကလေး

ငယ်သည်လည်း သေဆုံးရလတံ့ဟု တွေးတောဆင်ခြင်ပြီးလျှင် ထိုကိုယ်ဝန်ဆောင်ကလေးငယ်၌ တွယ်တာခြင်း, မျှော်လင့်ခြင်းကိုစွန့်လွှတ်လေ၏။

ဤဥပမာတွင်လည်း ပထမကလေး ၉ ယောက်တို့၏ သေဆုံးခြင်းကို ထိုမိန်းမမြင်တွေ့ခဲ့ခြင်းသည် ယောဂီပုဂ္ဂိုလ်က အတိတ်သင်္ခါရတို့၏ချုပ်ခြင်းကို ရှုမြင်ခဲ့ရသည်နှင့်တူ၏။ ထွေးပိုက်ထားသည့်ကလေးငယ်၏ သေနေဆဲကို ထိုမိန်းမမြင်တွေ့ရခြင်းသည် ယောဂီက ပစ္စုပ္ပန်သင်္ခါရတို့၏ ချုပ်နေဆဲကို ရှုမြင်ရခြင်းနှင့်တူ၏။ ထိုမိန်းမက "ကိုယ်ဝန်ဆောင်ထားသော ကလေးသည်လည်း မွေးပြီးကလေး ၁၀ ယောက်နည်းတူ သေဆုံးရလတံ့"ဟု ဆင်ခြင်ပြီး ထိုကိုယ်ဝန်ဆောင်ကလေး၌ တွယ်တာခြင်း, မျှော်လင့်ခြင်းကိုစွန့်လွှတ်သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည်လည်း "နောင်အနာဂတ်ကာလ၌ ဖြစ်လတံ့သော သင်္ခါရတို့လည်း ပျက်ကုန်လတံ့" ဟု အနာဂတ်သင်္ခါရတို့၏ချုပ်ခြင်းကို ရှုမြင်သည်နှင့်တူ၏။

ဤသို့ရှုမြင်သော ထိုယောဂီအား ဤသို့ရှုမြင်သည့်ခဏ၌ **ဘယတုပဋ္ဌာနဉာဏ်**သည် ဖြစ်ပေါ်၏။

- **ဘယဉာဏ်သည် ကြောက်တတ်သလော**

ဘယတုပဋ္ဌာနဉာဏ်သည် ကြောက်တတ်သလော, မကြောက်တတ်သလောဟုမေးလျှင် မကြောက်တတ်ပါဟု ဖြေဆိုရပေမည်။ အကြောင်းမှာ ကြောက်တတ်ခြင်းသည် ဒေါသမူစိတ်နှင့် ယှဉ်၍သာဖြစ်ပေါ်၏။ ကုသိုလ်စိတ်၌ယှဉ်သော ဝိပဿနာဉာဏ်တွင် ဖြစ်ပေါ်ရိုးမရှိပါ။

ထိုဘယတုပဋ္ဌာနဉာဏ်သည် "အတိတ်သင်္ခါရတို့သည် ချုပ်ကုန်လေပြီ၊ ပစ္စုပ္ပန်သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ်သင်္ခါရတို့သည်လည်းချုပ်ကုန်လတံ့"ဟု ရှုမြင်ဆင်ခြင်ပြီးလျှင် သင်္ခါရတို့၏ကြောက်မက်ဖွယ်သဘောကို သိမြင်ခြင်းသာဖြစ်ပေ၏။

**ဥပမာအားဖြင့်** မျက်စိကောင်းသောယောကျ်ားတစ်ယောက်သည် မြို့တံခါးအနီး၌ **မီးကျီးတွင်းသုံးခု**တို့ကိုတွေ့မြင်လတ်သော် ကိုယ်တိုင်ကား မကြောက်ပေ။ ထိုယောကျ်ားသည် "ဤမီးကျီးတွင်းသို့ ကျတိုင်းကျတိုင်းသောသူခပ်သိမ်းတို့သည် ကြီးစွာသောဆင်းရဲကိုခံစားရလတံ့"ဟု ဆင်ခြင်သိမြင်ပြီးလျှင် "ဤမီးကျီးတွင်းတို့သည် ကြောက်မက်ဖွယ်ရာဘေးဆိုးကြီးပင်တည်း"ဟု သိမြင်လာသကဲ့သို့တည်း။

**တစ်ပါးသောဥပမာကား** မျက်စိအမြင်ရှိသောလူတစ်ယောက်သည် ရှားနှစ်တံကျင်, သံတံကျင်, ရွှေတံကျင်ဟူသော **တံကျင်သုံးခု**ကိုမြင်တွေ့လတ်သော် ကိုယ်တိုင်ကား မကြောက်ပေ။ ထိုယောကျ်ားသည် "ဤတံကျင်တို့၌ ကျတိုင်းကျတိုင်းသောသူခပ်သိမ်းတို့သည် ကြီးစွာသောဆင်းရဲကိုခံစားရလတံ့"ဟု ဆင်ခြင်သိမြင်ပြီး တံကျင်တို့၏ကြောက်မက်ဖွယ်သဘောကို ရှုမြင်ခြင်းသာဖြစ်၏။

**စင်စစ်သော်ကား ဘယတုပဋ္ဌာနဉာဏ်သည် "မီးကျီးတွင်းသုံးခု, တံကျင်သုံးချောင်းနှင့်တူကုန်သော ဘဝသုံးပါး၌ အတိတ်သင်္ခါရတို့သည် ချုပ်ကုန်လေပြီ၊ ပစ္စုပ္ပန်သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ်သင်္ခါရတို့သည် ချုပ်ကုန်လတံ့"ဟု ရှုမြင်ဆင်ခြင်ပြီးလျှင် မမြဲ, ဆင်းရဲ, ချုပ်ကုန်ဆဲဖြစ်သော သင်္ခါရအားလုံးတို့၏ကြောက်မက်ဖွယ်သဘောကို ရှုမြင်သိမြင်ခြင်းပင်တည်း။**

ဘယတုပဋ္ဌာနမည်ခြင်းအကြောင်းကား–အလုံးစုံသောဘဝသုံးပါး, ယောနိလေးပါး, ဂတိငါးပါး, ဝိညာဏဋ္ဌိတိခုနစ်ပါး, သတ္တာဝါသကိုးပါးတို့၌တည်ကုန်သော သင်္ခါရတို့သည် ပျက်စီးခြင်းသို့ရောက်ကုန်လျက် ကြောက်မက်ဖွယ်ဘေးရှိကုန်သည်ဖြစ်၍ သက်သက်ကြောက်မက်ဖွယ်ဘေးအဖြစ် ထိုဉာဏ်အား ထင်ပေါ်ကုန်၏။ ထို့ကြောင့် **ဘယတုပဋ္ဌာနဉာဏ်**မည်၏။

- **ပဋိသမ္ဘိဒါမဂ်၌ဟောတော်မူပုံ**

**သင်္ခါရတရားတို့ကို မမြဲ, ဆင်းရဲ, အတ္တမဟုတ်ဟု နှလုံးသွင်းသောသူအား အဘယ်သည် ကြောက်မက်ဖွယ်ဘေးအဖြစ်ထင်သနည်း?**

**(၁) သင်္ခါရတို့ကို အနိစ္စ–မမြဲဟုနှလုံးသွင်းသောသူအား သင်္ခါရနိမိတ်သည် ကြောက်ဖွယ်ဘေးအဖြစ်ထင်၏။ အဘယ်ကြောင့်ဆိုသော် မမြဲဟုနှလုံးသွင်းသောသူသည် သင်္ခါရတို့၏သေခြင်းပျက်ခြင်းကိုသာလျှင် ရှုမြင်နေသောကြောင့်တည်း။**

**(၂) သင်္ခါရတို့ကို ဒုက္ခ–ဆင်းရဲဟု နှလုံးသွင်းသောသူအား မပြတ်ဖြစ်သောခန္ဓာအယဉ် (ပဝတ္တ)သည် ကြောက်ဖွယ်ဘေးအဖြစ် ထင်၏။ အဘယ့်ကြောင့်ဆိုသော် ချမ်းသာဟုသမုတ်အပ်သော ရူပဘဝ, အရူပဘဝတို့၏ဘဝအယဉ်၌သော်လည်း မပြတ်နိုင်စက်အပ်သည့်အဖြစ်ကိုသာလျှင် ယောဂီသည် ရှုမြင်နေသောကြောင့်တည်း။**

**(၃) သင်္ခါရတို့ကို အနတ္တ–အတ္တမဟုတ်ဟုနှလုံးသွင်းသောသူအား သင်္ခါရနိမိတ်နှင့်တကွ မပြတ်ဖြစ်သောဘဝအယဉ်သည် ကြောက်ဖွယ်ဘေးအဖြစ်ထင်၏။ အဘယ့်ကြောင့်ဆိုသော် ယောဂီသည် နိမိတ်နှင့်ဘဝအယဉ်နှစ်ပါးလုံးကို ရွာပျက်ကဲ့သို့၊ တံလျှပ်ကဲ့သို့ ဂန္ဓဗ္ဗနတ်, ကျတ်သူရဲတို့၏မြို့စသည်တို့ကဲ့သို့ အနှစ်ကင်းသည်၊ အချည်းနှီးဖြစ်သည်၊ အတ္တမှဆိတ်သုဉ်းသည်၊ ပိုင်ရှင်မရှိ၊ ရှေ့ဆောင်အကြီးအကဲမရှိဟု ရှုမြင်သောကြောင့်တည်း။**

- **၄ အာဒီနဝါနုပဿနာဉာဏ်ကို ပြဆိုခြင်း**

ဘယတုပဋ္ဌာနဉာဏ်ကိုမှီဝဲလျက် အကြိမ်များစွာပွားများအားထုတ်သောယောဂီအား အလုံးစုံသောဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌

- အကျိုးမဲ့မှ စောင့်ရှောက်တတ်သောအရာ (တာဏ)သည် မထင်၊
- ပုန်းအောင်းမှီခိုရာ (လေဏ)သည် မထင်၊
- ရှောင်တိမ်းသွားရာအရပ် (ဂတိ)သည် မထင်၊
- ကိုးကွယ်အားထားရာ(ပဋိသရဏ)သည်လည်း မထင်သည်သာတည်း။

အလုံးစုံသောဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌တည်ကုန်သော သင်္ခါရတို့တွင် တစ်ခုသောသင်္ခါရကိုသော်မျှ တောင့်တခြင်း (ပတ္ထနာ)၊ ငါဟုမှားယွင်းစွာသုံးသပ်ခြင်းသည်လည်း မရှိတော့ချေ။

- ဘဝသုံးပါးသည် မီးလျှံကင်းသည့်မီးကျီတွင်းကဲ့သို့၊
- မဟာဘုတ်လေးပါးသည် အဆိပ်ပြင်းသည့် မြွေဆိုးကြီးကဲ့သို့။
- ခန္ဓာငါးပါးသည် သန်လျက်ချီမိုးသောသူသတ်သမားကဲ့သို့၊

**– အဇ္ဈတ္တိကာယတန ၆ ပါးတို့သည် လူမရှိသောရွာပျက်ကဲ့သို့၊**
– ဗာဟိရာယတန ၆ ပါးတို့သည် ရွာဖျက်ဓားပြများကဲ့သို့၊
– ဝိညာဏဋ္ဌိတိ ၇ ပါး၊ သတ္တာဝါသ ၉ ပါးတို့သည် မီး ၁၁ ပါးတို့ဖြင့် ရဲရဲတောက်လောင်လျက် ထက်ဝန်းကျင်တောက်လောင်ကုန်လျက် တခဲနက်သောမီးလျှံကဲ့သို့ ထင်ပေါ်ကုန်၏။

ထို့အပြင် အလုံးစုံသောသင်္ခါရတို့သည် အိုင်းအမာကဲ့သို့၊ စွဲကပ်နေသောရောဂါကဲ့သို့၊ စူးဝင်နေသောငြောင့်ကဲ့သို့၊ မကောင်းမှုတို့ကဲ့သို့၊ အဖျားအနာကဲ့သို့၊ သာယာဖွယ်ကင်းကုန်သည်ဖြစ်၍ ထင်ကုန်၏၊ အရသာကင်းကုန်သည်ဖြစ်၍ ထင်ကုန်၏၊ ကြီးစွာသောအပြစ်အစုသဖွယ် ဖြစ်၍ ထင်ကုန်၏။

အဘယ်သို့လျှင် သင်္ခါရတို့သည် ကြီးစွာသောအပြစ်စုသဖွယ်ထင်သနည်းဟူမူ **ချမ်းသာစွာနေထိုင်လိုသောယောက်ျားသည်** မွေ့လျော်ဖွယ်အခြင်းအရာရှိသော်လည်း သားရဲရှိသည့်တောအုပ်ထဲသို့ ရောက်သွားသည့်အခါ ကြောက်ရွံ့ထိတ်လန့်လျက် ကြက်သီးမွေးညင်းထ၍ သားရဲတော၏အပြစ်ကိုသာလျှင် မြင်နေသကဲ့သို့၊ ထို့အတူပင်လျှင် **ယောဂီပုဂ္ဂိုလ်သည် ပျက်ခြင်းကိုသာရှုသော ဘင်္ဂါနုပဿနာ၏အစွမ်းအားဖြင့် အလုံးစုံသောသင်္ခါရတို့သည် ကြောက်ဖွယ်ဘေးအနေဖြင့်ထင်ကုန်လတ်သော် ထက်ဝန်းကျင်မှ အရသာကင်းသည့်, သာယာဖွယ်ကင်းသည့် အမြဲမပြတ်ဖြစ်ခြင်းဟူသည့်ဘေးနှင့်တကွဖြစ်ခြင်းဟူသော အပြစ်ကိုသာလျှင် ရှုမြင်၏။ ဤသို့ သင်္ခါရတို့၌ အပြစ်ကိုရှုမြင်သောယောဂီအား အာဒီနဝဉာဏ်မည်သော အာဒီနဝါနုပဿနာဉာဏ်သည် ဖြစ်ပေါ်၏။**

**ထို့ကြောင့် ဘယတုပဋ္ဌာနဉာဏ်အစွမ်းဖြင့် ကြောက်ဖွယ်ဘေးအဖြစ်ရှုမြင်နေသော သင်္ခါရတရားတို့၌ အပြစ်ကိုရှုမြင်သည့်ဉာဏ်သည် အာဒီနဝါနုပဿနာဉာဏ်မည်၏။**

- **ပဋိသမ္ဘိဒါမဂ်၌ဟောတော်မူပုံ**

၁။ အဘယ်သို့လျှင် ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ ပညာသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည်သနည်း?

ရှေးဦးစွာ သင်္ခါရတို့၏ဖြစ်ပေါ်ခြင်း(ဥပ္ပါဒ)သည် ကြောက်ဖွယ်ဘေးဟု ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ အပြစ်ကိုရှုမြင်သောပညာသည် အာဒီနဝဉာဏ်မည်၏။

သင်္ခါရတို့၏အဆက်မပြတ်ဖြစ်ပွားခြင်း(ပဝတ္တ)သည် ဘေးဟု၊ သင်္ခါရနိမိတ်သည် ဘေးဟု၊ ကံဖြစ်ရန်အားထုတ်ခြင်း(အာယူဟန)သည် ဘေးဟု၊ ဘဝသစ်၌ဖြစ်ခြင်း(ပဋိသန္ဓေ)သည် ဘေးဟု၊ လားရာ(ဂတိ)သည် ဘေးဟု၊ ဖြစ်ခြင်း(နိဗ္ဗတ္တိ)သည် ဘေးဟု၊ ကပ်ရောက်၍ဖြစ်ခြင်း(ဥပပတ္တိ)သည် ဘေးဟု၊ ဘဝသစ်ဖြစ်ခြင်း(ဇာတိ)သည် ဘေးဟု၊ အိုခြင်း(ဇရာ)သည် ဘေးဟု၊ နာခြင်း(ဗျာဓိ)သည် ဘေးဟု၊ သေခြင်း(မရဏ)သည် ဘေးဟု၊ စိုးရိမ်ခြင်း(သောက)သည်ဘေးဟု၊ ငိုကြွေးခြင်း(ပရိဒေဝ)သည် ဘေးဟု၊ ပြင်းစွာပူပန်ခြင်း (ဥပါယာသ)သည် ဘေးဟု ကြောက်ဖွယ်ဘေးအဖြစ်အားဖြင့်ထင်ရာ၌ အပြစ်ကိုရှုမြင်သောပညာသည် အာဒီနဝဉာဏ်မည်၏။

၂။ ဖြစ်ပေါ်မှုကင်းသောနိဗ္ဗာန်သည် (ဝါ) မဖြစ်ခြင်းသည် ဘေးငြိမ်းရေးတည်းဟု

သိသောပညာသည် ငြိမ်းအေးရာနိဗ္ဗာန်၌ဖြစ်သော **သန္တိပဒဉာဏ်**မည်၏။ မဖြစ်ပွားခြင်းသည် (ဖြစ်ပွားမှုကင်းသောနိဗ္ဗာန်သည်)။ ပ ။ ပြင်းစွာမပူပန်ခြင်းသည် (ပြင်းစွာပူပန်မှုကင်းသော နိဗ္ဗာန်သည်) ဘေးငြိမ်းရာတည်းဟုသိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။

၃။ ဖြစ်ပေါ်ခြင်းသည် ကြောက်မက်ဖွယ်ဘေးတည်း၊ မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်းဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်းသည် ကြောက်ဖွယ်ဘေးတည်း၊ ပြင်းစွာမပူပန်ခြင်းသည် ဘေးငြိမ်းရာတည်းဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။

၄။ ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်းဟု ကြောက်မက်ဖွယ်အနေအားဖြင့်ထင်ရာ၌ အပြစ်ကို မြင်သောပညာသည် **အာဒီနဝဉာဏ်**မည်၏။ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်းသည် ဆင်းရဲတည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ အပြစ်ကိုရှုမြင်သောပညာသည် **အာဒီနဝဉာဏ်**မည်၏။

၅။ မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။ မဖြစ်ပွားခြင်းသည်။ ပ ။ပြင်းစွာမပူပန်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။

၆။ ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်း၊ မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်းသည် ဆင်းရဲတည်း၊ ပြင်းစွာမပူပန်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။

၇။ ဖြစ်ပေါ်ခြင်းသည် (ဝဋ္ဋ, ကာမဂုဏ်, ကိလေသာဟူသော) အစာနှင့်တကွဖြစ်သည်ဟု ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ အပြစ်ကိုမြင်သောပညာသည် **အာဒီနဝဉာဏ်**မည်၏။ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်းသည် အစာနှင့်တကွဖြစ်သည်ဟု ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ အပြစ်ကိုရှုမြင်သောပညာသည် **အာဒီနဝဉာဏ်**မည်၏။

၈။ မဖြစ်ပေါ်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။ မဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာမပူပန်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။

၉။ ဖြစ်ပေါ်ခြင်းသည် အစာနှင့်တကွဖြစ်သည်၊ မဖြစ်ပေါ်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်းသည် အစာနှင့်တကွဖြစ်၏၊ ပြင်းစွာမပူပန်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။

၁၀။ ဖြစ်ပေါ်ခြင်းသည် သင်္ခါရတည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ သိသောပညာသည် **အာဒီနဝဉာဏ်**မည်၏။ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်းသည် သင်္ခါရတို့တည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် **အာဒီနဝဉာဏ်**မည်၏။

၁၁။ မဖြစ်ပေါ်ခြင်းသည် ငြိမ်းသောနိဗ္ဗာန်တည်းဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။ မဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာမပူပန်ခြင်းသည် ငြိမ်းသောနိဗ္ဗာန်တည်းဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။

၁၂။ ဖြစ်ပေါ်ခြင်းသည် သင်္ခါရတို့တည်း၊ မဖြစ်ပေါ်ခြင်းသည် ငြိမ်းအေးသောနိဗ္ဗာန်တည်းဟုသိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။ မပူပန်ခြင်းသည် ငြိမ်းအေးသောနိဗ္ဗာန်တည်းဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။

ဖြစ်ပေါ်ခြင်း၊ ဖြစ်ပွားခြင်း၊ နိမိတ်၊ အားထုတ်ခြင်း၊ ဘဝသစ်ပဋိသန္ဓေဖြစ်ခြင်းအသီးသီးကို ဆင်းရဲဟုရှုမြင်၏၊ ဤရှုမြင်သော **ဉာဏ် ၅ ပါးသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည်၏။**

မဖြစ်ပေါ်ခြင်း၊ မဖြစ်ပွားခြင်း၊ နိမိတ်ကင်းခြင်း၊ အားမထုတ်ခြင်း၊ ပဋိသန္ဓေကင်းခြင်းအသီးသီးကို ချမ်းသာဟုရှုမြင်၏၊ ဤရှုမြင်သော **ဉာဏ် ၅ ပါးသည် ငြိမ်းအေးရာနိဗ္ဗာန်၌ဖြစ်သော သန္တိပဒဉာဏ်မည်၏။**

ယောဂီသည် နှစ်ပါးသောအာဒီနဝဉာဏ်, သန္တိပဒဉာဏ်တို့၌ ကျွမ်းကျင်လိမ္မာသည့်အဖြစ်ကြောင့် အမျိုးမျိုးသောမိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်တော့ပြီ။

ဤဥပ္ပါဒစသော ၁၅ ပုဒ်တို့တွင် ပထမ ၅ ပုဒ်သာလျှင် အာဒီနဝဉာဏ်၏ဖြစ်ရာအာရုံ ဝတ္ထုအဖြစ်ဖြင့် ဟောတော်မူ၏။ ကြွင်းသော ၁၀ ပုဒ်တို့ကို ထိုမူလပထမ ၅ ပုဒ်၏ဝေဝုစ်ပရိယာယ်စကားလှယ်အဖြစ်ဖြင့် ဟောတော်မူ၏။

- **သန္တိပဒဉာဏ်ကို ဟောတော်မူခြင်းအကြောင်း**

''မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်းဟုသိသောပညာသည် ငြိမ်းအေးရာနိဗ္ဗာန်၌ဖြစ်သော သန္တိပဒဉာဏ်မည်၏'' ဤသို့စသောစကားကို အာဒီနဝဉာဏ်၏ဆန့်ကျင်ဘက်ဖြစ်သည့် ဉာဏ်ကို ပြခြင်းအကျိုးငှာ ဟောတော်မူ၏။

**တစ်နည်းအားဖြင့်** – ဘယဉာဏ်ဖြင့် သင်္ခါရတို့၏ဘေးကိုမြင်၍ အာဒီနဝဉာဏ်ဖြင့် သင်္ခါရတို့၏အပြစ်ကိုမြင်ပြီးလျှင် ထိတ်လန့်သည့်စိတ်နှလုံးရှိသောပုဂ္ဂိုလ်တို့အား ဘေးငြိမ်း၍ အပြစ်ကင်းသော ဘေးမဲ့ရာအရပ်သည်လည်း ရှိသေး၏ဟု သက်သာရာရစေခြင်းအကျိုးငှာလည်း သန္တိပဒဉာဏ်ကို ဟောခြင်းဖြစ်ပေ၏။

**တစ်နည်းသော်ကား** – ယောဂီပုဂ္ဂိုလ်အားဖြစ်ပေါ်ခြင်းစသည်တို့သည် ကြောက်ဖွယ်ဘေးအနေအားဖြင့် ကောင်းစွာထင်ကုန်၏။ ထိုဖြစ်ပေါ်သည့်သင်္ခါရတို့၌ အပြစ်ကိုလည်း အာဒီနဝဉာဏ်မြင်ကုန်၏။ ထိုသို့ထင်မြင်သောယောဂီ၏စိတ်သည် ထိုဖြစ်ပေါ်ခြင်း(ဥပ္ပါဒ) စသည်တို့၏ ဆန့်ကျင်ဘက်၌ ညွတ်ကိုင်းလျက်ရှိ၏။ ထို့ကြောင့် ဘယဉာဏ်၏အစွမ်းအားဖြင့် ပြီးသော အာဒီနဝဉာဏ်၏အကျိုးအာနိသင်ကို ပြခြင်းအကျိုးငှာလည်း သန္တိပဒဉာဏ်ကို ဟောခြင်းဖြစ်ပေ၏။

**ထပ်ဆင့်ရှင်းလင်းချက်**

ကြောက်ဖွယ်ဘေးမည်သောတရားသည် ကိန်းသေမုချအားဖြင့် ဆင်းရဲဒုက္ခပေတည်း။

ထိုဆင်းရဲဒုက္ခသည်လည်း ဝဋ္ဋသုံးပါးဟူသော အစာ(ဝဋ္ဋာမိသ)၊ ကာမဂုဏ်ဟူသောအစာ (လောကာမိသ)၊ ကိလေသာအစာ (ကိလေသာမိသ)တို့မှ မလွတ်ကင်းသောကြောင့် အစာနှင့်တကွဖြစ်သည်သာတည်း။ အစာနှင့်တကွဖြစ်သောထိုတရားသည်လည်း သင်္ခါရမျှသာလျှင်ဖြစ်ပေ၏။

ထို့ကြောင့်''ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်း''ဟု ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ ပညာသည် ''အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည်၏'' ဤသို့စသောစကားကို ဟောတော်မူ၏။ ဤသို့ဟောပါသော်လည်း ကြောက်ဖွယ်ဘေးအခြင်းအရာအားဖြင့်လည်းကောင်း၊ ဆင်းရဲဒုက္ခအခြင်းအရာအားဖြင့်လည်းကောင်း၊ အစာနှင့်တကွဖြစ်သောအခြင်းအရာအားဖြင့်လည်းကောင်း၊ ဤသို့အခြင်းအရာထူးခြားသောအားဖြင့် ဉာဏ်ဖြစ်ပုံ၏အစွမ်းအားဖြင့်သာလျှင် ဤပုဒ်တို့၌ ထူးသည့်အဖြစ်ကို သိအပ်၏။

(ဘေးအခြင်းအရာအားဖြင့်ဖြစ်သောဉာဏ်ကို ဘယတုပဋ္ဌာနဉာဏ်၊ ကြွင်းသောဆင်းရဲစသည်အားဖြင့်ဖြစ်သောဉာဏ်ကို အာဒီနဝဉာဏ်ဟူ၍ ယူအပ်၏)

• ၅ နိဗ္ဗိဒါနုပဿနာဉာဏ်ကို ပြဆိုခြင်း

**အလုံးစုံသောသင်္ခါရတို့ကို အပြစ်အနေအားဖြင့် အာဒီနဝဉာဏ်ဖြင့် ရှုမြင်လျက်ရှိသော ယောဂီသည် အလုံးစုံသောဘဝသုံးပါး, ယောနိလေးပါး, ဂတိငါးပါး, ဝိညာဏဋ္ဌိတိ ၇ ပါး, သတ္တာဝါသ ၉ ပါးတို့၌တည်သော ခဏမစဲ မပြတ်ပျက်စီးတတ်သည့်သင်္ခါရတရားအပေါင်း၌ ငြီးငွေ့၏၊ ပျင်းရိ၏၊ မပျော်မွေ့။ ဤသို့သင်္ခါရတရားတို့ကို ငြီးငွေ့ဖွယ်, ပျင်းရိဖွယ်, မပျော်မွေ့ဖွယ်အဖြစ်ရှုမြင်သောဉာဏ်သည် နိဗ္ဗိဒါနုပဿနာဉာဏ်မည်၏။**

**ဥပမာသော်ကား** – စိတ္တကုဋ်တောင်ခြေ၌ပျော်မွေ့သော ရွှေဟင်္သာမင်းသည် မစင်ကြယ်သော ဒွန်းစဏ္ဍားရွာတံခါးအနီးရှိရေအိုင်ငယ်၌ မပျော်မွေ့ဘဲ အနဝတတ်အိုင်စသည့် အိုင်ကြီး ၇ အိုင်၌သာလျှင် ပျော်မွေ့သကဲ့သို့၊ ထို့အတူပင် ယောဂီတည်းဟူသော ဟင်္သာမင်းသည် ကောင်းစွာထက်ဝန်းကျင်မြင်အပ်ပြီးသော အပြစ်ရှိသည့် မပြတ်ပျက်စီးတတ်သည့်သင်္ခါရတရားတို့၌ မပျော်မွေ့၊ ဘာဝနာ၌ပျော်မွေ့ခြင်းနှင့် ပြည့်စုံသည့်အဖြစ်ကြောင့် အနုပဿနာ ၇ ပါးတို့၌သာလျှင် ပျော်မွေ့၏။

**တစ်ပါးသောဥပမာကား** – ရွှေချိုင့်၌လှောင်ထားသောခြင်္သေ့မင်းသည် ထိုရွှေချိုင့်၌မပျော်မွေ့ဘဲ ယူဇနာသုံးထောင်ကျယ်ဝန်းသည့် ဟိမဝန္တာတော၌သာလျှင် ပျော်မွေ့သကဲ့သို့ ထို့အတူပင် ယောဂီတည်းဟူသောခြင်္သေ့မင်းသည် ကာမ, ရူပ, အရူပဟူသောသုဂတိသုံးပါး၌ မပျော်မွေ့ဘဲ အနုပဿနာသုံးပါးတို့၌သာလျှင် ပျော်မွေ့၏။

**တစ်နည်းဥပမာကား** – ဆဒ္ဒန်ဆင်မင်းသည် မြို့အလယ်၌မပျော်မွေ့၊ ဟိမဝန္တာတောဝယ် ဆဒ္ဒန်အိုင်တောအုပ်၌သာလျှင် ပျော်မွေ့သကဲ့သို့ ထို့အတူပင်လျှင် ယောဂီတည်းဟူသော ဆင်မင်းသည် သင်္ခါရအပေါင်း၌မပျော်မွေ့ဘဲ ''မဖြစ်ပေါ်ခြင်းသည် အေးငြိမ်းရာတည်း'' ဤသို့စသည့်နည်းဖြင့် မြင်အပ်ပြီးသော ငြိမ်းအေးရာနိဗ္ဗာန်သာလျှင် ပျော်မွေ့၏၊ ထိုနိဗ္ဗာန်သို့ညွတ်ကိုင်းရှိုင်းသော စိတ်ရှိသည်သာလျှင် ဖြစ်ပေ၏။

- **ဘယဉာဏ်တစ်ပါးတည်းက အမည်သုံးမျိုးရ**

‘‘ဘယတုပဋ္ဌာနဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်ဟူသော ဤဉာဏ် ၃ ပါးတို့သည် အနက်တရားကိုယ်တူပြီး သဒ္ဒါမျှသာထူး၏’’ဟု ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူ၏။

**ရှေးဆရာတို့က** – ဘယတုပဋ္ဌာနဉာဏ်တစ်ခုတည်းက အမည် ၃ မျိုးရ၏။

– သင်္ခါရတရားအလုံးစုံကို ကြောက်မက်ဖွယ်ဘေးအဖြစ်ရှုမြင်သောဉာဏ်ကို **ဘယတုပဋ္ဌာန ဉာဏ်**ဟုခေါ်၏။

– သင်္ခါရအလုံးစုံ၌ မမြဲ, ဆင်းရဲ, ကြောက်ဖွယ်ဘေးစသည့်အပြစ်များရှိသည်ကို ရှုမြင်သော ဉာဏ်သည် **အာဒီနဝါနုပဿနာဉာဏ်**မည်၏။

– သင်္ခါရအလုံးစုံကို ငြီးငွေ့ဖွယ်, ပျင်းရိဖွယ်, မပျော်မွေ့ဖွယ်အဖြစ်ရှုမြင်သောဉာဏ်သည် **နိဗ္ဗိဒါနုပဿနာဉာဏ်**မည်၏။

# ဝိသုဒ္ဓိ ၇-ပါး
# မင်းကွန်းသွား

## မင်းကွန်းဆရာတော်ဘုရား

ဟောကြားတော်မူသည်



ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရား

# ဘယဉာဏ်

"ဘေးထင်ပုံ"

အပျက်မြင်သောကြောင့်-ဘေးထင်၏
ဘေးထင်တာက-ဘယဉာဏ်
အပျက်ဆိုတာက-ရုပ်,နာမ်ဘဲ
ဘေးထင်တာက-ယောဂီဉာဏ်ဘဲ

"ဘေးထင်မှုလက္ခဏာ"

အပျက်တွေများလို့လဲ-စိတ်ထားမတည်
ရတက်ပွေပွားသလိုဘဲ-ရုပ်တရားကိုမှီ
သွားတဲ့နေရာမှာလဲ-ပျက်လို့မကြည်

ရပ်တဲ့နေရာမှာလဲ-ပျက်လို့မကြည်
ထိုင်တဲ့နေရာမှာလဲ-ပျက်လို့မကြည်
အိပ်တဲ့နေရာမှာလဲ-ပျက်လို့မကြည်

"ဥပမာ"

သုံးယောက်သားရှိတဲ့-မွေးမိခင်
မင်းဒဏ်သင့်လို့လဲ-ကွပ်မျက်လျှင်
သားကြီးဦးခေါင်း-မြေလျှောင်းမြင်
သားလတ်လည်ပင်း-ဖြတ်ဆဲတွင်
သားငယ်မောင်လဲ-မလွဲပင်
ပျက်ဆဲရုပ်,နာမ်တို့၏-ကုန်တာမြင်
ပျက်ပြီးကိုလဲ-မြင်သည်ပင်
မပျက်သေးကိုလဲ-မြင်သည်ပင်

"တနည်းဥပမာ"

မီးတွင်းသုံးခု-မြင်ရာတွင်
အပြစ်ရှိသူများ-ကျရောက်လျှင်
အတိုင်းမသိတဲ့-ဒုက္ခထင်
သုံးဘုံရောက်ငြား-သူများပင်
ဒုက္ခဝဋ်တွင်း-မလွတ်ကင်းစင်

"ကာလ ၃-ပါး၌ဘေးထင်ပုံ"

တစ္ဆေကြောက်သလိုလဲ-ကြောက်သည် မမည်

သူရဲကြောက်သလိုလဲ-ကြောက်သည်မမည်
ရှေ့ကရုပ်,နာမ်တွေကလဲ-ပျက်ခဲ့ပြီ
ယခုရုပ်,နာမ်တွေကလဲ-ပျက်နေသည်
နောင်ရုပ်,နာမ်တွေကလဲ-ပျက်ဦးမည်
ပိုင်းခြားရှုပင်-ကြောက်ထာမြင်

"ပဝတ္တနှင့် နိမိတ္တ ၂ပါးစုံကြောက်ပုံ"

ပျက်စ,ထင်တာက-ပဝတ္တကိုကြောက်
ပျက်အဆုံး,ထင်တာက-နိမိတ္တကိုကြောက်
အစ,အဆုံးထင်တာက- ၂-ပါးစုံကိုကြောက်
ပဝတ္တကြောက်တာက-ဒုက္ခဘဲ
နိမိတ္တကြောက်တာက-အနိစ္စဘဲ
၂-ပါးစုံကြောက်တာက-အနတ္တဘဲ

"အနတ္တအာရုံ"

ရွာပျက်ကြီးလိုထင်
နတ်မြို့စသည်ကဲ့သို့ထင်
ကင်းတာကိုမြင်
သုဉ်းတာကိုမြင်
ဆိတ်တာကိုမြင်
အစောင့်မရှိ-အချည်းနှီးကိုမြင်
အနတ္တ-ဉာဏ်မှာထင်

"မျက်မှောက်နှင့်ကြံဆ"

ပျက်ဆဲကြောက်တာက-ဒိဋ္ဌပစ္စက္ခဉာဏ်
ပျက်ပြီး,ပျက်လတံ့ကြောက်တာက
အန္ဝယ,အနုမာနဉာဏ်
ဒိဋ္ဌ,ပစ္စက္ခဆိုတာက-မျက်မြင်,ကိုယ်တွေ့ဘဲ
အန္ဝယ,အနုမာနဆိုတာက-အစဉ်ကြံဆဆဲ

ဘယဉာဏ်ပြီး၏။

---

# အာဒီနဝဉာဏ်

"အပြစ်မြင်ပုံ"

အပျက်မြင်သောကြောင့်-အပြစ်ထင်၏
အပြစ်ထင်တာက-အာဒီနဝဉာဏ်
အပျက်ဆိုတာက-ရုပ်နာမ်ဘဲ
အပြစ်ထင်တာက-ယောဂီဉာဏ်ဘဲ

"ဥပမာ"

အပျက်မြင်သောကြောင့်-ဘေးဟုထင်
ဘေးထင်သောကြောင့်-အပြစ်တွေ့မြင်
ဘုံကြီးသုံးဘုံ-မီးပုံသွင်
ခေတ်ကြီးလေးအင်,မြွေကြီးထင်

ငါးခန္ဓာတော့-သူသတ်ထား
ခြောက်ပါးအာယတန-ရွာသုည
ပြင်ပသူခိုး-မိုးတောက်မျိုး
၇+၉-ဝိညာဏ်သတ္တဝါ

ဥပမာအားဖြင့် သေမှာ ကြောက်သောစိတ်သည် ကံဘုရင်ထံသို့သွား၍ သေခြင်းတရား၏ ကင်းဝေးရာကို တောင်းရမ်းလေရာ ခတ်ကြီး ၄-စင်းကို ပေးလိုက်သော် ခတ်၏ အပြစ်သဘောကိုသိသော အသိဉာဏ်ဆရာသည် ပြောပြသဖြင့် ခတ်ဘေးမှကင်းဝေးအောင် ပြေးရာတွင် ခတ်ကြီး ၄-ပါးတည်းဟူသော မြွေလေးစင်းတို့က လိုက်ခြင်း၊ ခန္ဓာ ၅-ပါးတည်း ဟူသော သူသတ်ယောကျ်ားငါးဦးတို့ကလိုက်ခြင်း၊ တဏှာတရားဟူသော သူလျှိုတို့က မြှူချော့ခြင်းတို့ကြောင့် ဒွါရ ၆-ပါးတည်းဟူသော ရွာဆိုး,ရွာပျက်ကြီးသို့ ပြေးဝင်ရာ၊ အာရုံ ၆-ခဏ်းဟူသော သူခိုးတို့က ထဘမ်းသဖြင့် အားကိုးရာကင်းသောကြောင့် ရှေ့သို့လည်း မပြေးနိုင်,နောက်သို့လည်း မဆုတ်နိုင်ဘဲ ငုတ်တုတ်ထိုင် အာရုံပြုတ်သဖြင့် တဘက်ကမ်းတည်း ဟူသော နိဗ္ဗာန်သို့ လှမ်းတက်ရလေကုန်၏။ ထို့ကြောင့်....

သေမှာကြောက်လှတဲ့-စိတ်သက်လယ်
ဘုရင်ကံမှောက်သို့လဲ-ရောက်ရာဝယ်
ယုယပိုက်ထွေး-ကျွေးမွေးဘွယ်
ခတ်ကြီး ၄-စင်း-ပေးလိုက်တယ်
ခတ်သဘောသိတဲ့-အသိဉာဏ်ကွယ်
အပြစ်စုံနှောလို့လဲ-ပြောပြတယ်

ခေတ်ဘေးကင်းဝေး-ထွက်ပြေးတယ်
ခန္ဓာငါးကလဲ-သူလိုက်တွယ်
တဏှာတရားကလဲ-အနားကဆွယ်
ဒွါရ ၆-ပါးသို့လဲ-ပြေးဝင်တယ်
အာရုံ ၆-ခဏ်း-ထဘမ်းမယ်
အားကိုးရာကင်းလှတယ်-စိတ်ရင်းသယ်
အဘော်တွေဘေးပြုလို့-မအေးသူ့နယ်
ရှေ့ကိုပြေးပြန်လဲ-ရေပင်လယ်
နောက်သို့ဆုတ်ပြန်လဲ-ရန်သူ့နယ်
တဘက်ကမ်း-တက်လှမ်းနိဗ္ဗာန်ကွယ်

"ခေတ် ၄-ပါးကိုက်သေပုံ"

ပထဝီကိုက်တော့လဲ-ကြမ်းလို့သေ
အာပေါကိုက်တော့လဲ-ယိုစီးပလေ
တေဇောကိုက်တော့လဲ-ပူလောင်နေ
ဝါယောကိုက်တော့လဲ-အပိုင်းပြတ်သေ
ခေတ်ကြီး ၄-ပါး-မြွေနဂါးတွေ
ဤကိုယ်စွဲ၍၊အမြဲတမ်းကိုက်၍သေ

"ရုပ်နှင့်နာမ်သတ်ပုံ"

ရုပ်တရားသတ်လို့လဲ-နာမ်တရားသေ
နာမ်တရားသတ်လို့လဲ-ရုပ်တရားသေ
ရုပ်ပင်ရုပ်ချင်း-သတ်လို့သေ
နာမ်ပင်နာမ်ချင်းသတ်လို့သေ

"သူသတ်ထင်ပုံ"

ခန္ဓာအချင်းချင်းသတ်လို့လဲ-သူသတ်ထင်
ရှိသောခန္ဓာ၌သူသတ်ထင်လို့လဲ-သူသတ်ထင်

"သူလျှိုထင်ပုံ"

ဝိပဿနာပညာဦးခေါင်းပြတ်လို့လဲ-သူလျှိုထင်
ယောနိသိုကပ်လို့လဲ-သူလျှိုထင်

"သံသရာ ၁၅-ပါးကိုပြခြင်း"

ဖြစ်ပေါ်တဲ့သဘောကလဲ-သံသရာဘဲ
အစဥ်စပ်တဲ့သဘောကလဲ-သံသရာဘဲ
ငါထင်တဲ့သဘောကလဲ-သံသရာဘဲ
အားထုတ်တဲ့သဘောကလဲ-သံသရာဘဲ
ဘဝစပ်တဲ့သဘောကလဲ-သံသရာဘဲ
လာရောက်တဲ့သဘောကလဲ-သံသရာဘဲ
အသစ်ဖြစ်တဲ့သဘောကလဲ-သံသရာဘဲ
ကျရောက်တဲ့သဘောကလဲ-သံသရာဘဲ
ဖြစ်ရတဲ့သဘောကလဲ-သံသရာဘဲ
အိုရတဲ့သဘောကလဲ-သံသရာဘဲ
နာရတဲ့သဘောကလဲ-သံသရာဘဲ
သေရတဲ့သဘောကလဲ-သံသရာဘဲ
စိုးရိမ်ရတဲ့သဘောကလဲ-သံသရာဘဲ

ငိုကြွေးရတဲ့သဘောကလဲ-သံသရာဘဲ
ပူလောင်ရတဲ့သဘောကလဲ-သံသရာဘဲ

"ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါး"
"အတိတ်"

အဝိဇ္ဇာဆိုတာကလဲ-တပါးအင်္ဂါဘဲ
သင်္ခါရဆိုတာကလဲ-တပါးအင်္ဂါဘဲ

"ပစ္စုပ္ပန်"

ဝိညာဏ်ဆိုတာကလဲ-တပါးအင်္ဂါဘဲ
နာမ်ရုပ်ဆိုတာကလဲ-တပါးအင်္ဂါဘဲ
သဠာယတနဆိုတာကလဲ-တပါးအင်္ဂါဘဲ
ဖဿဆိုတာကလဲ-တပါးအင်္ဂါဘဲ
ဝေဒနာဆိုတာကလဲ-တပါးအင်္ဂါဘဲ
တဏှာဆိုတာကလဲ-တပါးအင်္ဂါဘဲ
ဥပါဒါန်ဆိုတာကလဲ-တပါးအင်္ဂါဘဲ
ဘဝဆိုတာကလဲ-တပါးအင်္ဂါဘဲ

"အနာဂါတ်"

ဇာတိဆိုတာကလဲ-တပါးအင်္ဂါဘဲ
ဇရာမရဏဆိုတာကလဲ-တပါးအင်္ဂါဘဲ
အားလုံးပေါင်းတော့ ၁၂-ပါးအင်္ဂါထဲ

“အခြင်းအရာ ၂၀”

အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ဘဝ
ဤငါးပါးကိုလဲ-တတွဲ တွဲ
ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ
ဤငါးပါးကိုလဲ-တတွဲ တွဲ
တဏှာ,ဥပါဒါန်,ဘဝ,အဝိဇ္ဇာ,သင်္ခါရ
ဤငါးပါးကိုလဲ-တတွဲ တွဲ
ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ
ဤငါးပါးကိုလဲ-တတွဲ တွဲ
အားလုံးပေါင်းတော့ ၂၀-ထဲ

“အကြောင်းအကျိုး”

ပထမအတွဲကိုတော့
အတိတ်အကြောင်းလို့ဆို
ဒုတိယအတွဲကိုတော့-ပစ္စုပ္ပန်အကျိုးလို့ဆို
တတိယအတွဲကိုတော့
ပစ္စုပ္ပန်အကြောင်းလို့ဆို
စတုတ္ထအတွဲကိုတော့
အနာဂတ်အကျိုးလို့ဆို
အကြောင်း,အကျိုးအားဖြင့်လဲ ၂-ခုထဲ

“အလွှာ ၄-ပါး”

အတိတ်အကြောင်း ၅-ပါးကလဲ-တလွှာဘဲ

ပစ္စုပ္ပန်အကျိုး ၅-ပါးကလဲ-တလွှာဘဲ
ပစ္စုပ္ပန်အကြောင်း ၅-ပါးကလဲ-တလွှာဘဲ
အနာဂတ်အကျိုး ၅-ပါးကလဲ-တလွှာဘဲ
အလွှာအားဖြင့်လဲ ၄-လွှာထဲ

"အစပ် ၃-ပါး"

လေးလွှာဖြစ်သောကြောင့်-သုံးစပ်ဘဲ

"တနည်း"

သင်္ခါရနှင့် ဝိညာဏ်ကလဲ-တစပ်ဘဲ
ဝေဒနာနှင့် တဏှာကလဲ-တစပ်ဘဲ
ဘဝနှင့် ဇာတိကလဲ-တစပ်ဘဲ
အစပ်အားဖြင့်လဲ-သုံးစပ်ထဲ

"မူလ ၂-ပါး"

အဝိဇ္ဇာဆိုတာကလဲ-မူလတခုဘဲ
တဏှာဆိုတာကလဲ-မူလတခုဘဲ
အဝိဇ္ဇာကိုတော့-မသိမှုဆို
တဏှာကိုတော့-တပ်မက်မှုဆို

"တနည်း"

အတိတ်အကြောင်းအစကလဲ
အဝိဇ္ဇာမူလဘဲ
ပစ္စုပ္ပန်အကြောင်းအစကလဲ

တဏှာမူလဘဲ
အဝိဇ္ဇာမူလကို-မသိဟုဆို
တဏှာမူလကို-တပ်မက်ဟုဆို
အားလုံးပေါင်းတော့- မူလ ၂-ခုဘဲ

"ကာလ ၃-ပါး"

အဝိဇ္ဇာ,သင်္ခါရက-အတိတ်ကာလဘဲ
အလယ်ရှစ်ပါးက-ပစ္စုပ္ပန်ကာလဘဲ
ဇာတိ,ဇရာမရဏက-အနာဂတ်ကာလဘဲ
ကာလအားဖြင့်-သုံးပါးထဲ

"ဝဋ် ၃-ပါး"

အဝိဇ္ဇာ,တဏှာ,ဥပါဒါန်ကို-ကိလေသဝဋ်ဟုဆို
သင်္ခါရ,ကမ္မဘဝကို-ကမ္မဝဋ်ဟုဆို
ကျန်တရားအပေါင်းကို-ဝိပါကဝဋ်ဟုဆို
ဝဋ်အားဖြင့်လဲ-သုံးပါးထဲ

"အစပ် ၃-ရပ်,ဥာဏ်နှင့်ဖြတ်ပုံ"

ဝေဒနာနှင့် တဏှာ အစပ်ကိုတော့
ဝိပဿနာဉာဏ်နှင့်ခွဲ
သင်္ခါရနှင့် ဝိညာဏ်အစပ်ကိုတော့
ဂေါတြဘုဉာဏ်နှင့်ခွဲ

ဘဝနှင့် ဇာတိအစပ်ကိုတော့
မဂ်ဂျာဏ်နှင့်ခဲ့
အာဒိနဝဥာဏ်ပြီး၏။

---

# နိဗ္ဗိဒါဉာဏ်

"ငြီးငွေ့ပုံ"

အပျက်မြင်သောကြောင့်လဲ-ငြီးငွေ့၏
ငြီးငွေ့တာကလဲ-နိဗ္ဗိဒါဉာဏ်
အပျက်ဆိုတာကလဲ-ရုပ်နာမ်ဘဲ
ငြီးငွေ့တာကလဲ-ယောဂီဉာဏ်ဘဲ

"ငြီးငွေ့ခြင်းလက္ခဏာ"

သုံးဘုံတရား၌လဲ-တပါးမှမလိုချင်
ကိုယ်စိတ် ၂-ပါးကလဲ
အပျက်များလို့သူမရှင်
မြင်တုန်းပျက်လို့လဲ-သူ့မှာမရှင်
ကြားတုန်းပျက်လို့လဲ-သူ့မှာမရှင်
နံတုန်းပျက်လို့လဲ-သူ့မှာမရှင်
စားတုန်းပျက်လို့လဲ-သူ့မှာမရှင်

ထိတုန်းပျက်လို့လဲ-သူ့မှာမရှင်
သိတုန်းပျက်လို့လဲ-သူ့မှာမရှင်

နိဗ္ဗိဒါဉာဏ်ပြီး၏။

---

### ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

### မိုးကုတ်မြို့၌ ဟောကြားတော်မူသောတရားတော်

# ဝိပဿနာမလုပ်လျှင် နိဗ္ဗာန်မရှိ တရားတော်

(မိလက္ခတိဿရဟန်း) (၂၄-၆-၆၁)

ဒကာ ဒကာမတွေ အလိုရှိနေတဲ့ နိဗ္ဗာန်ဆိုတဲ့ တရားဟာ ဘယ်နေရာမှာရှိပါလိမ့်မလဲလို့ မေးလို့ရှိရင်ဖြင့်တဲ့ မလုပ်တဲ့ ပုဂ္ဂိုလ် အတွက်မှာ ဘယ်နေရာမှ မရှိဘူးလို့ အောက်မေ့ထား ကြပါ။

ဝိပဿနာ အလုပ် မလုပ်တဲ့ ပုဂ္ဂိုလ်များ (ဘယ် နေရာမှ မရှိပါဘုရား) ဘယ်နေရာမှ နိဗ္ဗာန် မရှိဘူးလို့ မှတ်ပါတဲ့။

ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ ဆိုလို့ ရှိရင်ဖြင့် အားလုံးပဲ မှတ်ကြပါ။ ယခု ပစ္စုပ္ပန်ကာလမှာလဲ ရှိတာ မဟုတ်ဘူး၊ မလုပ်တဲ့ ပုဂ္ဂိုလ်မှာ အတိတ်ကာလကလဲ ရှိနှင့် နေတဲ့ နိဗ္ဗာန် မဟုတ်ဘူး။

အနာဂတ်ကာလက စောင့်ဆိုင်းနေတဲ့နိဗ္ဗာန် မဟုတ်ဘူးလို့ မှတ်ထားကြပါ (မှန်ပါ့) နိဗ္ဗာန်သည် ကာလသုံးပါးမှ လွတ်ပါတယ် ရှင်းကြပလား (ရှင်းပါတယ်ဘုရား)။

နိဗ္ဗာန်ဟာ ရှိတော့ရှိတယ် မလုပ်တဲ့ ပုဂ္ဂိုလ်အတွက် မှာ ကာလသုံးပါး လွတ်နေတယ် (မှန်ပါ့) မောင်နိုင် ရှင်းပလား (ရှင်းပါပြီဘုရား)။

## နိဗ္ဗာန်သည် ကာလသုံးပါးမှလွတ်တယ်

နိဗ္ဗာန်သည် ယခုပစ္စုပ္ပန် ကာလမှာ ရှိပါသလား ဆိုရင် မလုပ်တဲ့ ပုဂ္ဂိုလ်အတွက်မှာ (မရှိပါ ဘုရား) မရှိဘူးလို့ မှတ်ပါတဲ့။

အတိတ်က သူရှိနေခဲ့သလားလို့ မေးပြန်တော့လဲ (မရှိပါ ဘုရား)။

အနာဂတ်မှာ သူတို့ စောင့်နေသလားလို့ မေးပြန်ရင် (မရှိပါဘုရား)။

မရှိဘူးတဲ့ ဒါကြောင့် နိဗ္ဗာန်သည်ကားလို့ ဆိုလို့ ရှိရင်ဖြင့် ကာလ ဝိမုတ်တဲ့ ကာလသုံးပါးမှ လွတ်သောကြောင့် ကာလ ဝိမုတ်လို့ ဒကာကြီးလှိုင် မှတ်ထား လိုက်စမ်းပါ (မှန်လှပါဘုရား)။

ဒါဖြင့် နိဗ္ဗာန် မရှိဘူးလားလို့ မေးမြန်းတော့လဲ လုပ်တဲ့ ပုဂ္ဂိုလ်အတွက်မှာ ရှိတယ် (မှန်ပါ့)။

ဒီစကားကို ကိုဝတို့၊ ကိုပေါ်တို့ သုံးရတာက သုံးချင်လို့ သုံးရတာ မဟုတ်ဘူးနော် (မှန်ပါ့) မိလိန္ဒမင်းကြီးက မေးလို့ နိဗ္ဗာန်ဟာဘုရား ရှိနှင့်တယ်ဆိုလို့ ရှိရင်လဲ ရှေးက လူတွေ တွေ့နှင့်ဖို့ တယ်ကောင်းပါတယ်

ရှိဆဲ ဆိုလို့ ရှိရင်လဲ ယခု ပုဂ္ဂိုလ်တွေ မြင်ဖို့ ယှဉ်ဖို့ သိပ်ကောင်းပါတယ်။ စောင့်နေတယ်ဆို လို့ရှိရင်လဲ တပည့်တော်တို့ ဘယ်အချိန် သွားသွား သူရှိမှာပဲ ဆိုပြီး သကာလ နေလဲ ရတာပဲတဲ့။

အဲ့ဒီတော့ နိဗ္ဗာန်ဟာ ဘယ်လို နေပါသတုံး၊ ဘယ်လို အရှိနဲ့ ရှိပါသတုံး ဆိုတော့ ဒကာကြီးလှိုင် ဘယ်ကာလမှာမှ မရှိဘူးလို့ အရှင်နာဂသိန်က ဖြေလိုက်တယ်နော် (မှန်ပါ့)။

နောက်က ဒကာ ဒကာမတွေ ဘယ်ကာလ ရှိသလဲ (ဘယ်ကာလမှာမှ မရှိပါဘုရား)။ အတိတ်ကာလမှာလဲ မရှိပါဘူး (မှန်ပါ့) ပစ္စုပ္ပန်ကာလမှာ လဲ (မရှိပါဘုရား) အနာဂတ် ကာလမှာ (မရှိပါဘုရား)။

ဒါနဲ့ မိလိန္ဒမင်းကြီးက ဆင်ခြေတက်တယ် ဒါဖြင့် အရှင်ဘုရား မေးရတာ နိဗ္ဗာန် မရှိဘူးလို့ ဆိုလို့ ရှိရင် ဒီလိုပဲ ယူရတော့မှာပဲလား ဆိုတော့ ဒီလိုလဲ မဟုတ်ဘူး ဒကာကြီးရ နိဗ္ဗာန် မရှိဘူး မဟုတ်ဘူး –

"အတ္ထိဘိက္ခဝေ အဘူတံ အဇာတံ" ဆိုတဲ့ ဥဒါန်း ပါဠိတော်မှာ ဘုရားက နိဗ္ဗာန်ရှိတယ်လို့ပဲ ဟောထားတယ် နိဗ္ဗာန်ဟာ ရှိတော့ရှိတယ် (မှန်ပါ့)။

## ဝါးနှစ်လုံးဥပမာ

သို့သော် ဘယ်ကာလမှာ ရှိသတုန်း မေးတဲ့အခါကျတော့ ကာလသုံးပါးမှ လွတ်နေတော့တာ မောင်နိုင် မရှိဘူးလို့ ဆိုရမည့် အမေးဟာ မေးသင့်တာပဲ (မှန်ပါ့) မမေးသင့်ဘူးလား (မေးသင့်ပါတယ် ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေက မှတ်ရမယ်၊ ဝါးနှစ်ခုကို ပွတ်တာပေါ့တဲ့၊ မပွတ်ခင် ပထမ ဝါးထဲမှာလဲ မီးမပါဘူး၊ (မှန်ပါ့) ဒုတိယ ဝါးထဲမှာကော (မပါပါ ဘုရား)။

သို့သော် ဒကာ ဒကာမတွေက တကယ်တန်း ပွတ်လိုက် တဲ့ အခါကျတော့ အင်း ဘယ်ကလာတဲ့ မီးတုံး ဆိုလို့ ရှိရင်ဖြင့် ဝါးထဲက ထွက်တဲ့မီးပဲ ဆိုရမှာပဲ (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ဘယ်က ထွက်တဲ့ မီးတုံး ဆိုလို့ရှိရင် (ဝါးထဲက ထွက်တဲ့ – မီးပါ ဘုရား)။

အရင်က ရှိနှင့်သလား မေးပြန်တယ် (မရှိနှင့်ပါ ဘုရား)။

ရှေးက ရှိနှင့်ခဲ့သလား ဆိုတော့ မရှိဘူးတဲ့၊ ခုနင်က မပွတ်ခင်တုန်းက ရှိဆဲလားလို့ မေးရင် (မရှိပါဘုရား) နောက်ရှိလတ္တံ့ လားလို့ မေးပြန်ရင်ကော (မရှိပါ ဘုရား)။

ရှိလတ္တံ့လားလို့ မေးပြန်တော့ ရှိလတ္တံ့လဲ မဟုတ်ဘူး၊ ဒါဖြင့် ကျေနပ်ကြပါတော့ နိဗ္ဗာန်ဟာ ကာလသုံးပါးမှ လွတ်ပါတယ် ဆိုတာ ဒကာ ဒကာမတွေ မှတ်ထားကြပါ (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်မရှိတော့ဘူးလား

နိဗ္ဗာန် ဘယ်ကာလရှိသတုန်း (ဘယ်ကာလမှာမှ မရှိပါ ဘုရား) ဘယ်ကာလမှ မရှိဘူးဆိုတာ ဒကာ ဒကာမတွေ သေသေချာချာ မှတ်ထားပါ (မှန်ပါ့)။

ဒါဖြင့် နိဗ္ဗာန် မရှိတော့ဘူးလား ဆိုတော့ ဝိပဿနာ ဉာဏ်နဲ့ အနိစ္စ၊ အနတ္တ ဆိုတဲ့ တရားနဲ့ ဒီကဉာဏ်နဲ့ ပွတ်ပေး ရမယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ အာရုံတရားနဲ့ ဒီက ဉာဏ်နဲ့ – ပွတ်ပေးတဲ့ ရှင်းပလား (ရှင်းပါပြီ ဘုရား) အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ တရားသုံးခုနဲ့ (ဉာဏ်နဲ့ ပွတ်ပေးရပါမယ် ဘုရား) ဉာဏ်နဲ့ ပွတ်ပေး လိုက်တဲ့ အခါကျတော့ ကိုတဲ့ ဝါးနှစ်လုံး ပွတ်သလိုပဲ ဒီအထဲက နိဗ္ဗာန် ထွက်လာတယ် (မှန်ပါ့) ပေါ်ကြ ပလား (ပေါ်ပါပြီ ဘုရား)။

## အလုပ်လုပ်တဲ့ပုဂ္ဂိုလ်မှာ နိဗ္ဗာန်ရှိတယ်

ဒါဖြင့် ဘယ်ကာလ ရှိသတုန်း ဆိုတဲ့စကား ဘယ်ကာလ မှာမှ မရှိဘူး (မှန်ပါ့) ပွတ်နိုင်တဲ့ ပုဂ္ဂိုလ်မှာဖြင့် (ရှိပါတယ် ဘုရား)။

ဒါဖြင့် လုပ်နိုင်တဲ့ ပုဂ္ဂိုလ်မှာ ရှိတယ် (မှန်ပါ့) မလုပ်နိုင်တဲ့ ပုဂ္ဂိုလ်မှာ (မရှိပါဘုရား)။

ကိုပေါ် ကျေနပ်ပလား (ကျေနပ်ပါပြီ) ကိုကော ကျေနပ်ပလား (ကျေနပ်ပါပြီ) နောက်က ဒကာ ဒကာမတွေ (ကျေနပ်ပါပြီဘုရား)။

ဒါ- ဘုန်းကြီးက တန်ဆာဆင်ပြီး ပြောတာ မဟုတ်ပါဘူး ဆိုတာကိုလဲ ရှင်းရှင်းပဲ မှတ်ပါ (မှန်ပါ့) အရှင်နာဂသိန်ကို မိလိန္ဒမင်းကြီးက မေးလို့ ဖြေရခြင်း ဖြစ်ပါတယ် ဆိုတော့ ဒါဖြင့် အရှင်ဘုရား နိဗ္ဗာန်ဟာ ကာလသုံးပါးမှ လွတ်နေတော့ ဘယ်ရှိတော့မတုံး ဆိုတော့ ဒကာကြီးရှိတယ် ဝါးနှစ် လုံး ပွတ်ကြည့် တာပေါ့။ နဂိုက ဝါးထဲမှာ ရှေးကတော့ မီးရှိ ဘူးသလား ယခုလဲ မတိုက်ခင်က ရှိသလား (မရှိပါ ဘုရား) နောက်လဲ သေပြီးတော့ ရှိသေးသလား (မရှိပါ ဘုရား)။

မပါဘူးတဲ့၊ နို့ ဘယ်လိုလုပ်တဲ့ အခါကျမှ ရှိလာသ တုန်း ဆိုတော့ ပွတ်တိုက်တဲ့ ပုဂ္ဂိုလ်၏ လုံ့လပ ယောဂ အားစိုက် လာတဲ့ အခါကျတော့မှ သူ မီးထွက်လာတယ် (မှန်ပါ့)။

ဒီအတိုင်းပါပဲတဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာလဲ ခန္ဓာ၏ ဖြစ်ပျက်နဲ့ ကိုယ့်ဉာဏ်မဂ်နဲ့ ကြပ်ကြပ် ပွတ်ပေးပါ (မှန်ပါ့)။

သေသေချာချာ မှတ်စမ်းပါ ဒီ အဓိပ္ပာယ်ဟာ ဒကာ ဒကာမတို့ အင်မတန် အဖိုးတန်လွန်းလို့ ကိုပေါ်တို့ ကိုဝတို့ ဂရုတစိုက် ပြောနေတယ် (မှန်ပါ့)။

နို့မဟုတ်လို့ရှိရင် ခင်ဗျားတို့က နိဗ္ဗာန်ဟာ ဆုတောင်း ပါရမီ အလုပ်ပဲလို့ ထင်ချင် ထင်နေမယ်၊ မပွတ်တော့ဘူး (မှန်ပါ့)။

ဆုတောင်း ပါရမီ အလုပ်ပဲလို့ ထင်ချင် ထင်နေကြလိမ့်မယ် မထင်ပေဘူးလား (ထင်ပါတယ် ဘုရား) ဆုတောင်းတဲ့ ပုဂ္ဂိုလ် ရမှာပဲဟေ့ ပါရမီ ရှိတဲ့ ပုဂ္ဂိုလ် ရမှာပဲပေါ့။

မဟုတ်ဘူးကွာတဲ့၊ ဒကာ ဒကာမတွေကနော် (မှန်ပါ့) အနိစ္စဆိုတဲ့ ခန္ဓာနဲ့ ဝေဒနာက္ခန္ဓာနဲ့ ဖြစ်ဖြစ် ဝိညာဏက္ခန္ဓာနဲ့ ဖြစ်ဖြစ် ဒကာ ဒကာမတို့ ဉာဏ်နဲ့သာ ပွတ်ပေးပါ။ ဦးဘရှင်း ရိပ်မိပလား (ရိပ်မိပါပြီ)။

အနိစ္စနဲ့ ဉာဏ်နဲ့ ပွတ်ပေး၊ ဒုက္ခနဲ့ ဉာဏ်နဲ့ ပွတ်ပေး၊ အနတ္တ နဲ့ ဉာဏ်နဲ့ ပွတ်ပေးပါ (မှန်ပါ့) ပွတ်ပေးတဲ့ အခါကျလို့ ရှိရင်ဖြင့်တဲ့ ဒီမီးနဲ့ တူတဲ့ နိဗ္ဗာန်ဟာတဲ့ အနိစ္စ အဆုံးမှာ နိစ္စနိဗ္ဗာန် ပေါ်လာတယ် (မှန်ပါ့) ဒုက္ခ အဆုံးမှာ သုခနိဗ္ဗာန် ပေါ်လာတာပဲ၊ အနတ္တ အဆုံးမှာ အနတ္တ နိဗ္ဗာန် ဆိုတာ ပေါ်လာတာပဲ ဆိုတာ ကိုယ်တို့ ကျေနပ်လိုက်ပါ (မှန်ပါ့)။

ဥပမာဥပမေယျနဲ့ကော ကိုက်ပါရဲ့လား (ကိုက်ပါ တယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နားလည်မှု ရှိ- မရှိ ဘုန်းကြီးကပဲ မေးပြီ၊ နိဗ္ဗာန်ဟာ ဘယ်ကာ လ ရှိသတုန်း (ဘယ်ကာလမှာမှ မရှိပါ ဘုရား)။

ကဲ ဒါဖြင့် ဘယ်ကာလမှ မရှိဘူး ဆိုတဲ့ တရားဟာ မောင်နိုင် အတော်ဆန်းတဲ့ တရား (ဆန်းပါတယ် ဘုရား) မဟုတ်ဘူးလား (မှန်ပါ့)။

မင်းတို့ မိုးကုတ်မြို့မှာ ကျောက်ရှိတယ် ဆိုတဲ့ဥစ္စာ အင်း ဒီနေရာ အရင်က မရှိဘူးကွာ၊ ခု ရှိတယ်ဆို တူးကြည့် တဲ့အခါကျတော့ သူဖြုန်းစတို့ ဘာတို့နဲ့ တွေ့တဲ့ အခါကျတော့ သူရှိနှင့် နေတာ ဧကန်ပဲ (မှန်ပါ့)။ ဒီတော့ တူးတဲ့ ပုဂ္ဂိုလ်၏ ကံနဲ့ ဒီနေရာ တူရွှင်းချမိ၊ ဆေးမိ၊ ကြောမိတဲ့အခါ မကြုံသေးလို့သာ ရှိနှင့်တာ သေချာတယ် (မှန်ပါ့)။

အဲဒီလို ကျောက်ရှိနှင့်သလို ဒကာ ဒကာမတွေ နိဗ္ဗာန်က ရှိနှင့်တာလားလို့ မေးရင် ဘယ့်နှယ် ပြောကြမယ် (မရှိပါ ဘုရား) ရှိနှင့်ရင် အတိတ် ဖြစ်ရမယ် (မှန်ပါ့)။

ရှိနှင့်ရင် ဘယ်နှယ့်ပြောကြမယ် (အတိတ် ဖြစ်ပါ တယ်) အတိတ် ဖြစ်ရမယ် ဆိုတာ သေချာပလား (သေချာ ပါပြီ ဘုရား)။

ဒါကြောင့် နိဗ္ဗာန်သည် ဘယ်ကာလမှာ ရှိပါလိမ့် (ဘယ်ကာလမှာမှ မရှိပါဘုရား)။

ဟုတ်ပြီတဲ့၊ မိလိန္ဒမင်းကြီးက မေးတယ်၊ ဒါဖြင့် ဘုရား ကာလသုံးပါးမှ လွတ်တဲ့ တရားဖြင့် မရှိတော့ ဘူးလို့ အရှင်ဘုရား ဆိုချင်တာပဲ၊ တပည့်တော် အရ ဆိုရင် ဟာ ဒကာကြီး ဒီလိုလဲ နိဗ္ဗာန်ဟာ "အတ္ထိ ဘိက္ခဝေ" လို့ ဆိုထားတယ်၊ နိဗ္ဗာန် ဟာ ရှိတယ်လို့ ပြောတယ်၊ ရှိတယ် ဒကာကြီးရ၊ ရိပ်မိပလား – (ရိပ်မိပါပြီ ဘုရား)။ နိဗ္ဗာန်ဟာ ဘာတဲ့တုံး (ရှိပါတယ် ဘုရား) ရှိတာ တော့ သေချာတယ်နော် (မှန်ပါ့)။

အဲဒီတော့ ကျုပ် ဥပမာပြမယ်ဆိုပြီး ဝါးနှစ်လုံး ကိုင်တာပဲနော်၊ ဝါးနှစ်လုံး ကိုင်ပြီး အခုလို ဘယ်ဘက်ဝါထဲမှာလဲ မီးမပါ ညာဘက်ဝါးထဲမှာရော (မီးမပါပါ ဘုရား)။

စမ်းကြည့်ရင် အအေးတွေပဲ ဒကာ ဒကာမတို့နော် (မှန်ပါ့) ပွတ်ပါ များလာတော့ ဒီအထဲကပဲ မီးထွက် တာပဲ (မှန်ပါ့) ဝါးနှစ်လုံးထဲကပဲ ဘာဖြစ်လာသတုန်း (မီးဖြစ်လာပါတယ် ဘုရား)။

မီးဖြစ်လာတော့ ကိုပေါ်တို့ ကိုဝတို့မေးပြီ နဂိုကရှိနှင့် တာလား (မရှိပါဘုရား) နဂိုက ရှိနှင့်ရင် သူ့ဝါးရုံကြီးထဲမှာ သူ့ဟာသူ တောက်နေဖို့ ကောင်းတယ် (မှန်ပါ့) မဟုတ်ဘူးလား၊ အခုတော့ ပွတ်ပါများလို့ မီးထွက်တယ် – (မှန်ပါ့) သဘော ပါကြပလား (ပါပါပြီ)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အင်း ဒို့လဲ ဘာနဲ့ဘာ ပွတ်တိုက် ရပါလိမ့်မတဲ့ ဆိုတဲ့ အဖြေ (ထွက်လာ ပါတယ် ဘုရား)။

အဲဒီတော့ ဘုန်းကြီးကပဲ တန်ဆာဆင်ပြီး ပေးလိုက် တယ်၊ ဒကာ ဒကာမတို့ ခန္ဓာ၏ အနိစ္စတရားနဲ့ ရှုကြည့်တဲ့၊ မဂ္ဂ တရားနဲ့ ကြပ်ကြပ် တိုက်ပေးပါ (မှန်ပါ့) မပေါ်သေးဘူးလား (ပေါ်ပါပြီ ဘုရား)။

အဲဒီလို တိုက်ပေးလိုက်လို့ ရှိရင်ဖြင့်တဲ့ မီးနဲ့တူတဲ့ နိဗ္ဗာန်ဟာ ဒကာ ဒကာမတို့ ပေါ်လာတာပဲ (မှန်ပါ့) သဘော ပါပလား (ပါပါပြီဘုရား)။

**အားထုတ်တဲ့ပုဂ္ဂိုလ်အတွက်ရှိတယ်**

ဒါဖြင့် အားထုတ်တဲ့ ပုဂ္ဂိုလ်အတွက်မှာ ရထိုက်တယ် (မှန်ပါ့) အားမထုတ်တဲ့ ပုဂ္ဂိုလ်အတွက်မှာ (မရထိုက်ပါ) မရဘူးဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

ဩော် ဒါဖြင့် နိဗ္ဗာန် မရှိဘူးလား ရှိသလားလို့ မေးရင် (ရှိပါတယ် ဘုရား) ရှိတယ်၊ သဘောကျ ပလား (မှန်ပါ့)။

ဘယ်ကာလမှာရှိသတုန်း – (ဘယ်ကာလမှာမှ မရှိပါ ဘုရား)။

ဒါဖြင့် ဘယ်ကာလမှ မရှိလို့ရှိရင် ဘယ်လိုလုပ်မှ နိဗ္ဗာန် သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ပေါ်ထွန်း လာပါလိမ့်မလဲလို့ မေးလို့ရှိ ရင်လဲ ဒကာ ဒကာမတို့ ဘယ်လို ပြောကြမယ် (အားထုတ် မှပေါ်လာ မှာပါ)။

ဆို ဆို ဆို ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်ပေးရမယ် (မှန်ပါ့ဘုရား)။

ခန္ဓာနဲ့ဉာဏ်နဲ့ တိုက်ပေးရမယ် (မှန်ပါ့) ဖြစ်ပျက်နဲ့ မဂ်နဲ့ တိုက်ပေးရပါမယ်။

တိုက်ပေးရမယ် ဆိုလို့ရှိရင်ဖြင့် ဒါဟာ နိဗ္ဗာန်မရ မရှိဘူး ဒကာကြီးတဲ့၊ ကာလသုံးပါးတော့ လွတ်တာ အမှန်ပဲဆိုတော့ အားလုံး ဒကာ ဒကာမတွေ တော်တော် နက်နဲတဲ့ စကား (နက်နဲပါတယ် ဘုရား)။

ဉာဏ်နဲ့ တွေးကြည့်မှနော် (မှန်ပါ့) ဒါဖြင့် ဆုတောင်း သမားတို့၏ အလုပ် မဟုတ်သေးဘူးဗျ (မှန်ပါ့)။

သူက ပွတ်တိုက်တဲ့ အလုပ်မှ မလုပ်ဘဲ (မှန်ပါ့ ဘုရား) ဆုတောင်းသမား၏ အလုပ်လို့ ဒကာ ဒကာမ တွေက ဆိုမလား (မဆိုပါ ဘုရား)။

မဆိုကြပါနဲ့တဲ့၊ ဆုတောင်းသမား အလုပ်ကယ်လို့ မဆိုကြပါနဲ့၊ ပါးစပ် အလုပ်မပါဘူး၊ မနောထဲက ဉာဏ်နဲ့ ခန္ဓာနဲ့ တိုက်တိုက် ပေးရမယ် (မှန်ပါ့) သဘောကျပလား (ကျပါ ပြီဘုရား)။

ဒါဖြင့် ဝီရိယနဲ့ ဆုတောင်းလို့တော့ဖြင့် ဝေးသော အကြောင်းသာ ဖြစ်ရမယ် ဆိုတာ ကိုပေါ်က မှတ်လိုက် (မှန်ပါ့)။

ဝစီကံနဲ့ ဆုတောင်းရင် (ဝေးသော အကြောင်းသာ ဖြစ်ပါမယ် ဘုရား)။

ဝေးသော အကြောင်း အင်မတန် ဝေးပါတယ် (မှန်ပါ့ ဘုရား)။

မနောကံနဲ့ ပွတ်တိုက်နေလို့ ရှိရင်ဖြင့် (အင်မတန် နီးပါတယ် ဘုရား)။

အင်မတန် နီးတယ်ဆိုရင်ဖြင့် ခဏပဲ အားစိုက်လိုက်ရင် မီးပွင့် လာတာပဲ (မှန်ပါ့)။

ဒကာ ဒကာမတွေ ခင်ဗျားတို့ ဒါ ဆရာကောင်း သမားကောင်းနဲ့ ကြုံလို့ လည်းကောင်း၊ ခင်ဗျားတို့ကလဲ ဆက်နာ လို့လည်းကောင်း ဒီအဓိပ္ပာယ်မျိုးကို သိရတယ် (မှန်ပါ့)။

နို့မို့လို့ရှိရင် ကိုဝ ဒီအဓိပ္ပာယ်ကြားဖို့ကို ခဲယဉ်းတယ် (ခဲယဉ်းတယ် ဘုရား)။

ဒီအတိုင်းပဲ ဒို့ထုံးစံ အတိုင်းကွာ လှူတန်း၊ ပေးကမ်းပြီး သကာလ ဝဋ်ကျွတ်ရာ နိဗ္ဗာန် ဆုတောင်းလို့ရှိရင် တောင်းပါများ ပြည့်ပေါ့ကွာ နည်းရောင်း များရောင်း တောင်းပြည့် ဆိုသလို ပေါ့။ ဒီကို လမ်းဆုံး နေလိမ့်မယ် ဆိုတဲ့သဘော သက်ရောက်တယ် (မှန်ပါ့) မသက်ရောက်ဘူးလား (သက်ရောက်ပါတယ် ဘုရား)။

ဒါဖြင့် အလုပ်စခန်းပါရဲ့လား (မပါပါဘုရား)။

မပါတော့ကို ဦးဘကလေးတို့က သြော် အခု သေသေချာချာ မိလိန္ဒမင်းကြီး ရှင်နာဂသိန် မေးတော့မှ ကာလ သုံးပါးလွတ်တဲ့ တရား နိဗ္ဗာန်ပဲ (မှန်ပါ့)။

ကာလ ဝိမုတ် ကာလ သုံးပါးလွတ်တဲ့ တရား နိဗ္ဗာန်တဲ့၊ မရှိဘူးလား ဆိုတော့လဲ ရှိသတဲ့ ဘုရားက "အတ္ထိဘိက္ခဝေ အဇာတံ အဘူတံ" ဆိုပြီးတော့ ဥဒါန်းပါဠိတော်မှာ ဟောထားလို့ရှိတာလဲ ဧကန် ပဲတဲ့ (မှန်ပါ့)။

သို့သော် လူတိုင်းမှာ ရှိသလားလို့ တစ်ခါ ဝေဖန်ပြန်တော့ (မရှိပါဘုရား)။

မရှိဘူးတဲ့၊ လူတိုင်းမှာလဲ မရှိဘူး၊ ဘယ်လို ပုဂ္ဂိုလ်မှာ ရှိပါ လိမ့်မတုံး ဆိုတော့ ခုနင်က အနိစ္စနဲ့ မဂ္ဂ တိုက်နေတဲ့ ပုဂ္ဂိုလ်မှာ ရှိတယ် (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ)။

အနိစ္စနဲ့ မဂ္ဂနဲ့ (တိုက်နေတဲ့ ပုဂ္ဂိုလ်မှာ ရှိပါတယ် ဘုရား)။

သြော် ဒါဖြင့် ဟိုက အနိစ္စဖြင့် ဒီကမဂ္ဂနဲ့ သွားသွား ပြီးတိုက် (မှန်ပါ့)။

ဉာဏ်နဲ့ သွားသွားတွေ့ရမယ် ဆိုတာပေါ့လေ (မှန်ပါ့ဘုရား)။

အဲဒီလို တွေ့တဲ့ ပုဂ္ဂိုလ်ကျလို့ရှိရင်ဖြင့် အဲ မောင်နိုင် ရေ ဝါးနှစ်လုံးပွတ်လို့ မီးထွက်လာသလို နိဗ္ဗာန်တည်းဟူသော တရားဟာ တစ်ခါတည်း ပေါ်လာတယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

နိဗ္ဗာန် တရားသည် ဒကာ ဒကာမတို့ ယနေ့ ပြောတဲ့ အဓိပ္ပာယ်သည် တစ်မျိုးပဲ။ ခါတိုင်း ဝိပဿနာ ပြောနေတယ်။ ဒီနေ့တော့ နိဗ္ဗာန်ကို ပြောတယ် ဆိုတာဖြင့် ရှင်းသွားပြီ (ရှင်းပါပြီ) ရှင်းကြပလား (မှန်ပါ့)။

နောက်က ဒကာ ဒကာမတွေ နိဗ္ဗာန် ဘယ်လိုလုပ်ရင် ထွက်မယ် (ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်ပေးရင် ထွက်ပါတယ် ဘုရား)။

ခန္ဓာနဲ့ဉာဏ်နဲ့ တိုက်တိုက် ယူရမယ် (မှန်ပါ့) သဘော ကျပလား (ကျပါပြီ။

ခန္ဓာနဲ့ဉာဏ်နဲ့ တိုက်တဲ့အခါကျလို့ ရှိရင်ဖြင့်တဲ့ ခန္ဓာက ဖြစ်ပျက် ဉာဏ်ကမင်္ဂနဲ့သာမခွဲနဲ့ (မှန်ပါ့)။

ဦးဘကလေးက ခန္ဓာ ဖြစ်ပျက်နဲ့ ဉာဏ်မင်္ဂကို (မခွဲရ – ပါဘုရား)။

မခွဲကြပါနဲ့ဆိုတာ ဒကာ ဒကာမတွေ သတိပေးတယ်နော် (မှန်ပါ့)။

အဲဒီတော့ ခန္ဓာဖြစ်ပျက်နဲ့ ဉာဏ်မင်္ဂနဲ့ မခွဲကြလို့ ရှိရင်ဖြင့် တဲ့ ခန္ဓာဖြစ်ပျက်လဲ ဆုံးပါရော မီးပွင့်တာနဲ့ တစ်ပြိုင်နက်တည်း နိဗ္ဗာန်ဟာ ပေါ်လာတာပဲ (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ဩော် ဒါဖြင့် ကျုပ်တို့ ခင်ဗျားတို့ ရှေးနိဗ္ဗာန်နဲ့တော့ အတော် ကွာသွားတယ် – (ကွာပါတယ် ဘုရား) ဒါ မိလိန္ဒပဉှာမှာ လာတယ်လို့ မှတ်ရမယ် (မှန်ပါ့)။

ဘယ်မှာ လာပါလိမ့် (မိလိန္ဒပဉှာမှာ လာပါတယ် ဘုရား)။

မိလိန္ဒပဉှာမှာ လာတယ်၊ ဖြေတဲ့ပုဂ္ဂိုလ်ကလဲ ရဟန္တာ၊ သဘောကျပလား (ကျပါတယ်)။

မေးတဲ့ ပုဂ္ဂိုလ်ကလဲ ရဟန္တာဖြစ်အောင် မေးတာပဲ (မှန်ပါ့)။

သူလဲ နောက် ရဟန္တာဖြစ်တာပဲ ရှင်းပလား (ရှင်းပါ ပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို အထူး တိုက်တွန်းစရာ ဟေ့ ဝိပဿနာ အလုပ်များ လုပ်ကြဟေ့ လို့ ဘုန်းကြီးက တိုက်တွန်းတာ မစောင့်နဲ့တော့ (မှန်ပါ) သူ့ လုပ်မှရမှာပဲ ဆိုတာသာ ဆုံးဖြတ်ချက် ချလိုက်တော့ (မှန်ပါ့ဘုရား)။

ဝါးနှစ်လုံး မပွတ်ဘဲနဲ့ မီးထွက်လိမ့်မယ် ဆိုတဲ့ သဘောဖြင့် ဘယ်အခါကာလမှ ဒကာ ဒကာမတွေက စိတ်ကူး မယဉ်လိုက် ပါနဲ့(မှန်ပါ့)။ ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဝါးနှစ်လုံး တိုက်လိုက်တဲ့ အခါကျတော့ဖြင့် ပွတ်ပါများ မီးထွက်လာသလို ဒကာ ဒကာမတို့ ဒီမှာလဲ အနိစ္စနဲ့ မဂ္ဂနဲ့ ကြပ် ကြပ် တိုက်ပေးပါ။ ဉာဏ်လဲ လက္ခဏာရေး သုံးပါးနဲ့ တိုက်တိုက် တိုက်တိုက် ပေးတဲ့ အခါကျလို့ ရှိရင်ဖြင့် တဲ့၊ ဘယ့်နှယ်ကြောင့် နိဗ္ဗာန် ပေါ်လာပါလိမ့်မလဲလို့ မောင်နိုင်က မေးစရာ ရှိတယ်နော် (မှန်ပါ့)။

ပေါ် ရမယ်တဲ့၊ ခုနင်ကတော့ဖြင့် အနိစ္စနဲ့ မဂ္ဂနဲ့ မတိုက်ရင် ကိလေသာ ရှိနေတာ (မှန်ပါ့)။

အနိစ္စနဲ့ မဂ္ဂနဲ့ မတိုက်ရင် (ကိလေသာက ရှိနေပါ တယ် ဘုရား)။

ကိလေသာ ရှိနေတုန်းကို ဘယ်မှာ သာလျှင် နိဗ္ဗာန်က မီးနဲ့ တူတဲ့ နိဗ္ဗာန်က ထွက်နိုင်ပါ့မလား (မထွက်နိုင်ပါ ဘုရား) တိုက်ပါများတော့ ကိလေသာတွေက ပါးပါး ပါးပါးပြီး ဝိပဿနာဉာဏ်က ပါးပါး ပါးပါးပြီး မသွားလား (သွား ပါတယ်ဘုရား)။

အဲ ဝိပဿနာဉာဏ်က ပါးပါး ပါးပါးသွားလို့ ကိလေသာ ဝေးတဲ့ အချိန်ကျတော့ ခုနင်က နိဗ္ဗာန်တည်း ဟူသော မီးဟာ ဒကာ ဒကာမတို့ ထွက်လာတယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့) ပေါ် ကြပလား (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဒို့သည် ဘယ့်နှယ်ကြောင့် လုပ်တာလဲ တော်တော်ကလေး ကြာပြီ၊ ဘယ့်နှယ်ကြောင့် သည်နိဗ္ဗာန်တည်း ဟူသော မီးသည် မပွင့်လာ မထွက်လာ သေးပါလိမ့်မလဲလို့ ဆိုရင် ဖြင့် ကိလေသာ မဝေးသေး၊ ပွတ်တိုက်မှု နှေးသေးလို့ (မှန်ပါ့) ပေါ် ကြပလား (ပေါ်ပါပြီ)။

ကိလေသာက (မဝေးသေးလို့ပါ ဘုရား) ပွတ်တိုက်မှု က (နှေးသေးလို့ပါ ဘုရား) ပွတ်တိုက်မှုကလဲ နှေးနေတယ် (မှန်ပါ့ ဘုရား)။

မောင်နိုင် ဒီဥစ္စာ တော်တော် အရေးကြီးတဲ့ စကား (ကြီးပါတယ်ဘုရား) နောက်က ဒကာ ဒကာမတွေ (အရေးကြီးပါတယ် ဘုရား)။

အရေးကြီးပါတယ် ဆိုတော့ ဩော် ဒါဟာ အခု ဆရာသမားကလဲ ဆုံးမလို့ ဒို့နားထဲ ကြားတယ်၊ ဒို့ ပင်ကိုယ်သဘော ကြားဘူးနားဝ ရှိသရွေ့နဲ့ ဒို့ ပင်ကိုယ်သဘော ကြားဘူးနား ဝရှိသရွေ့ ဒို့အထင်နဲ့ ဆိုလို့ ရှိရင် ဒါ အများကြီး ကွာသွားမယ် (မှန်ပါ့)။

ကိုဝ ကွာမကွာ စဉ်းစားစမ်းပါ (ကွာပါတယ် ဘုရား) သေသေချာချာ ကွာသွားတာပဲတဲ့ အနိစ္စနဲ့ မဂ်နဲ့ မကိုက်ရင် မရဘူး (မှန်ပါ့)။

မောင်နိုင် (မရပါဘုရား) မရနိုင်ဘူးတဲ့၊ ဘာကြောင့် မရနိုင်သတုံးလို့ မေးတဲ့ အခါကျတော့မှ ဒကာ ဒကာမတို့ ကိလေသာကို မဂ်ကမှ ဖြတ်တာ (မှန်ပါ့) ရှေ့က အနိစ္စ၊ မြင်တာကမဂ္ဂ(မှန်ပါ့)။

ရှေ့က အနိစ္စ၊ မြင်တာက (မဂ္ဂပါဘုရား) အဲ မဂ္ဂဆိုတော့ ပဋိစ္စသမုပ္ပာဒ် အတန်းကြီးဟာ တန်းလို့ကို ရသေးရဲ့လား (မရပါဘုရား) ရှုစရာသာ ပေါ်လာတော့တယ်၊ ရှုပ်စရာ မပေါ်လာဘူး (မှန်ပါ့) ရှုပ်စရာ ကိလေသာက လာသေးရဲ့လား (မလာပါ ဘုရား)။

အဲ ရှုစရာသာ ပေါ်လာ၍ ကန့်ကွက် ရှုပ်ထွေးတဲ့ ကိလေသာက လာခွင့် မရတော့ ကိလေသာက ဝေးသွားတယ် (မှန်ပါ့) မဝေးဘူးလား (ဝေးပါတယ် ဘုရား)။

အဲ ကိလေသာဝေးတဲ့ အခါကျတော့ ဖြစ်ပျက် အဆုံးမှာ မီးတိုက်များလို့ အဆုံးမှ တစ်ခါတည်း မီးထွက် လာတော့တာ ပဲ ဆိုတော့ ဒကာ ဒကာမတို့ ကျေကျေ နပ်နပ်နဲ့ပဲ သဘောကျဖို့ ကောင်းပါတယ် (ကျပါတယ် ဘုရား) သဘောကျပလား – (ကျပါတယ်ဘုရား)။

ဒါ ဖျောက် မပစ်ပါနဲ့တဲ့ ဖျောက်ပစ် လိုက်လို့ ရှိရင် အင်း – ဒီနေ့တော့ဖြင့် တော်လောက်ပြီ ဆိုပြီး ဝိပဿနာ အလုပ် က ထချင် ထပစ် လိုက်တယ် (မှန်ပါ့) မီးမှ မထွက်သေးပဲ (မှန်ပါ ဘုရား)။

အဲဒီတော့ မီးထွက်လိမ့်မယ် သိနေလို့ ရှိရင်လဲ နိဗ္ဗာန်ပေါ် လာလိမ့်မယ် သိနေလို့ရှိရင် ကြပ်ကြပ်သာ ဒကာ ဒကာမတွေက ကြိုးစားပြီး ရှုပေးပါ (မှန်ပါ့) သဘောပါပလား (ပါပါပြီ ဘုရား)။

ကြပ်ကြပ် ရှုပေးလိုက်တဲ့ အခါကျလို့ရှိရင် နိဗ္ဗာန်တည်းဟူသော မီးဟာ ဘယ့်နှယ်တုံး (ထွက်ရပါမယ်) ထွက်ရမယ်၊ ကိလေသာ ဝေးလို့ ထွက်ရမယ်၊ သဘောကျပလား (ကျပါပြီ ဘုရား)။

အဲဒီတော့ ဝါးဟာ နဂိုက နှစ်လုံး ကိုင်ထားတော့ ဘယ် ဘက်က တစ်လုံးဟာလဲ အအေးပဲ မဟုတ်လား ညာဘက် က အလုံးဟာကော (အအေးပါ ဘုရား)။

အဲဒီ အအေးတွေ ပျောက်ပျောက်- ပျောက်ပျောက်ပြီး သကာလ သွားမှ သာလျှင်တဲ့ အပူဓာတ်တွေက တဖြည်းဖြည်းချင်း ရင့်ကျက်လာမယ် မဟုတ်လား (မှန်ပါ့) သဘောကျပလား (ကျပါပြီ) ရင့်ကျက်ပါများတော့မှ မီးထွက်မယ် ဆိုတာကော (သေချာပါတယ် ဘုရား) အင်မတန် မသေချာဘူးလား (သေချာပါတယ် ဘုရား)။

ဒကာကြီးလိုင် မလျှော့နဲ့နော် (မှန်ပါ့) ဝါးပွတ်သော ယောက်ျားဆိုတာ ဒီက လာတာ (မှန်ပါ) မီးပွတ်သော ယောက်ျားလို့လဲ ရေးကြတယ်- (မှန်ပါ့) အခုတော့ ဝါးပွတ်သော – ယောက်ျားလို့သာ မှတ်လိုက်ပေတော့ (မှန်ပါ့)။

ကိုင်း ဒကာ ဒကာမတွေ ဩော် ဒို့နိဗ္ဗာန် ဘယ်လိုလုပ်ပြီး သကာလ ရောက်အောင် သွားရပါ လိမ့်မတုံး ဆိုတဲ့ သွားလမ်းတော့ ကိုပေါ်တို့ ကိုဝတို့ ယနေ့ပေါ် ပြီနော် (ပေါ်ပါပြီ ဘုရား)

**မီးပွတ်တာနည်းနေသေးလို့**

ငါ့ ပါရမီမရှိလို့လား ဆိုတဲ့ စကားကိုလဲ မသုံးပါနဲ့ (မှန်ပါ့) မီးပွတ်တာ နည်းနေသေးလို့ မထွက်သေးတာ သာလျှင် ဧကန်ထားပါ (မှန်ပါ့)။

ဒကာကြီးလိုင် ရှင်းပြီနော် (ရှင်းပါပြီ ဘုရား) အဲ- ဒွိဟိတ်တို့ အဟိတ်တို့ ကျတော့လဲ ဘယ်ထွက် နိုင်ပါ့ မတုံးပေါ့ဗျာ ဒီမှာတော့ ဒကာ ဒကာမတွေက ဝိပဿနာဉာဏ်နဲ့ နားလည်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ ဒါတွေ တိဟိတ်တွေက ပုံပြီး သကာလ နေတော့ တိဟိတ်ပင် ဖြစ်ငြား သော်လဲ ကိုပေါ်၊ ကိုဝတို့က မှတ်၊ မပွတ်တိုက်လို့ ရှိရင် မီးမထွက်ဘူး (မှန်ပါ့) သဘောပါသလား (ပါပါပြီ)။

ငါ-တိဟိတ်ပဲဆိုပြီး အိပ်နေလို့ကော – (မရပါဘုရား) – မရနိုင်ဘူးဆိုတာ သေချာကြပလား (သေချာပါပြီ ဘုရား)။

အဲဒါကြောင့် ဟန်ကလေး ပန်ကလေးနဲ့ တစ်ချီတစ်ပွဲ တော့ဖြင့် မနေပဲနဲ့ ဟန်ပန်တွေ အကုန်သိမ်းပြီး သကာလ မီးထွက် အောင် တိုက်မဟဲ့ ဆိုတဲ့ ဝီရိယ အဓိပတိထား၊ ဆန္ဒ အဓိပတိ ထားရင် ရပါလိမ့်မယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

ဘာအဓိပတိထားရမလဲ (ဝီရိယနဲ့ ဆန္ဒ အဓိပတိ ထားရပါမယ် ဘုရား)။

**ဝီရိယနဲ့ ဆန္ဒပြင်းပြပေးပါ**

ဝီရိယနဲ့ ဆန္ဒ၊ ဆန္ဒကလဲ နိဗ္ဗာန်တည်း ဟူသော မီးကို မ ထွက် ထွက်အောင်၊ မရ-ရအောင် လုပ်မဟ ဆိုတဲ့ ဆန္ဒပြင်းပြ လို့ရှိရင်လဲ ဆန္ဒိဒ္ဓိပ္ပာဒ် သွားဖြစ်တယ် (မှန်ပါ့) သဘောကျ ပလား- (ကျပါပြီ ဘုရား)။

အဲဒီကဲ့သို့ ဆန္ဒိဒ္ဓိပ္ပာဒ် ဖြစ်သွား ပြန်တော့လဲတဲ့ ဝီရိယက လဲ ဝီရိယ အဓိပတိဖြစ်လို့ ဟိုကလဲ ဣဒ္ဓိပ္ပာဒ် ဖြစ်သွားတဲ့ အခါကျတော့ ဒကာ ဒကာမတို့ မှတ်လိုက်တာပေါ့ မရ မရှိပါဘူး ဆိုတာ ပေါ်လာ ပါတယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ဘယ်ကာလမှာ ရှိပါလိမ့် (ဘယ် ကာလမှာမှ မရှိပါဘုရား) ဘယ်ကာလမှာမှ မရှိဘူး။

နို့ မရှိဘူးလားဆိုတော့ (ရှိပါတယ်ဘုရား)။

ဘယ်လိုပုဂ္ဂိုလ်မှာ ရှိပါလိမ့်မလဲ ဆိုတော့ ခန္ဓာနဲ့ ဉာဏ်နဲ့ များများတိုက်တဲ့ ပုဂ္ဂိုလ်မှာ ရှိတာပဲ (မှန်ပါ့) ခန္ဓာနဲ့ ဉာဏ်နဲ့ များများ မတိုက်တဲ့ ပုဂ္ဂိုလ်မှာ (မရှိပါဘုရား) မရှိဘူးတဲ့။

ဒါဖြင့် သားရေး သမီးရေး၊ စီးပွားရေး အရေးကြီးနေတဲ့ ပုဂ္ဂိုလ်ကျတော့ ကိုယ့်ခန္ဓာ ဉာဏ်နဲ့မှ မတိုက်တော့ဘဲ (မှန်ပါ့) သားသမီး ခန္ဓာနဲ့သာ ကိုယ့်တဏှာတွေနဲ့ သွားတိုက်တယ် (မှန်ပါ့) ကိုယ့် ဒေါသနဲ့ သွားတိုက်တယ် (မှန်ပါ) မဟုတ်လား (မှန်ပါ့)။

အဲဒီတော့ ခန္ဓာဉာဏ်နဲ့ ဟုတ်သေးရဲ့လား (မဟုတ် ပါဘုရား)။

စီးပွားရေး သမားတွေ အလုံးစုံ အကုန် လောဘ၊ ဒေါသ တွေနဲ့နေတ ဲ့ပုဂ္ဂိုလ်ကျတော့ သားရေး သမီးရေး၊ စီးပွားရေးနဲ့သာ တဏှာနဲ့ သွားတိုက်။ ဒေါသနဲ့ သွားတိုက်၊ သားအာရုံနဲ့ ဒေါသနဲ့ သမီး အာရုံနဲ့ ဒေါသနဲ့ သွားတိုက်လို့ ဘယ်နိဗ္ဗာန် ထွက်လိမ့်မတုံး (မှန်ပါ့)။

ကိုပေါ် ထွက်ပါ့မလား (မထွက်ရပါဘုရား) ကဲ ဦးဘကလေး ကျေနပ်ပလား (ကျေနပ်ပါပြီ ဘုရား)။ ဒါဖြင့် နိဗ္ဗာန် ရှိသလား၊ မရှိဘူးလား ဒကာ ဒကာမတို့ (ရှိပါတယ် ဘုရား) ဘယ်လို ပုဂ္ဂိုလ် ရှိပါလိမ့်မတုန်း (ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်တဲ့ ပုဂ္ဂိုလ် ရှိပါတယ် ဘုရား)။

## ဥဒယဗ္ဗယဉာဏ်

အဲ သေချာသွားပြီ၊ ခန္ဓာနဲ့ဉာဏ်နဲ့ တိုက်တဲ့ပုဂ္ဂိုလ်မှာ ဖြင့် မီးနဲ့တူတဲ့ နိဗ္ဗာန်သည် ဧကန် ထွက်လာ ပါလိမ့်မယ် ဆိုတာ လုပ်ပါ (မှန်ပါ့) ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်ပါများတော့ ကြည့်စမ်း ပါလားတဲ့ ပထမ ဖြစ်ပျက်ဆိုတော့ ဥဒယဗ္ဗယနဲ့ ဉာဏ်နဲ့ သွားတိုက်တယ် (မှန်ပါ) မတိုက်ဘူးလား (တိုက်ပါတယ် ဘုရား)။

တော်တော်ကြာ ကျလို့ ရှိရင်ဖြင့် ရှုဖန်များ လာတော့ အင်း ဖြစ်ပျက်တောင် မဟုတ်တော့ဘူး၊ အပျက် နဲ့ ဉာဏ်နဲ့ သွား တိုက်တယ် (မှန်ပါ့) ရင့်မလာဘူးလား (ရင့်ပါတယ် ဘုရား)။

ဥဒယဗ္ဗယ၊ ဘင်္ဂ၊ နောက်ကျတော့ ဒီဖြစ်ပျက်တွေက ဘေးထင်ပြီး သင်္ကာလ ဉာဏ်နဲ့ မတိုက်ဘူးလား (တိုက်မိပါ တယ် ဘုရား)။

ဒီလို အစဉ်အတိုင်း တက်သွားတော့ကွာတဲ့ တိုက်ပါများတော့ နောက်ကျတော့ အာဒီနဝ ဆိုတဲ့ ဒီဖြစ်ပျက်တွေဟာ ကိုယ့်အပြစ် သင့်နေတာပဲ ဆိုပြီးတော့ ဉာဏ်နဲ့ သွားသွား မတိုက် ဘူးလား (တိုက်ပါတယ် ဘုရား) အဲဒါ အာဒီနဝဉာဏ်နဲ့လဲ ခန္ဓာနဲ့ပဲ သွားတိုက်တာပဲ (မှန်ပါ့) မတိုက်ဘူးလား (တိုက်ပါတယ် ဘုရား)။

## နိဗ္ဗိန္ဒာဉာဏ်

အင်း နောက်ကျတော့ နိဗ္ဗိန္ဒာဉာဏ် ဆိုတော့ ဒီဖြစ် ပျက်တွေကို ဒီဉာဏ်နဲ့ သွားတိုက်တာပဲတဲ့၊ ငြီးငွေ့တဲ့ ဉာဏ်နဲ့ သွား တိုက်တယ် (မှန်ပါ့) မတိုက်ဘူးလား (တိုက်ပါတယ် ဘုရား)။

အဲ ဒီကျလာလို့ရှိရင် ဒကာ ဒကာမတွေက မပေါ့နဲ့ တော့၊ ဗလဝ အားကြီးတဲ့ ဝိပဿနာဖြစ်ပြီ (မှန်ပါ့)။

ဘယ်လိုဆိုကြမယ် (ဗလဝဝိပဿနာ ဖြစ်ပါပြီ ဘုရား)။

ဗလဝိပဿနာ ဆိုတာ မှတ်လိုက်စမ်းပါ ဝိပဿနာမှာဖြင့် ရင့်ကျက်ပြီဟေ့ မီးထွက်ဖို့ ကပ်နေပြီ (မှန်ပါ့) သဘောကျ ပလား (ကျပါပြီ ဘုရား)။

## ငြီးငွေ့လာရင်မီးထွက်ဖို့နီးပြီ

ငြီးငွေ့လာလို့ရှိရင်ဖြင့် (မီးထွက်ဖို့ နီးပါပြီ) နိဗ္ဗာန် တည်းဟူသော မီးထွက်ဖို့ (ကပ်နေပါပြီ ဘုရား)။

အေး နိဗ္ဗာန်တည်း ဟူသော မီးထွက်ဖို့ဟာ အနီးက လေးကျန်တော့တယ် ဆိုပြီး ဒကာ ဒကာမတွေ နောက်မဆုတ် လိုက်ပါနဲ့ (မှန်ပါ့) ဖြစ်ပျက်တွေများ မုန်းနေတဲ့ အချိန်ကျရင် မောင်နိုင် နောက်ဆုတ် လိုက်လို့ တော်ပါ့မလား (မတော် ပါ ဘုရား) မီးထွက်ဖို့ ဘယ့်နှယ် နေသလဲ (နီးပါပြီ ဘုရား)။

နိဗ္ဗာန်တည်း ဟူသော မီးထွက်ဖို့ (နီးပါပြီဘုရား) နီးပြီဆိုတာ သေသေချာချာ လုပ်ပါနော် (မှန်ပါ့)။

အဲဒီတော့ နိဗ္ဗာန် တစ်စတစ်စလို့ လုပ်တဲ့ ပုဂ္ဂိုလ်က ခုနင်က ဆန္ဒ ဝီရိယ လျော့တဲ့ ပုဂ္ဂိုလ်ဆီ ရောက်တယ် – (မှန်ပါ့) ပြင်းပြင်းထန်ထန် လုပ်လိုက်မယ် ဆိုလို့ရှိရင် မောင်နိုင် မရပေဘူးလား (ရပါတယ် ဘုရား)။

အေး ဒါကြောင့် အို ကျုပ်တို့တော့ဖြင့် တဖြည်းဖြည်းတော့ဖြင့် ရအောင် လုပ်ရမှာပဲ ဆိုတဲ့ ဥစ္စာကို မီးတိုက်တာ ဝါးနှစ်လုံး တိုက်နေတဲ့ ဥစ္စာ ဦးဘရှင်းရေ ခပ်အေးအေး တယောထိုး သလို တိုက်နေလို့ မဖြစ်ဘူး (မှန်ပါ့) သဘောပါ ပလား (ပါပါပြီဘုရား)။

ခပ်ပြင်းပြင်း တိုက်ရင် ခပ်ပြင်းပြင်း ထွက်လာမယ်ဆို တာ မသေချာဘူးလား (သေချာပါတယ်) အေး ဒါတွေ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ကိုင်း ဒါဖြင့် မီးပူ- ပူပူလာတဲ့ ဥစ္စာ မောင်နိုင် ပထမဖြစ်ပျက်နဲ့ မဂ်နဲ့ တိုက်လို့ ဥဒယဗ္ဗယ ဉာဏ်ကိုပဲ တက်လာ တယ် (မှန်ပါ့) နောက်တခါ တိုက်ပါ များတော့ ဘင် အပျက် တွေချည်း မြင်တဲ့ ဉာဏ်နဲ့ကော – (တိုက်ပါတယ်) ဒါ မီးပူလာတာ လား၊ မပူတာလား (ပူလာပါတယ် ဘုရား)။

ခုနင်က ဥဒယဗ္ဗယထက် ဘင်္ဂက ပူလာတယ် (မှန်ပါ့) ဘင်္ဂထက် ဘယကကော (ပူပါတယ် ဘုရား) ဘယ ထက် အာဒီနဝကကော (ပူပါတယ်) အာဒီနဝထက် နိဗ္ဗိန္ဒကကော (ပူပါတယ် ဘုရား)။

ကဲ နိဗ္ဗိန္ဒ ပြီးတော့ မဂ်လာတော့မှာပဲ ဆိုတော့ အပူ အ စွမ်းကုန်လို့ ရှိရင် တောက်ရုံပဲ ရှိတော့တယ် (မှန်ပါ့) သဘော ကျပလား (ကျပါပြီ)။

## မဂ်ဉာဏ်

နိဗ္ဗိန္ဒဉာဏ်ပြီးတော့ ဘာဉာဏ်တံမတုံး (မဂ်ဉာဏ်လာပါမယ်) မဂ်ဉာဏ်ပဲ လာပါတယ် ဒီကြားဟာ တွေက ကျော်လိုက်ပါတော့တဲ့၊ ဒါ နိဗ္ဗိန္ဒ ထဲ အကုန်ဝင်လာ တာတွေ၊ (မှန်ပါ့)။

ဒကာကြီးလှိုင် ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား) သဘောပါကျပလား (ပါပါပြီဘုရား)။

အင်မတန် အဖိုးတန်တဲ့ နေ့ကလေးပါကလားဆိုတဲ့ ဥစ္စာ ကိုပေါ်တို့၊ ကိုဝတို့ နော် (မှန်ပါ့)။

ဆုတောင်းသမားတို့၏ အလုပ် မဟုတ်ဘူး၊ စာကြည့် ပြီးအပြောသမားတို့၏ (အလုပ်မဟုတ်ပါ ဘုရား)။

အလုပ် မဟုတ်ဘူး ဆိုတာကော ဒကာ ဒကာမတို့ အခု မိလိန္ဒမင်းကြီးနဲ့ ရှင်နာဂသိန် အမေးအဖြေ ထောက်လိုက် သဖြင့် ပဲ အရှင်းကြီး ရှင်းသွားပါပြီ မရှင်းသေး ဘူးလား (ရှင်းပါပြီ ဘုရား)။

ဒါကြောင့် ဟော့ ဝိပဿနာ ကြိုးစားကြ၊ ကြိုးစားကြ ကြပ်ကြပ်ရှုကြပါ။ ကြပ်ကြပ် မှတ်ကြပါ ဆိုတာကို ကိုဝ တိုက်တွန်းသင့်၊ မတိုက်တွန်းသင့် (တိုက်တွန်းသင့်ပါတယ်)

အဲဒီတော့ကို ခပ်နွေးနွေးနဲ့ ခပ်ပျင်းပျင်း လုပ်နေလို့ရှိရင် မီးဟာ နွေးနွေးမှပဲ ထွက်မှာပဲ(မှန်ပါ့)။ ခပ်သုတ်သုတ်ကလေး လုပ်ကြမယ်ဆိုလို့ရှိရင်တဲ့ (ခပ် သုတ်သုတ် မီးထွက်ပါမယ်ဘုရား)။

ခပ်သုတ်သုတ် မီးထွက်လာမှာပဲ မီးနဲ့တူတဲ့ နိဗ္ဗာန်ထွက် လာလိမ့်မယ်ဆိုတာ ငြင်းစရာ လိုသေး သလား (မလိုပါဘုရား) သေချာပလား (သေချာပါပြီ)။

## နာမရူပပရိစ္ဆေဒကျမ်း

အဲဒီမှာ မိလိန္ဒပဥှာကို အကိုးအကားထားပြီး သီဟိုဠ် ကျွန်းကပြုတဲ့ နာမရူပ ပရိစ္ဆေဒ ကျမ်း ဆိုတာ ရှိတယ်။ သင်္ဂြိုဟ် ဆရာရေးတဲ့ ကျမ်းပါပဲ (မှန်ပါ့) သူက ဘယ်လိုရေးလိုက်သ တုံး ဆိုတော့။

“ပရိပက္ကာကမေနေဝံ တဲ့ ပရိဘာဝိတ ဘာဝနာ”

ပရိပက္ကာကမေနေဝံ တဲ့ အစဉ်အတိုင်းသာ တိုက်သွားစမ်းပါကွာတဲ့၊ ဝါးကို ဒီနေရာ ကလေး ချည့် အစဉ် အတိုင်း တိုက်တိုက် သွားစမ်းပါ။ ထပ်ထပ် ထပ်ထပ် တိုက် သွားစမ်းပါ ဆိုတာပဲနော် (မှန်ပါ့)။

နောက်ကျတော့ ဘယ့်နှယ်ဖြစ်မလဲ “ပရိစ္စဇ္ဇန္တိ သန်္ခါရေ” တဲ့

"ပရိစ္စဇန္တိ သင်္ခါရေ" ဆိုတာ ဉာဏ်က နောက်ကျတော့ကွာ တဲ့၊ ဖြစ်ပျက်ကိုပဲ၊ အစကတော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ချည့် တိုက်နေတာပဲ။ နောက်ကျတော့ ဉာဏ်က ဖြစ်ပျက်နဲ့ မတိုက်တော့ဘူး ဟော့ ပရိစ္စဇန္တိ သင်္ခါရေ= သင်္ခါရတရား စွန့်သွားတယ် တဲ့။ ဖြစ်ပျက် စွန့်တယ် (မှန်ပါ့)။

ပက္ခန္ဒတိ အသင်္ခတေ- အသင်္ခတ ဆိုတဲ့ ဘက်ကို တစ်ခါတည်း ဉာဏ်က ပြေးသွားတယ် – (မှန်ပါ့)။ ပထမတော့ သင်္ခတဖြစ်ပျက်နဲ့ မဂ်နဲ့ တိုက်နေတာပဲ (မှန်ပါ့ဘုရား)။

နောက်ကျတော့ မောင်နိုင် ဒီဉာဏ်က ဘယ်ဘက်ပြေး သွားသတုံး (အသင်္ခတဘက် ပြေးသွားပါတယ် ဘုရား)။ အသင်္ခတဘက် ပြေးသွားတယ် ဒကာ ဒကာမတို့ ပထမ သင်္ခတ အနိစ္စနဲ့ ဉာဏ်နဲ့ ကို၀ တိုက်နေတယ် (မှန်ပါ့)။

နောက် တိုက်ပါများတော့ ဒီဉာဏ်က ဘယ်ဘက်ပြေး သလဲ (အသင်္ခတဘက် ပြေးပါတယ်)။

အဲဒါကြောင့် – "ပရိပက္ကာကမေနေ၀ံ၊ ပရိဘာ၀ိတ ဘာ၀နာ" တဲ့ ပရိဘာ၀ိတ ဘာ၀နာဆိုတာ ကြပ်ကြပ် ကလေးကို ပွားပေးစမ်းပါကွာ တဲ့၊ သဘောကျပလား (ကျပါပြီ)။

အစဉ်အတိုင်း ဉာဏ်တွေ တက်လာ ပါလိမ့်မယ်တဲ့ နော် (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ဉာဏ်တက်ပေးလို့လဲ မရဘူး၊ ဆရာက ဉာဏ်တက်ပေးလို့လဲ မရဘူး (မှန်ပါ့)။

ဉာဏ်ဆိုတာမျိုးဟာက အစဉ်အတိုင်း သူ့ဟာသူ ၀ိပဿနာဉာဏ် ဆိုတာက မောင်နိုင် ဖြစ်ပျက်နဲ့ မဂ်နဲ့ တစ်ခါ တည်း ဉာဏ်မြင်များလို့ အမြင် ပြောင်းသွားတာ (မှန်ပါ့)။

သူ့ကို ဆရာက တက်ပေးလို့ ရရဲ့လား (မရပါဘုရား)။

ကိုယ့်ဟာကို တိုက်ပါများတာနဲ့ ဘာဖြစ်သွားသလဲ (တိုက်ပါများရင် ပြောင်းသွားပါတယ်)။ ပြောင်းပုံကလေးက ဘာတဲ့ (အမြင်ပြောင်းပါတယ်) ပထမ ဖြစ်ပျက်မြင်တယ်၊ နောက် အပျက် ချည့်မြင် တယ် (မှန်ပါ့ ဘုရား)။

အမြင်ဘယ့်နှယ် နေကြသလဲ (ပြောင်းသွားပါတယ် ဘုရား)။

အေး ဒါကြောင့် အဲဒါ အကြောင်းရင်းခံပြီး နာမရူပပရိစ္ဆေဒကျမ်းက "ပရိပက္ကာကမေနေ၀ံ၊" ရင့်ကျက် တဲ့ အစဉ်ရှိ သဟော့ တဲ့ (မှန်ပါ့)။

၀ံ- ဤသို့ ကမေန- အစဉ်သဖြင့် ပရိပက္ကာ- ရင့်ကျက်ခြင်းသည်၊ ဟောတိ – ဖြစ်၏။ အစဉ်အတိုင်း ရင့်ကျက် သတဲ့။ သဘောပါပလား (ပါ-ပါပြီ)။

ပထမ ဖြစ်ပျက်နဲ့ တိုက်တယ်။ နောက်ကျတော့ အပျက်နဲ့ လာတိုက်တယ်။ အပျက်နဲ့ မဂ်နဲ့ မတိုက်ဘူး လား (တိုက်ပါ တယ် ဘုရား)။

ဥဒယဗ္ဗယ ဘင်္ဂ နောက် ခုနင်က ဖြစ်ပျက်နဲ့ပဲ ခန္ဓာ ဖြစ်ပျက်ကိုပဲ ဘေးထင်တဲ့ ဉာဏ်နဲ့ သွား မတိုက်ဘူး လား (တိုက်ပါတယ် ဘုရား)။

ဒီလို အစဉ်အတိုင်း တိုက်သွားတာပဲကွာ တဲ့၊ ပေါ်ကြ ပလား (ပေါ်ပါပြီ)။

အဲဒီတော့ ဘယ်လိုတုံး မေးတဲ့အခါ ကျတော့ “ပရိဘာဝိတ ဘာဝနာ” တဲ့၊ မင်းတို့ ပွားသာ ပေးတဲ့၊ မင်းတို့က ဘယ်ဉာဏ် ရောက်ရပါလို၏။ ဘယ်ဉာဏ် ရောက်ရပါလို၏ ဆိုတာ မင်းတို့ တာဝန် မဟုတ်ဘူးတဲ့ (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ)။

ဘယ်ဉာဏ် ရောက်ရပါလို၏၊ ဘယ်ဉာဏ် ရောက်ရပါလို၏ဆိုတာ ယောဂီ ပုဂ္ဂိုလ်၏ တာဝန် မဟုတ်ပါဘူး တဲ့ (မှန်ပါ့ဘုရား)။

ယောဂီပုဂ္ဂိုလ် အလုပ်က ဒီဝါးနှစ်လုံး တိုက်တဲ့ ဥစ္စာနည်း နည်း ပူရာက အလတ်စား ပူဖို့၊ အလတ်စားက နေပြီး အထက်စား ပူဖို့ ဒါ တိုက်တဲ့ အလုပ်က ကိုယ့်တာဝန်၊ ပူဖို့ အလုပ်က ဝါးနှစ်လုံး၏ တာဝန် (မှန်ပါ့) သဘောကျ ပလား (ကျပါပြီ)။

အဲဒီလို မှတ်ပြီး သကာလ ထားလိုက်တော့မှ သြော် ဝိပဿနာ အလုပ် သည်ကားလို့ ဆိုရင် ဖြစ်ပျက်နဲ့ မဂ်နဲ့ တိုက်နေဖို့ အလုပ် တစ်ခုဟာ ဒို့တာဝန်ပဲ၊ ဉာဏ်စဉ် တက်တာ ကတော့ဖြင့် တိုက်ပါ များလို့ အမြင် ပြောင်း တာပဲ (မှန်ပါ့) မှတ်မိကြပလား (မှတ်မိပါပြီ)။

**အမြင်ပြောင်းတာကိုဉာဏ်တက်တယ်ခေါ်တယ်**

တိုက်ပါများလို့ (အမြင်ပြောင်းတာပါ ဘုရား) အမြင် ပြောင်းတာကို ဉာဏ်တက်တယ် ခေါ်တာ (မှန်ပါ့) ရှင်းကြ ပလား (ရှင်းပါပြီ)။

အမြင်ပြောင်းတာကို (ဉာဏ်တက်တယ် ခေါ်ပါ တယ် ဘုရား)။

ဉာဏ်တက်တယ်လို့ ခေါ်တယ် ဆိုတော့ဖြင့် သြော် ငါ ဘယ်ဉာဏ် ရောက်ပြီ ငါ ဘယ်ဉာဏ် ရောက်ပြီ လို့ ဆရာက လဲ မပြောနိုင်ဘူး သဘောကျပလား (ကျပါပြီ) အလုပ်က ပြောသွားမယ် (မှန်ပါ့)။

ကိုဝ ဘယ်သူက ပြောမတုံး (အလုပ်က ပြောပါ တယ်ဘုရား)။

တိုက်ပါများတာနဲ့ အလုပ်ကပြောသွားတာပဲ (မှန်ပါ့ဘုရား)။

ဦးဘကလေး ကောင်းကောင်း ကျေနပ်ပလား (ကျေနပ်ပါပြီ) ရှင်းပြီနော် (ရှင်းပါပြီ)။

ကိုင်း ဒါဖြင့် “ပရိပက္ခာကမေနေဝံ၊ ပရိဘာဝိတ ဘာဝနာ” တဲ့၊ ခင်ဗျားတို့ တာဝန်ကဖြင့် ဖြစ်ပျက်နဲ့ မဂ်နဲ့ ပွားစေ ဖို့ပါပဲတဲ့ (မှန်ပါ့)။

သူ့ဟာသူ အစဉ်အတိုင်း အမြင်ပြောင်းပါလိမ့်မယ် (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ)။

နောက်ကျတော့ အမြင်ပြောင်းသွားတော့ ဘယ်လိုဖြစ် မလဲလို့ မေးတဲ့ အခါကျတော့ သင်္ခါရတွေ မမြင်ဘဲနဲ့ သင်္ခါရ မရှိတဲ့ ဘက်ကို မြင်လိမ့်ဦးမယ်ကွတဲ့။

မောင်နိုင် သင်္ခါရမမြင်ဘဲနဲ့ (သင်္ခါရ မရှိတဲ့ဘက် မြင်ပါလိမ့်မယ် ဘုရား)။

အဲ ခုနင်က ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယ ဆိုတဲ့ ရုပ်နာမ် ဓမ္မတွေကို မမြင်ဘဲနဲ့ ရုပ်နာမ် ဓမ္မတွေ မရှိတဲ့ နိဗ္ဗာန် သွားမြင် မှာပဲတဲ့ (မှန်ပါ့) တိုက်ပါမျှားဖို့ပဲ အရေးကြီးပါတယ် – (မှန်ပါ့ ဘုရား)။

ဒကာ ဒကာမတို့ ရှုပါမျှားဖို့ပဲ (အရေးကြီးပါ – တယ်ဘုရား)။

အရေးကြီးတယ် ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား) အဲဒီတော့ အင်မတန် ဒကာ ဒကာမတွေ ကံထူး၊ ဘုန်းထူး လို့ ကိုဝ ကြားရတာနော် (မှန်ပါ့)။

နို့မဟုတ်လို့ရှိရင် ခင်ဗျားတို့ မိဘရိုးရာနဲ့များ ဆိုနေကြ ဦးမယ်ဆိုလို့ ရှိရင်ဖြင့် ဘာကလေးလှူလဲ နိဗ္ဗာန်ရ- ရပါလို၏။ ဘာ ကလေးတန်းလဲ နိဗ္ဗာန်ရ- ရပါလို၏၊ ဒါနဲ့သာ ခေါင်းထဲ ဝင်သွားတာပဲ (မှန်ပါ့) ဦးဘရှင်း ရှေးက ပုဂ္ဂိုလ်တွေ များသော အားဖြင့် (ဒီအတိုင်းပါ ဘုရား) ဒီအတိုင်း ဒါနဲ့ပဲ ခေါင်းထဲ ဝင်သွားကြ တာပဲ ကိုဝတို့ ဒါ ဘုန်းကြီးက စကားကြီး ပြောတာ မဟုတ် ပါဘူး (မှန်ပါ့ ဘုရား) ဒီ ပွတ်တိုက် နေတဲ့ ပုဂ္ဂိုလ် ဟာ ကိုဝ ရှားမှ ရှားလိမ့်မယ် (ရှားပါတယ် ဘုရား)။

ဒါဖြင့် အဲဒီပုဂ္ဂိုလ်တွေ အခု ဘယ်လိုများ နေရှာပါလိမ့် မတုန်း၊ နိဗ္ဗာန် ရောက်နေ လေရော့လား သူတို့ လုပ်သွား တာတွေ နည်းတာတွေ မဟုတ်ဘူး၊ အို အလုပ်စစ် ပါမသွား သေးဘူး ပြောတာ (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ) အလုပ်စစ်ဖြင့် (ပါမသွားသေးပါ ဘုရား)။

မပါသေပါဘူး ဆိုတဲ့ဥစ္စာသည် ဝေးသော အကြောင်းသာ ပါသွား၍ နီးသော အကြောင်းက (မပါပါ ဘုရား)။ မပါသေးတော့ နောက်ဘဝကျတော့လဲ ကိုဝ ဝေး သော အကြောင်းက သူ့စမှာပဲ (မှန်ပါ့)။

အဲဒီတော့ ငါလုပ်နေတာ ကြာလှပြီ မရသေးဘူးလို့ ညည်းလုံးတွေ ဒကာ ဒကာမတို့ အားလျှော့လုံး တွေ ဆုတ်နစ်တဲ့ အသံတွေ မထုတ်လိုက်ပါနဲ့ (မှန်ပါ့)။

မီးထွက်ချိန် မရောက်သေးလို့ ဒကာကြီးလှိုင် ဘာဖြစ် တာတုန်း (မရသေးတာပါ) မထွက်သေးတာ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲ ဒီအတိုင်း မှတ်လို့ရှိရင်ဖြင့် မလုပ်သေးတဲ့ ဒကာ ဒကာမတွေလဲ ကြိုးစား လိုက်စမ်းပါ (မှန်ပါ့) လုပ်ပြီးသား ဒကာ ဒကာမတွေလဲ တက်နိုင်အောင် ကြိုးစားပေါ့ (မှန်ပါ့ ဘုရား) မကြိုးစား ရပေဘူးလား – (ကြိုးစား ရပါမယ်) ကြိုးစားရ မှာပဲဆိုတာ သေချာပလား (သေချာပါပြီ)။

### အစဉ်အတိုင်းဘယ်လိုလုပ်ရမှာလဲ

ဒါကြောင့် နာမရူပ ပရိစ္ဆေဒကျမ်းမှာတဲ့ ဒကာ ဒကာမတို့ ပရိပက္ကာ ကမေနေဝံ ဆိုတာ အစဉ်အတိုင်း သာ လုပ်ပါ။

အစဉ်အတိုင်း ဘယ်လို လုပ်ရမလဲ ပရိဘာဝိတ ဘာဝနာ ပွားသာ ပွားဟေ့ တဲ့၊ အစဉ်အတိုင်း ဆိုတာ ဒါပါပဲတဲ့။

ပွားတော့ ဘာဖြစ်မှာတုန်းဆိုတော့ ပရိစ္စတ္တိ သင်္ခါရေတဲ့၊ သင်္ခါရတရားတွေ စွန့်ပစ်ပါတယ်ကွ တဲ့။

"ပက္ခန္ဒတိ အသင်္ခတေ" တဲ့၊ အဲဒီ မင်းရှုနေတဲ့ ဉာဏ် က နိဗ္ဗာန်ဘက် ပြေးသွားတာပဲကွတဲ့၊ သဘောကျပလား (ကျပါပြီဘုရား)။

အဲဒါ နာမရူပ ပရိစ္ဆေဒကျမ်းမှာ လာတယ်နော် (မှန်ပါဘုရား)။

အဲဒီတော့ ဒါဖြင့် တပည့်တော်တို့ ဘယ်ဟာ ရှေ့ထား ပြီး ဘယ်ဟာ နောက်ထား ရမှာတုန်းလို့ မေးတဲ့ အခါကျတော့မှ သူက တစ်ခါ ဘယ်ကနေ ကူးပြီး ရေးပြန် သတုန်း ဆိုတော့မှ ဒကာ ဒကာမတို့ မဟာဝဂ္ဂ သံယုတ်ပါဠိတော်က ဟာကို သူက ဂါထာစီ ပြီး သကာလ ထားတယ်၊ စင်စစ်တော့ မဟာဝဂ္ဂ သံယုတ်မှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာနော် (မှန်ပါ့)။

ဘယ်လို ဟောသတုန်း ဆိုလို့ ရှိရင်ဖြင့်တဲ့ ဒကာ ဒကာမ တို့ နေထွက်တော့မယ် ဆိုတဲ့ နိမိတ်ဟာ ဘာမြင်သဖြင့် သိရပါ လိမ့်မတုန်း ဆိုတော့ အရုဏ်တက်တာ မြင်သဖြင့် သိရတယ် (မှန်ပါ့ ဘုရား)။ နေထွက်တော့မယ် ဆိုတဲ့ ပုဗ္ဗနိမိတ်ဟာ ဘာပါလိမ့် (အရုဏ် တက်ပါတယ်) အရုဏ် တက်တယ်။ အရုဏ် တတ်တော့ နီလာတယ်။ အရုဏ်တွေ နီလာပြီ ဆိုမှဖြင့် ကိုဝရေ ဘာဖြစ်မလို့ ထင်သတုန်း (နေထွက်တော့မလို့ပါ ဘုရား)။

သြော် နေထွက်မည့် ပုဗ္ဗနိမိတ်သည် အရုဏ်တက် ကပြပါကလား (မှန်ပါ့)။

နေထွက်မည့် ပုဗ္ဗနိမိတ်သည် (အရုဏ်တက်က ပြပါတယ် ဘုရား)။

အရုဏ်တက်တဲ့ နေ့ဟာဖြင့် နေထွက်တော့မှာပဲ ဆိုတာ ဘယ်သူ့ မေးစရာ လိုသေးသလား (မလိုပါ ဘုရား)။

အဲဒီ အတိုင်းပါပဲကွာ တဲ့။

"ဥဂ္ဂစ္ဆတိ ယထာဒိစ္စာ၊ ပုရေက္ခိတ္တွာ ရုဏံတထာ"

## ဝိပဿနာရှုနေရင် အရုဏ်တက်တာပဲ

အဲ နေထွက်တော့မယ် ဆိုတော့ အရုဏ်တက်တာ ဟာ ရှေ့သွား သလိုပဲတဲ့၊ ဝိပဿနံ ပုရက္ခိတ္တွာ = ဝိပဿနာကို မင်းတို့ ရှုနေလို့ရှိရင် အရုဏ် တက်တာပဲကွတဲ့ (မှန်ပါ့)

ကိုဝ ဘာတဲ့ (အရုဏ် တက်တာပါတဲ့ ဘုရား) ဟို-မဂ် တည်းဟူသော နေထွက်တော့မယ် (မှန်ပါ့) နိဗ္ဗာန်တည်းဟူသော အရုဏ် ပေါ်တော့မလို့ (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ)။

"ဥဂ္ဂစ္ဆတိ ယထာဒိစ္စာ၊ ပုရက္ခိတ္တွာ ရုဏံတထာ၊ ဝိပဿနံ ပုရေက္ခိတ္တွာ" ဝိပဿနာကို ရှေ့သွားလေး လုပ်ပေးစမ်းပါကွာ တဲ့ သဘောကျပလား (ကျပါပြီ)။

ဝိပဿနာ ရှေ့သွား လုပ်ပါပြီတဲ့ တပည့်တော်တို့ နေ့တိုင်း ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင် ရှုနေတာပဲလို့ ဦးဘရှင်းကပဲ ပြောပြော၊ အားလုံး တရားနာတဲ့ ဒကာ ဒကာမတွေက တပည့် တော်တို့လဲ လုပ်နေတာပါ

ဘုရား၊ ဝိပဿနာ ရှေ့ထားပြီး လုပ် တာပါပဲ၊ သဘောကျပလား (ကျပါပြီ) ဝိပဿနာရှေ့ ထားပြီးသာ လုပ်ပါတဲ့။

ဒကာ ဒကာမတို့ ဘာကို ရှေ့ထားလုပ်ရမလဲ (ဝိပ ဿနာ ရှေ့ထား လုပ်ရပါမယ် ဘုရား)။
ဝိပဿနာဟာ ရှေ့ထားပြီး သကာလ လုပ်ပါတဲ့၊ ကဲ ဒါဖြင့်၊

"ဉဂ္ဂဋ္ဌတိ ယထာဒိဋ္ဌာ၊ ပုရက္ခိတွာ ရုဏ်တထာ။

ဝိပဿနံ ပုရေက္ခိတွာ၊ မဂ္ဂဓမ္မော ပဝတ္တတိ။"

## ဝိပဿနာရှေ့ထားလုပ်ရင် မဂ်ဉာဏ်လာမယ်

ကွာ မင်း၊ ဝိပဿနာ ရှေ့ထားလုပ်လို့ ရှိရင် မဂ်ဉာဏ် သေသေချာချာ လာမယ်ကွာ တဲ့ (မှန်ပါ့) ငါ ဒီပြင်ဟာ မပြောလိုဘူးတဲ့ (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

အရဟတ်တက်တဲ့ အလုပ်ရှိလို့ ရှိရင်ဖြင့် နေထွက်တဲ့ အလုပ် နောက်က လိုက်မှာပဲ (မှန်ပါ့) ဒီမှာလဲ ဝိပဿနာ တည်း ဟူသော အရဟတ်တက်တဲ့ အလုပ်သာ လုပ်နေတဲ့ (မှန်ပါ) မဂ်ဉာဏ်တည်း ဟူသော နေဟာ မုချ ထွက်ပါလိမ့်မယ်လို့ တာဝန်ခံ ပါတယ် (မှန်ပါ့)။

ဒီဟာကတော့ မိလိန္ဒပဉှာ မဟုတ်ဘူးတဲ့၊ မဟာဝဂ္ဂ သံယုတ် ပါဠိတော်မှာ ဘုရား ကိုယ်တော်တိုင် ဟောတာ (မှန်ပါ့)။

အဲဒါကို နာမရူပ ပရိစ္ဆေဒ ကျမ်း ဆရာက သူက ကြည့်ပြီး ဂါထာစီထားလို့ ဘုန်းကြီးက ဒီဂါထာ ကလေးကို ပြောဆိုခြင်း ဖြစ်ပါတယ် (မှန်ပါ့) စင်စစ် ဘုရားဟောလို့ သေသေချာချာ မှတ်ပါ (မှန်ပါ့)။

အရဟတ်တက်တာဟာ နောက်က ဒကာ ဒကာမတွေ ဘာဖြစ်ဖို့ပါလိမ့် (နေထွက်ဖို့ပါဘုရား)။

ဝိပဿနာရှေ့ထားရင် ဘာနေထွက်မယ်ထင်ကြသတုံး (မဂ်နေထွက်ပါမယ်) မဂ်ဉာဏ်တည်း ဟူသော နေဟာ တစ်ခါတည်း ထွက်လာမယ် ဆိုတဲ့ ဥစ္စာဖြင့် ကိုပေါ် – ကိုဝ သံသယ မရှိလိုက်ပါနဲ့ (မှန်ပါ့) သဘော ကျပလား (ကျပါပြီး ဘုရား)။

ဒါဖြင့် သူ့အဓိပ္ပာယ်ကို ကျုပ်တို့က သေသေချာချာ ကြည့်တော့ နိဗ္ဗာန်ရချင် ဘယ်သူ့ ရှေ့ထားရမှာပါ လိမ့်မတုံး ဆိုတဲ့ အဓိပ္ပာယ် သူက ပါလာမယ် (မှန်ပါ့)။

ဒကာ ဒကာမတို့ (ဝိပဿနာ ရှေ့ထားရပါမယ်) ဝိပဿ နာရှေ့ထားတဲ့ (မှန်ပါ့)။

ကိုဝ ဘာတဲ့တုန်း (ဝိပဿနာ ရှေ့ထားပါမယ် ဘုရား)။

ဝိပဿနံ ပုရေက္ခတွာ ကိုး၊ ဝိပဿနံ = ဝိပဿနာကို။ ပုရေက္ခတွာ ရှေ့သွားပြုမှ သာလျှင်၊ မဂ္ဂဓမ္မော = မဂ်ဉာဏ် သည်။ ပဝတ္တတိ = ဖြစ်၏၊ ဒကာ ဒကာမတို့ ဝိပဿနာ ရှေ့သွား ရှိမှ မဂ်ဉာဏ် လာတာတဲ့ (မှန်ပါ့)။

ဒါဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်လိုချင်တဲ့ ပုဂ္ဂိုလ်အပေါင်း ဟာ အိပ်နေလို့မရဘူး (မရပါ ဘုရား) ဒီပြင် အလုပ်တွေ လျှောက်လုပ် နေလို့ရှိရင် ဝေးသော အကြောင်းတွေသာ ဖြစ်စရာ ရှိတယ် (မှန်ပါ့) သူ့ဝိပဿနာ

ရှေ့သွားရှိမှရမယ် ဆိုတဲ့ဥစ္စာ ယနေ့ ဆုံးဖြတ်ချက်ချပေးလိုက်တယ် (မှန်ပါ့ဘုရား) ကိုပေါ် ရှင်းပြီ (မှန်ပါ့ ဘုရား)။

နောက်က ဒကာ ဒကာမတွေ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန် အာရုံပြုချင်ရင် ဘယ်သူ့ကို ရှေ့သွား လုပ်ရမလဲ (ဝိပဿနာ ရှေ့သွားလုပ်ရပါမယ် ဘုရား)။

ဝိပဿနာ ရှေ့သွားလုပ်ရမယ် ဆိုတော့ ဒီထဲမှာ အရွယ် ကြီးတွေလဲ ပါတယ်၊ အရွယ်လတ် တွေလဲ ပါတယ်၊ အရွယ်ငယ် တွေလဲပါပြီး နေတော့ အရွယ်ကို ဘုရားက မဆိုလို – (မှန်ပါ့) ဝိပဿနာ ရှေ့သွားရှိတဲ့ ပုဂ္ဂိုလ် မဂ်ဉာဏ် ရမယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ငါတို့ကြီးပြီ မရဘူးလို့လဲ ဆုံးဖြတ်ချက် မချနဲ့၊ ဝိပဿနာ ရှေ့သွား ကလေးသာ လုပ်ပေး- (မှန်ပါ့) မဂ်ဉာဏ် ရမှာပဲဆိုတာ ဧကန်ပဲ (မှန်ပါ့) သဘောပါကြပလား (ပါပါတယ် ဘုရား)။

"ဝိပဿနံ ပုရေက္ခတွာ မဂ္ဂဓမ္မော ပဝတ္တတိ" ဒကာဒကာမ တို့ ဒီဥစ္စာက ဘုရားသခင် ကိုယ်တော် မြတ်ကြီး မဟာဝဂ္ဂ ုဂသံယုတ် ပါဠိတော်မှာ သေသေချာချာ ဟောသည် ဖြစ်လေ သောကြောင့် ဝိပဿနာသာ ရှေ့သွား ထားကြလို့ ရှိရင်ဖြင့် မင်းတို့ မဂ်မရဘူးလို့ ငါဘယ်တော့မှ မဟောဖူးဘူး (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

ဝိပဿနာ ရှေ့သွားရှိရင် မဂ်ဉာဏ် နောက်က လိုက်မှာပဲလား တဲ့ (မှန်ပါ့) မလိုက်ပါနဲ့ ဆိုလို့ (မရပါ) မရနိုင်ဘူး ဆိုတာကော ဒကာ ဒကာမတွေ လေးလေးစားစားကြီး သဘောကျပ လား (ကျပါပြီ)။

ကိုင်း ဒါဖြင့် ဒီဒကာ ဒကာမတွေမှာ အင်မတန်မှ အဖိုးတန်တဲ့ စကားနှစ်ခွန်းကို ယနေ့ ကြားရ ပါပြီ (မှန်ပါ့)။ နိဗ္ဗာန်ဟာ ကာလသုံးပါး ဘယ်ကာလပါလိမ့် (ဘယ်ကာလမှ မဟုတ်ပါဘူး)။

နို့မရှိဘူးလား ရှိသ လား (ရှိပါတယ်ဘုရား) ဘယ်လို ပုဂ္ဂိုလ်ရှိပါလိမ့် (ခန္ဓာဉာဏ်နဲ့ တိုက်တဲ့ ပုဂ္ဂိုလ်မှာ ရှိပါတယ် ဘုရား)။

ခန္ဓာနဲ့ ဉာဏ်နဲ့တိုက်နေတဲ့ ပုဂ္ဂိုလ်မှာ ရှိတယ်၊ အလုပ်လုပ် တဲ့ ပုဂ္ဂိုလ်မှာ ရှိတယ် (မှန်ပါ့) သဘောကျ ပလား (ကျပါ ပြီဘုရား)။

## ခန္ဓာစွန့်ပြီးနိဗ္ဗာန်ဘက်ပြေးဝင်တယ်

လုပ်ပါများတော့ ခန္ဓာစွန့်ပြီး သကာလ နိဗ္ဗာန် ဘက်ကို ဉာဏ်ပြေးတယ်၊ ဒါကလေးလဲ မှတ်လိုက်စမ်းပါ (မှန်ပါ့) လုပ်ပါများ လာတော့ (ခန္ဓာစွန့်ပြီး နိဗ္ဗာန်ဘက် ဉာဏ်ပြေးပါ တယ်ဘုရား)။

ခန္ဓာစွန့်ပြီး သကာလ ဉာဏ်သည် အရင်တော့ ဉာဏ် သည် ခန္ဓာဘက်ချည့်လှည့်နေတယ် (မှန်ပါ့) နောက်လုပ် ပါများလာတော့ ဒီဉာဏ်က ခန္ဓာစွန့်ပြီးသကာလ ခန္ဓာမရှိတဲ့ နိဗ္ဗာန်ဘက် ပြေး ပါတယ် (မှန်ပါ့)။

ဒါ ပါဠိတော်ပဲ- သဘောပါကြပလား- (ပါပါတယ်) ခန္ဓာစွန့်ပြီး သကာလ ခန္ဓာမရှိတဲ့ နိဗ္ဗာန် ဘက်ကို (ပြေးပါတယ် ဘုရား) ပြေးတယ် ဆိုတာ သေချာပလား (သေချာပါပြီ) ရှင်း ပြီနော် (ရှင်းပါပြီ)။

အေး ဒါဖြင့် ဘာရှေ့သွားထားမှ ဘာရမယ် ဆိုတာ ကော တစ်ခါ နောက်ဆုံးဖြတ်ချက်ကလေး ကြည့်လိုက်ပါဦး – (ဝိပဿနာ ရှေ့သွားထားမှ နိဗ္ဗာန်ရမှာပါ ဘုရား)။

ဝိပဿနာမဂ် ရှေ့သွား ရှိမှ လောကုတ္တရာမဂ် နောက် လိုက်မယ် (မှန်ပါ့) ဝိပဿနာမဂ် ရှေ့သွားမရှိခဲ့သော်။ (လောကုတ္တရာမဂ် နောက်က မလိုက်ပါဘုရား)။

လောကုတ္တရာမဂ် ဘယ်တော့မှ မလိုက်နိုင်သောကြောင့် ဒကာ ဒကာမတွေတဲ့ ဝိပဿနာမဂ် ကိုဖြင့် ဘယ်အခါ ကာလမှ စွန့်လို့ မရပါဘူး (မှန်ပါ့) ကိုဝ ရပါ့မလား (မရပါဘုရား)။

ဝိပဿနံ ပုရက္ခိတ္တွာ၊ ဝိပဿနံ = ဝိပဿနာမဂ်ကို၊ပုရေက္ခိတ္တွာ- ရှေ့သွား ထား၍၊ သူ့ပါဠိတော်က နော် (မှန်ပါ့)၊ ပြီးတော့မှ ဘာလာမတုန်း၊ မဂ္ဂံဓမ္မော ပဝတ္တတိ- ပြီးတော့မှ မဂ်ဉာဏ် လာတာပေါ့ တဲ့။

ဝိပဿနာ ရှေ့သွားထား လုပ်တဲ့ ပုဂ္ဂိုလ်မှ မဂ်ဉာဏ် လာပါ တယ် (မှန်ပါ့) ကျေနပ်ပလား (ကျေနပ်ပါပြီ)။

ကျေနပ်တော့ကိုတဲ့ ဒကာ ဒကာမတို့ မီးပွတ်သော ယောက်ျားကို တစ်ခါပြန်ပြီး ကြည့်လိုက်တဲ့ အခါကျတော့ နှေးနှေး ပွတ်လို့ ထွက်တာလား အားစိုက်ပြီး သကာလ ခပ်သုတ်သုတ် ကလေး အလုပ်လုပ်လို့ ထွက်တာလား (ခပ်သုတ်သုတ်ကလေး အလုပ်လုပ်လို့ ထွက်ပါတယ်) ကိုပေါ် ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

အားစိုက်ပြီး ခပ်သုတ်သုတ် လုပ်လိုက်တဲ့အတွက် ဘာဖြစ်သွားပါလိမ့် (မီးထွက် သွားပါတယ် ဘုရား)။

အဲ- ဒီမှာလဲ ခန္ဓာနဲ့ဉာဏ်သာ အားစိုက်ပြီးသာ တိုက်ပေး ပါ၊ တော်တော် ကြာကျလို့ရှိရင် နိဗ္ဗာန်တည်း ဟူသော မီးသည် ကားလို့ဆိုရင် ထွက်ပါစေသတည်း လို့လဲ မတောင်းရဘူး (မှန်ပါ့) မထွက် ပါစေနဲ့လို့လဲ မကန့်ကွက်ရဘူး၊ သူ့ဟာသူပဲ ထွက်လာတယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

အဲဒီတော့ ဒါ ပါရမီ လိုသေးလို့လား (မလိုပါ ဘုရား)။

**သာဝကပါရမီဉာဏ်**

အေး ဘုရားဖြစ်ချင်ရင် ပါရမီ ဆယ်ပါး အပြားသုံး ဆယ် ဖြည့်ရလိမ့်မယ်၊ ဟုတ်လား (မှန်ပါ့) လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း လုပ်ရလိမ့်မယ်၊ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ လက်ဝဲရံ လက်ျာရံ ဖြစ်ချင်လို့ ရှိရင်နော်- (မှန်ပါ့) အဲ ဒီအပြင် အသီတိ ရှစ်ကျိပ် ဖြစ်ချင်လို့ ရှိရင် ကမ္ဘာ တစ်သိန်း လုပ်ရ လိမ့်မယ်၊ ဟာ တပည့်တော်တို့ဖြင့် ဘုရား အခုရ၊ အခုယူရမယ် ဆိုတဲ့ သာဝက ပါရမီများ မှာတော့ ဝိပဿနာ ရှေ့သွားရှိရင် နောက်က မဂ်လိုက် ပေးရင် ရပါတယ်ကွ ဆိုတာတော့ သာဝက ပါရမီ ဉာဏ်တွေကို ဟောနေတာ (မှန်ပါ့) ပေါ်လာကြပလား (ပေါ်ပါပြီ။)

ဘာတွေဟောပါလိမ့် (သာဝက ပါရမီဉာဏ်တွေ ဟောတာပါ)။

အခုရရင် အခု နိဗ္ဗာန်ယူမည့် ဆုကြီးပန်မဟုတ်တဲ့ ပုဂ္ဂိုလ် တွေ နိဗ္ဗာန်ရ ပြီးရော ဆိုတဲ့ ပုဂ္ဂိုလ်တွေ အတွက်ဖြင့် ကိုပေါ် တို့ ကိုဝတို့ ဝိပဿနာ ရှေ့သွားရှိရင် နောက်က လောကုတ္တရာမဂ် လိုက်မယ် (မှန်ပါ့) ဒကာကြီးလှိုင် ကျေနပ်ပလား (ကျေနပ် ပါပြီ) ပူစရာ ပင်စရာ ရှိသေးရဲ့လား (မရှိပါဘုရား) ဘာမှ ပူစရာ ပင်စရာ မရှိဘူးဆိုတာဖြင့် သေသေချာချာ မှတ်တာပေါ့ (မှန်ပါ့ဘုရား)။

ကိုင်း – ဒါဖြင့် ဝိပဿနာမဂ်ရှေ့ သွားတော့ကို နောက်က လောကုတ္တရာမဂ် လိုက်လာတယ် ဆိုတာ မောင်နိုင် ရှင်းသွားပြီ (ရှင်းသွားပါပြီဘုရား)။

## မိလက္ခတိဿမုဆိုးကြီး

ဟုတ်တယ်တဲ့ ဟို ပုဂ္ဂိုလ်ကြည့်ပါလားတဲ့၊ မုဆိုး တစ်သက် လုံး လုပ်တဲ့ ပုဂ္ဂိုလ်ဟာ သွားပြီး ရဟန္တာ ကျောင်းမှာ ရေရှာတော့ ရေအိုး သူခပ်သည်နှင့် တပြိုင်နက် ရေပျောက်တာ (မှန်ပါ့) ခင်ဗျားတို့ အရင် မပြောဖူးဘူးလား (ပြောဘူးပါတယ် ဘုရား) သူ့နာမည်က မိလက္ခတိဿတဲ့ ခေါ်တယ်နော် (မှန်ပါ့)။
သူ့နာမည်က ဘာတဲ့ (မိလက္ခတိဿပါဘုရား) အဲ မိလက္ခတိဿ။

ဒါနဲ့ပဲ သူရေပျောက်တာနဲ့ပဲ ရဟန်းတွေ ကဲ့ရဲ့ပြီး သကာလ နေတော့ ရဟန်းတွေက ထကြည့်တဲ့ အခါ ရေအပြည့် တွေ့တယ် သူသွားခပ်လို့ ရှိရင် ရေရှာလို့ မတွေ့ဘူး (မှန်ပါ့)

လူစင်စစ်ကနေပြီး သကာလ တစ်ခါတည်း အကုသိုလ် ကံတွေဟာ ပထမဇော အကျိုးပေးနေတယ် ဆိုတာ မပေးသေးဘူးလား (ပေးပါတယ် ဘုရား) အကုသိုလ်ကံ များ တာကိုးဗျ။ တစ်သက်လုံး လုပ်လာတာ (မှန်ပါ့)။

ဒါနဲ့ ရဟန်းက ထကြည့်တော့ ရဟန်းတွေဟာ သူများ သူများ ဆွမ်းတွေ ကွမ်းတွေစားပြီး ရေမှမခပ်၊ ကိုယ့်ကျောင်း ကိုယ် ရေကလေးမှ သေနာသန ဝတ်တောင်မှ မပြည့်စုံဘူးလို့ သူကတောင် ကဲ့ရဲ့သေးတယ် (မှန်ပါ့)။

အဲဒီမှာ ရဟန္တာက ထကြည့်တဲ့အခါ ရေအပြည့်ရှိတော့ ဒကာ လာခဲ့ လာခဲ့ ဆိုပြီး ဒီရေခွက်နဲ့ သူခပ်တဲ့ အိုးကပဲ ကော်ခပ်ပြီး ပေးလိုက်တာ ဦးဘရှင်း ဝအောင် သောက်ရရှာတယ် (မှန်ပါ့) အဲဒီမှာ သူသံဝေဂ ရရှာတယ်၊ မရဘူးလား (ရပါတယ် ဘုရား)။

## လူစင်စစ်က လူပြိတ္တာဖြစ်နေ

ဟာ လူစင်စစ်က လူပြိတ္တာ ဖြစ်နေပါပေါ့လားဆိုပြီး သကာလ အရှင်ဘုရား ဒီလို ဝဋ်တွေ ဒါလောက် တောင် ဆိုးရွား နေတဲ့ အကျိုးပေးတွေ သေလဲ ဒီပုဂ္ဂိုလ်ဟာ အဝီစိမှ တစ်ပါး ဘယ်မှ သွားစရာ မရှိလောက် အောင်ပဲ ဆိုးရွားနေပြီ၊ ပစ္စုပ္ပန်မှာတောင် ရေပျောက်နေပြီ၊ သဘော ကျပလား (ကျပါပြီ)။

ပစ္စုပ္ပန်မှာတောင် (ရေပျောက်နေပါတယ်ဘုရား)။

အဲဒီတော့ ကယ်မည့်တရား၊ ယူမည့်တရား ရှိသေး သလား ဆိုတော့ ဒကာကြီး ဝိပဿနာ ရှေ့သွား ရှိရင် မဂ်ရတယ်လို့ အဲဒီ ရဟန္တာက ဟောပြီ (မှန်ပါ့) ရိပ်မိပလား (ရိပ်မိ ပါပြီဘုရား)။

ဝိပဿနာရှေ့သွားရှိရင် (မဂ်ရပါတယ်ဘုရား)။

ဟာ ဒါဖြင့် ကယ်မည့် ယူမည့်တရား ရှိပါသေးသလားဘုရားဆိုပြီး တစ်ခါတည်း သူ့စိတ်က တက်ကြွပြီး အိမ် မပြန်တော့ဘူး၊ သူ့လေးတွေ၊ မြားတွေ၊ ညွှတ်ကွင်းတွေ၊ ဘာတွေ မောင်နိုင် အကုန် စွန့်တာပဲ၊ မစွန့်ဘူးလား (စွန့်ပါတယ် ဘုရား)။

## မုဆိုးကြီးသက်န်းဝတ်တယ်

စွန့်လိုက်ပြီး သကာလ အရှင်ဘု ရား သင်္ကန်းသာ ဝတ်တော့ ဘုရား ကိုရင်ကြီး ဝတ်တော့ တပည့်တော် ဒီဥစ္စာ တပည့်တော် အကြောင်း တပည့်တော် ကောင်းကောင်း သိပြီ၊ အရှင်ဘုရားကလဲ ကာကွယ်ဆေး ရှိတယ်လို့ ဆိုထားတယ်၊ တပည့်တော် ကြိုးစား ပါတော့မယ် ဆိုပြီး ကြိုးစားတော့ ကြိုးစား ရင်း မတ္တာနဲ့ သူလုပ်ထားတဲ့ အကုသိုလ် တွေချည်း စိတ်ထဲမှာ ပေါ်နေတယ် (မှန်ပါ့ ဘုရား)၊ ကုက္ကုစ္စ တွေ ဖြစ်နေတယ် (မှန်ပါ့ ဘုရား)။

အရှင်ဘုရား တပည့်တော် အဖြစ်နဲ့ပဲ တပည့်တော် ရှိပါစေတော့ တရား အားထုတ်တာ တရား မမြင်ဘူး ဘုရား၊ တပည့်တော် သတ်ဖြတ်ထားတဲ့ ဥစ္စာတွေသာ လာလာပြီး ပေါ်နေတယ်၊ ဒါကြောင့် တပည့်တော် လူထွက် ပါရစေ ဆိုတော့ မထွက်နဲ့ဦး ဆို ပြီး သကာလ မောင်နိုင် သဖန်းသားတွေ အခုတ် မခိုင်းလား (ခိုင်းပါတယ် ဘုရား) အစေးတွေနဲ့ (မှန်ပါ့)၊

အဲ လှည်းတစ်စီးတိုက် နှစ်စီးတိုက် ပုံပြီး သကာလ တစ်နေ့က ပြောခဲ့ သလိုပေါ့ အစိုတွေကို မီးခြစ်နဲ့ မီးရှို့ခိုင်းတယ် (မှန်ပါ့) လောင်ပါ့မလား (မလောင်ပါ ဘုရား)။

မလောင်တော့မှ သူ့ဆရာ ရဟန္တာကို သွားပြောတယ်၊ အရှင်ဘုရား အရှင်ဘုရား ပေးတဲ့ မီးခြစ်နဲ့ မီးကပ်နဲ့ ရှို့တာ ပဲ မလောင်ဘူးဘုရား။

## အဝီစိငရဲပြတယ်

အေး အေး ငါလာခဲ့မယ် ဆိုပြီး ရဟန္တာက လိုက်သွားပြီး မြေကြီး နှစ်ခြမ်း ခွဲပြီး သကာလ အောက် အဝီစိ ပြပေးတာ (မှန်ပါ့) မောင်နိုင် အောက်အဝီစိ ပြတယ်။

ပြလိုက်တော့ ကိုရင်ကြီး လူထွက်ချင်တဲ့ ကိုရင်ကြီး ကြည့်စမ်းဆိုတော့ အို ကြည့်ဝံ့စရာ မရှိဘူး (မှန်ပါ့) တစ်ခါ တည်း မုန့်ညက် ထောင်းသလို စိနေတာပဲ ခံနေရတာတွေ။

အဲဒီတွင်မှ ရဟန္တာက ကိုယ်တိုင် သူ့ရှေ့တွင် သွားပြီး ငရဲမီးကလေး ပိုးစုန်းကြူးလောက် သွားပြီး ယူတာ၊ ပိုးစုန်းကြူကောင် ကလေးလောက် ယူတာ။

**ငရဲမီးဆိုတာ**

အဲဒါလေးကို သူ့ရှေ့တွင် ခုနင်က သူတစ်နေ့လုံး ရှို့နေတဲ့ ထင်းပုံထဲ ထည့်လိုက်တာပဲ မောင်နိုင်ရဲ့ (မှန်ပါ့) ရောက်တာ နဲ့ ပြာကျတာနဲ့ တစ်ခါတည်း၊ ငရဲမီး ဘယ်လောက် ပြင်းတယ် ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ငရဲရောက်မယ် ဆိုလို့ရှိရင် ဒီခန္ဓာ တွေဟာ သဖန်းသားလောက် ကျုပ်တို့ မမာသေးဘူး (မှန်ပါ့)။

အစေးလဲ မထွက်သေးပါဘူး (မှန်ပါ့) ဘယ်လောက် လောင်ကောင်းမယ် ဆိုတာ ဒကာ ဒကာမတွေ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။ အဲဒီတော့ ကြောက်စရာ အင်မတန် ကောင်းပါတယ် ဆိုတဲ့ ဥစ္စာကို ခင်ဗျားတို့ သာမည ကလေး မယူပါနဲ့၊ ကိုပေါ်တို့က နော် (မှန်ပါ့)။

ငရဲမီး ပိုးစုန်းကြူး လောက်က လှည်းသုံးစီးတိုက် လောက် ထင်းစည်းကို ကျသည်နှင့် တစ်ပြိုင်နက်တည်း ပြောင်အောင် လောင်နိုင်တယ်၊ ပြာကျအောင် လောင်နိုင်တယ် ဆိုတော့ နည်းနည်း ပူတဲ့ မီးလား၊ ကျုပ်တို့ အခု ဒီ- အလက်ထရိတ် (လျှပ် စစ်မီး) တွေဟာ ဒီဂရီ နှစ်ရာ ကျော်ရင် ရွှေအရည် ပျော်တယ်လို့ အနောက် နိုင်ငံများက ရေးကြပြကြတယ် နော် ဒီလောက် ဘယ်က မလဲ (မှန်ပါ့)။

ဒီဂရီနှစ်ရာ ဘယ်က မလဲ၊ တစ်သောင်းလဲ မကဘူး၊ တစ်သိန်းလဲ မကဘူး၊ အပူချိန်ဟာ သဘောကျပလား (ကျပါ ပြီဘုရား)။ ကဲ ဒါဆိုတော့ သူ့ကို အဝီစိလဲ ပြပြန်၊ ငရဲမီး ပူပုံလဲပြ တယ်၊ မောင်နိုင် ကြောက်သွားပြီ၊ မကြောက် ဘူးလား (ကြောက်ပါတယ် ဘုရား)။

ကြောက်သွားတော့မှ အရှင်ဘုရား ဒီလိုဆိုရင် မဖြစ် တော့ဘူး ဘုရား၊ တပည့်တော် မထွက်တော့ဘူး ဘုရာ့ ကယ် နိုင်တယ် ဆိုရင် မထွက်တော့ဘူး ဘုရာ့။

**ဖြစ်ပျက်နဲ့မဂ်နဲ့ ဝိပဿနာရှုခိုင်းတယ်**

ဟ .. ကယ်နိုင်တယ်ကွ ဆိုပြီး ဖြစ်ပျက်နဲ့မဂ်နဲ့ ဝိပဿ နာ ရှေ့သွား လုပ်ခိုင်းတယ်။ ရိပ်မိကြ ပလား ဒကာ ဒကာမ တို့ (ရိပ်မိ ပါပြီ)။

ဝိပဿနာ ရှေ့သွား လုပ်တော့ သူ့စိတ်ထဲမှာ အကြောက် ကလဲသန် ငရဲမီး ပြတာကလဲ ရှင်းရှင်းလင်းလင်း၊ ဟိုမှာ အဝီစိ ဆိုတာကလဲ မျက်စောင်းမှ မထိုးဝံ့အောင် ကြောက်နေတော့ မောင်နိုင် ခြေထောက်တွေကို အဝတ်ကြီးနဲ့ ရေဆွတ်ပြီး သကာလ ဂုန်အိတ်နဲ့ စွပ်တယ်။ ခြေအေးရင် မငိုက်အောင်လို့ (မှန်ပါ့)

**အစွမ်းကုန်ကြိုးစားလို့ အနာဂါမ်တည်သွားတယ်**

အပေါ်မှာတော့ အဝတ်ကို ကရွတ်ခွေကြီး လုပ်ပြီး ရေဆွတ်ပြီး ခေါင်းပေါ်တင် တစ်စက် တစ်စက် ကျအောင် လုပ်တယ်၊ လုပ်ပြီးတော့မှ တစ်ခါတည်း အိပ်ချင်တဲ့စိတ် အကုန် ပျောက်ပြီး သကာလ ဝိပဿနာနဲ့

မဂ်နဲ့ချည်း တိုက်ပေးတယ်၊ တစ်ညတည်း အားထုတ်တယ် ဒကာ ဒကာမတို့ မနက်ကျတော့ အနာဂါမ် တည်နေတယ် (မှန်ပါ့)။

အဲဒီတွင်မှ သူကတစ်ခါတည်း အနာဂါမ် တည်တော့ သူ့ဟာသူ သိပြီး သကာလတဲ့ ဒကာ ဒကာမတို့ သူ့ကိုယ်တိုင်ကိုပဲ ခုနက ရောက်ရမှာလဲ သေချာပြီးသား မောင်နိုင် ငရဲကို (မှန်ပါ့) ဝိပဿနာ ရှေ့သွားနဲ့ မဂ်သုံးတန် ပေါ်လာ လိုက်တာ ရောက်သေးရဲ့လား (မရောက်ပါဘုရား)။

တစ်မဂ်တည်း ပေါ်ပါတဲ့၊ သူ့မှာတော့ ကြိုးစားလွန်းလို့ မဂ်သုံးတန်ဆက်ပေါ်သွားတာကိုး (မှန်ပါ့) တစ်မဂ်တည်း ပေါ်တောင်မှ ခုနကနေရာ မရောက်ပါဘူး- (မှန်ပါ့) သဘောကျ ပလား (ကျပါပြီ)။

**ကယ်ယူမည့်အလုပ်ဟာဝိပဿနာ**

ဒါဖြင့် ကယ်မည့်လူ ယူမည့်လူဟာ ဒါပဲ၊ ခင်ဗျားတို့ ကျုပ်တို့မှာ ရှိတယ်၊ (မှန်ပါ) ဒီပြင်ဖြင့် (မရှိပါဘုရား)။

ဒါဖြင့် ဝိပဿနာ ရှေ့သွားတာ ဘယ်လောက် အရေးကြီး တယ်ဆိုတာ ဒကာ ဒကာမတွေ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘာလုပ်ကြမယ် (ဝိပဿနာ အလုပ်ကို လုပ်ကြရပါ မယ်ဘုရား)။

ဝိပဿနာသာ လုပ်နေပါ၊ မဂ်တည်း ဟူသော နေထွက်ပါ စေလို့ ဆုတောင်း ရသလား၊ ဉာဏ်နဲ့ လုပ်ရသလား (ဉာဏ် နဲ့လုပ်ရပါတယ် ဘုရား) ပေါ် ကြပလား (ပေါ် ကြပါပြီဘုရား)။

ကိုင်း ယနေ့ဒီတွင်တော်ကြဦးစို့။

သာဓု သာဓု သာဓု။

# သဒ္ဓမ္မရံသီ တောရဆရာတော်ဘုရားကြီး၏
# ပဋ္ဌာန်းနှင့် ဝိပဿနာ - မှ

## "ပုရေဇာတပစ္စည်းဖြင့် ဘယဉာဏ် ရှုမှတ်ပုံ"

ကာယအကြည်၊ ဗောဋ္ဌဗ္ဗ ဝါယော အာရုံတို့ကြောင့် ကာယဝိညာဏ်စိတ် ကုန်ပျက်သွားရပေသည်။ ရှုမှတ်စိတ်လည်း ကုန်ပျက်သွားရပေသည်။

ရှုမှတ်သည့်အချက်တိုင်း၊ အကြိမ်ကြိမ်ရှုမှတ်တိုင်း အကြိမ်ကြိမ်ကုန်ပျက်၊ မြောက်များစွာကုန်ပျက်တော့ သင်္ခါရတရားများကုန်ပျက်လွန်းအားကြီးနေတော့ ကြောက်စရာပါလားဟု ဉာဏ်ထင်လာတော့၏။

ယံ ရူပံ နိဿာယ = အကြင်ဟဒယကို အမှီပြု၍ = စိတ္တာနုပဿနာ = ကုန်ပျက်

မနောဓါတုစ = ကြံသိစိတ် (ဘယဉာဏ်) သည်၎င်း = ဓမ္မာနုပဿနာ = ဘေးဒုက္ခဟုသိသောစိတ်။

ဝတ္တံတိ = ဖြစ်ကြကုန်၏။

တံရူပံ = အကြင်ဟဒယ ရုပ်သည် = စိတ္တာနုပဿနာ = ကုန်ပျက်

မနောဓါတုယာ = မနောဓါတ်အား၎င်း။

တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ = ထိုကြံသိစိတ်နှင့်ယှဉ်ကြကုန်သော စေတသိတ်တရားတို့အား ၎င်း = ဘေးဒုက္ခ ဟုသိသောစိတ်။

ပုရေဇာတ ပစ္စယေန ပစ္စယော = ရှေ့ကဖြစ်နှင့်သော သတ္တိဖြင့် အကျိုးပြုသည်။

"ပဋ္ဌာန်းပညာဝါရ တရားတော်တွင်လည်း ဟောကြားသည်မှာ" -

(က) ဝတ္ထု = မှီရာဝတ္ထုရုပ်သည် = စိတ္တာနုပဿနာ = ကုန်ပျက်

ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ = ဝိပါက်ကိရိယာ အဗျာကတဖြစ်ကုန်သော ဝေ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော နာမ်ခန္ဓာတို့အား (ဘယဉာဏ်အား)

(ခ) အဗျာကတောဓမ္မော = အဗျာကတတရားသည် = စိတ္တာနုပဿနာ = ကုန်ပျက်

ကုသလဿ ဓမ္မဿ = ကုသိုလ်တရားအား (ဘယဉာဏ်အား)

ပုရေဇာတပစ္စယေန ပစ္စယော = ရှေ့ကဖြစ်နှင့်သော သတ္တိဖြင့် ကျေးဇူးပြုသည်။

(ဂ) ဝတ္ထုပုရေဇာတံ = မှီရာဝတ္ထုရုပ်သည် = စိတ္တာနုပဿနာ = ကုန်ပျက်

ဝတ္ထုကုသလာနံ ဓမ္မာနံ = ကုသိုလ်နာမ်ခန္ဓာတို့အား = ဓမ္မနုပဿနာ = ဘေးဒုက္ခသိသောဉာဏ်

## "ထိတုန်းထိခိုက်တွင် ဘယ အာဒီနဝ နိဗ္ဗိန္ဒ ဉာဏ်ဖြစ်ပေါ်ပုံ"

ထိတုန်းထိခိုက်တွင် ထိတယ် ထိတယ်ဟု ရှုမှတ်၍နေသော- ယောဂီအား ရှုမှတ်အပ်သော ရုပ်နာမ်တို့ကို၊

ရေပွက်ကဲ့သို့ငှင်း၊ တံလျှပ်ကဲ့သို့ငှင်း၊ မီးလျှံတက်ကြွသကဲ့သို့ငှင်း၊ ကုန်သည်၊ ပျက်သည်၊ ပြိုသည်၊ ချုပ်သည်ဟု အထင်များသော ယောဂီမှာ၊ ရှုမှတ်အပ်သော ရုပ်နာမ်တို့၏အပျက်ကို မြင်ဖန်များသဖြင့်၊ ဘေးထင်၏။

- ဘေးထင်တာက ဘယဉာဏ်။
- အပျက်ကိုမြင်ဖန်များသဖြင့် အပြစ်ထင်၏။ အပြစ်ထင်တာက အာဒီနဝဉာဏ်။
- အပျက်ကိုမြင်ဖန်များသဖြင့် ငြီးငွေ့၍ လာတော့၏။ ငြီးငွေ့တာက နိဗ္ဗိန္ဒဉာဏ်။
- ကြောက်ဖွယ်ခပင်း၊ ဘေးအသင်း၊ ထင်ခြင်းဘယဉာဏ်။
- ရွံမုန်းဖွယ်ရှိ၊ ပြစ်မြင်ဘိ၊ အာဒိ နဝ ဉာဏ်။
- မရွှင်မလန်းစိတ်ကုန်ခမ်း၊ ညှိုးနွမ်း နိဗ္ဗိန္ဒ ဉာဏ်။
- အကြင်ဘယဉာဏ်သည် ငှင်း၊ အကြင် အာဒိ နဝ ဉာဏ်သည်ငှင်း။
  အကြင် နိဗ္ဗိ န္ဒ ဉာဏ်သည်ငှင်း၊ ရှိပေ၏။
- ဤ ဉာဏ်တို့သည်တူသော သဘောတရားတို့ ရှိကုန်၏။
- အမည်သဒ္ဒါမျှသာလျှင် ထူးရှား၏။ (အကြောင်းတူ အသံကွဲမျှသာ)
  ဤကဲ့သို့ ဟောတော်မူ၏။

## “ (၆) သဟဇာတပစ္စည်းဖြင့် ဘယ်ညာဏ် ရှုမှတ်ပုံ ”

အကြောင်းနာမ်ရုပ်တို့က အကျိုးပစ္စယုပ္ပန် နာမ်ရုပ်တို့ကို ကျေးဇူးပြုခြင်းဖြစ်ပါသည်။

သဟဇာတစ္စည်း ကျေးဇူးပြုပုံများမှာ - မဟာဘုတ် -၄ပါးတို့သည် အတူတကွဖြစ်ကြသည်။ အတူတကွ ပျက်ကြသည်။ အချင်းချင်းအပြန်အလှန် ကျေးဇူးပြုကြသည်။ နာမ်ခန္ဓာ -၄ပါးတို့လည်း အတူတကွဖြစ်ကြသည်၊ အတူတကွ ပျက်ကြသည်။ အချင်းချင်းအပြန်အလှန် ကျေးဇူးပြုကြသည်။

အကြောင်းပစ္စည်းတရားတွေ သာမန်အားဖြင့် ရှေးရှေးကဖြစ်လေ့ရှိပါတယ်။ ပြီးတော့မှ အကျိုး ပစ္စယုပ္ပန်တရားက နောက်ကဖြစ်ရတာပါ။

သဟဇာတပစ္စည်းအကြောင်းတရားနဲ့ ပစ္စယုပ္ပန်အကျိုးတရားတို့မှာတော့ ရုပ်တရား -၄ခု၊ နာမ် တရား -၄ခုတို့ဟာ - တစ်ချိန်ထဲ၊ တပြိုင်ထဲအတူတကွ ဖြစ်ကြတာပါ။

ရှေးဆရာကြီးများက ဆီမီးနဲ့ ဥပမာပေးကြပါတယ်။ ဆီမီးတောက်လောင်တာနဲ့ တပြိုင်နက် အလင်းရောင်ဖြစ်အောင် ကျေးဇူးပြုပါတယ်။ ဆီမီးတောက်လောင်တာနဲ့ အလင်းရောင်ဖြစ်တာ - ဘယ် အရာကအရင်ဖြစ်တယ်လို့ ပြောလို့မရပါ။ အတူတကွဖြစ်ပြီး ကျေးဇူးပြုတာကို သဟဇာတလို့ ဆိုလိုပါတယ်။

(၁) သဟဇာတ ပစ္စယောတိ၊

စတ္တာရော ခန္ဓာ အရူပိနော = နာမ်ခန္ဓာ -၄ပါးတို့သည်၊ (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် တို့သည်) = စိတ္တာနုပဿနာ = ကြောက်ဖွယ်ဘေး။

အညမညံ = အချင်းချင်းအား (ဝေဒနာက အကြောင်းဖြစ်လျှင် သညာ သင်္ခါရ ဝိညာဉ်တို့က အကျိုး) = ဓမ္မာနုပဿနာ = ကြောက်ဖွယ်ဘေး။

သဟဇာတ ပစ္စယေန ပစ္စယော = အတူတကွဖြစ်ခြင်း သတ္တိဖြင့်ကျေးဇူးပြုသည်။

(၂) စတ္တာရော မဟာဘူတာ = မဟာဘုတ်ဓါတ်ကြီး -၄ပါးတို့သည်၊ (ပထဝီဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်၊ အာပေါဓါတ် -၄ပါးတို့သည်) = ကာယာနုပဿနာ = ကြောက်ဖွယ်ဘေး။

အညမညံ = အချင်းချင်းအား (ပထဝီဓါတ်က အကြောင်းဖြစ်လျှင်၊ တေဇော၊ အာပေါ၊ ဝါယောဓါတ်တို့ကအကျိုး) = ဓမ္မနုပဿနာ = ကြောက်ဖွယ်ဘေး။

သဟဇာတ ပစ္စယေန ပစ္စယော = အတူတကွဖြစ်ခြင်း သတ္တိဖြင့်ကျေးဇူးပြုသည်။

(၃) ဩကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော။

ပဋိသန္ဓေခဏ၌ နာမ်နှင့်ရုပ်တို့သည် အချင်းချင်းအား၊ အတူတကွဖြစ်ခြင်းသတ္တိဖြင့် ကျေးဇူးပြု သည်ဖြစ်၏။

- ပဋိသန္ဓေခဏကာလဖြစ်၍ ပုထုဇဉ်တို့ ဝိပဿနာမရှုနိုင်။

(၄) စိတ္တာစေတသိကာ ဓမ္မာ = စိတ်စေတသိတ်တရားတို့သည် = စိတ္တာနုပဿနာ

= ကြောက်ဖွယ်ဘေး။

စိတ္တသမုဋ္ဌာနံ ရူပါနံ = စိတ္တဇရုပ်တို့အား ကာယဝိညတ် ဝစီဝိညတ်တို့အား = ကာယာနုပဿနာ

= ကြောက်ဖွယ်ဘေး။

သဟဇာတ ပစ္စယေန ပစ္စယော = အတူတကွဖြစ်ခြင်း သတ္တိဖြင့်ကျေးဇူးပြု၏။

(၅) မဟာဘူတာ = မဟာဘုတ်ဓါတ်ကြီး -၄ပါးတို့သည် = ကာယာနုပဿနာ = ကြောက်ဖွယ်ဘေး။

ဥပါဒါရူပါနံ = မဟာဘုတ်တို့ကိုမှီ၍ ဖြစ်ကြကုန်သောရုပ် (ရုပ် -၂၈ပါးမှကျန်သောရုပ် -၂၄ပါး) တို့အား = ကာယာနုပဿနာ = ကြောက်ဖွယ်ဘေး။

သဟဇာတ ပစ္စယေန ပစ္စယော = အတူတကွဖြစ်ခြင်း သတ္တိဖြင့်ကျေးဇူးပြု၏။

(၆) ရူပိနောဓမ္မာ = ဟဒယဝတ္ထုသည် = စိတ္တာနုပဿနာ = ကြောက်ဖွယ်ဘေး။

အရူပီနံ ဓမ္မာနံ = နာမ်ခန္ဓာ - ၄ပါးတို့အား

ကိဉ္စိကာလေ = ပဋိသန္ဓေကာလ၌ = ဓမ္မာနုပဿနာ = ကြောက်ဖွယ်ဘေး။

သဟဇာတ ပစ္စယေန ပစ္စယော = အတူတကွဖြစ်ခြင်း သတ္တိဖြင့်ကျေးဇူးပြုသည်။

ကိဉ္စိကာလေ = ပဝတ္တိကာလ၌ = ဓမ္မာနုပဿနာ = ကြောက်ဖွယ်ဘေး။

သဟဇာတ ပစ္စယေန ပစ္စယောန ဟောတိ = အတူတကွဖြစ်ခြင်း သတ္တိဖြင့်ကျေးဇူးမပြုနိုင်ပါ။

အထက်ဖော်ပြပါ သဟဇာတပစ္စည်း (၆)ချက်တို့တွင် အမှတ်စဉ် (၁)မှ (၃)အထိ၊ ၃-ချက်သည် သဟဇာတပစ္စည်းလည်းရ၍ အညမညပစ္စည်းရပါသည်။ အမှတ်စဉ် (၄)မှ (၆)အထိ၊ ၃-ချက်မှာမူ - သဟဇာတပစ္စည်းသာရပါသည်။ အချင်းချင်းအပြန်အလှန်ဆိုသည့် အညမည မရပါ။

" ထူးခြားသော အချက်များ "

(က) သဟဇာတပစ္စည်းသည် - ပစ္စယုပ္ပန်တို့အား

(၁) အတူတကွ + အချင်းချင်းအပြန်ပြန်အလှန်လှန်ဖြစ်၍ လည်းကျေးဇူးပြု၏။

(၂) အချင်းချင်းမဟုတ်သော်လည်း၊ အတူတကွဖြစ်၍လည်း ကျေးဇူးပြုနိုင်၏။

(ခ) အညမညပစ္စည်းသည်၊ အကျိုးပစ္စယုပ္ပန်တရားတို့အား -

(၁) အတူတကွအချင်းချင်းဖြစ်မှသာ ကျေးဇူးပြုနိုင်ပေ၏။

(၂) နာမက္ခန္ဓာအချင်းချင်း၊ မဟာဘုတ်အချင်းချင်း၊ ပဋိသန္ဓေကာလ နာမက္ခန္ဓာနှင့်ဟဒယ ဝတ္ထုတို့အချင်းချင်း၊ ကျေးဇူးပြုရာ၌ သဟဇာတပစ္စည်းနှင့်တူ၏။

- သဟဇာတပစ္စည်းတော့ရတယ်၊ အညမညပစ္စည်းမရတဲ့ -

" စိတ္တစေတသိကာ ဓမ္မာ၊ စိတ္တသမုဋ္ဌာနာနံရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော " - ဆိုတာမှာ - အညမည မရပုံက -

စိတ္တစေတသိကာ ဓမ္မာ = စိတ်စေတသိတ်တရားတို့တွေက၊ သစ်ပင်တွေနဲ့တူပါတယ်။ သစ်ပင်ဟာ သစ်ပင်အရိပ်ဖြစ်ပေါ်အောင် ကျေးဇူးပြုတယ်။

စိတ္တသမုဋ္ဌာနာနံရူပါနံ = စိတ္တဇရုပ်၊ ကမ္မဇရုပ်တွေက သစ်ပင်အရိပ်နဲ့ တူပါတယ်။ အရိပ်တွေက သစ်ပင်ပြန်ဖြစ်လာအောင် ကျေးဇူးပြုလို့ မရပါ။

အညမည = အချင်းချင်းအပြန်အလှန် ရတယ်ဆိုတာ၊ ပစ္စည်းလည်းဖြစ်နိုင်တယ်၊ ပစ္စယုပ္ပန်လည်းဖြစ်နိုင်တယ်။

- မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော - မှာလဲမဟာဘူတာ = မဟာဘုတ် -၄ပါးက၊ သစ်ပင်နဲ့တူပါတယ်။

ဥပါဒါရူပါနံ = ဥပါဒါရုပ် (၂၄)ပါးက အရိပ်နဲ့တူပါတယ်။ ထို့ကြောင့်သဟဇာတ သာရ၏။ အညမည မရတာပါ။

- ရူပိနော ဓမ္မာ = ဟဒယ ဝတ္ထုရုပ်က သစ်ပင်နဲ့တူပါတယ်။

မရူပိနံဓမ္မာနံ = နာမ်ခန္ဓာ -၄ပါးက အရိပ်နဲ့တူပါတယ်။

ကိဉ္စိကာလေ = ပဋိသန္ဓေကာလမှာ သဟဇာတ ရပါတယ်။

ကိဉ္စိကာလေန = ပဝတ္တိကာလမှာ သဟဇာတ မရပါ။

" ဝိပဿနာ ရှုမှတ်ခြင်း "

(၁) သဟဇာတပစ္စည်းသည်၊ ခန္ဓာငါးပါးတရားဖြင့် ရှုမှတ်နိုင်ပါသည်။ မဟာဘုတ် - ၄ပါးနှင့်

စိတ်စေတသိတ်များ ပါဝင်နေပါသည်။ မဟာဘုတ် -၄ပါး ပါဝင်၍ ကာယာနုပဿနာ

သတိပဋ္ဌာန်းရှုမှတ်နိုင်ပါသည်။

(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်းအနေနဲ့ ဝေဒနာကို ရှုမှတ်နိုင်ပါသည်။

(၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်းအနေနဲ့ ဝိညာဏ်ကို ရှုမှတ်နိုင်ပါသည်။ နာမ် -၄ပါးမှ ဝိညာဏ်နဲ့ စိတ္တစေတသိကာ ဓမ္မာကိုရှုမှတ်တာပါ။

(၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်းအနေနဲ့ စိတ္တဇရုပ်၊ ကမ္မဇရုပ်ဖြစ်တဲ့ စိတ္တသမုဋ္ဌာန် ရူပါနံကို ရှုမှတ်နိုင်ပါသည်။ စကြ်န်လျှောက်တဲ့အခါမှာ ထင်ရှားပါတယ်။ ကြိယာပုတ်ကြီး -၄ပါးမှာလည်း ထင်ရှားပါသည်။

- အညမညပစ္စည်း -(၃)ချက်က သဟဇာတပစ္စည်း (၆)ချက်မှာ ပါဝင်သွားပြီး၍ သဟဇာတ ပစ္စည်းရလျှင် အညမညပစ္စည်းလည်းရပြီးဖြစ်ပေသည်။ သို့ပါ၍ အညမညပစ္စည်းလည်း ရှုမှတ်ပြီးဖြစ်ပါသည်။

၁။ ကုသလောဓမ္မော ကုသလဿဓမ္မဿ - သဟဇာတ ပစ္စယေန ပစ္စယော။

၂။ ကုသလောဓမ္မော အဗျာကတဿဓမ္မဿ - သဟဇာတ ပစ္စယေန ပစ္စယော။

၃။ အကုသလောဓမ္မော အကုသလဿဓမ္မဿ - သဟဇာတ ပစ္စယေန ပစ္စယော။

၄။ အကုသလောဓမ္မော အဗျာကတဿဓမ္မဿ - သဟဇာတ ပစ္စယေန ပစ္စယော။

၅။ အဗျာကတောဓမ္မော အဗျာကတဿဓမ္မဿ - သဟဇာတ ပစ္စယေန ပစ္စယော။

၆။ ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတော ဧကော - သဟဇာတ ပစ္စယေန ပစ္စယော။

၇။ ဧကံမဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ - သဟဇာတ ပစ္စယေန ပစ္စယော။

၈။ မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာ ရူပါနံ ဥပါဒါရူပါနံ - သဟဇာတ ပစ္စယေန ပစ္စယော။

၉။ မဟာဘူတာ ဥပါဒါရူပါနံ - သဟဇာတ ပစ္စယေန ပစ္စယော။

၁၀။ ကုသလောစ အဗျာကတောစ ဓမ္မာအဗျာကတဿဓမ္မဿ - သဟဇာတ ပစ္စယေန ပစ္စယော။

၁၁။ အကာသလောစ အဗျာကတောစ ဓမ္မာအဗျာကတဿဓမ္မဿ - သဟဇာတ ပစ္စယေန ပစ္စယော။

၁၂။ အကုသလာ ခန္ဓာစ မဟာဘူတာစ စိတ္တသမုဋ္ဌာနာနံ ရူပါနံ - သဟဇာတ ပစ္စယေန ပစ္စယော။

## " ဟေတုပစ္စည်းဖြင့်ဘယညာဏ်ရှုမှတ်ပုံ "

ဘယညာဏ်တွင် ရုပ်နာမ်ပရမတ်တရားတို့၏ ကြောက်ဖွယ်ဘေးကို ညာဏ်ထက်တွေ့မြင် ရှုမှတ်ခြင်းဖြစ်ပါသည်။

ရုပ်နာမ်တရား၊ ဓါတ် -၁၈ပါးတို့၏ကုန်ပျက်ဟူသမျှတို့သည် ကြောက်ဖွယ်ဘေးဟုမဟာကုသိုလ်သမ္ပယုတ်စိတ်ဖြင့်ရှုမှတ်နေသောအခါ -လောဘ၊ ဒေါသ၊ မောဟတည်းဟူသောအကုသိုလ်တရားတို့သည် ဆန့်ကျင်ဘက်ဝေးရာသို့ - တဒင်္ဂကာလအားဖြင့်ရောက်နေကြပေသည်။

မိသားစုသံယောဇဉ်၊ မိတ်ဆွေသင်္ဂဟသံယောဇဉ်၊ စီးပွားလုပ်ငန်းသံယောဇဉ်တို့မှဝေးရာ (တောနေရာ) ဖြစ်သည့် တရားစခန်း၊ တရားရိပ်သာ၊ တောစခန်းနေရာသို့ ရောက်ရှိ၍တရားအားထုတ်နေခြင်း၊ စိတ်ငြိမ်သောနေရာဖြစ်၍သောကအာရုံကင်းခြင်း၊ တရားရှုမှတ်ရာတွင်လည်း ဗျာပါဒ၊ နိဝါရဏ တို့မှကင်းနေခြင်း၊ ဘယညာဏ်စဉ်ရှုမှတ်နေဆဲဖြစ်၍ပညတ်တရား၊ ဒြပ်ပုံသဏ္ဌာန်တို့ကိုညာဏ်မှာမထင်တော့ဘဲ ပရမတ်ရုပ်နာမ်တို့၏သဘော၊ ဓါတ် -၁၈ပါးတို့၏သဘောမျှသာရှုမှတ်နိုင်သော အခါကာလဖြစ်ပါသည်။

နေ့စဉ် -၈ပါး၊ ၉ပါးသီလတို့မြဲမြံနေခြင်း၊ စိတ္တဝိသုဒ္ဓိပြည့်စုံနေခြင်း၊ မဂ္ဂါမဂ္ဂညာဏ ဒဿနာ ဝိသုဒ္ဓိပြည့်စုံနေခြင်း၊ ခဏိကသမာဓိ၊ ဥပစာရသမာဓိတို့ဖြင့် ရှုမှတ်နေခြင်း၊ သမထဈာန်အားဖြင့် ဇာတိယဈာန်သမာဓိဖြင့် ရှုမှတ်နေခြင်းတို့ ပြည့်စုံနေပါသည်။

ဘယညာဏ်သည် ကြောက်တတ်ခြင်း၊ ကြောက်ခြင်းမဟုတ်ပါ။ ကြောက်တတ်ခြင်း၊ ကြောက်ခြင်းသည်ဒေါသမူ အကုသိုလ်စိတ်နှင့် ယှဉ်၍သာဖြစ်ပေါ်၏။ မဟာကုသိုလ်စိတ်၊ အဒေါသစိတ်၌ ယှဉ်သောဝိပဿနာညာဏ်တွင် ဖြစ်ပေါ်ရိုးမရှိပါ။

ရုပ်နာမ်သင်္ခါရတို့၏ ကြောက်မက်ဖွယ်ဘေးသဘောကို သိမြင်ခြင်း သာဖြစ်ပါသည်။ အတိတ်သင်္ခါရတို့သည် ချုပ်ကုန်စေပြီး၊ ပစ္စုပ္ပန်သင်္ခါရတို့သည် ချုပ်ကန်ဆဲ၊ အနာဂါတ်သင်္ခါရတို့သည်လည်း၊ ချုပ်ကုန်လတံ့ဟု ရှုမြင်ဆင်ခြင်ပြီး သိခြင်းပင်ဖြစ်ပါသည်။

ဥပမာအားဖြင့် မျက်စိကောင်းသော ယောက်ကျ်ားတစ်ယောက်သည် မြို့တံခါးအနီး၌

မီးကျီးတွင်းသုံးခုတို့ကို တွေ့မြင်လတ်သော် ကိုယ်တိုင်ကာမကြောက်ပေ။ ထိုယောက်ကျ်ားသည် ဤမီးကျီတွင်းသို့ကျတိုင်း ကျတိုင်းသောသူခပ်သိမ်းတို့သည် ကြီးစွာသောဆင်းရဲကိုခံစားရလတ့် - ဟုဆင်ခြင်သိမြင်ပြီးလျှင်၊ “ ဤမီးကြီးတွင်းတို့သည် -ကြောက်မက်ဖွယ်ရာဘေးဆိုးတည်း ” ဟုသိမြင်လာသကဲ့သို့ဖြစ်ပါသည်။

ဟေတုပစ္စယောတိ -

ဟေတူ = လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူသောဟိတ် -

၆ပါးတို့သည် = စိတ္တာနုပဿနာ = ကြောက်ဖွယ်ဘေး။

ဟေတုသမ္ပယုတ္တာနံဓမ္မာနဥ္စ = ထိုဟိတ် -၆ပါးတို့နှင့်ယှဉ်ကြကုန်သော စိတ်စေတသိတ်တရား

တို့အားငင်း = ဓမ္မာနုပဿနာ = ကြောက်ဖွယ်ဘေး ဟုရှုမှတ်ခြင်း။

တံသမုဋ္ဌာနာနံ ရူပါနဥ္စ = စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့အားငင်း = ဓမ္မာနုပဿနာ = ကြောက်ဖွယ်ဘေး

ဟုရှုမှတ်ခြင်း။

ဟေတုပစ္စယေနပစ္စယော = အမြစ်သဖွယ်သတ္တိဖြင့် ကျေးဇူးပြုပေ၏။

ရုပ်နာမ်တို့၏ ကုန်ပျက်မှုတွေကို ဘင်္ဂဉာဏ်တွင်ရှုမှတ်ခဲ့ပြီးနောက် သမာဓိဉာဏ်တွေ၊ တစ်ဆင့်တိုး၍ ရင့်ကျက်အားရှိထက်သန်လာတဲ့အခါ၊ ဖောင်းတယ်လို့မှတ်လိုက်သည်ရှိသော်၊ ဖောင်းတဲ့အမှုအရာလေးတွေလည်းရိပ်ခနဲ့၊ ရိပ်ခနဲ့ကုန်ပျက်သွားတယ်။ မှတ်သိစိတ်ပါလိုက်၍ ကုန်ပျက်သွားတယ်။

ပိန်တယ်လို့မှတ်လိုက်ရင်လည်း၊ ပိန်တဲ့အမှုအရာလေးတွေ၊ ရိပ်ခနဲ့ ရိပ်ခနဲ့ကုန်ပျက်သွားတယ်။ မှတ်သိစိတ်ပါလိုက်၍ ကုန်ပျက်သွားတယ်။

ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့မှတ်လိုက်ရင်လည်း၊ ဒီအတိုင်းဘဲ ကြွတဲ့၊ လှမ်းတဲ့၊ ချတဲ့ အမှုအရာလေးတွေ ရိပ်ခနဲ့ရိပ်ခနဲ့ ကုန်ပျက်သွားတယ်။ မှတ်သိတဲ့စိတ်ပါ လိုက်ပြီးတော့ ကုန်ပျက်သွားတယ်။

အမှုအရာရုပ်တရားလေးတွေလည်း မမြဲဘူး။ မှတ်သိစိတ်လည်း မမြဲဘူး။ ကုန်ပျက်တာတွေကလည်း မမြဲ၊ လျှင်မြန်လွန်းတာလည်းအာကြီးတော့၊ မှတ်တိုင်းမှတ်တိုင်းလည်း ပျက်၍ပျက်၍သွားသော သင်္ခါရတို့၌၊ ကြောက်သောအခြင်းတရားနှင့်တကွ၊ အသိဉာဏ်ဖြစ်၏။

ဆင်ခြင်မိသောအာရုံတို့၌လည်း၊ကြောက်စရာကောင်းသည်ဟု ထင်မြင်လျှက် အသိညာဏ်ဖြစ်၏ ။ အတိတ်သင်္ခါရတို့သည် ချုပ်လေကုန်ပြီ၊ပစ္စုပ္ပန်သင်္ခါရတို့လည်း ချုပ်ကုန်ဆဲ၊နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သောသင်္ခါရတို့သည်လည်း၊ထို့အတူပင်ချုပ်ကုန်လတ္တံ့ - ဟုရှုမြင်သော ထိုယောဂီသည်၊ဘယညာဏ်၊ကြောက်ဖွယ်ဘေးဟု ဖြစ်ပေါ်၏။

## " ပဋ္ဌာန်းပစ္စယ၀ါရ - တွင်ဟောကြားရာ၌လည်း"

(က) ကုသလာဟေတု = အလောဘ၊အဒေါသ၊အမောဟဟူသော ကုသိုလ်ဟိတ်တစ်ပါး

ပါးသည် = စိတ္တာနုပဿနာ = ကြောက်ဖွယ်ဘေးဟု။

သမ္ပယုတ္တကာနံခန္ဓာနံ = အတူယှဥ်၍ဖြစ်သည့်၊ဝေဒနက္ခန္ဓာ၊သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ၊

ဝိညာဏက္ခန္ဓာ၊ ဟူသောနာမ်ခန္ဓာတို့အား = ဓမ္မာနုပဿနာ =

ကြောက်ဖွယ်ဘေးဟု။

ဟေတုပစ္စယေန ပစ္စယော = အမြစ်သဖွယ် ကျေးဇူးပြုပါသည်။

(ခ) ကုသလာဟေတု = ကုသိုလ်ဟိတ်တစ်ပါးပါးသည် = စိတ္တာနုပဿနာ = ကြောက်ဖွယ်ဘေးဟု။

စိတ္တသမုဋ္ဌာနံ ရူပါနံ = စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား = ဓမ္မာနုပဿနာ =

ကြောက်ဖွယ်ဘေးဟု။

ဟေတုပစ္စယေန ပစ္စယော = အမြစ်သဖွယ် ကျေးဇူးပြုပါသည်။

## " အမြစ်သဘွယ် ဟေတုတရားတစ်ပါးပါး၏ ပျက်ခြင်းကို ရှုခိုက်တွင်ဘယ၊ အာဒီနဝ၊ အာဒီနဝနိဗ္ဗိန္ဒာညာဏ်တို့ဖြစ်ပေါ်ပုံ"

ယောဂီပုဂ္ဂိုလ်သည်၊ သင်္ခါရတို့၏ပျက်ခြင်းကိုရှုသောဘင်္ဂနုပဿနာ၏အစွမ်းအားဖြင့် အလုံးစုံသော သင်္ခါရတို့သည်၊ ကြောက်ဖွယ်ဘေးအနေအားဖြင့်၊ ထင်ကုန်လတ်သော်၊ ထက်ဝန်းကျင်မှ အရသာကင်းသော၊ သာယာဖွယ်ကင်းသော၊အပြစ်ကိုသာလျှင်မြင်၏ ထိုသို့ ထိုအပြစ်ကိုမြင်သော၊ ထိုယောဂီအား၊အာဒီနဝညာဏ်သည်ဖြစ်ပေါ်၏။

အလုံးစုံသောသင်္ခါရတို့၌၊ အပြစ်အနေအားဖြင့်ရှုမြင်လျှက်ရှိသော ထိုယောဂီသည်၊ အလုံးစုံသောဘဝ -၃ပါး၊ ယောနိ -၄ပါး၊ ဂတိ -၅ပါး၊ ဝိညာဏဋ္ဌိတိ -၇ပါး၊ သတ္တဝါသ -

ဥပါးတို့၌တည်သော (ခဏတိုင်း ခဏတိုင်း) မပြတ်ပျက်စီးတတ်သော၊ သင်္ခါရအပေါင်းတို့၌ ငြီးငွေ့၍။ ပျင်းရိ၍။ မပျော်မွေ့၊ ထိုသင်္ခါရတို့၌ပင်လျှင် -ငြီးငွေ့လျှက်ဖြစ်ပေါ်သောကြောင့် နိဗ္ဗိန္ဒာဉာဏ်သည်ဖြစ်ပေါ်၏။

ဘယတုပဋ္ဌာနဉာဏ်တစ်ခုတည်းပင်လျှင် -၃ပါးသောအမည်တို့ကိုရ၏။

အလုံးစုံသော သင်္ခါရတို့ကိုဘေးထင်တာက၊ ဘယဉာဏ်။ အမျက်ကိုမြင်ပါများသဖြင့် အပြစ်ထင်တာက၊ အာဒိနဝဉာဏ်။ အပျက်ကိုမြင်ပါများသဖြင့် ငြီးငွေ့လာတာက၊ နိဗိန္ဒာဉာဏ်။

ဘယဉာဏ်၊ အာစီနဝဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ် ဟူသော၍ဉာဏ် -၃ပါးသည်၊ တူသောအနက်တရားကိုယ်ရှိ၏။ သဒ္ဒါမျှသာထူး၏။

## “ အာရမ္မဏပစ္စည်းဖြင့်ဘယညာဏ်ရှုမှတ်ပုံ ”

ယောဂီသည် အလုံးစုံသော တေဘူမကသင်္ခါရတို့၏ ကုန်ခြင်း (ခယ)၊ ပျောက်ခြင်း (ဝယ)၊ ပျက်ခြင်း (ဘေဒ) ဟူသောချုပ်ခြင်း (နိရောဓ) လျှင်အာရုံရှိသော ဘင်္ဂါနုပဿနာခေါ် ဘင်္ဂညာဏ် ကိုမှီဝဲလျှက် အကြိမ်များစွာ ပွားများအားထုတ်၏။ ထိုအခါ ထိုယောဂီအား အလုံးစုံသောဘဝ -၃ပါး၊ ယောနိ -၄ပါး၊ ဂတိ -၅ပါး၊ ဝိညာဏ်ဋ္ဌိတိ -၇ပါး၊ သတ္တာဝါသ -၉ပါးတို့၌ ခနတိုင်း ခနတိုင်း၊ မပြတ်ပျက်စီးကုန်သော သင်္ခါရတို့သည်၊ကြီးစွာသောကြောက်မက်ဖွယ် ဘေးအဖြစ် ထင်လာကုန်၏။ ဤသို့ သင်္ခါရတရားတို့၌ ကြောက်မက်ဖွယ်ဘေးအဖြစ် ရှုမြင်သောညာဏ်သည် ဘယတုပဋ္ဌာနညာဏ်မည်၏။

ဥပမာအားဖြင့်ချမ်းသာစွာ အသက်ရှင်နေလိုသော ကြောက်တတ်သည့်ယောက်ကျာ်းအား၊ ခြင်္သေ့၊ ကျား၊ ဘီလူး၊ ရက္ခိုသ်၊ ဆင်ကြမ်း၊ မြွေဆိုး စသည့်ကြီးစွာသော ကြောက်မက်ဖွယ်ဘေးဆိုးကြီး၊ ထင်လာသကဲ့သို့တည်း။

အတိတ်သင်္ခါရတို့သည် ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန်သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ နောင်အနာဂတ်ကာလ၌ဖြစ်လတ္တံ့သော သင်္ခါရတို့သည်လည်း၊ ဤအတူပင် ချုပ်ကုန်လတ္တံ့ ရှုမြင်သောယောဂီအားအရှိန်အဟုန်ကြီးစွာ ပျက်ချုပ်နေကြသော၊ သင်္ခါရတို့သည် ကြောက်မက်ဖွယ်ဘေး အဖြစ်ထင်သောကြောင့် ဘယတုပဋ္ဌာနညာဏ်မည်သော ဘယညာဏ်သည်ဖြစ်ပေါ်၏။



အာရမ္မဏပစ္စယောတိ။

(က) ဖောဋ္ဌဗ္ဗာယတနံ = အတွေ့မျိုးစုံတို့သည် = ကာယနုပဿနာ = ကြောက်ဖွယ်ဘေး။

ကာယဝိညာဏဝိတုယာ = ထိသိစိတ်အားရင်း = ဓမ္မာနုပဿနာ = ကြောက်ဖွယ်ဘေး။

တံသမ္ပယုတ္တကာနံဓမ္မနဥ္စ = ထိုထိသိစိတ်နှင့် ယှဉ်ကြကုန်သောစိတ်စေတသိတ်အားရင်း =

ဓမ္မာနုပဿနာ

အာရမ္မဏပစ္စယေန ပစ္စယော = အာရုံဟူသောသတ္တိဖြင့် ကျေးဇူးပြုပါသည် =

စိတ္တာနုပဿနာ = ကြောက်ဖွယ်ဘေး။

(ခ) ဖေါဋ္ဌဗ္ဗယတနံ = အတွေ့မျိုးစုံတို့သည် = ကာယနုပဿနာ = ကြောက်ဖွယ်ဘေး။

မနောဓါတုယာ = မနောဓါတ်အားရင်း = ဓမ္မာနုပဿနာ = ကြောက်ဖွယ်ဘေး။

တံသမ္ပယုတ္တကာနံ ဓမ္မနဥ္စ = ယှဉ်သောစေတသိတ်အားရင်း = ဓမ္မာနုပဿနာ

အာရမ္မဏပစ္စယေနပစ္စယော = စိတ္တာနုပဿနာ = ကြောက်ဖွယ်ဘေး။

(ဂ) သဗ္ဗေဓမ္မာ = ခပ်သိမ်းကုန်သော (ရုပ်) အာရုံ -၆ပါးတို့သည် = ကာယနုပဿနာ =

ကြောက်ဖွယ်ဘေး။

မနောဝိညာဏဓါတုယာ = ကြံသိစိတ်အားရင်း = ဓမ္မာနုပဿနာ = ကြောက်ဖွယ်ဘေး။

တံသမ္ပယုတ္တကာနံ ဓမ္မာနဥ္စ = ထိုယှဉ်ကြကုန်သော၊ စေတသိတ်တရားတို့အားရင်း =

ဓမ္မနုပဿနာ -

အာရမ္မဏပစ္စယေန ပစ္စယော = အာရုံဟူသောသတ္တိဖြင့် ကျေးဇူးပြုပါသည် =

စိတ္တာနုပဿနာ = ကြောက်ဖွယ်ဘေး။

(ဃ) ယံယံဓမ္မာအာရဗ္ဘ = အကြင်အာရုံ -၆ပါးတို့အား အာရုံပြု၍= ကာယနုပဿနာ = ကြောက်ဖွယ်ဘေး။

ယေယေဓမ္မာစိတ္တစေတသိကာဓမ္မာဥပ္ပဇ္ဇန္တိ = အကြင်အကြင်သောစိတ်စေတသိတ်တို့သည် ဖြစ်ကြကုန်၏ = ဓမ္မာနုပဿနာ = ကြောက်ဖွယ်ဘေး။

တေတေဓမ္မာ = ထိုတို့အာရုံ -၆ပါးတို့သည် = ကာယနုပဿနာ = ကြောက်ဖွယ်ဘေး။

တေသံတေသံဓမ္မာနံ = ထိုတို့သောစိတ်စေတသိတ်တို့အား = ဓမ္မာနုပဿနာ = ကြောက်ဖွယ်ဘေး။

အာရမ္မဏပစ္စယေန ပစ္စယော = အာရုံဟူသောသတ္တိဖြင့် အကျိုးပြုသည်ဖြစ်၍ စိတ္တာနုပဿနာ = ကြောက်ဖွယ်ဘေး။

ပဋ္ဌာန်းပဉှာဝါရတွင် ဟောပြသည်မှာ -

(က) ကုသလောဓမ္မော ကုသလဿဓမ္မဿ အာရမ္မဏ ပစ္စယေနပစ္စယော။

(ခ) ဒါနံဒတွာ = အလှူဒါနပေး၍ =သီလံသမာဒိယိတွာ = ငါးပါးသီလဆောက်တည်၍ = ဥပေါသထကမ္မံကတွာ = ရှစ်ပါးသီလဆောက်တည်၍ = ကာယနုပဿနာ = ကြောက်ဖွယ်ဘေး။

တံပစ္စဝေက္ခတိ = ထိုတို့ဒါနသီလနှင့် ရှစ်ပါးသီလတည်းဟူသော ကာမာဝါစရ ကုသိုလ်ကိုဆင်ခြင်၏ = ဓမ္မာနုပဿနာ = ကြောက်ဖွယ်ဘေး။

(ခ) ပုဗ္ဗေသုစိဏ္ဏာနိ = ရှေးကပြုလုပ်ခဲ့သောဒါန၊ သီလနှင့် ရှစ်ပါးသီလတည်းဟူသော = ကာယာနုပဿနာ = ကြောက်ဖွယ်ဘေး။

ပစ္စဝေက္ခတိ = ကာဟာဝါစရကုသိုလ်ကို အာရုံပြု၍ဆင်ခြင်၏ = ဓမ္မနုပဿနာ = ကြောက်ဖွယ်ဘေး။

ဈာနာဝုဋ္ဌဟိတွာ = ဈာန်ဝင်စားပြီးနောက် = စိတ္တာနုပဿနာ = ကြောက်ဖွယ်ဘေး။

ဈာနံပစ္စဝေက္ခတိ = ဈာန်မှထမြောက်၍ ဝင်စားပြီးသော ဈာန်ကိုဆင်ခြင်၏ = ဓမ္မာနုပဿနာ = ကြောက်ဖွယ်ဘေး။

(ဂ) သေက္ခာဂေါတြဘုံ ပစ္စဝေက္ခန္တိ။

(ဃ) ဝေါဒါနံ ပစ္စဝေက္ခန္တိ။

(င) သေက္ခာမဂ္ဂါဝုဋ္ဌဟိတွာ မဂ္ဂံပစ္စဝေက္ခန္တိ။

(စ) သေက္ခာဝါပုထုဇ္ဇနာ ဝါကုသလံအနိစ္စတော၊ ဒုက္ခတော၊ အနတ္တတ္တော ဝိပဿန္တိ။

ကျင်းဆဲဖြစ်သော သေက္ခာပုဂ္ဂိုလ်တို့သည်၎င်း၊ ဝိပဿနာတရားအားထုတ်ကြသည့်၊ ပုထုဇဉ်ယောဂီပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ကုသိုလ်တရားကို မမြဲနိစ္စ၊ ဆင်းရဲဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာရှု၏။

ထိုသင်္ခါရတို့၌ပင်လျှင် အပြစ်ကိုဖြစ်စေ၊ ထင်ပေါ်စေသောကြောင့် အာဒီနဝါနုပဿနာ ညာဏ်မည်လေသည်။

ထိုသင်္ခါရတို့၌ပင်လျှင် ငြီးငွေ့လျှက်ဖြစ်ပေါ်သောကြောင့် နိဗ္ဗိဒါနုပဿနာညာဏ်မည်လေသည်။

ပဋိသမ္ဘိဒါမဂ်ပါဠိ၌လည်း - ဘယတုပဋ္ဌာနပညာ၊ အာဒီနဝညာဏ်၊ နိဗ္ဗိဒါညာဏ်ဟူသော - ဤညာဏ် -၃ပါးတို့သည် တူသောအနက်တရားကိုရှိကုန်၏။ သဒ္ဒါမျှသာထူး၏။

## “ အထက်ပိုင်း ဘင်္ဂညာဏ် သင်္ခါရုပေက္ခာညာဏ်တွေမှာ “ဇော”မကျနိုင် ။ ”

(စာ ၂၉၄ - မဟာစည်စိတ္တာနှင့် ဓမ္မာနုပဿနာ)

သမာဓိညာဏ်အားကောင်းလာတဲ့အထက်ပိုင်းဘင်္ဂညာဏ်၊ သင်္ခါရုပေက္ခာညာဏ် ကျတော့ ဇောကို မကျနိုင်တော့ဘူး ။ ဆုံးဖြတ်မလို့ဟာ မဆုံးဖြတ်ရတော့ဘူး ။ နှစ်သက်စရာ ၊ သာယာစရာ ဘာပဲညာပဲလို့ မဆုံးဖြတ်ရသေးခင်ဘဲ၊ ဒီက “ ထိတယ် ” ဆိုတာ မှတ်သားရတယ် ။ ဘဝင်ကျပြီး ထိတယ်ဆိုကထဲက မှတ်လိုက်တာပဲ ။ ဇောမကျရဘူး ။

ထို့အတူ မြင်ရာတွေမှာလည်း ဒီအတိုင်းဘဲ မြင်ရာမှာလည်းဇောမကျရဘူး။

ဝိဋ္ဌောက မဆုံးဖြတ်နိုင်ဘဲနေမယ်။ ဒီက ဝိပဿနာက မြင်တယ်မှတ်ပြီးတော့ ဖြစ်ပျက်သွားတာ တွေ့တယ်။

ကြားတယ် မှတ်ပြီးတော့ ဖြစ်ပျက်သွားတာတွေ၊

နံတယ် မှတ်ပြီးတော့ ဖြစ်ပျက်သွားတာတွေ၊

အရသာတွေ့ရင်လည်း သိတယ်မှတ်ပြီး ဖြစ်ပျက်သွားတာတွေ၊

ကိုယ်က အတွေ့တွေလည်း ထိတယ်မှတ် ၊ တွေ့ထိကာမျှ သဘောလေးဖြစ်

ထိတယ်ထိတယ် အဲဒီသိပြီးတော့ ပျောက်ပျောက်သွားတာလေးတွေကို အစဉ်အတိုင်း ရှု ပြီးတော့ သိသိသွားတာ၊ အဲဒီလို သိသိပြီးသွားတော့ အဲဒီမှာ ဇောမရှိဘူး ။

အဲဒီဇောမကျအောင်လို့ ဝိပဿနာရှုနေရတာ ။

ခုလိုမရှုနိုင်တဲ့ ပုဂ္ဂိုလ်တွေမှာဆိုရင်တော့ ဇောတွေကျနေတာပဲ ။ လောဘဇော ကျတဲ့အခါရှိမယ်၊ ဒေါသဇော ကျတဲ့အခါရှိမယ်။

ကိုယ်က အတွေ့အထိ ခလုတ်တိုက်လိုက်တယ်ဆိုပါတော့၊ ခလုတ်တိုက်ရမလားဆိုပြီး ဒေါသဇောကျမှာပေါ့ ။

ဘာပဲဖြစ်ဖြစ်ပေါ့လေ မကောင်းတဲ့နှလုံးသွင်းရှိတဲ့အခါကျရင် လောဘဇော၊ ဒေါသဇော တွေချည်းဖြစ်နေတာပဲ။ ကောင်းသောနှလုံးသွင်းရှိတဲ့အခါကျရင်တော့ ကုသိုလ်ဇောတွေဖြစ်ပါတယ်။

## " မနောဒွါရ၌ စိတ်ဖြစ်စဉ်က ပဉ္စဒွါရနဲ့ မတူဘူး "

(စာ ၂၉၅ - မဟာစည်စိတ္တာနှင့် ဓမ္မာနုပဿနာတရား)

စိတ်တစ်ဌာနက ကျယ်ဝန်းတယ် ။ ခု ငါးဌာနလုံးနဲ့ ညီမျှနေတယ် ။

မျက်စိက မြင်ပြီးလည်း စိတ်ကဝင်စားတယ်။

နားက ကြားပြီးလည်း စိတ်ကဝင်စားတယ်။

သူကနေရာတကာလိုက်ပြီး အုပ်ချုပ်နေတယ်။ စိတ်ကလေး တစ်ဌာနထဲဆိုပေမယ့်လို့ ဟို (၅) ဌာနထက် သူကအစွမ်းကောင်းနေတယ်။

အဲဒီစိတ်ဌာနကျတော့ မနောဒွါရ လို့ခေါ်တယ်။

မနောဒွါရ နှလုံးစိတ်ဌာနကတော့ သိပ်မများပါဘူး၊ မှတ်လို့ လွယ်လွယ်ပဲ။ သူကတော့ ဘဝင်ပြီးရင်ဆင်ခြင်တယ်၊ဆင်ခြင်ပြီးတာနဲ့ ဒီပြင်ဟာတေ မရှိတော့ဘူး။

ဆင်ခြင်ပြီးတာနဲ့ မနောဝိညာဏ်ကသိသွားတော့တာပဲ။

ကြံသိသွားတာ ၊ ကြံသိပြီးလို့ ဇော (၇)ကြိမ် ဖြစ်ပြီးတော့ တဒါရုံ - (၂)ကြိမ်ပြီးတော့ ဘဝင်၊ စိတ်အစဉ် သိပ်မများပါဘူး။

ဆင်ခြင်ပြီးတဲ့အခါကာလမှာ - ဇောဖြစ်တယ် ၊ နောက်တဒါရုံဖြစ်တယ်။ (၃)ခုပဲရှိတယ်။ စိတ်ကူးသက်သက်နဲ့ စဉ်းစားကြံသိတာပါ။

မနောဒွါရဝီထိ -

န ၊ ဒ ၊ မ ၊ ဇ ၊ ဇ ၊ ဇ ၊ ဇ ၊ ဇ ၊ ဇ ၊ ဇ ၊ ရုံ ၊ ရုံ ။

ဆင်ခြင်ပြီးခါ ဇောတဒါကြံရာစိတ်ဖြစ်ပုံ ။

မနောဒွါရကစိတ်ဖြစ်လို့ရှိရင် စိတ်နှလုံးအာရုံကတော့ အထူးကျနေတာမဟုတ်ဘူး။သူကတော့ ဆင်ခြင် လိုက်ရင် အာရုံရှိနေတာပဲ ။

ဆင်ခြင်တဲ့စိတ်ကိုက ထထပြီးတော့ဆင်ခြင်တာပါ။ အာရုံကလာပြီးတော့ ထင်ရတာ မဟုတ်ပါဘူး။

အဲ့ဒီတော့ ဘဝင်ကထပြီးတော့ ဆင်ခြင်တဲ့စိတ်က ဆင်ခြင်လိုက်တာနဲ့ အဲ့ဒီဆင်ခြင်တဲ့ အာရုံကိုသိသွားတော့တာပဲ ။

စိတ်ညွတ်လိုက်တာနဲ့ တခါတည်း စိတ်ညွတ်ရာအာရုံကလေးကို သိသွားတာပဲ။ သိသွားတာက ကြံသိသွားတာ ။ အဲ့ဒီ (၁၀) ကြိမ်ဖြစ်တဲ့ စိတ်ကလေးတွေကို စဉ်းစားတယ်၊ကြံစည်တယ်၊ သိတယ် စသည်ဖြင့် မှတ်ရတာကိုး ။

ဆင်ခြင်တယ်ဆိုတဲ့ကိစ္စကတော့ပဉ္စဒွါရမှာ အဆင်း၊အသံ၊အနံ့၊အရသာ၊ အတွေ့အထိတို့ကို ဆင်ခြင်ကာ ဒီ(၅)ခုကို ပဉ္စဒွါရ ဝိဇ္ဇန်းလို့ နံမည်ပေးထားတယ် ။ ဆင်ခြင်တဲ့စိတ်ပါပဲ ။

စိတ်ကူးစဉ်းစားကြံစည်ရာမှာ ဆင်ခြင်တဲ့စိတ်ကျတော့ မနောဒွါရမှာ ဆင်ခြင်လို့ မနောဒွါရဝဇ္ဇန်းလို့နံမည်ပေးထားတယ် ။ ဆင်ခြင်တဲ့စိတ်ပါပဲ ။ မထူးပါဘူး ။

ငါးဒွါရ ဆင်ခြင်တဲ့စိတ်ကတစ်မျိုး ၊ မနောဒွါရဆင်ခြင်တဲ့စိတ်ကတစ်မျိုး၊ နှစ်မျိုးပဲ။ သူက ကုသိုလ်လည်းမဟုတ်ဘူး ၊ အကုသိုလ်လည်းမဟုတ်ဘူး ၊ ဝိပါတ်လည်း မဟုတ်ဘူး ၊ ကြိယာတဲ့ ။

သူကဆင်ခြင်တာမို့အသစ်လုပ်တဲ့သဘောဖြစ်လို့ ဝိပါတ်မဟုတ်ဘူး၊ ကောင်းတာ မကောင်းတာ လုပ်သလား၊ဒီလိုလည်းပြောလို့မဖြစ်သေးဘူး၊ကောင်းကျိုး မကောင်းကျိုး ပေးနိုင်လောက်အောင်လည်း အင်အားမရှိဘူး ။ ဒါကြောင့် ကြိယာတဲ့ ။ ကြိယာဆိုတာ အကျိုးမပေးဘူး ။ ကောင်းကျိုးမကောင်းကျိုး ဘာမှမပေးဘူး ။

# " ဆင်ခြင်ပြီးကာ ၊ဇောတဒါ၊ကြံရာစက်ဖြစ်ပုံ "

ကြံစည်စိတ်ကူးတိုင်း ၊ စိတ်ကူးတိုင်း ၊ ဒီ ခါတ် (၃) မျိုးဖြစ်တယ် ။ ရှေးဦးစွာဆင်ခြင်တယ် ။ စိတ်ဦးတန်းနေတာ တစ်ခုခုကို ဆင်ခြင်လိုက်တယ်။ ဆင်ခြင်ရင် ဦးတန်းရာဆီသို့ စိတ်ဇောတွေ အတင်းပြေးဝင်သွားတာပါပဲ ။ အဲ့ဒီလို ဆင်ခြင်မိတာတွေက စုံစမ်းဆုံးဖြတ်နေစရာမလိုဘူး၊ ဆင်ခြင်လိုက်တာနဲ့ ဆင်ခြင်ရာစီရောက်သွားတယ်။

ဥပမာ ရွှေတိဂုံဘုရားကိုဆင်ခြင်လိုက်ရင် ရွှေတိဂုံဘုရားဆီရောက်သွားတာပဲ။ မြို့ထဲဈေးထဲတွေလျှောက်စဉ်းစားလိုက်အဲဒီရောက်သွားတယ်။အဲဒါဆင်ခြင်ရင် ဆင်ခြင်တဲ့စိတ်ကလေး ဖြစ်တယ်။ဆင်ခြင်တဲ့စိတ်ကလေးဖြစ်လာတဲ့နောက်က ဇော (၇)ကြိမ်ကျသွားတာပဲ။ နောက်ကတဒါရုံ (၂)ကြိမ် ဖြစ်ပါတယ်။

ကြံစည်တိုင်း စိတ်ကူးတိုင်းဒီလိုချည်းဖြစ်နေတာပါပဲ။

ဝိပဿနာ ရှုတဲ့အခါမှာလည်း ဒီအတိုင်းပဲ ။

ရှေ့ကမြင်တယ်ဆိုရင် မြင်တယ်လို့နောက်ကနေပြီးမှတ်လိုက်တာပဲ။ အဲဒီမြင်တာကိုဆင်ခြင် တဲ့စိတ်ကလေး ရှေးဦးစွာ ဖြစ်ပြီးတော့ ရှုမှတ်တဲ့ ဝိပဿနာဇောတွေ နောက်ကလိုက်ဖြစ်တယ်။ တဒါရုံလည်းအစမှာ ဖြစ်နိုင်တယ်။နောက်အနိစ္စ၊ဒုက္ခ၊အနတ္တ လက္ခဏာတွေက တဒါရုံ မဖြစ်ဘူး။

ဝိပဿနာရှုတိုင်းရှုတိုင်းဟာ အစကအမှတ်တစ်မှတ်မှာဆင်ခြင်တာရယ် ဇော(၇)ကြိမ်ရယ် တဒါရုံ (၂) ကြိမ်ကျပါတယ်။

နောက်အနိစ္စ၊ဒုက္ခ၊အနတ္တလက္ခဏာရှုတဲ့အခါကျတော့တဒါရုံမပါဘူး။အဲဒီလို ဝိပဿနာ စိတ်တွေဖြစ်နေတယ်။

ဒါပေမယ့် ယောဂီပုဂ္ဂိုလ်ကတော့ တစ်ခါတည်းမှတ်ရင် ဒီစိတ်တစ်ခုပဲထင်တာပဲ။ တစ်မှတ်တစ်စိတ် ၊ တစ်မှတ်တစ်စိတ်ပဲ ထင်တာပဲ။ ဒီထက်လည်း ပိုပြီးတော့ မထင်နိုင်တော့ဘူး။

## " ဘင်ဂ်ညာဏ်၏အထက်ညာဏ်များတွင် ရုပ်နာမ်လက္ခဏာ အာရုံများ တူညီသွားပုံ။ "

ညာဏ်စဉ် (၁၆)ပါးကို ပဋ္ဌာန်း (၂၄)ပစ္စည်းဖြင့် ရှုမှတ်ပုံ ဝိပဿနာတရားမှတ်စုများကို ရေးသားနေ့စဉ်၊ ဘင်ဂ်ညာဏ်၏ အထက်ညာဏ်များအတွက် ရုပ်နာမ်လက္ခဏာ အာရုံပြောင်းလဲမှုများကို မတွေ့ရတော့ပါ။ အပျက်အာရုံနှင့် အနိစ္စ ၊ဒုက္ခ၊ အနတ္တ အနတ္တတရားရှုမှတ်မှုသာ တွေ့ရှိနေရပေသည်။

- ရုပ်နာမ်တို့၏ ဉပါဒ်၊ ဌီ၊ ဘင် ၏ နိဂုံးမှာ ဘင်ဖြစ်နေပါသည်။
- ရုပ်နာမ်တို့၏ ကုန်ပျက်မှု "ဘင်" ကိုပင် အာရုံထားရှုမှတ်ခြင်းဖြစ်သည်။
- ပဋ္ဌာန်း (၂၄) ပစ္စည်း၏ ကုန်ပျက်မှု ဘင်ကိုသာ အာရုံတွင် ရှုမှတ်နေခြင်းဖြစ်သည်။
- ထိုအခါ ကုန်ပျက်မှု ၊ ပျက်၊ (ဘင်) သည် ပဋ္ဌာန်း (၂၄)ပစ္စည်း၏ တစ်ခုတည်းသော အာရုံ၊ ကိုယ်စားလှယ်တစ်ခုသာ ဖြစ်သွားတော့သည်။
- ပျက် အာရုံကို ရှုမှတ်နေခြင်းသည် ရုပ်နာမ်တို့၏ ကိုယ်စားပြီးပြည့်စုံနေတော့သည်။
- ပျက် အာရုံကို ရှုမှတ်နေခြင်းသည် ရုပ်နာမ်တို့၏လက္ခဏာ၊ နိမိတ်မျိုးစုံတို့ ပါဝင်နေသကဲ့သို့ ကိုယ်စားပြုနေသကဲ့သို့ဖြစ်၏ ။

ဆရာတော်ဘုရားကြီး (၃)ပါး၏တရားစာအုပ်များတွင်၎င်း၊ ကလျာဏမိတ္တ ဦးမောင်မောင်အေး ၏ ညာဏ်စဉ်တရားမှတ်စုစာအုပ်တွင်၎င်း မိမိ၏ကံ၊ ဝီရိယ အားလျော်စွာ တွေ့ရှိရပါသည်။

(၁) မဟာစည်ဆရာတော်ဘုရားကြီး၏ စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာ ကျမ်းစာအုပ် စာမျက်နှာ (၂၉၄) တွင် - " အထက်ပိုင်း ဘင်ဂ်ညာဏ်သခ်ါရုပေက္ခညာဏ်တွေမှာ ဇောမကျနိုင် " ဟူသော တရားစာစုကို၎င်း၊

(၂) " မနောဒွါရ၌ စိတ်ဖြစ်စဉ်က ပဥ္စဒွါရနဲ့မတူဘူး " ဟုစာမျက်နှာ (၂၉၅)တွင်၎င်း ၊

(၃) " ဆင်ခြင်ပြီးကာ ဇောတဒါ ကြံရာစိတ်ဖြစ်ပုံ " ဟူ၍ စာမျက်နှာ (၂၉၆) တွင်၎င်း၊

(၄) အင်းမမြို့ ၊ ဝက်လာရှိတောရ ဆရာတော် အရှင်ဣန္ဒစရိယ မထေရ်၏ ယောဂီ ညာဏ်စဉ်ရှင်းတမ်း စာ (၆၈)တွင် ၎င်း၊

(၅) သဒ္ဓမ္မရံသီရိပ်သာဆရာတော် အရှင်ကုဏ္ဍလာ ဘိဝံသ၏ ပဋ္ဌာန်းနှင့် ဝိပဿနာ ပထမတွဲ စာမျက်နှာ (၁၁၂) တွင် " နောက်ဘင်ဂ်ညာဏ်ရင့်ကျက်သွားတဲ့အခါ . . . . " စသည့်ဘင်ဂ်ညာဏ်မှဘင်ဂ်ညာဏ်နှင့်အထက်ညာဏ်များ ရှုမှတ်ပုံကို၎င်း၊ တွေ့ရှိမှတ်သား တင်ပြခြင်းဖြစ်ပါသည်။

အောက်ပါတရားမှတ်စုများကိုလည်းဆင်ခြင်နိုင်ပါသည်။

(၁) ဘင်ဂ်ညာဏ်ပြီးပြည့်စုံခြင်းမှာ ရုပ်နာမ်လက္ခဏာတို့၏ ကုန်ပျက်ခြင်းကိုတစ်စိတ်၊တစ်အာရုံ အဖြစ်ရှုမှတ်နိုင်ခြင်း။

(၂) ဘင်ဂ်ညာဏ်၏အထက်တွင် ဉပစာရ သမာဓိမှာ ခိုင်ခန့်ရင့်ကျက်လာပါသည်။ ဉဒယဗ္ဗယညာဏ်တွင် ပီတိ၊ ဩဘာသ စသည့်ဉပေက္ကိလေသတရားတို့ပါယ်ပြီးဖြစ်၍ အာရုံတို့ တည်ငြိမ်လျှက်ရှိပါသည်။ ဝိတက်၊ ဝိစာရ၊ ပီတိ တို့မရှိတော့ပါ။

(၃) ဉာတပရိညာနှင့် တိရဏပရိညာတရားတို့သိပြီးပွါးပြီးဖြစ်ပါသည်။ ပဟာနပရိညာနယ်သို့ ရောက်ရှိနေပြီဖြစ်သည်။ သိ၊ ပွါး၊ ပါယ်၊ ဆိုက်လေးပါး ကိုက်၊ ဆိုက်ရောက်မြတ်နိဗ္ဗာန် ဆိုရာတွင် ပါယ်နေသည့်တရားများဖြစ်ပါသည်။

(၄) အပျက်အာရုံတစ်ခုသာ စိတ်စွဲရှုမှတ်နေရာ၊ မဂ္ဂင် (၅)ပါးတွင် သမ္မာသတိ၊ သမ္မာဝါယမ၊ သမ္မာသမာဓိ၊ သမ္မာသင်္ကပ္ပတို့ ရင့်သန်နေပြီး သမ္မာဒိဋ္ဌိ၊ ပညာသာလျှင် မဂ်ဖိုလ်ဘက် သို့ ပြောင်းလဲတိုးရွှေ့နေပြီဖြစ်ပါသည်။

(၅) ဘယညာဏ် = အပျက် အာရုံရှုမှတ်၍ - ကြောက်ဖွယ်ဘေး သိခြင်း။
အာဒီနဝညာဏ် = အပျက် အာရုံရှုမှတ်၍ - အပြစ်များဟု သိခြင်း။
နိဗ္ဗိန္ဒညာဏ် = အပျက် အာရုံရှုမှတ်၍ - ငြီးငွေ့ဖွယ်ရာ သိခြင်း။
မုစ္စိတုကမျတာညာဏ် = အပျက် အာရုံရှုမှတ်၍ - လွတ်မြောက်လိုမှု သိခြင်း။
ပဋိသင်္ခါညာဏ် = အပျက် အာရုံရှုမှတ်၍ - အနိစ္စ၊ ဒုက္ခ၊ အနတ္တ သိခြင်း။
သင်္ခါရုပေက္ခာညာဏ် = အပျက် အာရုံရှုမှတ်၍ - အနတ္တဖြင့် လျစ်လျူရှု သိခြင်း။
ထိုညာဏ်(၆)ပါးတို့သည် အပျက်အာရုံအတူတူ တစ်မျိုးသာဖြစ်သည်။ သိမှုညာဏ် သမ္မာဒိဋ္ဌိသာ ကွဲပြားခြင်းဖြစ်သည်။
ယခင်က အကြောင်းများ၊ ပစ္စည်းများ၊ အာရုံများပြောင်းသောကြောင့် အကျိုးများ၊ ပစ္စယုပ္ပန်များ ၊ ညာဏ်ပညာများဖြစ်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သိသည်။
ယခုက အပျက်အာရုံတစ်ခုတည်းကြောင့် အကျိုးမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သည့် ရုပ်နာမ်သာမညတရားများကို လျစ်လျူရှုသည့် ညာဏ်ပညာသမာဒိဋ္ဌိ ဖြစ်လာသည်။

(၆) ဘင်ညာဏ်မှစ၍ ပဋ္ဌဒွါရဝီထိမှ မနောဒွါရဝီထိ သို့ပြောင်းသွားပါသည်။ ဂေါတြဘူညာဏ်မှ မဂ်ညာဏ်သို့ ရောက်ရှိရာတွင်လည်း မနောဒွါရဝီထိမှ မဂ်ဝီထိသို့ ပြောင်းရန်ဖြစ်ပါသည်။

(၇) ဘင်ညာဏ်မှာမူလရှုမှတ်နေတာက ပုရေဇာတပစ္စည်းနဲ့ကာယအကြည်+ဖေါဋ္ဌဗ္ဗဝါယော = ထိသိစိတ် ကုန်ပျက်ရှုမှတ်နေတာပါ။
ယှဉ်တွဲ အကျိုးပြုတဲ့ ပဋ္ဌာန်းပစ္စည်းရုပ်နာမ်တရားတွေက အာသေဝနပစ္စည်း၊ မဂ္ဂပစ္စည်း၊ ဟေတု၊ အာရမ္မဏ၊ အနန္တရ၊ အဓိပတိ၊ ဣန္ဒြေယ၊ ဉပနိဿယ စသည်တို့ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဘင်ညာဏ်၏အထက်ညာဏ်များတွင်ရုပ်နာမ်လက္ခဏာ၏ အပျက်အာရုံများ တူညီသွားကြောင်းတွေ့ရှိရပါသည်။ ဝိပဿနာညာဏ်စဉ် (၁၆)ပါးကို ပဋ္ဌာန်းပစ္စည်း (၂၄) ပါးဖြင့် ရှုမှတ်ခြင်းတွင် ဘင်ညာဏ်အထိသာ ပဋ္ဌာန်းပစ္စည်းများဖြင့် ရှုမှတ်ရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။

ဘယညာဏ်မှသင်္ခါရုပေက္ခာညာဏ်အထိကို ဝိပဿနာကျင့်စဉ်များအတိုင်း ဝိသုဒ္ဓိမဂ် ကျင့်စဉ်များအတိုင်း ဆက်လက်ရှုမှတ်သွားရန် ဖြစ်ပါသည်။

ဝိပဿနာညာဏ်စဉ်တရားများကို ပဋ္ဌာန်းပစ္စည်းတရားများဖြင့် ရှုမှတ်ခြင်းဖြင့်

- နာမ်မရူပ ပရိစ္ဆေဒညာဏ်
- ပစ္စယ ပရိဂ္ဂဟညာဏ်တို့ကို လွယ်ကူလျင်မြန်စွာ ရရှိနိုင်ပါသည်။

- ပရမတ်ရုပ်နာမ်တရားသဘာဝလက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် တို့ကို ပိုမိုရှုမှတ်နိုင်ပြီး ပညတ်တရားတို့ကို သိမြင်ပါယ်သတ်ရာတွင် ပိုမိုလွယ်ကူစေပါသည်။
- ရုပ်နာမ်တို့၏ သန္တတိဖြစ်စဉ်များ၊ဖြစ်စဉ်ဆက်စပ်ခြင်းများဖြစ်ပြီး ကုန်ပျက်သွားမှုများကို လွယ်ကူစွာရှုမှတ်နိုင်ပါသည်။
- သမ္မသနညာဏ်ဖြင့် ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ ရှုမှတ်ပုံများ စတင်ပါဝင်လာပုံကို တွေ့ရှိရှုမှတ်နိုင်ပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားရှုမှတ်ပုံများကို အခြေခံမှုစ၍ ရှုမှတ်လွယ်ကူနိုင်ပါသည်။
- ဥဒယဗ္ဗယညာဏ်ဖြင့် အနုအရင့်ရှုမှတ်ပုံ၊ ဥပက္ကိလေသာ (၁၀)ပါး ရှုမှတ်ပုံတို့ကို ရှင်းလင်းစွာတွေ့ရှိရမည်ဖြစ်ပါသည်။
- ဘင်္ဂညာဏ်ဖြင့် ရုပ်နာမ်တို့၏ ကုန်ပျက်မှုများကို ပဋ္ဌာန်း(၂၄)ပစ္စည်းဖြင့် ရှုမှတ်လွယ်ကူကြောင်းတွေ့ရှိရမည်ဖြစ်ပါသည်။

သောတာပတ္တိမဂ်ဖိုလ်ညာဏ်များသို့ လျှင်မြန်လွယ်ကူစွာ ရရှိရောက်ရှိနိုင်ကြပါစေခင်ဗျား ။

ဆရာတော်ဘုရားကြီးများ

ဟောကြားထားသည့်

# ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ ဉာဏ်တရား

အကျဉ်းချုပ်များ

# ဘယဉာဏ်
## (ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ)

ဘယ = ကြောက်ခြင်း။ ဘေး။

၁။ ဘင်္ဂဉာဏ်ကိုပင်ကြိမ်ဖန်များစွာ လေ့လာပွားများရမည်။

၂။ အတိတ်သင်္ခါရတို့သည် ချုပ်ပျက်လေကုန်ပြီ။ ပစ္စုပ္ပန်နာသင်္ခါရတို့သည်လည်း ချုပ်ပျက် ကုန်ဆဲဖြစ်၏။ အနာဂါတ် သင်္ခါရတို့သည်လည်း ဤနည်းတူချုပ်ပျက်လတ္တံ့ ဟုမြင်၍ ကြောက်စရာဟု ထင်မြင်သော (ဝါ) ဘေးဟု ထင်မြင်သော ဘယဉာဏ်သည်ဖြစ်ပေါ်၏။

၃။ အသက်ရှည်ကြာစွာ ချမ်းသာ ကျန်းမာစွာနေလိုပြီး သေရမှာကြောက်တတ်သော ယောကျ်ား သည် ကျား၊ ခြင်္သေ့၊ မြွေဆိုး၊ စစ်ပွဲစသည်တို့ကို တွေ့မြင်ရသောအခါ တုန်ရီခြောက်ခြား သေမတတ် ကြောက်သွားသကဲ့သို့ ခပ်သိမ်းဥသုံ ပျက်ပြားနေကုန်သော တူဘူမက သင်္ခါရတို့ကို မြင်တွေ့သော အခါ ကြောက်စရာကြီး။ ဝါ။ ဘေးကြီးပါကလားဟု ထင်မြင်လာကုန်၏။

၄။ သင်္ခါရတို့ပျက်လွန်း၍ ကြောက်သည်ဆိုရာဝယ် ကြီးမားပြင်းပြလှသော ဆင်းရဲဒုက္ခကို မုချတွေ့ရတော့မည်ဖြစ်၍ ကြောက်မက်ဖွယ်ကြီးပါတကားဟု ဘယဉာဏ်ဖြင့် နှိုင်းယှဉ်ပိုင်းခြား ဆုံးဖြတ်စေကာမျှသာဖြစ်ပေ၏။ ခြင်္သေ့၊ ကျား၊ မြွေတို့ကို တကယ်မြင်တွေ့ပြီး ကြောက်သွားတာမဟုတ်၊ မီးခဲတွင်းထဲ တကယ်ပြုတ်ကျသွားပြီး ကြောက်လန့်သွားတာမျိုးမဟုတ်ပါပေ။

၅။ ဇာတိမှမရဏအထိ ကာလပတ်လုံး၊ မပြတ်မစဲ ထပ်တလဲလဲ အခါတိုင်းချုပ်နေပျက်နေသော ရုပ်နာမ်ဓမ္မသင်္ခါတို့ကို သိမြင်ပြီး ကြောက်သည်ဟုဆိုရာဝယ် ပညာဉာဏ်ဖြင့်သာ နှိုင်းယှဉ်ကြံစည်ရုံမျှ သာ ကြောက်စရာဘေးကြီးဟု မဟာကုသိုလ်ဇောဖြင့် သိခြင်းဖြစ်သည်။ ခြင်္သေ့၊ ကျား၊ မြွေဆိုး တို့ကို တကယ်တွေ့၍ ကြောက်သကဲ့သို့ အကုသိုလ်ဒေါသဇောဖြင့် သိခြင်း မဟုတ်ပါ။

၆။ အနိစ္စ ဟု နှလုံးသွင်းသူအား နိမိတ္တသည် ဘေးဟုထင်၏။

ဒုက္ခ ဟု နှလုံးသွင်းသူအား ပဝတ္တသည် ဘေးဟုထင်၏။

အနတ္တ ဟု နှလုံးသွင်းသူအား ထိုနှစ်ပါးလုံး ဘေးဟုထင်၏။

**"ဘာသာဉာဏ်ရှုမှတ်ပုံ"**

| စဉ် | ဟောကြားသည့်ဆရာတော်ကြီးများ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|---|---|
| ၁ | ခန္တီးဆရာတော်ဘုရားကြီး | ✓ | ✓ | ✓ | ✓ | ✓ | | | |
| ၂ | ညောင်လေးပင်တောရဦးအရိယမထေရ် | ✓ | ✓ | ✓ | ✓ | ✓ | ✓ | | |
| ၃ | ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်နိသယ | | | | | | | | |
| ၄ | မူလမင်းကွန်းဇေတဝန်ဆရာတော်ကြီး | ✓ | ✓ | ✓ | ✓ | ✓ | ✓ | | |
| ၅ | မဟာစည်ဆရာတော်၏ဝိသုဒ္ဓိမဂ်မြန်မာပြန် | ✓ | ✓ | ✓ | ✓ | ✓ | ✓ | | |
| ၆ | မဟာစည်ဆရာတော်၏ဝိပဿနာရှုနည်းကျမ်း၊ဒု၊ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | | |
| ၇ | ဖားအောက်ဆရာတော်၏ နိဗ္ဗာန်သို့သွားရာ အကြောင်းတည်းသောလမ်း | ✓ | ✓ | ✓ | ✓ | ✓ | | | |
| ၈ | အရှင်ဉာဏောဘာသ၏ဝိသုဒ္ဓိခုနစ်ပါး | | | | | | | | |
| ၉ | ဒေါက်တာမင်းတင်မွန်၏ ဝိသုဒ္ဓိမဂ်အလင်းပြ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | | |
| ၁၀ | ဝက်လာရှိတောရဆရာတော်၏ယောဂီဉာဏ်စဉ် ရှင်းတမ်းကျမ်း | ✓ | ✓ | | | | | | |
| ၁၁ | ဆရာတော်ဦးဝါယမ၏ ဝိသုဒ္ဓိခုနစ်ပါးမင်းကွန်းသွား | ✓ | ✓ | ✓ | ✓ | ✓ | ✓ | | |
| ၁၂ | မိုးကုန်ဆရာတော်ဘုရားကြီး၏အလုပ်ပေးတရားတော် | | | | | | | | |

## အာဒီနဝဉာဏ်။

အာဒီနဝ = အပြစ်။ အပြစ်အဆာ။ ဘေး။

၁။ ထိုဘယဉာဏ်ကိုပင် ကြိမ်ဖန်များစွာလေ့လာပွားများရမည်။

၂။ ပျက်သမျှ သင်္ခါရတို့၏ ကြောက်ရွံ့ထိတလန့်စရာများကြောင့်၊ မကောင်းအပြစ်များ ဉာဏ်ထင် လာရပေသည်။

၃။ လူ၊ နတ်၊ ဗြဟ္မာ မည်သည့်ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ မျဉ်းတွင်ဝင်စားကျရောက်သည်ဖြစ်စေ၊ ပျက်နေသမျှ သင်္ခါရတို့ဘေးမှ မဖြစ်ရာ၊ ကာကွယ်ရာ၊ စောင့်ရှောက်ရာ၊ ပုန်းအောင်းရာ၊ မှီခိုရာ၊ ကိုးကွယ်အားထားရာကို မမြင်ပေ။

၄။ မည်သည့်ဘုံဘဝ တစုံတခုသော သင်္ခါရကိုမျှ တောင့်တမှုမပြုတော့ပေ။

၅။ တေဘူမက ဘုံသုံးတန်ကို၊ မီးကျီးတွင်း အပူလောင်တွင်းကဲ့သို့၎င်း၊

ဓါတ်ကြီးလေးဖြာကို အဆိပ်ဆန်သော မြွေကြီးလေးကောင်ကဲ့သို့၎င်း၊

ခန္ဓာငါးပါးကို ဒါးရှည် ၅-လက်ကိုင်ဆောင်ထားသော ယောက်ျားကဲ့သို့၎င်း၊

- အဇ္ဈတ္တိကာယတနခြောက်ပါးကို၊ ရွာဆိုးရွာပျက်ကြီးကဲ့သို့၎င်း၊
- ဗာဟိရာ ယတနခြောက်ပါးကို ခိုးသားဓါးပြ ခြောက်ယောက်ကဲ့သို့၎င်း၊
- လူနတ်ဗြဟ္မာပဋိသန္ဓေတို့ကို ကိလေသာ ၁၁-ပါး မီးတောက်ကဲ့သို့၎င်း၊ ရုပ်နာမ်သင်္ခါရတရား တို့သည် အိုင်းအမာ၊ ရောဂါမြှားညှောင့်ပမာ သက်သာရာမရှိ၊ အေးငြိမ်းရာမရှိ၊ မြင်တွေ့သမျှ ကြီးစွာသော အပြစ်အစုသာ ဉာဏ်မှာ ထင်မြင်နေပေသည်။

၆။ ရုပ်နာမ်၌ရှိသော၊ ဥပ္ပါဒ၊ ပဝတ္တ၊ နိမိတ္တ၊ အာယူဟန၊ ပဋိသန္ဓိ ဤငါးမျိုးကို ဆင်းရဲဒုက္ခ၊ အပျက်၊ ဘေးဟု ရှုသော ဉာဏ်ကို အာဒီနဝဉာဏ်ဟုခေါ်ပေသည်။

၇။ နိဗ္ဗာနဓါတ်ဖြစ်သော အနုပ္ပါဒ၊ အပ္ပဝတ္တ၊ အနိမိတ္တ၊ အနာယူဟန၊ အပ္ပဋိသန္ဓိ ဤငါးမျိုးကို ချမ်းသာသုခချည်းဟု ရှုသော ဉာဏ်ကို သန္တိပဒဉာဏ်ဟုခေါ်ပေသည်။

၈။ ဤအာဒီနဝဉာဏ်နှင့် သန္တိပဒဉာဏ် နှစ်ပါးတို့၌ လိမ္မာသည်၏ အဖြစ်ကြောင့် ရုပ်နာမ်ကား အရှုပ်ကြီး၊ နိဗ္ဗာန်ကား အရှင်းကြီး၊ ရုပ်နာမ်ကားအပူကြီး၊ နိဗ္ဗာန်ကား အအေးကြီး စသည်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်လာသောကြောင့် မျက်မှောက်သောကိုယ်၏ အဖြစ်၌ပင် ဒိဋ္ဌဓမ္မနိဗ္ဗာန်ရှိ၏ဟု ယူမှားသော ဒိဋ္ဌိတို့ကြောင့် မတုန်လှုပ်တော့ပြီ။

## "အာဒိနဝဉာဏ်ရှုမှတ်ပုံ"

| စဉ် | ဟောကြားသည့်ဆရာတော်ကြီးများ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|---|---|
| ၁ | ခန္တီးဆရာတော်ဘုရားကြီး | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| ၂ | ညောင်လေးပင်တောရဦးအရိယမထေရ် | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| ၃ | ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်နိဿယ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| ၄ | မူလမင်းကွန်းဇေတဝန်ဆရာတော်ကြီး | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| ၅ | မဟာစည်ဆရာတော်၏ဝိသုဒ္ဓိမဂ်မြန်မာပြန် | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| ၆ | မဟာစည်ဆရာတော်၏ဝိပဿနာရှုနည်းကျမ်း၊ဒု၊ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | - |
| ၇ | ဖားအောက်ဆရာတော်၏ နိဗ္ဗာန်သို့သွားရာ အကြောင်းတည်းသောလမ်း | ✓ | ✓ | ✓ | ✓ | - | - | - | - |
| ၈ | ဒေါက်တာမင်းတင်မွန်၏ ဝိသုဒ္ဓိမဂ်အလင်းပြ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| ၉ | ဝက်လာရှိတောရဆရာတော်၏ယောဂီဉာဏ်စဉ် ရှင်းတမ်းကျမ်း | ✓ | ✓ | - | - | - | - | - | - |
| ၁၀ | ဆရာတော်ဦးဝါယမ၏ ဝိသုဒ္ဓိခုနှစ်ပါးမင်းကွန်းသွား | ✓ | ✓ | ✓ | ✓ | ✓ | x | x | x |

# နိဗ္ဗိန္ဒဉာဏ် (ခန္တီးဆရာတော်ဘုရားကြီး၏အဆို)

# နိဗ္ဗိဒါဉာဏ် (မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ်)

"နိဗ္ဗိန္ဒ" = "နိဗ္ဗိဒါ" ငြီးငွေ့ခြင်း၊ သံသရာဝဋ်မှငြီးငွေ့ခြင်း၊ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း

(၁) အာဒီနဝဉာဏ်ကို ရရှိပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုအာဒီနဝဉာဏ်ကိုပင် ထပ်မံ၍ လေ့လာပွားများရမည်။

(၂) အလုံးစုံသော သင်္ခါရတို့ကို၊ အပြစ်အနေအားဖြင့် ရှုမြင်လျှက်ရှိသော ထိုယောဂီသည် အလုံးစုံသော ဘဝသုံးပါး၊ ယောနိလေးပါး၊ ဂတိငါးပါး ဝိညာဏဋ္ဌိတိခုနှစ်ပါး၊ သတ္တာဝါသ ၉ပါး၊ ထို၌တည်သော၊ (ခဏတိုင်း) မပြတ်ပျက်စီးတတ်သော သင်္ခါရတရားပေါင်း၌ ငြီးငွေ့၏။ ပျင်းရိ၏။ မပျော်မွေ့။

(၃) ယောဂီသည် (ရွှေဟင်္သာမင်းကဲ့သို့) ကောင်းစွာ ထက်ဝန်းကျင် မြင်အပ်ပြီးသော၊ အပြစ်ရှိသော၊ မပြတ်ပျက်စီးတတ်သော၊ သင်္ခါရတရားအပေါင်း၌ မပျော်မွေ့။

စင်စစ်သော်ကား - ဘာဝနာလျှင် ပျော်မွေ့ရာရှိသည်၏ အဖြစ်ဟူသော ဘာဝနာ၌ ပျော်မွေ့ခြင်းနှင့် ပြည့်စုံသည်။ အဖြစ်ကြောင်း ခုနှစ်ပါးသော အနုပဿနာတို့၌သာလျှင် ပျော်မွေ့၏။

(၄) ယောဂီသည် (ခြင်္သေ့မင်းကဲ့သို့) သုံးပါးအပြားရှိသော သုဂတိဘဝ၌ မပျော်မွေ့၊ စင်စစ်သော်ကား၊ သုံးပါးသော အနုပဿနာတို့၌သာ ပျော်မွေ့၏။

(၅) ယောဂီသည် (ဆဒ္ဒန်ဆင်ဖြူမင်းကဲ့သို့) အလုံးစုံသော သင်္ခါရတရားအပေါင်း၌ မပျော်မွေ့။

စင်စစ်သော်ကား၊ မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်း၊ ဤသို့ အစရှိသော နည်းဖြင့်၊ မြင်အပ်ပြီးသော၊ ငြိမ်းအေးရာ နိဗ္ဗာန်၌သာလျှင် ပျော်မွေ့၏။

ထိုနိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းသော စိတ်ရှိသည်သာလျှင် ဖြစ်၏။

# ဆရာတော်ဘုရားကြီးများ၏ နိဗ္ဗိဒါဉာဏ် ရှုမှတ်ပုံများ

| စဉ် | ဟောကြားတော်မူသော ဆရာတော်ကြီးများ | ၁ | ၂ | ၃ | ၄ | ၅ |
|---|---|---|---|---|---|---|
| ၁ | ခန္တီးဆရာတော်ဘုရားကြီး | ✔ | ✔ | ✔ | ✔ | ✔ |
| ၂ | ညောင်လေးပင်တောရတိုက် ဦးအရိယမထေရ် | ✔ | ✔ | ✔ | ✔ | ✔ |
| ၃ | ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော် နိဿယ | - | - | - | - | - |
| ၄ | မူလမင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး | ✔ | ✔ | ✔ | ✔ | ✔ |
| ၅ | မဟာစည်ဆရာတော်၏ ဝိသုဒ္ဓိမဂ် မြန်မာပြန် | ✔ | ✔ | ✔ | ✔ | ✔ |
| ၆ | မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်း ၊ဒု၊ | ✔ | ✔ | - | ✔ | - |
| ၇ | ဖားအောက်ဆရာတော်ဘုရားကြီး | ✔ | ✔ | - | - | - |
| ၈ | ဒေါက်တာမင်းတင်မွန်၏ ဝိသုဒ္ဓိမဂ် အလင်းပြ ၊တ၊ | ✔ | ✔ | ✔ | ✔ | ✔ |
| ၉ | မင်းကွန်းဆရာတော် အရှင်ဝါယမ၏ ဝိသုဒ္ဓိ (၇)ပါး | ✔ | ✔ | - | - | - |

## "ဘယ အာဒီနဝ နိဗ္ဗိဒါဉာဏ်ပြီးဆုံးပုံ"

### (က) "ဘယဉာဏ်ပြီးဆုံးပုံ"

ယောဂီသည် ရှုမှတ်နေဆဲကာလသည် ပညတ်တို့၏ဝေးရာ သင်္ခါရတို့၏ လျှင်မြန်စွာသော အပျက်တို့ကို မြင်လျှက်၊ မမြဲဟုနှလုံးသွင်းပါက သင်္ခါရတို့၏ သေခြင်းပျက်ခြင်း ကိုသာလျှင်မြင်၏။ ထိုအခါ သင်္ခါရနိမိတ်သည် ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်၏။

ဆင်းရဲဟုနှလုံးသွင်းပါက သင်္ခါရတို့၏မပြတ်နှိပ်စက်(အပ်)သည် ၏အဖြစ် ကိုသာလျှင်မြင်၏။ ထို့ကြောင့် ဘဝအယဉ်ယဉ်ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်၏။

အတ္တမဟုတ်ဟု နှလုံးသွင်းပါက ဤနိမိတ်နှင့်အယဉ် ၂ ပါးလုံးကိုလည်း ရွာပျက်ကဲ့သို့၎င်း၊ တံလျှပ် ဂန္ဓဗ္ဗနတ်ကျတ်သူရဲတို့၏ မြို့တို့ကဲ့သို့ အနှစ်ကင်းသည်ဟု၊ အချည်းအနှီးဟု၊ ပိုင်ရှင်မရှိဟု၊ အတ္တမှ ဆိတ်သုဉ်းသည်ဟု၊ ရှေ့ဆောင်အကြီးအကဲမရှိဟု မြင်၏။ ထို့ကြောင့် သင်္ခါရနိမိတ်နှင့် မပြတ်ဖြစ်သော ဘဝ အယဉ် နှစ်ပါးတို့သည် ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်မြင်သော် ဘယဉာဏ်ပြီးဆုံးပေ၏။

### (ခ) အာဒီနဝဉာဏ်ပြီးဆုံးပုံ

ယောဂီသည် ရှုမှတ်နေဆဲကာလဖြစ်၍ ဘင်္ဂါနုပဿနာ၏ အစွမ်းဖြင့် ဘေးကြီး၊ ဘေးကြီးဟု ထင်လာပြီး ကုန်သော ရုပ်နာမ်သင်္ခါရတရားတို့ကို အိုင်းအနာရောဂါ မြှား-ညှောင့်ပမာ၊ သက်သာရာမရှိ၊ သမ္ပတ္တိကင်းစင် ထက်ဝန်းကျင်မှ ကြီးစွာသောအပြစ်အစုသာ ဉာဏ်ဝမှာထင်မြင်လာတော့၏။

ဆက်စပ်နွယ်ငင်တရားများကဲ့သို့ ပဋိသန္ဓေနေတာလည်း ရုပ်နာမ်၊ အို+နာ- သေတယ်ဆိုတာလည်း ရုပ်နာမ်၊ ရုပ်နာမ်တို့မရှိ၊ မဖြစ်လျှင် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းမရှိပြီ။ ရုပ်နာမ်ဆိုတာ လွန်စွာအပြစ်များပါလား ရုပ်နာမ်၏ အပြစ်ကိုသာ မြင်လာတော့၏။

ထိုအပြင် ဖြစ်ပေါ်ခြင်းစသည်လျှင် တည်ရာအာရုံဝတ္ထုရှိသော ဉာဏ် ၅-ပါး။ မဖြစ်ပေါ်ခြင်း စသည်လျှင်၊ တည်ရာအာရုံဝတ္ထုရှိသော ဉာဏ် ၅-ပါးဟူသော ဆယ်ပါးသောဉာဏ်တို့ကို သိ၏။ ထိုးထွင်း၍ သိ၏။ မျက်မှောက်ပြု၏။ အာဒီနဝဉာဏ်၊ သန္တိပဒဉာဏ်ဟူသော ဤဉာဏ် ၂-ပါးတို့၌ ကျွမ်းကျင်လိမ္မာ သည်၏ အဖြစ်ကြောင့် အမျိုးမျိုးသော မိစ္ဆာအယူတို့ကို မတုန်လှုပ်တော့ပြီ.

ထိုအခါများတွင် အာဒီနဝါနုပဿနာပြီးဆုံး၏။

### (ဂ) နိဗ္ဗိဒါဉာဏ်ပြီးဆုံးပုံ။

ယောဂီသည် သင်္ခါရတရားတို့ကို ရှုမှတ်လျှက်ရှိသော်လည်း မပျော်မွေ့၊ မလိုချင်၊ ငြီးငွေ့လျက် ရှုမှတ်နေဆဲဖြစ်၏။ ကာမ၊ ရူပ၊ အရူပဟု သုံးပါးအပြားရှိသော သုဂတိဝဋ်၌သော်လည်း၊ မပျော်မွေ့၊ စင်စစ် သော်ကား၊ သုံးပါးသော အနုပဿနာတို့၌သာလျှင် ပျော်မွေ့၏။

ယောဂီသည် အလုံးစုံသော သင်္ခါရတရားအပေါင်း၌ မပျော်မွေ့၊ ငြီးငွေ့လျှက်ရှိ၏။ မဖြစ်ပေါ်ခြင်း သည် ဘေးငြိမ်းရာတည်း၊ ဤသို့အစရှိသောနည်းဖြင့် မြင်အပ်ပြီးသော ငြိမ်းအေးရာ နိဗ္ဗာန်၌သာလျှင် ပျော်မွေ့၏။

ထိုနိဗ္ဗာန်သို့ညွတ်ကိုင်းရှိုင်းသောစိတ်တို့သည် ရုံခါမလပ်၊ တဖြစ်တည်းဖြစ်၊ တမြင်တည်း မြင်နေသောအခါ နိဗ္ဗိဒါဉာဏ်သည် ပြီးဆုံးလေ၏။

**“ဘယဉာဏ်တစ်ပါးတည်းက အမည်သုံးမျိုးရ”**

သင်္ခါရအလုံးစုံကို ကြောက်မက်ဖွယ်ဘေးအဖြစ် ရှုမြင်သောဉာဏ်ကို ဘယတုပဋ္ဌာနဉာဏ် ဟု ခေါ်၏။

သင်္ခါရအလုံးစုံ၌ မမြဲ၊ ဆင်းရဲ၊ ကြောက်ဖွယ်ဘေး စသည့်အဖြစ်များရှိသည်ကို ရှုမြင်သော ဉာဏ်သည် အာဒီနဝါနုပဿနာဉာဏ်မည်၏။

သင်္ခါရအလုံးစုံကို ငြီးငွေ့ဘွယ် ပျင်းရိဘွယ်၊ မပျော်မွေ့ဘွယ် အဖြစ်ရှုမြင်သောဉာဏ်သည် နိဗ္ဗိဒါနုပဿနာဉာဏ်မည်၏။

ဤဉာဏ် ၃-ပါးတို့သည် တရားကိုယ်တူပြီး သဒ္ဒါမျှသာထူး၏။

# "နိဂုံး"

ယောဂီသည် ဝိပဿနာဘာဝနာကို သင်္ခါရတို့ စဉ်ဆက်မပြတ် ပေါ်သမျှ ကိလေသမခြားစေဘဲ၊ အမိပတိလေးပါး ဦးထိပ်ထား၍ ရှုမှတ်လျက် ရှိပါသည်။

ဉဒယဗ္ဗယဉာဏ်စဉ်စခန်းတွင် ဉပက္ကိလေသတရားတို့ကို တွေ့ရှိပြီး ကျော်ဖြတ်ခဲ့ပြီးဖြစ်၍ ကာယ၊ စိတ္တ၊ လဟုတာ မုဒုတာတို့ဖြင့် ရှုမှတ်နေနိုင်ပြီ ဖြစ်ပါသည်။ ဤအချက် စေတသိက်တရားများမှာ သာမာန်ပုထုဇဉ်ယောဂီတို့ မရရှိနိုင်သော အာသေဝနတရားများ ဖြစ်ပါသည်။

ဘင်္ဂဉာဏ်စဉ်စခန်းတွင်လည်း လျှင်မြန်စွာ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသော သင်္ခါရတရားတို့၏ အပျက်များကို အာရုံ၏အပျက်၊ သိစိတ်၏အပျက်၊ ရှုမှတ်စိတ်၏အပျက်များအား ဉာဏ်ထက်တွေ့ရှိခဲ့ပြီး ဖြစ်ပါသည်။ ပညတ်တရားများ ခွါချထားနိုင်ပြီ ဖြစ်ပါသည်။

ကာယ - အာရုံ သင်္ခါရတရားတို့၏ အပျက်များကို တွေ့ရှိခဲ့ပြီ။

ဝေဒနာ သင်္ခါရတရားတို့၏အပျက်များကို တွေ့ရှိခဲ့ပြီ။

စိတ္တာသင်္ခါရတရားတို့၏ အပျက်များကိုတွေ့ရှိခဲ့ပြီ။

ဓမ္မာ-ဒုက္ခသစ္စာ-သင်္ခါရတရားတို့၏အပျက်များကို တွေ့ရှိခဲ့ပြီ။

ဘင်္ဂဉာဏ်တွင် သင်္ခါရတရားတို့၏ အပျက်များတွေ့ရှိခဲ့ပါသည်ဆိုပါက၊ မနောဒွါရဝီထိ ၁၂ ချက် အစဉ်တန်း၏နောက်ဖျားမှ တဒါရုံ ၂ ချက်နှင့် ဇော ၇ ချက်တို့ကို ချေဖျက်နေပြီဟု ဆိုခြင်းဖြစ်ပါသည်။ ဇော ၇ ချက် မရှိတော့ပါက ကုသိုလ်နှင့် အကုသိုလ်ကံဇောများ မရှိတော့သဖြင့် ပဋိသန္ဓေဝိညာဉ်မရှိနိုင်၊ ဇာတိမဖြစ်နိုင်၊ သေမင်း မမြင်နိုင်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

ယခုဘယ၊ အာဒိနဝ၊ နိဗ္ဗိဒါဉာဏ်စဉ်တွင်လည်း သင်္ခါရတရားတို့၏ အပျက်များကို ရှုမှတ်ပြီး သောအခါ အပျက်တွေကိုကြောက်ခြင်း၊ အပြစ်အနာအဆာတွေ့၍ မုန်းခြင်း၊ ငြီးငွေ့လာခြင်းတို့ ဉာဏ် ထက်တွေ့မြင်လာပုံများကို ဆရာတော်ဘုရားကြီးများတို့၏ ဟောတရားများဖြင့် မှတ်စုများ တင်ပြထားပါ သည်။

သင်္ခါရတရားတို့ကို ကြောက်၊ မုန်း၊ ငြီးငွေ့ခြင်းဟူသည်မှာ သင်္ခါရတရားတို့၏အဆုံး၊ ဖြစ်ပျက် တရားတို့၏အဆုံး ရပ်ဝန်းအနားသို့ရောက်ရှိလာခြင်းပင်ဖြစ်ပါသည်။ ဖြစ်ပျက် သင်္ခါရတရားတို့၏ အဆုံး ရပ်ဝန်းမှာပင် မဖြစ် မပျက် အသင်္ခတ တရားတို့အစနေရာသို့ စတင်ချဉ်းကပ်လာပြီ ဖြစ်ပါသည်။ အာဒီနဝဉာဏ် (သန္တိပဒဉာဏ်)တွင် ဖြစ်ပေါ်ခြင်းသည် သင်္ခါရတို့တည်း။ မဖြစ်ပေါ်ခြင်းသည် ငြိမ်းသော နိဗ္ဗာန်တည်း။ သန္တိပဒဉာဏ်ဟုခေါ်၏။ ဝိပဿနာဘာဝနာ၏ အရေးကြီးလှသော ငြိမ်းအေးမှုကို စတင် နိုင်ခြင်းဖြစ်ပါသည်။

ရုပ် နာမ် ခန္ဓာငါးပါးသာ ရှိနေသမျှ၊ ပေါ်နေသမျှ၊ ဝိပါက်ဝိညာဏ် ပဉ္စဒွါရ ဝီထိဇော (၇)ချက်မှာ မှာ ရှိနေမည်ဖြစ်ပါသည်။ သို့သော် ပဉ္စဒွါရ ဝီထိဇော (၇) ချက်မှာ ကုသိုလ်၊ အကုသိုလ်တို့ကို မဖြစ်စေ နိုင်ပါ။ ဇာတိဖြစ်နိုင်အောင် အားမရှိပါ။ တီ န ဒ ဖြင့် စသော ဝီထိဖြစ်သည်။

ပဋ္ဌာနဒ္ဒါရ ဝီထိဇော (၇)ချက်မှ ဆက်၍ဖြစ်သော ကြံသိဝိညာဏ်- မနောဒွါရဝိညာဏ်၏ ဇော (၇) ချက်မှာ ကုသိုလ် အကုသိုလ်တို့ကို ဖြစ်စေနိုင်ပါသည်။ အားရှိ၍ နောက်ဘဝဇာတိ ဖြစ်စေပါသည်။ နဒမ ဖြင့် စသော ဝီထိဖြစ်ပါသည်။

ယခု ဘယ၊ အာဒိနဝ၊ နိဗ္ဗိဒါဉာဏ်တို့သည် မနောဒွါရ ဝိညာဏ်၏ ဇော (၇)ချက်တို့ကို မေးမှိန် ပျောက်ပျက်ရန် စတင်ပြီဟု မှတ်စုတရားများဖြင့် ရှင်းလင်းတင်ပြထားပါသည်။

ဆရာတော်ဘုရားကြီးများ၏ လက်တွေ့စခန်း ရှုမှတ်ရာတွင် ရှုမှတ်ပုံ အကျဉ်းချုပ်ဇယားကိုလည်း တင်ပြထားပါသည်။

သင်္ခါရတရားတို့ကို ကြောက်၊ မုန်း၊ ငြီးငွေ့ခြင်း ရင့်ကျက်လာပါက ဝိပဿနာစျာန်တွင် ပါဝင် သော သုခ၊ ဧကဂ္ဂတာတို့မှ သုခကို ချေဖျက်တော့မည်ဖြစ်ပါသည်။ ဥပေက္ခာ၊ ဧကဂ္ဂတာဖြစ်သော ဝိပဿနာစျာန်ဖြင့် (ဥပစာရသမာဓိ)ဖြင့် ဆက်လက်ရှုမှတ်မည် ဖြစ်၏။

ယောဂီတို့၏ ဝိပဿနာခရီးလမ်းရှေ့ဆက်ဖြောင့်ဖြူးနိုင်ကြပါစေ. . .။

ဦးညီညီစိန်
ညွှန်ကြားရေးမှူး (ငြိမ်း)
မြန်မာ့ရေနံ (၂၀၁၅)
**B.E (Mech)' 79**
**PE.ACPE (MECH)**